www.burmeseclassic.com

# ကျွန်တော် ဗွီဒီယိုမင်းသား

## ကျော်မြသန်း

BURMESE CLASSIC

ဒီဇိုင်း၊ မင်းချိုအောင် ပုံ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com

## ဒီတာဝန် အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး .... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး .... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
မဖောက်မပျက်ကျ သော တာဝန်ဖြစ်သည်။

### စာရေးသူ၏ အမှာ

ဤဝတ္ထုနှင့်ပတ်သက်၍ စာရေးသူ စကားဦး သမ်းပါရစေ။

ဤဝတ္ထုမှာ စာရေးသူရေးသားခဲ့သော 'ဘိုးတော်ကမ်း'၊ 'သမ္မတ'၊ 'တီဗီပါလား၊ကားပါလား'၊ 'ကနားစီးမောင်မောင်လတ်' ကဲ့သို့သော ဝတ္ထုပုံစံမျိုး ရေးဖွဲ့၍ ဇာတ်လမ်းကို သွယ်လျှားထားပါသည်။

ဇာတ်လမ်းထက် အကြောင်းအရာကို ဇောင်းပေးရေးဖွဲ့ရသောကြောင့် ဇာတ်လမ်းပိုင်းတွင် အားနည်းကောင်း အားနည်းနေပါလိမ့်မည်။

အကြောင်းအရာပိုင်းကိုလည်း ပြီးပြည့်စုံသော ဟူ မဆိုလိုပါ။ အကြောင်းကြောင်းများကြောင့် ကန့်လန့်ကာကို အပြည့်မဖွင့်ဘဲ တစ်ဝက်တစ်ပျက်သာ ဖွင့်လိုက်ရပါသည်။

ဖြစ်ရပ်မှန် ဇာတ်လမ်းကို အခြေခံ၍ ဗွီဒီယိုလောကမှ ဖြစ်ရိုး ဖြစ်စဉ်များဖြင့် ဇာတ်အိမ်ကို တည်ဆောက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းထက် အကြောင်းအရာကို ပြောင်းမေးရေးသောကြောင့် တချို့နေရာများတွင် ဇာတ်လမ်းအားပြုဝတ္ထုများကဲ့သို့ ပြေသွယ်မှု ရှိကောင်းမှ ရှိပါလိမ့်မည်။ ဖတ်ရသည်မှာ ယောက်တောင့်တောင့် ဖြစ်နေခဲ့သော် စာရေးသူ၏ ရေးဖွဲ့ပုံ အားနည်းခြင်းဟု သဘောမူစေလိုပါသည်။

ဤဝတ္ထုမှာ မည်သူ တစ်ဦးတစ်ယောက်ကိုမှ မရည်ရွယ်သလို မည်သူ တစ်ဦးတစ်ယောက်၏ အကြောင်းဖြစ်ရပ်လည်း မဟုတ်ပါ။ မည်သူ့အားမှ ထိခိုက်နစ်နာစေလိုသော ဆန္ဒလည်း အလျဉ်းမရှိပါ။

စာရေးသူ၏ စာဖတ်ပရိသတ်အတွက် အပျင်းလည်း ပြေပါစေ၊ သိကောင်းစရာများကိုလည်း သိပါစေ၊ လောကကြီးတွင် ဒုန့်ဒေးရှိသော လူလိမ်လူကောက်များ၏ အလိမ်ခံရသူအဖြစ်သို့ မရောက်စေရန် သတိသည်းမှုနိုင်ပါစေဟူသော စေတနာအရင်းခံဖြင့် ရေးသားလိုက်သော ဝတ္ထုတစ်ပုဒ်မျှသာ ဖြစ်ပါကြောင်း....။

စာဖတ်သူများအား အစဉ်လေးစားလျက်....
ထာဝရမေတ္တာဖြင့်....

ကျော်မြသန်း

BURMESE CLASSIC

ရုပ်ရှင်—ရင်ရှုပ်။

ရင်ရှုပ်စရာတွေ ပြည့်လျှမ်းနေသော ရုပ်ရှင်။

စိတ်ညစ်စရာ အထွေထွေ၊ ပြဿနာအသွယ်သွယ်၊ ရင်ရှုပ်စရာအဖုံဖုံ ရှုပ်ထွေးနေသော ရုပ်ရှင်လောကတွင် အုတ်မြစ်ခိုင်မြဲနေသူများလည်း ရင်ရှုပ်ရသည်။ ငွေလုံးငွေရင်း အားကိုး၍ ဝင်လာသူများနှင့် မျက်စိလည် လမ်းကြောင်းမှားလာသူများမှာ ပို၍ ရင်ရှုပ်ရသည်။ အောင်မြင်နေသူများရော မအောင်မြင်သေးသူများပါ ရင်ရှုပ်ရသော ရုပ်ရှင်။

မြန်မာ့ ရုပ်ရှင်လောကတင်လား...မဟုတ်ပါ။ ကမ္ဘာ့ ရုပ်ရှင်လောကကြီးတစ်ခုလုံးမှာသည်း ရင်ရှုပ်စရာများနှင့် ရှုပ်ထွေးနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟောလီးဝုဒ်က ရုပ်ရှင်ဘိုးအေကြီးများလည်း ရုပ်ရှင်နှင့် ရင်ရှုပ်နေရသည်မှာ ယနေ့ထက်တိုင်အောင်ပင်။

ရုပ်ရှင်လုပ်ငန်း သဘောသဘာဝကိုက ရှုပ်ထွေးပွေလီသည်။ မြီး၊ သည်လောကသားတွေက စည်းကမ်းဘောင်ကို အလေး ပေးကြ။ စည်းလွတ်ဝါးလွတ်၊ စိတ်လွတ်ကိုယ်လွတ် နေထိုင် လုပ်ကိုင်သည့် အကျင့်စရိုက် မြဲမြဲနေသူက အများစု။

အဖြစ်မဆိုသာ။

အနုပညာဗီဇရှိသူ အများစုသည် စည်းကမ်းဘောင်နှင့် ထိန်းချုပ်မှုကို ခံလိုသူများ မဟုတ်။ ချုပ်ချယ်ကန့်သတ်မှုကို မလို လား။ စည်းကမ်းဘောင်မှာ သူတို့အတွက် မွန်းကျပ်သည်။

လွတ်လွတ်လပ်လပ် လှုပ်ရှားမှုနှင့် ဗိုလ်မတင်စရိုက် ဇောင်း ပေးလွန်းသူတွေ၊ လူနေချုကြား စိတ်နေဝတီ ဖျားသမားတွေ၊ သူတို့နှင့် ဆက်နွယ်နေသူမှ ရင်မရှုပ်ရင် ဘယ်သူတွေ ရင်ရှုပ် မှာပ။

ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူမှန်သမျှ အနည်းနှင့် အများ ရင်ရှုပ်ရသည်ချည်း။ ရင်မရှုပ်ဘူးသူဟူ၍ မရှိစဖူး။ ရင်မရှုပ်ရဘဲ ချောချောပြေပြေ ပြီးဆုံးသွားသော ရုပ်ရှင်ကားကလည်း နည်းမှ နည်း။

ရင်ရှုပ်စရာတွေ ဒုနဲ့ဒေးပေါကြွယ်လွန်းသောကြောင့် 'ရုပ်ရှင်၊ ရင်ရှုပ်' ဟူ၍ ပြောစမှတ် ဝေါဟာရ အသုံး ကြွယ်ပိုးလာသည်။

ဒါတင်မက....ရုပ်ရှင်ဇာတ်ကား ထုတ်လုပ်သူများ၊ ရုပ်ရှင် ဇာတ်ကား ဝယ်ယူဖြန့်ချိသူများ၊ ကန်ထရိုက်ဆွဲပြသူများ အသုံး ပြုလေ့ရှိသော ဝေါဟာရတစ်ခု ရှိပါသေးသည်။



'ရှိုတင်လျှင် ရင်တုန်ရတဲ့ရုပ်ရှင်' ဟူပါ၍။

မှန်းလိုက်တာက 'ထိပ်'၊ 'ပန်းဝင်တော့ဘိတ်' ဇာတ်ကားမျိုး ရိုက်မိရင်တော့ တစ်ချီတည်း နှလုံးရောဂါဝေဒနာရှင်ဖြစ်အောင် ရင်တုန်ရသည်။ ရင်ခုန်သံ ဒိန်းဒိန်းမြည်သွားမည်။

အဲသည်ကားမျိုး ဖြန့်ချိရေးယူထားမိလျှင်၊ မြို့လယ် ကန် ထရိုက်ဆွဲထားမိလျှင် ကျောကော့ပြီသာမှတ်။

ဗီလီယံသောက်သောက်၊ အိပ်ဆေးသောက်သောက် မျက်လုံး ကြောင်တောင် မိုးလင်းရမည်။

ရှိုမတင်ခင် ကျော်သတင်းတွေ ရစ်ခြုံသိုင်းပတ်လျက် အကြီး အကျယ် 'ဟိတ်' ဖြစ်နေသော ဇာတ်ကားမှာ ရှိုလည်းတင်ရော ကျော်သတင်း အော်ဆင်းပြီးဝက်ဝက်ကွဲသွားသော ဇာတ်ကား များလည်း ဒုနဲ့ဒေး ရှိ၏။

ထိုရောအခါတွင် ဟိတ်သံအစား—ဟိန်းသံထွက်လာတော့၏။

ဇာတ်ကား ဖြန့်ချိသူများနှင့် ကန်ထရိုက်ဆွဲထားသူများ၏ ရင်တုန်သံ 'ဟိန်း' ထွက်လာစ ပြုမြဲရှိသောကြောင့် ရှိုတင်လျှင် ရင်တုန်ရသည်ဟု ပြောစမှတ် ဝေါဟာရတစ်မျိုး ထပ်တိုးလာ၏။

ဟော....အခု ပိတ်ကားပြင်ပေါ်မှ ရုပ်ရှင်အကြီးစား စီးကြောင်းကြီးနှင့်အပြိုင် ဖန်သားပြင်ပေါ်မှ ရုပ်ရှင်အသေးစား ဗွီဒီယိုစီးကြောင်းတစ်ကြောင်း ပေါ်လာသည်။

ပိတ်ကား ရုပ်ရှင်အကြီးစားက ရင်ရှုပ်ရသည်။ ဖန်သား ရုပ်ရှင်အသေးစားကလည်း ရင်ရှုပ်ရသည်။ ရှုပ်ရပုံချင်းတူတာတွေ ရှိသည်။ မတူတာတွေလည်း ရှိသည်။

www.burmeseclassic.com



ဗွီဒီယိုစီးကြောင်းမှာ ရုပ်ရှင်အကြီးစား စီးကြောင်းနှင့်မတူဘဲ နည်းနည်းနှင့် ကျဲကျဲဝိုင်း၍ ဆုလွယ်နပ်လွယ်၊ လုပ်ခွင့်သဘော လွယ်သော်လည်း ရင်ရှုပ်စရာ ပြဿနာအဖုံဖုံမှာမူ ရုပ်ရှင်ကြီး အတိုင်း ရှုပ်ထွေး ပွေလိမ်လျက်သာ။

ရှုမတင်၍ ရင်မတုန်ရသော်လည်း ရှိုးထိုးအဖြေပေါ် အိပ်မပျော်နိုင်သူတွေ အများကြီး ရှိနေပါချေပြီ။

ရုပ်ရှင်က၊ ဖြစ်မြောက်ရေးအပိုင်းတွင် ငွေရင်း ငွေနှီး များသည်။ စရိတ်စက ကြီးမားသည်။ ကုန်ကျစရိတ် အထွေထွေ များပြားသည်၊ ဟိုတုန်းကနှင့် ယခု မတူ။ ငွေရင်းငွေနှီး များလာ၊ ပိုလာသည်၊ နယ်ထွက်စရိတ်များ ကြောက်ခမန်းလိလိ ဖြစ်လာသည်။

သတ်မှတ်ချက် အချိန်အတိုင်းအတာကို တိုင်ပင်ကိုက် လုပ်လို့မရတော့။ စက်မှုပိုင်း အခက်အခဲနှင့် ဖလင်ပြဿနာရှိလာသည်။ ပြန်လည်ဝင်လာမည့်ဝင်ငွေ စုဆောင်းရသည်မှာ အချိန် အတိုင်းအတာ ရှည်သည်။ အထွေထွေလုပ်ငန်း ကျယ်ဝန်းများပြားသည်။

ဗွီဒီယိုနှင့်တော့ ကွာသည်။ ကွာသမှ အစစအရာရာ ကွာသည်။

ဗွီဒီယိုတစ်ခွေ ဖြစ်မြောက်ရေး အပိုင်းတွင်မူ ငွေရင်းငွေနှီး နည်းသည်။

နောက်ပိုင်း နည်းနည်းများလာသည်။ ချုံ့နိုင်သလောက် ကျုံ့သည်။ စရိတ်စက နည်းသည်။ အချိန်ကာလ သတ်မှတ်ချက်၊ တိုင်ပင်ကိုက်အောင် လုပ်လို့ရသည်။

စက်မှုပိုင်း အခက်အခဲနှင့် ဖလင်ပြဿနာမရှိ။ အနုပညာ ရဆ၊ ထက် ပသာဒကို ဇောင်းပေးရသည်။



ထိပ်တန်းစာရင်းဝင် ဗွီဒီယိုအခွေများ အတွက်သာ ဒါရိုက်တာ ၁ နှစ်ဦး သရုပ်ဆောင် ရွေးရသည်။

ဒုတိယတန်းစာရင်းဝင် အခွေမျိုးကျတော့ တော်ရုံ ဒါရိုက်တာ၊ သင့်ရုံ သရုပ်ဆောင်နှင့် အလုပ်ဖြစ်သည်။

ပြန်လည် ဝင်လာမည့် ဝင်ငွေ စုဆောင်းမှု အချိန်တိုသည့် အထွေထွေလုပ်ငန်း ကျဉ်းမြောင်းသည်။

ဒါက အကြမ်းဖျဉ်းကွာခြားပုံ သဘောလောက်ပါ။

ရုပ်ရှင်နှင့် ဗွီဒီယို လောက မတူညီတာတွေ အများကြီး ရှိသည်။

မကွဲမပြား၊ မခြားမနား၊ တစ်သားတည်း တူညီတာကတော့ နေအေး(အလိမ်ဝိဇ္ဇာ)တွေ ပေါများပုံ၊ ဖြတ်စား၊ ကပ်လို၊ ပါးပါးရိုက်၊ ခုတ်ထစ်သမားတွေ ရှိပုံ၊ ဆည်ဝဗျိုင်းတွေ ပေါများပုံ၊ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစားသမားတွေ နှုတ်ပြေပုံချင်း တူသလား မမေးနှင့်၊ တစ်သားတည်း ထစ်ထပ်တည်း တူတူညီညီ ရှိကြသည်။

ယုန်သူငယ် ဆိုတာက ရှာမှရှား။ အရိုးပါ ဝါးစားမည့် အျားတွေက များမှများ။

ရုပ်ရှင်လောကသားများ၏ အစဉ်အလာ အကျင့်စရိုက်များ ဗွီဒီယိုလောကသို့ ဆက်နွယ် ကူးစက်လာသည်ကို ဆန်းသည်ဟု မဆိုသာ။ ဖြစ်ရိုး ဖြစ်စဉ်ဟုသာ ဆိုရမည်ပါ။

ရုပ်ရှင်လောကမှ ကုမ္ပဏီပိုင်ရှင်များ၊ ဇာတ်ကား ထုတ်လုပ်သူများမှာ အောက်သက်ကြေပြီး အထာသဘော နားကျနေ

www.burmeseclassic.com



သူများ ဖြစ်သမို့ ကပ်လီး၊ ဖြတ်စား၊ ပါးပါးရိုက်၊ ခုတ်ထစ် သမားတွေ အဝင်ရ၊ အတိုးရ ခက်သည်။

ဗွီဒီယို ပေါ် ဦးစမှာ အကွက်သမားတွေ အတော်ကြီး အရည်လည်ပြီး အကွက်မိသွားကြသည်။

ဗွီဒီယို ပေါ် ဦးစခေတ်မှာ လုပ်ငန်းသဘော အထာမပေါက်။ မကျွမ်းကျင်ဘဲ ငွေယားသမားတွေ၊ မင်းသား မင်းသမီး သရုပ်ဆောင် ပိုးထသူတွေ၊ ငါးစာကို မြင်ပြီး ငါးများချိတ်ကို မမြင်သူတွေ ပါလာသည်။ ကပ်လီး၊ ဖြတ်စား၊ ပါးပါးရိုက်၊ ခုတ်ထစ်သမားတွေ အဝင်ရ၊ အတိုးရ လွယ်ကူစွာဖြင့် ပွဲတော်ကြီးနှင့် တိုးသွားကြသည်။

ငွေမည်းမြင်ပြီး ငွေဖြူ ချောသွားသူတွေ မနည်း။

ပါးပါး အလိုးခံရသူတွေ၊ မသိမသာ ရိုက်ရိုက်၊ ရိုက်ရိုက် အလိုးခံရသူတွေ၊ အတုံးလိုက် အတစ်လိုက် အလူးခံရသူတွေ များသလား မမေးနှင့်။ ဗွီဒီယိုလောကကို စိတ်နာပြီး တံဗွေးမွှန်သားပြင်ကိုပင် မျက်နှာလွှဲထားသူတွေ တစ်ပုံတစ်ပင် ရှိပါလေ၏။

ရုပ်ရှင်ကားကြီးတစ်ကား ရိုက်ကူးရန် ဇာတ်လမ်းကောင်းနှင့် ဇာတ်ညွှန်းကောင်း လိုအပ်သလို အတွေ့အကြုံ ရင့်ကျက်၍ အနုပညာ ဖန်တီးမှု၊ အတွေးအခေါ် အယူအဆ ထက်မြက်သော၊ ရိုက်ကွင်း ရိုက်ကွက် ဖန်တီးမှု တော်စွမ်းသော၊ မင်းသား မင်းသမီး အကိုင်ကျွမ်းသော ဒါရိုက်တာကောင်းကြီးများ လိုသည်။



ရိုက်ကွင်း ရိုက်ကွက် အမြင်ပသာဒ အလှအပ ဖန်တီးမှု ထက်မြက်သော ကင်မရာမင်းများ၊ တန်းမီ၊ အဆင့်မီ၊ ပေမီ၊ ဒေါက်မီ သရုပ်ဆောင်များလည်း လိုသည်။

ဗွီဒီယို ဇာတ်ကားများတွင်မူ ပထမတန်း အဆင့်အတန်းဝင် ကားများမှလွဲ၍ ဒုတိယတန်း၊ တတိယတန်း ကားများ ရိုက်ကူးရာတွင် အနုပညာ၊ ဖန်တီးမှု အတတ်ပညာထက် အဖြစ် လုပ်နိုင်သူ၊ ဖြစ်ကတတ်ဆန်း သရုပ်ဆောင်သူများနှင့် စခန်းသွားနေကြဆဲ ရှိသေး၏။

ဒါကြောင့်လည်း ဒါရိုက်တာတွေ၊ သရုပ်ဆောင်တွေ ပေါမှ ပေါ ဖြစ်လာသည်။

အခွေတွေ ထွက်သလားမမေးနှင့်။ ကြည့်မနိုင်အောင် ထွက်လာသည်။

မည်သို့ပင် ရှိပါစေ....

မြန်မာ့ ဗွီဒီယိုကားများမှာ အစမ်းသပ်ခံ အဆင့်ကို ကျော်လွန်၍ ပရိသတ် လက်ခံသော အဆင့်သို့ ရောက်စပြုနေပြီကိုမူ ငြင်းနိုင်ကြပေ။

ဖြစ်ကတတ်ဆန်း ကားတွေ နောက်တန်းသို့ တဖြည်းဖြည်း ရောက်၍ ကားကောင်း၊ ကားသန့်များ ရှေ့တန်း၌ နေရာယူနိုင်သော အနေအထားရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း ဗွီဒီယိုကို နှာခေါင်းရှုံ့၊ မျက်နှာလွှဲခဲ့သော အကယ်ဒမီ ဒါရိုက်တာများ၊ အကယ်ဒမီ မင်းသား၊ မင်းသမီးများ ဗွီဒီယိုလောကနှင့် လက်တွဲ၍ အနုပညာစွမ်း ပြနေကြပေပြီ။ ဗွီဒီယိုမင်းသား၊ မင်းသမီးများ ဖြစ်ကုန်ကြပြီ။

ဗွီဒီယိုကို အထင်မသေးရဲ။

လူရှင်တော်ပင် အက်စ်အီး စီးလာနိုင်သည့် ဗွီဒီယို။

★

[ ၁ ]

---

ည ခုနစ်နာရီခန့်။

ညနေပိုင်းမှ ဖွင့်သော ရန်ကုန်မြို့စွန်ရှိ နာမည်ကြီး စားတော်ဆက် ရှိရာ ခြံကြီး တစ်ခြံထဲ၌ ရောင်စုံမီးပွင့်များ ပွင့်လက်နေသည်။ အလင်းရောင် မလွန်ကဲ၊ အမှောင်ရိပ်လည်း မသမ်းစေရအောင် မီး အလင်းအမှောင် ပေးထားပုံမှာ ညချမ်း၏ အေးမြခြင်း သဘာဝကို ထိန်းပေးထားသည်သို့နှယ် ရှိပါချေ၏။

ဝါးကို အလှတန်ဆာဆင်၍ ခေတ်မီပုံစံဖြင့် ဆောက်ထားသော အဆောက်အအုံမှာ မခန့်ထည်သော်လည်း အမြင်ပသာဒ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံကြီးထဲ၌ နောက်ဆုံးပေါ် အရောင်မျိုးစုံ ကားများ အစီအရီ ရပ်ထားသည်။ သည်နေရာသို့ ကိုယ်ပိုင်ကားမရှိဘဲ မလာနိုင်သလို နောက်ဆုံးပေါ် မဟုတ်သော ကားဖြင့် လာသူလည်း အလွန် နည်းသည်။ အနည်းဆုံး ဆန်နီ၊ ပတ်ဗလစ်ကာလောက်နှင့် လာမှ မျက်နှာအထားရ သက်သာသည်။

ကားအမည်၊ အမျိုးအစား မှဲ့ပျောက်စပြုနေသော ကားနှင့် လာလျှင် မျက်နှာငယ်ရသည်။

လုံးဝမရှိတော့ မဟုတ်။ တစ်စီး၊ နှစ်စီးလောက်တော့ လာတတ်သည်။

ထောင်အောက်၊ ရာဂဏန်းလောက်နှင့်တော့ ထိုစားတော်ဆက်ခြံနား မကပ်နိုင်။ ထောင်တောင်မှ တစ်အစနှင့် မရ။ နှစ်အစ ထောင်လောက်ပါမှ ဖြစ်သည်။

အဲသည်လောက်ပါမှ ဆိုလို့ စားပွဲဝိုင်းတွေများ လွတ်နေမလား မှအောက်မေ့နှင့်။

စားပွဲတိုင်းမှာ အပြည့်။ ကြိုတင် ဘွတ်ကင် လုပ်မထားရင် မသေချာဟု ပြောရလောက်အောင် ရွှေပွဲလာ ပရိသတ်များဖြင့် စည်ကားနေစမြဲ ရှိ၏။

စားပွဲဝိုင်းပေါ်မှာ ပုလင်းတွေ၊ ဖန်ခွက်တွေ၊ သံဘူးတွေ၊ စားသောက်ဖွယ်ရာ ပန်းကန်တွေ ပြည့်လျှံလျက် ရှိစမြဲ။

စားသောက်ဖွယ်ရာများမှာ မြို့လယ်ခေါင် လောင်းကစားပွဲရုံတွေ၊ ဟိုတယ်တွေလောက် မကောင်းစေကာမူ ပြုစုဧည့်ခံမှုနှင့် နေရာထိုင်ခင်း အနေအထားက မြို့လယ်ခေါင်ထက် အများကြီး သာသည်။



လေကောင်း လေသန့်ရသည်။ အညော်နံ့ ကင်းသည်။ ဝတ်စား ဆင်ယင်မှုချို့တဲ့၍ ဘဝရပ်တည်မှုအတွက် တပင်တပန်း လှုပ်ရှား သွားလာနေသူများ၊ မမြင်အပ်ရာသော ရောဂါဝေဒနာရှင်များ စသော အနိဋ္ဌာရုံ မြင်ကွင်းများကို မမြင်ရ။ ချေးနံ့ သင်းနံ့ မသန့်ပြန့်မှုနှင့် မဆုံစည်းရ။

မွှေးရနံ့ သင်းထုံ၍ ဝတ်စားဆင်ယင်မှု ခေတ်ဆန်လွန်းသော အမြင်ကြည်လင်စရာ၊ တပ်မက်ဖွယ်ရာ ပြည့်လျှမ်းနေသော သူလေးများ၏ ညှို့ဝတ်ပြုမှုက သူတို့အတွက် အစားအသောက် မကောင်းသည်ကို မေ့သွားစေသည်။

လွန်ခဲ့သော ငါးနှစ်လောက်က ထိုသို့ရှိခဲ့သော်လည်း နောက်ပိုင်းတွင် သပ်သပ်ရပ်ရပ် ဝတ်ဆင်၍ ညှို့ဝတ်ကျေပွန်စွာ ပြုစုနိုင်သော အမျိုးသား စားပွဲထိုးများဖြင့် စခန်းသွားနေကြပါပြီ။ သို့တစေ အမျိုးသမီး စားပွဲထိုးများလောက်တော့...

ညပိုင်းဖွင့်သော စားတော်ဆက်များသို့ လာရောက်သူများမှာ နယ်မှ စီးပွားရေးသမားများ၊ အိတ်ဖောင်းလာသူများ ရန်ကုန်သို့ဆင်း၍ အပျော်အပါး အသွယ်သွယ်ဖြင့် ပါသမျှ ခဝါချဖို့ ရောက်လာသူများ....

တစ်ချီပွ လုပ်ငန်းများဖြင့် ငွေယားရှိနေသူများ....

အကြံအဖန် ကွန်ချက်ကောင်း ရှာသူများ....

စားရင်းသောက်ရင်း အကြံအဖန်ကိစ္စ ညာဏ်နီညာဏ်နက်ထုတ်ရန် ချိန်းလာသူများ....

အဲသည်လို လူမျိုးတွေကလွဲလို့ အဲသည်လိုနေရာမျိုးကိုဝင်ဖို့ မဆိုထားဘိ၊ အနားကပ်နိုင်ဖို့ပင် မလွယ်။

www.burmeseclassic.com



စားတော်ဆက်အဝင် ညာဘက်ထောင့်ဝိုင်း တစ်ဝိုင်း၌ ထိုင်နေသူများမှာ လေးယောက်။ နှစ်ယောက်က လူလတ်ပိုင်း နှစ်ယောက်က လူငယ်ပိုင်း၊ လူလတ်ပိုင်း နှစ်ယောက်မှာ ရိုးရိုးပင် ဝတ်ဆင်ထားသော်လည်း လူငယ်ပိုင်းနှစ်ယောက်မှာမူ ဟော့ရှော့ ယောချင်းမိတ်တွေချည်း ဝတ်ဆင်ထားကြသည်။

စတိုင်ရှိုးများတွင် တီထွင်ဆန်းသစ်သော ဝတ်စား ဆင်ယင်မှုပြုကြသူ၊ စတ်ရီယိုအဆိုကော် တချို့ထက်ပင် သူတို့ နှစ်ယောက်၏ ဝတ်ဆင်မှုမှာ ထူးခြားဆန်းသစ် နေသည်။

မျက်မှန်၊ နာရီ၊ ဖိနပ်နှင့် အဝတ်အစားများ၏ တန်ဖိုးမှာ သောင်းအောက်မလျော့။ သောင်းအထက်သာ ရှိလိမ့်မည်။

သည်ကနေ့ သောင်းဂဏန်းဆိုတာက မရှိသူများအတွက် ရင်သပ်အံ့ဩ ထူးထွေသော ပြောစရာ ငွေကြေးပမာဏဖြစ်သော်လည်း သူတို့လို လူငယ်များအတွက်တော့ သေးသေးကွေးကွေး မိုင်နာသေးပါ။

သူတို့ဝိုင်းဖွဲ့နေသော စားပွဲပေါ်၌ စားစရာသောက်စရာ အစုံအလင် မရောက်သေးပါ။ သောက်စရာ စားစရာမှာ စတီသဘောလောက်သာ ရှိနေသေးသည်ကိုကြည့်၍ လည်းကောင်း၊ သူတို့၏ မျက်လုံးများမှာ ဂနာမငြိမ်ဘဲ ဝင်ပေါက်ဘက်ဆီသို့ မကြာခဏ ရောက်နေသည်ကို ကြည့်၍ လည်းကောင်း၊ သူတို့ဝိုင်းမှာ လူမစုံသေးကြောင်း အကဲဖြတ်နိုင်၏။

နောက်ထပ်ရောက်လာမည့် ဝိုင်းဖွဲ့သမားဦးရေကို မခန့်မှန်းနိုင်လှသော်လည်း ရောက်ရှိနေသူများထက်ပို၍ အရေးပါသူ ရောက်လာမည်ကိုမူ တွက်ချက် ခန့်မှန်းနိုင်ရာ၏။



ရောက်ရှိနေသူ လေးယောက်အနက် နှစ်ယောက်ကမှုဆိုး နှစ်ယောက်က သားကောင်။

သားကောင်နောက်သို့ လိုက်ရသော မုဆိုးဟူသည် လက်နက် ပါစမြဲ။ လက်နက်မပါဘဲ သားကောင်နောက်သို့ လိုက်လို့မရ။

အခု စားတော်ဆက် စားပွဲဝိုင်းသို့ ရောက်ရှိနေသော မုဆိုးနှစ်ဦးမှာမူ လက်နက်ဆို၍ အပ်တစ်ချောင်းသော်မှ မပါ။

သူတို့ကား တစ်တောဝင် တစ်တောထွက် တောနင်းရသော မုဆိုးများမဟုတ်။

မြို့ပေါ်မှာပင် သားကောင်ကို အလွယ်တကူ ရှာဖွေနိုင်သော မြို့မုဆိုးများ ဖြစ်၏။

သူတို့လက်နက်မှာ ဟိတ်ဟန်မျှသာ။

သားကောင်ကို တစ်ချက်တည်းနှင့် ဆတ်ခနဲထိအောင် အာပေးကောင်းရသည်။ ဤသည်မှာ သူတို့၏လက်နက်။

အခုမိလာသော သားကောင် နှစ်ယောက်မှာ ရန်ကုန်က မဟုတ်။ တစ်ယောက်က မန္တလေး၊ တစ်ယောက်က မိုးကောင်း။

နှစ်ယောက်စလုံးမှာ ပညာ တစ်ပိုင်းတစ်ပြတ်။ ကိုယ့်ဉာဏ်အား ကိုယ့်စွမ်းအားနှင့် တစ်ကျပ်တစ်ပြား မပြောနှင့်။ ဆယ်ပြားစေ့ တစ်စေ့တောင် ရှာဖူးသူများ မဟုတ်။ အလုပ်ဟူသမျှ ဂုဏ်ရှိစွဟု ခံယူချက် မျက်နှာမှုသူထဲမှာ သူတို့နှစ်ယောက်မပါ။

ဝတ်စားပျော်ပါး အဖြုန်းသမား စာရင်းဝင်သူတွေ။ သူတို့က ငွေကို ရှာဖွေယူရသည်ဟု သဘောမမူ။ သုံးစွဲရန်သာသက်သက်ဟု သဘောမူကြသည်။

www.burmeseclassic.com



မိဘချမ်းသာသူ သားအမီးများမှာ ထိုအတိုင်းသာ။

မန္တလေးရောက် မျိုးကောင်းသားနှင့် မိုးကောင်းနေ မိုးကောင်းသား နှစ်ယောက်၏ မိဘများမှာ ကျောက်စိမ်းပွင့်ခဲ့သူများ ဖြစ်၏။

အဖမ်းအဆီးနည်းသော အချိန်အခါကောင်း၊ ခေတ်ကောင်းကို မီလိုက်ကြသလို အကြီးအကျယ် ကျောက်စိမ်း ပွင့်ခဲ့သောကြောင့် ခြေခြေမြစ်မြစ် မရှိသော အခြေအနေမှ ထည်ထည်ဝင်ဝင် အခြေအနေသို့ ရောက်ခဲ့သည်။

မိုးခံသေတ္တာ၊ သံသေတ္တာနှင့် ဗီရိုထဲမှာ ထားရှိမရနိုင်သောကြောင့် ငွေစက္ကူများကို ဂုန်နီအိတ်နှင့် ထည့်ထားရသောဟူ၍ ပြောစမှတ်ပြုခဲ့သော ငွေကြေးပိုင်ဆိုင်သူများ ဖြစ်သကြသည်။ ဇော်ရဲမောင် မိဘများမှာ မန္တလေး၌ ဟည်းသနေသော တိုက်ကြီးဆောက်ပြီး အခြေချလိုက်ကြသည်။

မင်းကျော်ဦး၏ မိဘများမှာ မိုးကောင်းမှာပင် နေမြဲနေခဲ့ကြသည်။

ဇော်ရဲမောင်၏ဖခင် ဦးဆိုက်စံမှာ အမြင်ကျယ်သသောက် ခြေလှမ်းကျဲချင်သူ။

ကျောက်မြို့ဘော်ဟု တင်စားရသော မန္တလေးတွင် အခြေစိုက်ပြီး သူ ကျွမ်းကျင်သော အစိမ်းလုပ်ငန်းဖြင့် မပင်မပန်း စီးပွား တက်ပြီးရင်းတက်သည့် အနေအထားသို့ ရောက်ခဲ့သည်။

မင်းကျော်ဦး၏အဖေ ဦးပန်းညွန့်မှာမူ ဒေသချပ်ခြေ တွယ်တာမှုကြောင့် မိုးကောင်းမှာပဲ အစိမ်းဆိုင် အရောင်းအဝယ် ဆက်လုပ်နေခဲ့ရာ အထိုက်အလျောက် ဖြစ်ထွန်းနေသည်။



ဦးထိုက်စံနှင့် ဦးပန်းညွန့်တို့မှာ တစ်မြေဆီ နေကြသော်လည်း လုပ်ငန်းသဘော ဆက်သွယ်မှုမှာ တစ်သားတည်း ရှိနေသည့်အလျောက် ဇော်ရဲမောင်နှင့် မင်းကျော်ဦးတို့ နှစ်ယောက်မှာလည်း တစ်တွဲတွဲ ရှိနေကြသည်။

ဇော်ရဲမောင်မှာ မောင်နှမလေးယောက်အနက် တစ်ဦးတည်းသော သားယောက်ျားလေးဖြစ်သမို့ မိသားစု၏ တရားလွန် အလိုလိုက်ခြင်းကို ခံရသည်။

သူတို့နှစ်ယောက် ရန်ကုန်သို့ ဆင်းလာသည်မှာ ဗွီဒီယိုပေါ်ဗွီ ၊ ရုပ်ရှင်နယ်ပယ်မှ အဓိက သရုပ်ဆောင်များ ဗွီဒီယိုဘက်သို့ ခြေဦးမလှည့်သေးခင် လေးသောင်းလောက်နှင့် အခွေ တစ်ခွေ ဖြစ်သလို ငွေထုတ်နိုင်သူ မင်းသားဖြစ်နိုင်သမို့ ပိုးထပြီး ရန်ကုန်သို့ ဆင်းလာခြင်းဖြစ်၏။

တကယ်တော့ ဇော်ရဲမောင်မှာ အနုပညာဗီဇမရှိ။ အနုပညာနှင့် ပြွမ်းတီးမှုလည်းမရှိ။ စီးစီးနင်းနင်း ဝါသနာထုံမှုလည်း မရှိ။ လူငယ်ဘာဝ ကျော်ကြားလိုမှု ဆန္ဒလွန်ကဲခြင်းနှင့် ကိုယ့်ကိုယ်ကို ထင်တစ်လုံးရှိခြင်းကြောင့် အနုပညာကို ငွေကြေးနှင့် ထေထွေးနိုင်လျှင် ဘာကြောင့် မင်းသားမဖြစ်နိုင်ရမှာလဲဟု ငွေကြေးနှင့် အနုပညာပါရမီ အကန့်အခနအထား ကွာဟပုံကို သဘောမပေါက်ဘဲ ထင်တလွဲ ပိုးထနေသူဖြစ်၏။

ကြည့်ပါ။

ရုပ်ချည်က ရွက်ကြမ်းရေကျို၊ လူကြမ်းသရုပ်ဆောင် ရုပ်ရည်ထက် နည်းနည်းလောက်တော့ သာကောင်းသာမည်။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်အမောင်းက ပေမီ ဒေါက်မီရှံမျှသာ။ ကိုယ်ဟန်အချိုး အစားမှာ ထူးထူးထင်ထင်မရှိ။ သူလို ငါလို အနေအထားထက် မသာလွန်၊ အသံကြည်လင်မှု အားနည်းသည်။ မဖြစ်နိုင်ဆုံးဟု ဆိုရမည်မှာ အနုပညာလောကနှင့် နည်းနည်းမှ ထိစပ်မှု မရှိခဲ့ခြင်းပင်။

ထူးထူးကဲကဲ ဝတ်စားဆင်ယင် ထုံးဖွဲ့နိုင်သောကြောင့်သာ သူ၏ ရုပ်ရည်နှင့် ဟန်ပန်မှာ ကြည့်ပျော်ရှုပျော် ရှိနေသည်။

သို့တိုင်အောင် ဒန်ဖလားကို ရွှေနားကွပ်ထားသည်သို့နှယ် သေသေချာချာကြည့်လျှင် တစ်ကန့်စီ ပေါ်လွင်နေလိမ့်မည်ပါ။

ဇော်ရဲမောင်မှာရှိသော ထူးထူးခြားခြားဟု ဆိုရမည်သော အရည်အချင်းမှာ များများစားစား ဖော်ညွှန်းစရာမရှိ။ နှစ်မျိုးမျှသာ။

တစ်မျိုးက ကြားလိုက်ရသူ၏နားကို ရေရေလည်လည် ဒုက္ခပေးတတ်သော မန်ဒလီလိုအသံမျိုးဖြင့် သီချင်းဆိုတတ်ခြင်းနှင့် ဟိုမရောက် သည်မရောက် ဂစ်တာခေါက်တတ်ခြင်း။ နောက်တစ်မျိုးမှာ မော်တော်ဆိုင်ကယ်ကို မျက်စိနောက်အောင် ကိုးရိုးကားရား စီးတတ်ခြင်းပင်ဖြစ်၏။

ထင်တစ်သုံးဆိုတာ လူတိုင်းမှာ ရှိစမြဲ၊

ဒါပေမယ့် တန်ရာတန်ရာဆိုသောစကား ရှိသည်ကို မမေ့အပ်။



ရေစပ်ကို ရေနက်ပိုင်းထင်၍ လူးလွန့်မြူးပျော်လာသည့် ငါးကို စောင့်နေသော ဆည်ဝကဗျိုင်းသမားက သူတို့လို ပိုးသမားကို ဘယ်အလွတ်ပေးလိမ့်မှာပ။ မြင်မှ မြင်တတ်ပါပေ့။

ဗွီဒီယို အစပိုင်းခေတ်။ နာမည်ကြီး ရုပ်ရှင်ဒါရိုက်တာများက နယ်ပယ်သို့ ချဲ့ခြမလာသေးသောကြောင့် တစ်ယောက်တစ်ပိုင်း ဒါရိုက်တာ ပေါက်စနလေးများ တစ်ကားလောက် ရိုက်ဖူးသော်လည်း သုံးမည့်သူ မရှိသောကြောင့် ရုပ်ရှင်နယ်ကို ကျောခိုင်းခဲ့ရသော အမည်ကျန် ဒါရိုက်တာများ တစ်ခေတ်တစ်ခန်း ထလာကြသည်။ အလုပ်ဖြစ်လာကြသည်။

ဗွီဒီယိုအစပိုင်းမှာ သူတို့ခေတ်ဟု ဆိုရမည်။

ငွေသာရှိ၍ ပိုးထလာသူ မန္တလေး ဇော်ရဲမောင်နှင့် မိုးကောင်း မင်းကျော်ဦးတို့နှစ်ယောက်မှာ ကိုယ့်ကိုယ်ကို သားကောင်ဖြစ်လိမ့်မည်ကို မသိဘဲ မုဆိုးကို ရှာခဲ့သည်။

နှစ်ရက်၊ သုံးရက်ပဲ ရှာပုံတော် ဖွင့်လိုက်ရသည်။

လွှားလွှား၊ လွှားလွှား ဖြစ်နေသော ဗွီဒီယို မုဆိုးအုပ်စုနှင့် ဆက်မိသွားသည်။

အဲသည်လို ဆက်မိရုံအတွက် ငွေငါးရာကျော်လောက် ချော သွားသည်။

တွေ့ကြပြီ။

ဒါရိုက်တာဆိုသူနှင့် နာရီဝက်ပြည့်အောင်ပင် စကားမပြောလိုက်ရ။ မိတ်ဆက်ရုံပဲ ဆက်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရိုက်တာကြီးက အလုပ်သိပ်များနေလို့ နောက်မှ တွေ့ကြသေးတာပေါ့ဖြင့် အထာကိုင် အထာပေးသွားသည်။

ပြောစရာရှိသည်များကို သူ၏ လုပ်ဖော်ကိုင်ဖက်များနှင့် ပြောဆိုရန် လွှဲထားခဲ့သည်။ ဟုတ်တာ မဟုတ်တာထား၊ သားကောင်နှစ်ယောက်ကတော့ မုဆိုးကြီးကို အထင်ကြီးသွားပါပြီ။

လက်သင် မုဆိုးကလေးများနှင့် ပြောစရာ ဆိုစရာရှိသည်များကို ဆက်ပြောရသည်။

ဘယ်မှာပြောမလဲ။ လမ်းဘေးက ခွေးခြေ လက်ဖက်ရည်ဆိုင်မှာလား၊ လှေကားအောက် လက်ဖက်ရည်ဆိုင်မှာလား၊ တိုက်ခန်းကြီးထဲမှာ ဖွင့်ထားသည့် လက်ဖက်ရည်ဆိုင်မှာလား။ အဲသည်နေရာတွေမှာ တစ်ခုမှမဖြစ်။ အဲသည်လို နေရာမျိုးမှာ သူတို့ ဒါရိုက်တာကြီးက မထိုင်။

ဒါရိုက်တာကြီးကို ထားဘိဦး၊ ဒါရိုက်တာကြီး၏ လုပ်ဖော်လက်တွဲဖော်များသည်ပင် အဲသည်နေရာမျိုးမှာ မထိုင်။ သူတို့နှစ်ယောက်ကို သမ္မတဟိုတယ်သို့ မ,သွားကြသည်။

နေ့လယ်ခင်းမို့ အပြင်းမချ။ ဘီယာသောက်ရင်း သူတို့ဆရာကြီးအကြောင်းကို ရှန်းရှန်းဝေအောင် ပြောပြသည်။ ဘယ်လောက်တော်ကြောင်း၊ အလုပ်လုပ်သည့်နေရာတွင် တိကျကြောင်း နာမည်ကြီး အကယ်ဒမီ ဒါရိုက်တာ (နာမည်ပါ ပြောပြသည်)ကြီး၏ လက်ရုံးတပည့် ဖြစ်သည့်အကြောင်း၊ အနုပညာ မာနကြီးကြောင်း စသည် စသည်များကို မန္တလေးသား



နှင့် မိုးကောင်းသားနှစ်ယောက် ငေး၍ နားထောင်ရလောက်အောင် အာစွမ်းပြသွားကြသည်။

လိမ်စဉ်သမားများသည် နှပ်ကြောင်းပေး အလှန်တော်ကြ၏။ ချီးမည့်သူ မျက်စိပိတ် ချီးလို့ရအောင် နှပ်ကြောင်းပေးတတ်သည်။

သူတို့က သားကောင်နှင့် စကားပြောကြည့်ရုံဖြင့် သားကောင်သည် ကျားလား၊ ကျီလား၊ ယုန်သူငယ်လားဆိုသည်ကို ခွဲခြားသိနိုင်ကြသည်။

ကျားဖြစ်နေလျှင် မှန်မည်။ ယုန်သူငယ်ဆိုလျှင် ကွန်ရက်ဖြန့်၍ အမိအုပ်မည်။

၃ ထိုသို့သော အထာများကို သူတို့က ကျွမ်းမှကျွမ်း။ သူတို့အတွက်တော့ ငှက်ပျောသီး အခွံနွှာသလို လွယ်ကူသည်။

ရှပ်ရှင်ပိုးထလာသူကို ကျုံးသွင်းရသည်မှာ အလွယ်ဆုံး။

သမ္မတဟိုတယ်က ထွက်လာတော့ တူတူညီညီ ရယ်ရယ်မြူးမြူး ဘီယာသောက်နေစဉ်ကပင် လက်ဝါးရိုက်လက်ဆွဲပြီးကြပြီ။

သူတို့လေးယောက် ကျောခိုင်းကြတော့ နှစ်ယောက်တစ်တွဲစီ နှုတ်ခမ်းလွှာပေါ်မှာ အပြုံးဝေသီလျက်။

အပြုံးချင်းတော့မတူ။

သားကောင်က လာရင်းကိစ္စ ကျေနပ်စရာ ပြီးစီးသွားလို့ စိတ်ဘူးယဉ် ပြုံးလိုက်သည့်အပြုံး။

www.burmeseclassic.com



ဒါလေးတွေက အရေးမကြီးလို့ ထင်ရပေမယ့် တစ်ဖက်သား အထင်ကြီးစေရန် ကိုယ့်ကိုယ်ကို ၂ မသူတော်လုပ်ရန်မလိုပါ။ ဒါလေးများနှင့်ပင် မိမိအား အထင်ကြီးလာလိမ့်မည်။ လူပေါ် လူဇော်လုပ်နည်းဟုလည်း ဆိုနိုင်သည်။

ဒါရိုက်ဘာကြီးက သည်နည်းကို အသုံးပြုပြီး ၊ ပိုးသမားနှစ်ယောက်ကို ထိန်းသွားလိုက်သည်။

သည်နေရာမှာ စကားပြောရမည့်အလုပ်က သူ့အလုပ်မဟုတ်။ သူတို့ ရဲသုံးဖော်ထဲမှ ရဲနှစ်ဖော်၏အလုပ်။ သူက ဆရာကြီးနေရာမှာ ငြိမ့်ငြိမ့်လေး အသာပေးနေရုံသာ။

ရဲနှစ်ဖော်က စကားလမ်းကြောင်း တစ်ကြောင်းပြီး တစ်ကြောင်း ထွင်ပေးနေသည်။ သူက လိုအပ်သော နေရာသလောက်သာ ထောက်ပြောလေး ဝင်ပြောပြီး အနီနှင့်အဖြူ(အရက်နှင့်စီးကရက်)ကို မျှမျှတတရှိအောင် အလဲအလှယ်လုပ်ပေးနေသည်။

သူပြောရမည့် အကြောင်းအရာ အလှည့်ဝင်လာတော့မှ ပညာခန်းပြ စကားဝင်ပြောခဲ့သည်။

'မောင်ရင်တို့ကို တွေ့တွေ့ချင်းပဲ ခင်ပါတယ်၊ မောင်ရင်တို့လို လူငယ်တွေ ဗွီဒီယိုလောကကို စိတ်ဝင်စားတာလဲ ဆန်းတာမှ မဟုတ်ဘဲ၊ ဒီနေ့ လူငယ်အများစုလက်ခံတဲ့ စတီရီယိုလောကကို မောင်ရင်တို့လို လူငယ်တွေပဲ လွှမ်းမိုးနေတာ မဟုတ်လား၊ ဗွီဒီယိုလောကဟာလဲ တစ်နေ့ ဒီလိုဖြစ်လာရမှာပေါ့၊မျက်နှာသစ်လူငယ်တွေအတွက် မျက်နှာဟောင်းလူကြီးတွေ နေရာဖယ်ပေးရမှာ



သဘာဝပဲလေ၊ တစ်ခုတော့ရှိတာပေါ့၊ ကိုယ်တို့လောကကို အရမ်းတိုးဝင်ဖို့တော့ မကြိုးစားနဲ့၊ ရှုပ်ထွေးတယ်၊ ကျားတွေများတယ်၊ အဲဒီလိုကျားတွေနဲ့ တွေ့သွားမှာစိုးလို့ သတိပေးရတာပဲ၊ ဟိုနေ့က အချိန်မရလို့ မပြောလိုက်ရဘူး၊ ဖြစ်ရမယ်ဆိုတဲ့ ကတိတွေ ဖောဖောသီသီပေးပြီး ပါသမျှ နှာချမယ်ဆိုတဲ့ ရေစိမ်ခံအုပ်စုနဲ့ တွေ့သွားရင် မသက်သာဘူး၊ အဲ....တစ်ခုတော့ရှိတယ်၊ မောင်ရင်တို့ဖြစ်ချင်တာ ဖြစ်ရစေမယ်လို့ လွယ်လွယ်ကတိပေးတတ်တဲ့လူမျိုးစားထဲမှာ ကိုယ်မပါဘူးဆိုတာကို ရှင်းရှင်းသဘောပေါက်ပြီး ကိုယ်နဲ့ဆက်ဆံတဲ့အခါ အဲဒီအခြေခံမှုနဲ့ ဆက်ဆံဖို့တော့လိုမယ်'

အဲသည်လိုအပြောမျိုးနဲ့ ပိုးသမားနှစ်ယောက်ကို ဖမ်းစားလိုက်၏။ ပစ်လိုက်သော ပစ်ချက်မှာ တစ်ချက်ဆို တစ်ချက်ဆိုရလောက်အောင် ထိထိမိမိကြီး အထိမှန်သွားသည်။

ပိုးသမားနှစ်ယောက်မှာ တွေ့စကထက်ပင် ပို၍ ယို့ကျိုးဝပ်ဆင်းသွားသည်။ သူတို့၏ ဟန်ပန်အမူအရာက ပစ်မှတ်ကို တည့်တည့်ကြီး ထိသွားကြောင်း ပြသနေပြီဖြစ်သည့်အလျောက် ဒါရိုက်တာကြီးက ထိုနေရာမှာပင် အပြောရပ်၍ အသောက်ဘက်သို့ လှည့်လိုက်သည်။

အပြောရပ်၍ အသောက်ဘက်သို့ လှည့်လိုက်သော ဆရာကြီး
၏ ဘယ်ဘက်လက်မှာ အနီ၊ ညာဘက်လက်မှာ အပြာ။
လိမ်ဆင်တို့၏ သဘောမှာ ဤအတိုင်း ရှိပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါလေးတွေက အရေးမကြီးလို့ ထင်ရပေမယ့် တစ်ဖက်သား အထင်ကြီးစေရန် ကိုယ့်ကိုယ်ကို မသူတော်လုပ်ရန်မလိုပါ။ ဒါလေးများနှင့်ပင် မိမိအား အထင်ကြီးလာလိမ့်မည်။ လူပေါ် လူဇော်လုပ်နည်းဟုလည်း ဆိုနိုင်သည်။

ဒါရိုက်တာကြီးက သည်နည်းကို အသုံးပြုပြီး ပိုးသမားနှစ်ယောက်ကို ထိန်းသွားလိုက်သည်။

သည်နေရာမှာ စကားပြောရမည့်အလုပ်က သူ့အလုပ်မဟုတ်။ သူတို့ ရဲသုံးဖော်ထဲမှ ရဲနှစ်ဖော်၏အလုပ်။ သူက ဆရာကြီးနေရာမှာ ငြိမ့်ငြိမ့်လေး အသာပေးနေရုံသာ။

ရဲနှစ်ဖော်က စကားလမ်းကြောင်း တစ်ကြောင်းပြီး တစ်ကြောင်း ထွင်ပေးနေသည်။ သူက လိုအပ်သော နေရာသောက် သာ ယောက်ပြောလေး ဝင်ပြောပြီး အနီနှင့်အဖြူ (အရက်နှင့် စီးကရက်) ကို မျှမျှတတရှိအောင် အလဲအလှယ်လုပ်ပေးနေသည်။

သူပြောရမည့် အကြောင်းအရာ အလှည့်ဝင်လာတော့မှ ပညာခန်းပြ စကားဝင်ပြောခဲ့သည်။

'မောင်ရင်တို့ကို တွေ့တွေ့ချင်းပဲ ခင်ပါတယ်၊ မောင်ရင်တို့လို လူငယ်တွေ ဗွီဒီယိုလောကကို စိတ်ဝင်စားတာလဲ ဆန်းတာမှ မဟုတ်ဘဲ၊ ဒီနေ့ လူငယ်အများစုလက်ခံတဲ့ စတီရီယိုလောကကို မောင်ရင်တို့လို လူငယ်တွေပဲ လွှမ်းမိုးနေတာ မဟုတ်လား၊ ဗွီဒီယို လောကဟာလဲ တစ်နေ့ ဒီလိုဖြစ်လာရမှာပေါ့၊ မျက်နှာသစ်လူငယ် တွေအတွက် မျက်နှာဟောင်းလူကြီးတွေ နေရာဖယ်ပေးရမှာ



သဘာဝပဲလေ၊ တစ်ခုတော့ရှိတာပေါ့၊ ကိုယ်တို့သောကကိုး အရမ်းတိုးဝင်ဖို့တော့ မကြိုးစားနဲ့၊ ရှုပ်ထွေးတယ်၊ ကျားတွေများ တယ်၊ အဲဒီလိုကျားတွေနဲ့ တွေ့သွားမှာစိုးလို့ သတိပေးရတာပဲ၊ ဟိုနေ့က အချိန်မရလို့ မပြောလိုက်ရဘူး၊ ဖြစ်ရမယ်ဆိုတဲ့ ကတိ တွေ ဖောဖောသီသီပေးပြီး ပါသမျှ နွာချမယ်ဆိုတဲ့ ရေစိမ်ခံ အုပ်စုနဲ့ တွေ့သွားရင် မသက်သာဘူး၊ အဲ...တစ်ခုတော့ရှိတယ်၊ မောင်ရင်တို့ဖြစ်ချင်တာ ဖြစ်ရစေမယ်လို့ လွယ်လွယ်ကတိပေး တတ်တဲ့လူမျိုးစားထဲမှာ ကိုယ်မပါဘူးဆိုတာကို ရှင်းရှင်းသဘော ပေါက်ပြီး ကိုယ်နဲ့ဆက်ဆံတဲ့အခါ အဲဒီအခြေခံမှုနဲ့ ဆက်ဆံဖို့ တော့လိုမယ်'

အဲသည်လိုအပြောမျိုးနဲ့ ပိုးသမားနှစ်ယောက်ကို ဖမ်းစား လိုက်၏။ ပစ်လိုက်သော ပစ်ချက်မှာ တစ်ချက်ဆို တစ်ချက်ဆိုရ လောက်အောင် ထိထိမိမိကြီး အထိမှန်သွားသည်။

ပိုးသမားနှစ်ယောက်မှာ တွေ့စကသက်ပင် ပို၍ ယို့ကျိုး ဝပ်ဆင်းသွားသည်။ သူတို့၏ ဟန်ပန်အမူအရာက ပစ်မှတ်ကို တည့်တည့်ကြီး ထိသွားကြောင်း ပြသနေပြီဖြစ်သည့်အလျောက် ဒါရိုက်တာကြီးက ထိုနေရာမှာပင် အပြောရပ်၍ အသောက်ဘက် သို့ လှည့်လိုက်သည်။

၅ အပြောရပ်၍ အသောက်ဘက်သို့ လှည့်လိုက်သော ဆရာကြီး ဘယ်ဘက်လက်မှာ အနီ၊ ညာဘက်လက်မှာ အဖြူ။

လိမ်ဆင်တို့၏ သဘောမှာ ဤအိုပင် ရှိပါလေ၏။

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ ဆန့်တငင်ငင် ဖြစ်နေရှာသည်။ ရှေ့ဆက်မည့်စကားကို ငံ့ငံ့လင့်လင့် ရှိနေကြောင်း၊ သူတို့နှစ်ယောက်၏ မျက်နှာမှာ ပေါ်လွင်လျက် ရှိနေသော်လည်း ဒါရိုက်တာကြီးက သူတို့မျှော်လင့်နေသော စကားကို မဆက်ဘဲ စကားလမ်းကြောင်း ပြောင်းပေးလိုက်၏။

သူတို့နှစ်ယောက်မှာ ဆန့်တငံ့ငံ့ ဖြစ်သွားတော့၏။

သူတို့၏ ကိုယ်ရေးကိုယ်တာ အကြောင်းများကို ဟိုတစ်စ၊ သည်တစ်စမေးပြီး နာရီတကြည့်ကြည့်လုပ်နေသည်။ခုပဲ ထတော့မလို ဟန်ပြနေသောကြောင့် သူတို့နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်မိကြသည်။

ဒါရိုက်တာကြီး ရုတ်တရက် ထသွားသည့်တိုင်....

'နေပါဦး၊ ကျွန်တော်တို့ကိစ္စ....'

လို့ ဘယ်ပြောရဲမှာပ။

ဒါရိုက်တာကြီး၏ ညို့မှိုင်းမိသွားပြီ ဖြစ်သောကြောင့်။

'ဪ....နေဦး....နေဦး၊ မောင်ရင်တို့ကို အရေးကြီးတာ မေးရဦးမယ်၊ မောင်ရင်တို့ ရန်ကုန်လာကြတာကို မောင်ရင်တို့ မိဘတွေရော သိကြရဲ့လား'

'သိပါတယ် ခင်ဗျာ၊ကျွန်တော်တို့ မိဘတွေဆီမှာ ခွင့်တောင်းပြီးမှ လာကြတာပါ'

'လာရင်းအကြောင်းကိုရော ပြောခဲ့ကြရဲ့လား'



'အသေးစိတ်တော့ မပြောရသေးပါဘူး၊ အမေ့ကိုတော့ အသိပေးသတော ပြောခဲ့ပါတယ်၊ ဒီမှာ သေချာပြီးမှ ပြောရမှာပါ'

'လူကြီးတွေ မသိဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်တာတော့ ကိုယ်လက်မခံဘူးနော်၊ အရှုပ်အထွေးဆိုတာ စောစောက ရှင်းထားမှ တခြားလူတွေကတော့ ဒီလိုအမေးမျိုး ဘယ်တော့မှ မမေးဘူး၊ ဒါလောက်ဆို ကိုယ် ဘယ်လိုလူလဲဆိုတာ မောင်ရင်တို့ သိလောက်ရောပေါ့'

'ဟုတ်ကဲ့....သိပါတယ်၊ ဆရာကြီးကိုလဲ လေးစားပါတယ်၊ ကျွန်တော်တို့ကိုလဲ တပည့်အရင်းအချာလို သဘောထားပါ ခင်ဗျာ'

ချည်ပြီး တုပ်ပြီး ဖြစ်သွားပြီ၊ ရိုက်ချင်သလို ရိုက်ပေတော့။ မထိတထိလေးပဲ ရိုက်မလား၊ ခပ်ဆတ်ဆတ်ကလေးပဲ ရိုက်မလား၊ အရိုးရာတွေထင်အောင်ပဲ ရိုက်မလား၊ ရိုက်ပေတော့၊ အရိုက်ခံမည့်သူက ကျေကျေနပ်နပ် အရိုက်ခံဖို့ အဆင်သင့်ဖြစ်နေပါပြီ။

ဒါရိုက်တာကြီးကို လုံးဝဥဿုံ ယုံကြည်သွားပါပြီ။

'ကဲ....ကိုယ်သွားဖို့ကိစ္စရှိသေးတယ်၊ဒီနေ့အားပြီဆိုပြီး မောင်ရင်တို့ကို ချိန်းလိုက်တာ၊ ညနေကမှ အကူအညီလာတောင်းလို့ မတတ်သာတာနဲ့ ခေါင်းညိတ်လိုက်ရတယ်၊ သုံးလေးကွက် ပြန်ရိုက်ဖို့ ကူညီပါဦးဆိုလို့ ကူညီဖို့ သွားရဦးမယ်၊ မောင်ရင်တို့ကို အားနာတယ်ကွာ၊ ကိုယ်တို့ ထပ်တွေ့ကြမယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့အတွက် ကိစ္စမရှိပါဘူးဆရာကြီး၊ ကျွန်တော်တို့ အချိန်ရပါတယ်'

'ဒါဖြင့် ဒီလိုလုပ်၊ ဒီနေ့ ခုနစ်ရက်ဆိုတော့ ဆယ်ရက်နေ့ ထပ်တွေ့ကြတာပေါ့၊ ဘယ်မှာတွေ့မယ် ဆိုတာ အောင်ခိုင်အိုကို သာ ပြောလိုက်'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်တို့ ဒီမှာပဲ တွေ့ဖို့ စီစဉ်လိုက်ပါမယ် ခင်ဗျာ'

လက်ဝါးလေး ကာပြပြီး....

'မလုပ်နဲ့၊ ဒီမှာဆို မောင်ရင်တို့ အကုန်အကျ သိပ်များမယ်၊ မြို့ထဲ တစ်နေရာရာပဲ တွေ့ကြတာပေါ့၊ အောင်ခိုင် စီစဉ်ပါလိမ့်မယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး'

ပြောသမျှကို ဟုတ်ကဲ့...ဟုတ်ကဲ့ဖြင့် ခေါင်းညိတ်နေရပြီ။

လုပ်ပုံလုပ်နည်းက သင်းသင်းလေး။ ပါးပါးလှပ်လှပ် မထိတထိလေး ရိုက်ပေးလိုက်၏။ ပိုင်ကွက်နှင်းမိပြီး ကိုယ့်စည်းဝိုင်းထဲ ရောက်နေပြီဖြစ်သော သားကောင်ကို တစ်ချက်တည်း အသေရိုက်သတ်ရန်မလို။ နို့ ရှင်စ နွားလို သဘောယူရမည်။ လိုသည့်အချိန် ညှစ်ထုတ်ရုံသာ။

'ဪ...ကိုယ်မေ့နေတယ်၊ မောင်ရင်တို့ကို သတိပေးထားရဦးမယ်၊ ကိုယ်တို့နဲ့ ဆက်သွယ်မိတဲ့အကြောင်း အလုပ်မဖြစ်ခင် နှုတ်လုံဖို့ အရေးကြီးတယ်နော်၊ ဘာလို့လဲဆိုတော့ ကိုယ်တို့လော



ကမှာ ဖြတ်စား၊ ခုတ်စားသမားတွေများတယ်၊ ဘယ်သူနဲ့ တွေ့ခဲ့ပါတယ်ဆိုရင် အဲဒီလူအကြောင်း အပုပ်ချပြီး သူတို့ဘက်ကို ဆွဲထုတ်တတ်တယ်၊ ကိုယ်ပြောတာက မောင်ရင်တို့ကို ဘယ်သူနဲ့မတွေ့ပါနဲ့လို့ ပြောတာ မဟုတ်ဘူးနော်၊ ကိုယ်တို့နဲ့တွေ့တဲ့အကြောင်း မပြောဖို့သာ ပြောတာ၊ ကိုယ်ပြောတာ သဘောပေါက်တယ် နော်'

'ဟုတ်ကဲ့ပါခင်ဗျာ၊ ကျွန်တော်တို့ ဆရာကြီးကလွဲပြီး ဘယ်သူနဲ့မှ မဆက်သွယ်ပါဘူး'

ဒါက ဘေးဆီးရန်ကာကိစ္စ၊ အရေးကြီးသည်ကို အရေးကြီးသည့်ပုံစံလုပ်၍ ပြောလိုက်သည်။ မရှင်းမရှင်း ရှိခဲ့သော ကိုယ့် အကြောင်းကို သူတို့နားသို့ ရောက်သည့်တိုင်အောင် အကြောင်း မဟုတ်ခဲ့တော့။ သူတို့လည်း ရုတ်ဘရက် နားဝေတိမ်တောင် ဖြစ်တော့မည် မဟုတ်။ ဪ...ဒါကြောင့်ကိုးလို့ မှတ်ယူသွားလိမ့်မည်မှာ သေချာသည်။

လုပ်ပုံကတော့ 'သင်းမှသင်းပဲ'ဆိုတာ ဒါမျိုးပေါ့။

ငွေဘယ်လောက် ထုတ်နိုင်သလဲ။ အဲဒီငွေကို တစ်ခါတည်း ထုတ်နိုင်မလား။ ကဲ–ဒါဖြင့် ခု လုပ်ငန်းဆဖို့အတွက် မလုပ်မဖြစ်တာတွေ။ သည်လိုရှိဘယ် ကုန်ကျစရိတ် သည်လောက် ရှိလိမ့်မယ်၊ ကြိုတင်ငွေ သည်လောက်ပေးထားရမယ်ဆိုပြီး တွေ့တော့မှာင်း ဆောက်နဲ့ထွင်း ဆိုသလိုမျိုးကျတော့ တစ်ဖက်သားစိတ်ထဲမှာ ဇဝေဇဝါ စနိုးစနောင့် ဖြစ်သွားတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တွန့်သွားတတ်သည်။ ရှေ့တိုးရမည်ကို ဝန်လေးတတ်သည်။ အလုပ်မစခင် လန့်သွားတတ်သည်။ ဒါက အတန်းလိုက် အတန်းလိုက် လှီးသည့်နည်း။

ခုဟာက ပါးပါးလှီးမည့်နည်းကို သုံးမည့်ခြေလှမ်းအစ။ ယဉ်ယဉ်လေး လှမ်းလိုက်ခြင်းပါ။

ပထမ စားပွဲသောက်ပွဲကို တစ်ပွဲတည်းနှင့် အပြီး မသတ်ဘဲ ဆက်ရန်ရှိသေးသည်ကို ပညာသားပါပါဖြင့် ပညာပြလိုက်ခြင်း ဖြစ်၏။

ဒါရိုက်တာကြီး၏ တပည့်နှစ်ယောက်က ပုလင်း အရည်ကျန်နှင့် ပန်းကန်ပြားထဲမှ အဖတ်ကျန်များကို ပါလာသော ပလတ်စတစ်အိတ်များဖြင့် ထုပ်သိမ်းပြီး ရှင်းလင်းလိုက်ကြသည်။

စားသောက်ဖွယ်ရာများကို သိမ်းဆည်းရင်း ပြောလိုက်သည်က....

'အလကားထားခဲ့မယ့်အစား မရှိတဲ့လူတွေကို ပေးရကျေးရတာပေါ့'တဲ့။

ဒါ သူတို့လုပ်နေကျ ကျွမ်းကျင်ပြီးသားအလုပ်။

တကယ်ကတော့ စားတော်ဆက်ထဲမှာ ဟန်စား စားနေရသူ ဒါရိုက်တာကြီး အတွက်ပါ။

စာရှင်းရှင်းလိုက်တော့ ဣတစ်ထောင်ကျော်။

ဇော်ရဲမောင်တို့ ငှားလာသော ဖယ်မှလီယာပရိုက်ဗိတ် တိုင်စီနှင့် ပြန်လာကြသည်။ ဒါရိုက်တာကြီးက သူ၏အိမ်ကို မပို့ခိုင်း။ မြို့ထဲမှာပင် တပည့်နှစ်ယောက်နှင့် အတူ ဆင်းနေလိုက်သည်။



ဇော်ရဲမှောင်တို့နှစ်ယောက် တည်းခိုရာ အင်းလျားမြိုင်တိုက်သို့ ပြန်ရောက်ကြပြီးနောက် ယနေ့ တွေ့ဆုံပွဲ ဖြစ်စဉ် အခြေအနေတို့ ပြန်၍ ပြောဆိုဖြစ်ကြသည်။

သူတို့နှစ်ယောက် ဆွေးနွေးမှုအဆုံး ထွက်လာသောအဖြေမှာ ဒါရိုက်တာကြီးကို စိတ်ချယုံကြည်ရသူအဖြစ် လက်ခံ၍ လက်တွဲရန် ဆုံးဖြတ်လိုက်ကြ၏။

မှုဆိုးကကျား၊ သားလောင်က ယုန်သူငယ်။

ကွန်ပျူတာနှင့် အဖြေ ထုတ်စရာမလို။ အဖြေ ပေါက်ပြီးသား။

ယုန်သူငယ်တို့ အရိုးကျန်ရင် ကံကောင်းသည်ဟု ဆိုရမည်မှတစ်ပါး အခြားမရှိပါလေပြီ။

★

www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

‘ရုပ်ရှင်’ ဟူသော ဝေါဟာရ ဘယ်သို့ ဖြစ်ပေါ်လာပုံကို အတိအကျ မသိရသော်လည်း မူလဝေါဟာရ မဟုတ်သော နောက်တိုးဝေါဟာရ ဖြစ်ဖွယ် ရှိမည်မှာမူ သေချာသည်။ ‘ရုပ်သေ’ မှ ပြောင်းလဲလာသော ဝေါဟာရဖြစ်၏။

မြန်မာစကား အသုံးအနှုန်းတွင် ဓာတ်ပုံ ပေါ်ဦးစ ခေတ်ကာလတည်းက ဓာတ်ပုံဟု ခေါ်ခဲ့ရာမှ ထို ဓာတ်ပုံစကားလုံးကိုပင် ‘ရုပ်ပုံ’ ဟူ၍ တစ်မျိုးခေါ်ခဲ့ကြပြန်၏။ အရုပ် ထင်နေသည်ကို ရုပ်ပုံဟု ခေါ်သည်မှာ ပို၍လေးနက် အဓိပ္ပာယ်သက်ရောက်သည် ဟု ဆိုရပါမည်။



ထို ရုပ်သေ ရုပ်ပုံကို လှုပ်ရှားသော ရုပ်ပုံဖြစ်အောင် တီထွင်ခဲ့ကြပြန်ရာ အရုပ်များ လှုပ်ရှားလာသည်ကို မြင်ရပြီး အရုပ်တွေ အရှင်ဖြစ်လာသောကြောင့် ‘ရုပ်ရှင်’ ဟု ပြောင်းလဲခေါ်ခဲ့ကြပြန်၏။

ထို ရုပ်ရှင်စကားလုံးကို ‘ဘိုင်အိုစကုတ်’ ဟု တစ်မျိုးခေါ်ပြန်သေး၏။ ဘိုင်အိုစကုတ် ဟူသော စကားမှာ မြန်မာမှုပြုသော စကား မဟုတ်ဘဲ ပင်ရင်း အင်္ဂလိပ်စကားကို တိုက်ရိုက်အသံထွက်ဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းပင်ဖြစ်၏။

အထက် အညာရပ်မြေဒေသတွင်မူ ဓာတ်ရှင်ဟု တစ်မျိုးအခေါ်အဝေါ် ပြုကြပြန်၏။ လောကဓာတ်ပညာ နည်းဖြင့် အရုပ်တွေ ရှင်သန်လှုပ်ရှားလာသည်ကို အကြောင်းပြု၍ ဓာတ်ရှင်ဟု ခေါ်လေသလားမသိ။

ဘိုင်စကုတ်၊ ဓာတ်ရှင်၊ ရုပ်ရှင်ဟူ၍ မည်သို့ပင် ခေါ်ခေါ် ကမ္ဘာပေါ်၌ အကြီးမားဆုံး စီးပွားရေးလုပ်ငန်းကြီး တစ်ခုအဖြစ် ရပ်တည်လျက် ကမ္ဘာ့လူသားများ အပေါ်တွင် အလွယ်တကူ ဩဇာလွှမ်းမိုးမှု ရှိမြဲရှိနေ၏။

ကမ္ဘာကြီး တစ်ခုလုံးမှာ ဘာတွေပဲ ပြောင်းလဲနေပါစေ ဘယ်လိုပဲပြိုကွဲနေပါစေ။ မပြောင်းလဲ မပြိုကွဲသည်မှာ ရုပ်ရှင်ပင်ဖြစ်၏။ ဆက်လက်ရှင်သန်လျက် တိုးတက်တီထွင်မှုများသာ တစ်မျိုးပြီး တစ်မျိုး ပေါ်လာနေသည်မှာလည်း ရုပ်ရှင်ပင် ဖြစ်၏။

ဗိတ်ကားရုပ်ရှင်ကနေ မန်ကားရုပ်ရှင်။

www.burmeseclassic.com



အဖြူအမည်းကနေ ရောင်စုံ။

မှန်သားကလည်း ထိုနည်းလည်းကောင်း၊ အဖြူအမည်းနှင့် ရောင်စုံ။

အသေးအကြီး အရွယ်မျိုးစုံ၊ အိတ်ဆောင်အရွယ် တီဗွီက နေ ခုနှစ်ဆယ့်နှစ်လက်မ၊ ထိုထက်ကြီးသော အရွယ်များပင် တီထွင်နေကြပါလေပြီ။

နောက်ပိုင်းတွင်....

ရုပ်ရှင်ပိတ်ကားကြီး ကျယ်လာသလို တီဗွီ မှန်သားလည်း ပို၍ ပို၍ ကျယ်လာသည်။

တီဗွီနှင့် မရှေးမနှောင်းပေါ်လာသည်မှာ ဗွီဒီယို။

သူတို့ဆီမှာ တီဗွီ၊ ဗွီဒီယိုပေါ်နေသည်မှာ ကြာပြီ။ တီဗွီပေါ်ကတည်းက ရှိရင်းစွဲ ရုပ်ရှင်ကုမ္ပဏီကြီးတွေ၊ ဇာတ်ကား ထုတ်လုပ်သူတွေ မျက်ခုံးလှုပ်သွားခဲ့ကြရာမှ ဗွီဒီယို ပေါ်လာတော့ မျက်ခုံးလှုပ်ရုံသာ မဟုတ်တော့ဘဲ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်ကုန်ကြရသည်။

ဟောလီးဝုဒ်မှာ ဗွီဒီယိုလေျှင် လှုပ်သွား၏။

ပထမတော့ မလောက်လေးမလောက်စားဟု ထင်ကြသည်။ ရေရှည်မခံပါဘူး၊ ခဏပေါ့ဟုလည်း ဆိုကြသည်။ တီဗွီခေတ်ကိုပင် ကျော်လွှားနိုင်ခဲ့ပြီပဲဟာ ဗွီဒီယိုက ဘာမို့လဲဟု ပြောကြသည်။



ပေါ့သေးသေးတွက်ခဲ့သော ဗွီဒီယိုမှာ ပေါ့သေးသေးမဟုတ်တော့ဘဲ ရုပ်ရှင်ကားကြီးများကို ပခုံးချင်း ယှဉ်လာနိုင်ရုံမက အောင်မြင်မှု လမ်းကြောင်းကြီးပေါ်မှာ အောင်တံခွန်လွှင့်လာသောကြောင့် သူတို့ဆီက ရုပ်ရှင်ကုမ္ပဏီကြီးများမှာ မျက်နှာမလွှဲသာတော့ဘဲ ဗွီဒီယိုအခွေများ ထုတ်ခဲ့ရသည်။

ရုံတင်ဇာတ်ကားကြီးများ ထုတ်လုပ်မှုနှင့်အတူ အိမ်ကြည့် ဗွီဒီယိုအခွေများကိုပါ တွဲထုတ်၍ စီးပွားရေးဈေးကွက်သစ် ဖွင့်ရသည်။

အာရှတွင် အိန္ဒိယနှင့် ဟောင်ကောင်၏ ဗွီဒီယိုအခွေ ထုတ်လုပ်ဖြန့်ချိရေးမှာ အာရှဈေးကွက်မှ ကမ္ဘာ့ဈေးကွက်သို့ တိုးဝင်နိုင်သော အဆင့်သို့ ရောက်နေရုံမက အောင်မြင်မှု သရဖူကို ဆောင်းနိုင်သော အဆင့်သို့တိုင် ရောက်နေပါလေပြီ။

ရုပ်ရှင်ဇာတ်ကားကြီးများ ကြည့်ရန်အတွက် အချိန်ယူရသည်။ လက်မှတ်ပြဿနာရှိသည်။ ရုပ်ရှင်ရုံရှိရာသို့ သွားရလာရသည်။ လက်မှတ် ကြိုတင်ဝယ်ပြီးမှ မလွဲမရှောင်သာသော အကြောင်းကြောင်းများကြောင့် အခက်အခဲပြဿနာ ကြုံရပါသည်။

တီဗွီ၊ ဗွီဒီယိုကတော့ အဲသည်လို အခက်အခဲပြဿနာမျိုးတွေ မရှိ၊ ကိုယ့်အိမ်မှာ ကိုယ်ကြည့်ချင်သည့် အချိန် အဆင်သင့်ရှိ ခလုတ်နှိပ်လိုက်ရုံသာ။ ဘယ်နှစ်ခွေကြည့်မလဲ၊ ကြိုက်သလောက်ကြည့်၊ အရေးပေါ် အကြောင်းကိစ္စပေါ်လာလျှင် ရပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသော ကိစ္စဝိစ္စ ပြီးစီးအောင်လုပ်ပြီးမှ ပြန်ဆက်ကြည့်လို့လည်း ဖြစ်သည်။

ပိတ်ကား ရုပ်ရှင်လောက် မြင်ကွင်းမကျယ်သော်လည်း ဗွီဒီယိုက စုစုစည်းစည်း သိပ်သိပ်သည်းသည်းရှိ၍ မြင်ကွင်းနီးသည်။ ကြည့်ရသော ခံစားမှုမှာ တစ်မျိုးစီကောင်းသည်ဟု ဆိုရမည်ပါ။

လူတိုင်း၌ရှိသော မျက်လုံး အနေအထားမှာ အပြန့်မကျယ်၊ နှာခေါင်းတစ်ခု ခြား၍ အနီးကပ် အနေအထား ရှိနေရာ မျက်လုံးခွင် အနေအထားထက် ကျယ်ပြန့်သော အရာဝတ္ထုများကို ကြည့်ရသည့်အခါ မျက်လုံးအနေအထားကို ရွှေ့ပြောင်းပေးရ၏။ ပို၍ အာရုံ စူးစိုက်ရ၏။

တီဗွီနှင့် ဗွီဒီယို အကျယ်အဝန်း အနံ၊အလျားမှာ မျက်လုံး အနေအထားနှင့် အံဝင်ခွင်ကျရှိသောကြောင့် အာရုံ ပျံ့လွင့်မှု နည်းသလို စူးစိုက်စရာမလိုဘဲ ကြည့်၍ပိုကောင်းသော မြင်ကွင်း အနေအထားရှိသည်။

ပြီး ဗွီဒီယိုက တစ်ထိုင်တည်းမှာ အင်္ဂလိပ်အခွေကြည့်မလား၊ ကုလားအခွေ ကြည့်မလား၊ ဂျပန်အခွေ ကြည့်မလား၊ တရုတ်အခွေကြည့်မလား၊ မြန်မာအခွေ ကြည့်မလား၊ တစ်ဝတပြကြီး ကြည့်လို့ရသည်။

ရုပ်ရှင်ရုံမှာ လုံးဝမပြသော ကားမျိုး ကြည့်ချင်လျှင်လည်း ကြည့်လို့ရသေးသည်။

ရုပ်ရှင်ကား တစ်ကား ကြည့်ရန် လူတစ်ယောက် အတွက် အနည်းဆုံး ငွေတစ်ဆယ် ပါရမည်။ ပါးစပ် ငြိမ်ငြိမ်လေးဖြင့်



ကြည့်ပါမှ ငွေတစ်ဆယ်နှင့် လောက်မည်။ ပါးစပ် နည်းနည်းလှုပ်မည်ဆိုလျှင် နောက်ထပ် ငါးကျပ် အပို ဆောင်ရမည်။

အဖြူလေး ဘာလေး ခဲမည် ဆိုလျှင်တော့ စတော(လ်)၊ ဗီစီနား မကပ်နှင့် အောက်တန်းဘက်ကို လှည့်။ လက်မှတ်မရလို့ မှောင်ခိုက ဝယ်ရလျှင် ငွေတစ်ဆယ်နှင့် နံမစွတ်။

ရုပ်ရှင်လက်မှတ် မှောင်ခိုဆိုတာက ဘယ်တော့မှ မပျောက်။ ကမ္ဘာတည်သရွေ့ သူတို့ကလည်း ရှိနေလိမ့်မည်သာ။

ဗွီဒီယိုရုံးထိုးသော နေရာများတွင်မူ လက်မှတ်မှောင်ခိုလည်း မရှိ။ ငွေတစ်ဆယ်၊ ဆယ့်ငါးကျပ်လည်း ပါစရာမလို။ တစ်ကျပ်နှင့် အလုပ်ဖြစ်သည်။ နှစ်ကျပ်နှင့် အလုပ် ဖြစ်သည်။ တစ်ကားတည်း မဟုတ်၊ နှစ်ကားပေါင်းတောင် ကြည့်ရသေးသည်။ တီဗွီက ရုပ်ရှင်လာသော နေ့မျိုးတွင် ရုပ်ရှင်ကားရော ဗွီဒီယိုခွေပါ ကြည့်ရ၏။

အချိန်ယူရန်မလို၊ ကားဒုက္ခခံရန် မလို၊ အဝတ်အစားလဲရန် မလို၊ မုန့်ပဲ သွားရည်စာ စားဖို့မလို။ ကြည့်ခါနီးမှာ လုံချည်ကလေးခါ၊ အင်္ကျီကလေး ဆွဲဆန့်ပြီး ရုံးမှုရှိရာသို့ ထသွားလိုက်ရုံသာပါ။

အဲဒါထက် ကောင်းတာ၊ ဒါထက် သက်သာတာ ဘာရှိဦးမလဲ။ ဒါကြောင့်လည်း မြန်မာ ဗွီဒီယိုများ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ မြန်မာ ဗွီဒီယိုခွေများမှာ ကြည့်ရှုသူပရိသတ်အတွက် ဖျော်ဖြေမှု တန်းဝင်သွားပြီ ဖြစ်သလို အကျိုးအမြတ် ရှိသော စီးပွားရေးလုပ်ငန်းကြီး တစ်ရပ်အဖြစ်သို့ ရောက်ရှိနေပေပြီ။

ထုတ်လုပ်မှု အားကောင်းလာသလို ငွေပင်ငွေရင်း ရင်းနှီး မြှုပ်နှံမှုလည်း ကြီးထွားလာသည်။

လေးငါးသောင်းအရင်းနှီးမှ လေးငါးဆယ်သိန်းမက အရင်းအနှီး မြှုပ်နှံ၍ တစ်ပြိုင်နက်တည်း သုံးကားတွဲ၊ လေးကားတွဲ ရိုက်ကူးသော လုပ်ငန်းကြီးတစ်ရပ် ဖြစ်လာပြီ။ ပိတ်ကားရုပ်ရှင်ကို ကျော်လွှား ဖြတ်တက်တော့မည့် အနေအထားသို့ ရောက်နေပါလေပြီ။

• • •

ထိုသို့သော အဆင့်အနေအထားသို့ ရောက်ရှိရန် အစပျိုးခဲ့ရသော လမ်းကြောင်း၊ တီထွင်ခဲ့ရသော လမ်းအူကြောင်းမှာ ဖြောင့်ဖြူးချောမွေ့၍ လွယ်ကူသော လမ်းကြောင်း မဖြစ်ခဲ့။

မြန်မာ ဗွီဒီယို ခရီးအစမှာ မြန်မာ့ရုပ်ရှင် ခရီးအစကဲ့သို့ပင် အခက်အခဲပေါင်းစုံ ဝန်းရံလျက် ပြဿနာအထွေထွေ ပင်လယ်ဝေခဲ့၏။



'စ,သူ မစားရ၊ နောက်လူ စားရ'

ဆိုသကဲ့သို့ စတင်လုပ်ရှားခဲ့သူများ နံဘေးထိုင် ဘုံပြောသူ အဖြစ်သို့ ရောက်ရှိသွားကြပြီး နောက်မှ အပြေးအလွှား လိုက်လာသူများက တစ်ယောက်ပြီး တစ်ယောက် ပန်းဝင်နေကြ၏။

စတင်စဉ်က ခနော်ခနဲ့၊ ယိုင်တီးယိုင်တိုင်၊ ဖရိုဖရဲ၊ ဖွာလန်ကြဲဖြင့် စခဲ့ရသည်။ လမ်းလျှောက်တတ်ခါစ ကလေးဗမာသို့နှယ်မှ ခြေထောက်ခိုင်ခိုင်၊ ခြေလှမ်းမြဲမြဲ လျှောက်နိုင်သော ကလေးသို့နှယ် ဖြစ်လာပါပြီ။

ဗွီဒီယိုကင်မရာနှင့် အကျွမ်းတဝင် မရှိဘဲ ကက်တလောက်ကို ကြည့်ပြီး အခွေကို သည်လိုထည့်၊ သည်လိုချိန်၊ သည်ခလုတ်ကို နှိပ်ဖြင့် စခဲ့ရ၏။ မိသားစု အပျော်ရိုက် လက်တည့်စမ်းဖူးသူ အနည်းအပါး ရှိပေမယ့် ဟုတ်တိပတ်တိ ကျွမ်းဝင်မှု မရှိ။

ထိုသို့မှ ယနေ့အဆင့်သို့ ရောက်အောင် မှန်းဆ၊ ရမ်းကြိတ် ခလုတ်နှိပ်ဖြင့် စခဲ့ရ၏။

အဝေးအနီး၊ ချိန်သားမမှန်၊ အလင်းအမှောင်မမှန်၊ အရောင်ရောထွေးပုံ မမှန်သောကြောင့် ဖန်သားပြင်ပေါ် ထင်လာသော ရုပ်ပုံလွှာများမှာ မူလရုပ်သွင်မှ ဟုတ်ပါလေစဟူ ထင်မှတ်ရသည့် အပြင် စူးစူးရဲရဲ အဝါရောင်နှင့် အစိမ်းရင့်ရောင် လွှမ်းကဲနေသောကြောင့် နှင်း ထူထူပျစ်ပျစ် လိမ်းထားသော မီးနေသည့်နှယ် မှန်သားပြင်တစ်ခုလုံး ဝါထိန်နေသည်။ ရောင်စုံကားလား အမှန်တွက်ဘဲ တစ်ရောင်စာည်းခြယ် ဆိုသလို အဝါနှင့်အစိမ်းရောင်သာ ချွန်ထွက်နေသမို့ ဘာကြီးလဲလို့ ပြောရမည့်သို့ ရှိခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ မြန်မာ့ဗွီဒီယိုပရိသတ်က အပြစ်တော်မမြင်ဘဲ အချစ်တော်ဝင်ကာ အားပေးကြည့်ရှုခဲ့ကြ၏။

နိုင်ငံခြား ဗွီဒီယိုအခွေများ ငှားရမ်းကြည့်ရှုရာတွင် ဇာတ်လမ်းနှင့် စကားပြော နားမလည်သူက အများစုမို့ အရုပ်တွေ လှုပ်ရှားတာကိုပဲ အားပြု ကြည့်ကြရသည်။

အထိုးအကြိတ်၊ အကန်အကျောက်၊ အပစ်အခတ်၊ အသတ်အဖြတ်နှင့် တိုထိတိုစ ပါလာတတ်သော ပါခန်းကလေးများကို ကြည့်၍ တကယ်ချတဲ့၊ တကယ်မိုက်တဲ့ ကားပဲလို့ ပြောပြီး ...ဖြီးရသည်။ ဒါ့ကြောင့်လည်း ဇာတ်လမ်း ဇာတ်ကွက်သက် အရမ်းထိုး၊ အရမ်းကန်၊ အရမ်းပစ်သော အခွေများ ခေတ်စားခဲ့သည်။ အဲသည်အခွေမျိုး ရှိုးထိုးမှ လူဝင်သည်ဟု ဖြစ်လာသည်။

စကားများများပြောသည့် အင်္ဂလိပ် အခွေတွေထက် စကားသိပ်မပြောဘဲ များများဖိုက်သည့် ဟောင်ကောင်နန်းစဘော့(ပ်) အခွေများ ခေတ်စားပြီး ဝင်လာမစဲ တသဲသဲ ရှိခဲ့သည်။ ဟောင်ကောင် ဂျက်မ အခွေ ပြမည်ဆိုလျှင် ရှေ့တန်း နေရာရဖို့ စောစောကြိုကြရ၏။

၃

ဆွတ်ပျံ့ ကြည်နူး ရင်မောလှိုက်ဖိုရသော ဒရမ်မာအခွေများ၊ ရစ်နှင့်အောင် ခံစားရသော ဇာတ်လမ်းအသားပေး အခွေများ၊ ရယ်မောပြုံးရွှင်ရသော ဟာသအခွေများ အငှားရ ထိုင်းသည်။

မြန်မာ ဗွီဒီယို အခွေများကျတော့ လုံးစေ့ပတ်စေ့ နားလည်သည်။ ခံစားစရာကို လှိုက်လှိုက်ဖိုဖို ခံစားရသည်။ ခံပြင်း



စရာရှိ ခံပြင်း၊ စိတ်ဆိုးစရာရှိ စိတ်ဆိုး၊ ဒေါသဖြစ်စရာရှိ ဖြစ်၊ ရယ်မောစရာရှိ ရယ်မောဖြင့် စိတ်ကျေနပ်မှု ဖြစ်ရသည်။

မြန်မာ ဗွီဒီယိုခေတ်ဦး အစပိုင်းမှာ ဒါရိုက်တာ မရွေး၊ သရုပ်ဆောင် ဇာတ်ကောင် မရွေး၊ ထုတ်လုပ်သူ မရွေးသေးဘဲ ရိုက်သူတွေက အဖြစ် ရိုက်ကြသလို ကြည့်သူများကလည်း အဖြစ် ကြည့်ကြသည်။

အဲသည်ကာလက မုဆိုးသည် သားကောင်ကို မရှာရ။ သားကောင်များက မုဆိုး၏ကျော့ကွင်းထဲသို့ ပျော်ပျော်ပါးပါးကြီး တိုးဝင်လာကျသောကြောင့် အသာအယာ ဖမ်းလိုက်ရုံသာ။

အမဲဖျက်မည့် သူထံသို့ အမဲအဖျက်ခံရမည့်သူက လည်စင်းပေးလာသည်။ ငါးကြော်တွေသို့မှ မနိုက်ရင် ကြောင်မိုက်ကိန်းဆိုက်မည် ဖြစ်၏။

သူတို့နှစ်ယောက်နှင့် ဒုတိယအကြိမ် တွေ့ဆုံကြသည်မှာ ရန်ကုန်မြို့၏ ဆင်ခြေဖုံးရပ်ကွက်ကြီးတစ်ခုရှိ နာမည်ကြီး စားတော်ဆက်တွင် ဖြစ်၏။

ရန်ကုန်မြို့လယ်ခေါင်နှင့် မဝေးသော ကန်တော်ကြီး ဝန်းကျင် ဆိတ်ငြိမ်ရပ်ကွက်ရှိ ခြံကြီးတစ်ခြံထဲ၌ ဖွင့်ထားသော စားတော်ဆက်မှာ စျေးကြီးသည်ဟု သတင်းကျော်သော်လည်း ပေးရသည်နှင့် ထိုက်တန်အောင်ပင် စားသောက်ဖွယ်ရာ ကောင်းသအောင်း ကျော်ကြားသဖြင့် ငွေရှာကောင်းသူများ ခြေရောက်အပေါက် များကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဖုတ်၊ ကင်၊ ကြော်ချက် ကောင်းသတင်းနှင့်အတူ ယမကာ စစ်စစ်၊ သန့်သန့်ရသည်ဟု သတင်းကြီးသည်။ အများအားဖြင့် ယမကာစစ်စစ်၊ သန့်သန့်ထက် စုတ်ထုတ်ပြန်သွင်းရောရာ ယမကာ သောက်ကြရသည်။ သောက်သူများလေ ရောလို့ကောင်းလေပါ။

နှစ်ဆယ်စီစီ ဆေးထိုးပိုက်နှင့် စုတ်ထုတ်ပြီး ဆေးထိုးပိုက်နှင့်ပင် ပြန်သွင်းရောကြသည်။ ဒါက ပုလင်းလိုက် ထောင်နိုင်သူများ ခံရခြင်း။ ခွက်ခြင်ချသူများအတွက်တော့ စုတ်ထုတ်ပြန်သွင်း လုပ်စရာမလို၊ မသိမသာလေး လိုသလို ရောပေးလိုက်ရုံသာ။

နေရာထိုင်ခင်း ကောင်းသည်။ သန့်ပြန့်သည်။ လာရောက်စားသောက်သူများလည်း သန့်သည်။

တစ်ခွက်သောက်ပြီး တစ်ပုလင်းသောက်သလောက် မူး၍ ဆူဆူညံညံ လုပ်တတ်သူများ၊ ဗရုတ်သုတ်ခ သမားများ၊ ထိန်းသိမ်းရမည့်သိက္ခာ နားမလည်သူများ ထိုနေရာသို့ အရောက်အပေါက် နည်းသည်။ မျက်စိလည်လမ်းမှားပြီး ရောက်လာလျှင်လည်း အနာတရမဖြစ်ဘဲ ခံကြောမိပြီး လာလမ်းသို့ ပြန်ထွက်ရ၏။

အဲသည်လို သတင်းကြီးသောကြောင့်လည်း ဗရုတ်သုတ်ခသမားများ ထိုနေရာကို ရှောင်ကြသည်။ လက်ကိုင်မတောင့်သူများလည်း ထိုနေရာသို့ ရောက်မလာတတ်။ ဒါကြောင့် နေရာသန့်သည်။ လူလည်းသန့်သည်။



သားကောင် ဇော်ရဲမောင်တို့၏ မှုဆိုး ဒါရိုက်တာကြီးတောင်မှ သည်နေရာသို့ ဒုတိယအကြိမ် ရောက်ဖူးခြင်း ဖြစ်၏။ ဟိုတလောဆီက အသားအထွက်များမည့် အမဲတစ်ကောင်ကျော့ကွင်းထဲသို့ တိုးဝင်လာရာမှ အမဲဖျက်ကိန်းကြုံလို့ ရောက်ဖူးခြင်း ဖြစ်၏။

ဒါရိုက်တာကြီးလို့ အခေါ်အဝေါ်ပြုသည်မှာ တွဲဖော်နှစ်ယောက်က သူတို့အဖွဲ့သားကို ဂုဏ်တင်ပြောခြင်း ဖြစ်၏။ တကယ်တော့ ရုပ်ရှင်လောကမှ အသိပြုခံရသော ဒါရိုက်တာစာရင်း မဝင်။ သူသည် တစ်ချိန်သောအခါက နာမည်ကြီး ဒါရိုက်တာကြီးတစ်ယောက်၏ တောက်တိုမယ်ရ အခိုင်းခံနောက်တော်ပါ တပည့်တစ်ယောက်သာ ဖြစ်၏။

ကင်မရာလေး ဘာလေး ကိုင်ဖူး၊ ချိန်ဖူးသော အတွေ့အကြုံလောက်တော့ ရှိသည်။ ဆရာကြီးနှင့် ခြောက်နှစ်လောက် အနီးကပ် တွဲခဲ့ရသောကြောင့် အထိုက်အလျောက် အတွေ့အကြုံ ရှိသည်။ တကယ့်ပညာသည် အဆင့်အတန်းဝင်တစ်ယောက်တော့ မဟုတ်။

ဗွီဒီယိုခေတ် အစဦးကာလတွင် ဆူလှယ်နှပ်လှယ် အခွေနှစ်ခွေ ရိုက်ဖူးသည်။ ရိုက်လက်စအခွေလည်း ရှိသည်။

ရိုက်လက်စ နှစ်ခွေအနက် တစ်ခွေမှာ ဇော်ရဲမောင်တို့လို ငွေယားမိုက်ပြီး ပိုးထလာသူတစ်ယောက်က ကိုယ်တိုင် မင်းသားအဖြစ် ပါဝင်သရုပ်ဆောင်မည့် အခွေ၊ အခွေဘစ်ခွေရိုက်ပေးရန် တန်ထရိုက်စနစ်ဖြင့် လာအပ်သောအခွေ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကန့်ထရိုက်ပေး၍ ရိုက်ခိုင်းသောစနစ်မှာ ရုပ်ရှင်ကားကြီးများ ခေတ်တစ်ခေတ်လျှောက်လုံး ထိုစနစ်ကို မသုံးခဲ့။ အစဉ်အလာလည်း မရှိခဲ့။ ဗွီဒီယိုခေတ်ကျမှ ပေါ်လာခြင်း ဖြစ်၏။ ပေါ်လာရသည်မှာလည်း ရုပ်ရှင်နှင့် ဗွီဒီယိုအကြောင်းကို ဘာမှနားမလည်သော ငွေယားပိုင်ရှင်တို့နှင့် အပြတ်ရိုက်ဖို့ နည်းသစ်တီထွင်ရာမှ ကန်ထရိုက် ပေးရိုက်ခိုင်းသောစနစ် ပေါ်လာခြင်းဖြစ်၏။

လက်တင်ရိုက်ဆိုတာက ဇာတ်ကားထုတ်လုပ်သူ၊ ပရိုဂျူဆာက ငွေရေး ကြေးရေးကိစ္စကို အားလုံးတာဝန်ယူ၍ ငွေရေးကြေးရေးကို ကိုယ်တိုင်ကိုင်တွယ်ပြီး ဒါရိုက်တာအတွက် ဥာဏ်ပူဇော်ခ (ဝါ) ဒါရိုက်တာကြေး ပေးပြီးရိုက်သော စနစ်ဖြစ်၏။ ဒါရိုက်တာအတွက် ဥာဏ်ပူဇော်ခပဲ ရမည်။

မင်းသား၊ မင်းသမီး၊ ဇာတ်ရုံ၊ စက်အဖွဲ့၊ အကျွေးအမွေး၊ ဘာညာ၊ ဘာညာ အားလုံး၏ ငွေရေး ကြေးရေးကိစ္စမှာ ဒါရိုက်တာနှင့် မဆိုင်၊ ပရိုဂျူဆာနှင့်သာ ဆိုင်သည်။

ဗွီဒီယိုခေတ် ကန့်ထရိုက်ပေး စနစ်မှာမူ မင်းသား၊ မင်းသမီး၊ ဇာတ်ရုံ၊ မီးသမားအပါဝင် ကင်မရာအဖွဲ့ကို ဒါရိုက်တာက ငှားမည်၊ ရှူတင်စရိတ် အပါအဝင် ကုန်ကျစရိတ်များကိုပါ ဒါရိုက်တာက တာဝန်ယူမည်၊ ရိုက်ပြီးအခွေ လက်ရောက်အပ်၊ ဘယ်ရွေ့ဘယ်မျှဟု နှုန်းထားသတ်မှတ်ပြီး ဒါရိုက်တာက သတ်မှတ်နှုန်းကို တစ်လုံးတစ်ခဲတည်း လက်ခရောက်ရယူ၍ ရိုက်ပေးသောစနစ် ဖြစ်၏။



ကန့်ထရိုက်စနစ်ဖြင့် ရိုက်နေသော အခွေတစ်ခွေမှာ မပြီးပြတ်သေး၊ ငွေလေးသောင်း စိုက်ထားပြီးပြီ၊ ဒါက အတုံးလိုက်အတစ်လိုက် ခုတ်ထစ်နည်း။

အဲသည်လို အတုံးလိုက်အတစ်လိုက် မခုတ်ထစ်မီ ပါးပါးတစ်မျိုး၊ ထူထူတစ်မျိုး လှီးလိုက်သောငွေမှာ တစ်သောင်းနီးပါးရှိသည်။ သူတို့နည်းက ပထမ ပါးပါးရိတ်ရိတ် လှီးမည်။ ဒုတိယ အတုံးလိုက်အတစ်လိုက် ခုတ်ထစ်မည်။ တတိယ ပါးပါးထပ်လှီးမည်။

ခု...ဇော်ရဲမောင်တို့ကို ပါးပါးလှလှ လှီးနည်းဖြင့် ကျော့ကွင်းထောင်လိုက်ရာ၊ ဇော်ရဲမောင်တို့မှာ ကျေကျေနပ်နပ်ကြီး အလှီးခံဖို့ အဆင်သင့် ဖြစ်နေကြပါလေပြီ။

စားစရာ၊ သောက်စရာများမှာ တစ်ဝိုင်းစာ ပြည့်လုနီးပါး၊ ချီးယား လုပ်လိုက် စားလိုက်၊ သောက်လိုက်ဖြင့် အလုပ်ကိစ္စပေါ်သေးသော အာလာပသလ္လာပစကားများ အပြန်အလှန်ပြောကြ ဆိုကြရင်းဖြင့် ရင်းနှီးပေါင်းကူးနေကြ၏။

ဒါရိုက်တာကြီးမှာ ပထမပွဲတုန်းကလို အိုက်ထင်ခံပြီး မလျှိုသော၊ အပြုံစုံ ဆရာကြီးအဖြစ် ရေရေလည်လည် တွယ်နေပြီ၊ တွယ်သလောက်လည်း အာဝဇ္ဇန်းရွှင်နေသည်။ ဇော်ရဲမောင်တို့နှမ်ယောက် ရှိုးတိုး၊ ရှန့်တန့် မဝံ့မရဲဖြစ်ခနေသည်ကို စံ့ရဲလာအောင် ဆရာကြီးက သူ၏ အာဝဇ္ဇန်းဖြင့် တွဲခေါ်ပေးနေသည်။

ဇော်ရဲမောင်တို့ မသိမမီလိုက်သော ရုပ်ရှင်ခေတ်ကအကြောင်းကို စိတ်ဝင်စားဖွယ်ရာ အဖြည့်အစွက်ပေါင်းစုံ ထည့်စွက်၍ သောက်လိုက် ပြောလိုက်၊ စားလိုက် ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်ကို သူတို့နှစ်ယောက်မှာ မျက်တောင်မခတ်မိအောင်ဟု ဆိုရမည်သော စိတ်ဝင်စားခြင်းမျိုးဖြင့် နားစိုက်နေကြရသလို ကိုင်ထားသော ဖန်ခွက်ကို ပါးစပ်နားသို့ မစို့မိအောင်ပင် စိတ်ဝင်တစား ရှိနေကြ၏။

ပြောနေသော အကြောင်းအရာမှာ အနုပညာမြောက်သော ရုပ်ရှင်ကားတစ်ကား ဖန်တီးမှုအကြောင်း မဟုတ်ဘဲ၊ ရိုက်ကွင်းနောက်ကွယ်မှ စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်များအကြောင်းဖြစ်၏။

ကမ္ဘာ့ ရုပ်ရှင်လောကကြီးတစ်ခုလုံး၏ ကန့်လန့်ကာနောက်ကွယ်မှ ဇာတ်လမ်းတိုများမှာ စိတ်ဝင်စားစရာတွေပြည့်လျှံနေသလို မြန်မာရုပ်ရှင်လောကသားတို့၏ သိုသိုသိပ်သိပ်အဖြစ်အပျက်များမှာလည်း စိတ်ဝင်စားစရာတွေချည်းဟု ဆိုရမည်သို့ ရှိခဲ့၏။

သွေးသားကိစ္စနှင့် လူမှုရေးစောင့်ထိန်းမှုကို အလေးမထားသော အနောက်နိုင်ငံ ရုပ်ရှင်လောကကို ထားဘိဦးတော့၊ လူမှုရေးစောင့်ထိန်းမှုနှင့် ယဉ်ကျေးမှုအစဉ်အလာ ကြီးမားသော အိန္ဒိယ ရုပ်ရှင်လောကမှာပင် အပုပ်နံ့များ လှိုင်ပျံ့နေသည်။ -

မြန်မာ့ရုပ်ရှင်လောက၏ အပုပ်နံ့လှိုင်းထမှုမှာ သူတို့ဆီကလောက် မပြင်းထန်၊ သို့စေကာမူ ရှိနေသည်၊ မြင်နေသည်။ စိတ်ဝင်စားဖွယ်ရာ၊ တိတ်တခိုးဇာတ်လမ်းတွေ တစ်ပုံတစ်ပင်ကြီး ရှိနေသည်။



တကယ်တော့ ထိုထို...ဤဤ စိတ်ဝင်စားဖွယ်ရာ ဇာတ်လမ်းတိုကလေးများ ရှိနေသည်ကို ဆန်းသည်ဟု မဆိုသာပါ။ အလုပ်သဘော သဘာဝက မလွန်ဆန်သာသလို၊ ရင်းနှီးမှုလွန်ကဲသော ဆက်ဆံပေါင်းသင်းမှု၊ အချက်သေစာတွဲစပ်ခြင်းနှင့် သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ် သဘာဝအရ အထိအတွေ့များကို မရှောင်သာသည်မှ မဖြစ်သင့်သည်များ ဖြစ်ကြရသည်။

စားတော်ဆက်ရောက် ဒါရိုက်တာကြီးက ဟုတ်တာတွေရော၊ မဟုတ်တာတွေရော၊ လူငယ်ကြိုက် အညှီအဟောက်တွေပါ ပေါလအောဖြင့် သဘာပြနေရာ သူတို့နှစ်ယောက်မှာ လူငယ်တွေပီပီ သဲထိတ်ရင်ဖို ဖြစ်နေကြရ၏။ သူတို့နှစ်ယောက်မှာ လာရင်းကိစ္စကိုပင် မေ့နေသယောင် ရှိနေကြပြီး ဆရာကြီး၏ လေကြောနောက်သို့ မျောပါနေကြ၏။

အထာသဘောကို နောကြေနေသူ ဆရာကြီးက သူတို့နှစ်ယောက်ကို ဆန္ဒတငံ့ငံ့ ဖြစ်သွားအောင် လုပ်လိုက်၏။ ပြောလက်စ အကြောင်းအရာကို ရုတ်တရက်ရပ်ပြီး စကားလမ်းကြောင်း ပြောင်းလိုက်၏။

'ကဲ....ကဲ၊ ကိုယ်တို့ကိစ္စ စကြရအောင်၊ မောင်ရင်တို့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါဦး'

ရုတ်တရက် စကားလမ်းကြောင်း ပြောင်းပြီး အမေးပါ‌လာသော ဆိုလာသောကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားကြ‌၏။

'ကျွန်တော်တို့ နှစ်ယောက်စလုံး ကတော့...

www.burmeseclassic.com

www.burmeseclassic.com



သို့မှဖြင့် ဆက်ရမည့် စကားကိုချပ်၍ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြသည်။

သူတို့၏မျက်နှာမှာ မချွံမရဲဟန် ပေါ်နေသည်၊

သူတို့ရပ်ထားသော စကားကို ဒါရိုက်တာကြီးက ဆက်ပေးလိုက်သည်။

'ကိုယ်နားလည်ပါတယ်၊ မောင်ရင်တို့ နှစ်ယောက်စလုံးက မင်းသား လုပ်ချင်တာ မဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ်ခင်ဗျာ'

'ဒါဖြင့် ပထမဆုံး အရေးကြီးတဲ့ မေးခွန်းကို မေးမယ်၊ အခုတစ်ခွေ ဖြန့်ချိရေးအဆင့် ရောက်ဖို့အထိ ငွေငါးသောင်းလောက် အရင်းအနှီး စိုက်ရလိမ့်မယ်၊ ငါးသောင်းထက် နည်းရင်တော့ တန်းဝင်ကား မဖြစ်နိုင်ဘူး၊ အဲဒါအတွက် မောင်ရင်တို့ တတ်နိုင်မလား'

'ကျွန်တော်တို့ ဖြစ်အောင် ကြိုးစားပါ့မယ် ဆရာကြီး'

'ဖြစ်အောင် ကြိုးစားပါ့မယ် ဆိုရင်တော့ ရှေ့ဆက်သုပ်ရမှာတွေကို ဘာမှ မပြောသေးဘဲ ဒီနေရာမှာပဲ ရပ်ထားလိုက်ဦး၊ ဖြစ်နိုင်မယ်ဆိုတော့မှ တစ်ခေါက်ထပ်လာ၊ ကိုယ်ပြောတာ သဘောပေါက်တယ်နော်၊ အလီလီရှာပြီး လုပ်ရတာမျိုးတော့ ကိုယ်မလုပ်ဘူး၊ နှစ်ဦးနှစ်ဖက် အကျိုးမရှိတဲ့ကိစ္စမျိုးပဲ ဖြစ်သိမ့်မယ်၊ ကိုယ်ပြောတာက မောင်ရင်တို့ကို အထင်သေးလို့ပြောတာ မဟုတ်ဘူး'



ဒါရိုက်တာကြီးက ပြောပြောဆိုဆို ထဟန်ပြင်လိုက်သဖြင့် သူတို့နှစ်ယောက်စလုံး မျက်ကလဲဆန်ပျာ ဖြစ်သွားကြ၏။

'ကျွန်တော်ပြောတာ ဒီလိုသဘော မဟုတ်ပါဘူးဆရာကြီး၊ ဆရာကြီးပြောသလို ကျွန်တော်တို့ တတ်နိုင်ပါတယ်၊ ကျွန်တော်တို့ ပြန်သွားပြီး ပြန်လာရင် ငွေတစ်ပါတည်း ပါလာမှာပါ'

'ကိုယ်ကလဲ ခုရှုပ်မှနောင်ရှင်း ပွင့်ပွင့်လင်းလင်း ပြောရတာ'

တတ်နိုင်သလောက် ယူလာပြီး စကြတာပေါ့လို့ ပြောလိုက်ရင် အထင်သေးသွားမည်။ သံသယစိတ် ဝင်သွားမည်၊ ဟန်ကိုယ့်ဖို့ သဘောမှူ၍ သည်သို့ စကားပစ်လိုက်ခြင်း ဖြစ်၏။ သူတို့ ဘယ်လို တုံ့ပြန်လာမည်ကို စမ်းသပ်လိုက်ခြင်း ဖြစ်၏။ မီးစင်ကြည့်ကမည့် အထာကိုမူ အပိုင်ကိုင်ထားပြီးသားပါ။

အကယ်၍ သားကောင်က ပစ်ကွင်းထဲသို့ ဝင်မလာဘဲ၊ ချိန်မှတ်မှ ချော်ထွက်သွားလျှင် ချိန်မှတ်ပြောင်း၍ ပစ်မည်သာဖြစ်၏။

ဆိုပါတော့၊ ဇော်ရဲမောင်တို့ကသာ ခေါ်စျေးနောက်သို့ မလိုက်နိုင်ပါဘူး ဆိုငြားအံ့၊ ပေးစျေးကို လက်လွှတ်ခံမည် မဟုတ်ပါ။ ဖန်တီးမှုလှည့်ကွက်များ ရှိပြီးသား။ နှစ်သောင်းပဲ တတ်နိုင်ပါသည်။ သုံးသောင်းပဲ တတ်နိုင်ပါသည်ဆိုလျှင် ထိုစျေးနှင့် ဖြစ်အောင် မည်သို့မည်ပုံ လုပ်ရမည်ကို လမ်းခင်းပေးလိမ့်မည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သိန်းဂဏန်း ခေါ်ဈေးကိုမူ သူတို့က လက်ရှောင်ထားကြသည်။ 'သိန်း' ဆိုသည်နှင့် နောက်တွန့် သွားမည်မှာ သေချာသောကြောင့်ပါ။

ခု...ပထမ ပစ်မှတ်အတိုင်း တည့်တည့်ကြီး ထိသွားပြီမို့ ဒုတိယပစ်မှတ်အတွက် ပြင်ဆင်လိုက်သည်။

'ကိုယ်က တခြားလူတွေနဲ့ မတူဘူးဆိုတာ ပြောခဲ့ပြီးပြီနော်၊ ကိုယ်တို့လောကသားတွေက မဖြစ်စကား ပြောလေ့ မရှိဘူး၊ အဖြစ်စကားတွေချည်း ပြောပြီး၊ မောင်ရင်တို့လို မနူးမနပ်ကလေးတွေကို အရေခွံပါ ခွာလိုက်လိမ့်မယ်၊ ကိုယ်ကတော့ ဒီလူအုပ်စုထဲမှာ မပါဘူး၊ ပြောပြတ်ပြတ်၊ လုပ်ပြတ်ပြတ်သမားပဲ'

ကိုယ့်ကိုယ်ကို သိဒ္ဓိတင်၍ ဒုတိယ ပစ်မှတ်အတွက် လမ်းကြောင်းခင်းပြီးစေရန် တစ်ချက်ခုတ် နှစ်ချက်ပြတ် နည်းဖြင့် အာထာပေးလိုက်ခြင်း ဖြစ်၏။

'မောင်ရင်တို့က ဖြစ်ချင်တဲ့သူတွေ၊ ကိုယ်က ဖြစ်ရမယ်လို့ လွယ်လွယ်ပြောလိုက်ရင် မောင်ရင်တို့ သဘောကျသွားမှာပေါ့၊ စကားပို့ရှိင်းရှိင်းနဲ့ ပြောရရင် ခွေးနှာခေါင်းနဲ့ ချေးနံ့ တွေ့သွားသလိုလို့ ဆိုရမယ်မျိုးပေါ့၊ ကိုယ်ပြောတာ ဟုတ်တယ်မဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး'

ဗေဒင်အကျော်၊ ကဝိအမော်များ၏ လက်သုံးစကား တစ်ရပ်ရှိသည်။



'ပစ်ပါများရင် ထိ'

ဗေဒင်လာမေးသူထံသို့ ဟောချက်များ တစ်လုံးပြီးတစ်လုံး၊ တစ်မျိုးပြီးတစ်မျိုး တရစပ် ပစ်လွှတ်နေရမည်၊ ကိုယ့်ဟောချက်နှင့် ပတ်သက်၍ ဗေဒင်လာမေးသူက သဘောတွေ့-မတွေ့၊ လက်ခံသည်-မခံသည်ကို အကဲခတ်နေစရာ မလို။

များများပစ်လေ၊ အထိများလေ။

ဆိုသည်ကို သဘောမူ၍ ဟောခလုံးများ တစ်လုံးပြီးတစ်လုံး သာပစ်၊ တစ်ချက်မထိ တစ်ချက် ထိလိမ့်မည်။

အဲသည်အခါ ကိုယ့်ဘက်ကပိုင်ပြီ၊ မေးပေတော့။

'ဟုတ်တယ် မဟုတ်လား၊ ဖြစ်တယ်မဟုတ်လား၊ ဒီအတိုင်းပဲ မဟုတ်လား'

တုံ့ပြန်လာမည့် အဖြေမှာ

'ဟုတ်ပါတယ် ခင်ဗျာ၊ ဖြစ်ပါတယ်ခင်ဗျာ၊ ဒီအတိုင်းပါပဲ ခင်ဗျာ'

ဟူ၍ မှတစ်ပါး အခြားမရှိရာ။

အဲသည်တော့မှ နောက်ဆက်တွဲ ယတြာကိစ္စ၊ ဓာတ်ဆင်ဓာတ်ချိုက် ကိစ္စ၊ ဖယောင်းတိုင် ထွန်းညှိဖို့ကိစ္စ၊ အဆောင်ကိစ္စ၊ တစ်မျိုးပြီးတစ်မျိုး ရိုက်ပြီးယူပေတော့၊ ချည်ပြီးတုပ်ပြီးကို တစ်ချက်ချင်းပဲ ရိုက်ရိုက်၊ နှစ်ချက်-သုံးချက်ပဲ ဆင့်ရိုက်ရိုက်၊ အရိုက်ခံရသူက ကျေကျေနပ်နပ်ကြီး အရိုက်ခံလိမ့်မည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပါမျှားရင် တစ်ချက်မဟုတ် တစ်ချက် ပိုင်ပိုင်နိုင်နိုင်ကြီး ထိသွားလိမ့်မည်မှာ ဧကန်မလွဲပါ။

ခုလည်း ဒါရိုက်တာ ခုဆိုးကြီးက ခလုတ်ကို တစ်ချက်ပြီး တစ်ချက် ဆွဲနေသည်။ သားကောင် တွေကလည်း တွန့်လိမ် ကောက်ကွေးနေသည်။

'အနုပညာ ဖန်တီးမှုမှာ ဖြစ်တယ်ဆိုတာကို လွယ်လွယ်ပြောလို့ မဖြစ်ဘူးကွ၊ အထူးသဖြင့် ရုပ်ရှင်မှာပိုပြီး မဖြစ်ဘူးကွ၊ ဆိုပါတော့ကွာ မျက်နှာကလေးက ယဉ်ချောလေးချော၊ ကိုယ်လုံးကိုယ်ပေါက်ကလေးက အချိုးအဆစ် ပြေပြေပြစ်ပြစ်ကလေး လှနေတဲ့ ကောင်မလေး တစ်ယောက်က ကျွန်မ အကသိပ်ဝါသနာပါပါတယ်၊ ငယ်ငယ်ကတည်းက ကျောင်းကပွဲတွေမှာ ကခဲ့ပါတယ်၊ ကျွန်မအငြိမ့်မင်းသမီး ဖြစ်ချင်ပါတယ်လို့ ဆိုလာရင်၊ မျက်နှာလေး ချောတာ ယဉ်တာ၊ ကိုယ်လုံး ကိုယ်ပေါက်ကလေး လှတာကိုကြည့်ပြီး ဖြစ်ပါတယ်လို့ ပြောလို့ဘယ်ရမလဲ၊ ကိုယ်၊ ခါး ခြေ၊ လက် လှုပ်ရှားတာ ပြေပြစ်ရဲ့လား၊ လက်ချိုး၊ ခြေထိုး၊ ခါးနွဲ့၊ မေးဆတ် အချိုးအဆစ် ပြေပြစ်ရဲ့လား၊ မျက်လုံး အရွေ့အပြောင်း၊ မခို့တရို့အပြုံးနဲ့ ခံရတတ်ရဲ့လား၊ ပလီမလာ အပြောနဲ့ ညုတတ်ရဲ့လား၊ မျက်နှာမေး မျက်နှာခံ ကောင်းရဲ့လား၊ ဒါတွေကို လက်တွေ့ စမ်းသပ်ကြည့်ပြီးမှ မင်းသမီးကောင်း တစ်လက် ဖြစ်နိုင် မဖြစ်နိုင် အဆုံးအဖြတ် ပေးလို့ရမှာပေါ့၊ အေး....ရုပ်ရှင်မှာလဲ ဒီအတိုင်းပဲကွ'

ဆရာကြီးက အပြောရပ်၍ အသောက်အစားဘက်သို့ လှည့်လိုက်ပြန်၏။



ပြောလက်စ စကားက ရုပ်ရှင်အကြောင်းရောက်ပြီ။ သူတို့နှင့် ဆိုင်လာပြီ။ ပို၍ စူးစူးစိုက်စိုက် နားထောင်ရမည့် အခြေသို့ ရောက်ခါမှ စကားဖြတ်လိုက်သည်မို့ ခိုးလိုးခုလု ဖြစ်သွားရပြန်သည်။

ဆရာကြီးက တော်တော်နှင့်စကားမဆက်။ စိမ်ပြေနပြေ ဆွဲနေသည်။

ဒါက အထာရဲ့ သဘော။ လူပေါ်လူဇော် ဆရာကြီး ဒေးကာနက်ဂျီရဲ့ လမ်းညွှန်ချက်ထဲက အချက် တစ်ချက်ကို အသုံးပြုလိုက်ခြင်း ဖြစ်၏။

'မိမိပြောနေသော အကြောင်းအရာကို နားထောင်နေသူက စိတ်ဝင်စားမှု ပြသလျှင် ထိုအကြောင်းအရာကို တစ်ဆက်တည်း မပြောပါနှင့်၊ ပို၍ စိတ်ဝင်စားစရာ အကြောင်းအရာသို့ ရောက်ပြီဆိုလျှင် ပြောလက်စ စကားကို ရပ်လိုက်ပါ၊ ကိုယ်ပြောနေသော အကြောင်းအရာ၏ တန်ဖိုး မြင့်တက်သွားလိမ့်မည်'

ဒါရိုက်တာကြီးကတော့ ဒေးကာနက်ဂျီစာအုပ် ဖတ်ဖူးလိမ့်မည် မထင်ပါ။ သူက သူ့အထာနှင့်သူ လုပ်နေခြင်း ဖြစ်ပါလိမ့်မည်။

ဆယ့်ငါးမိနစ်လောက်ကြာမှ ပြောလက်စ စကားကို ပြန်ဆက်သည်။

'ဒုတိယ အရေးကြီးတာက ဘာလဲဆိုတော့ လက်တွေ့ စမ်းသပ်ရမယ့်ကိစ္စပဲ၊ မောင်ရင်တို့ရဲ့ မိတ်ကပ်မတင်ရသေးတဲ့ မျက်

www.burmeseclassic.com

www.burmeseclassic.com



နှာနဲ့၊ မိတ်ကပ် အင်ပြီးသားမျက်နှာက ဘယ်လို အနေအထားရှိတယ်၊ ရိုးရိုး စကားပြောလို့ထွက်လာတဲ့အသံနဲ့ အသံဖမ်းစက်က ထွက်လာတဲ့ အသံက ဘယ်လိုခြားနားမှုရှိတယ်၊ တစ်ကိုယ်ရေ သရုပ်ဆောင်မှုနဲ့ မင်းသမီးနဲ့တွဲပြီး သရုပ်ဆောင်မှု ဘယ်လိုရှိတယ်၊ ရိုးရိုးလှုပ်ရှားတာနဲ့ ကင်မရာရှေ့မှာ လှုပ်ရှားတာ ဘယ် အခြေအနေမျိုးရှိတယ်၊ အက်ရှင်ကိစ္စ ဘာညာတွေပေါ့ကွာ၊ အဲဒါတွေကို ကိုယ်က လက်တွေ့စမ်းသပ်ချင်တယ်၊ တခြား ဒါရိုက်တာတွေကတော့ ဒီလောက်အထိ မလုပ်ကြပါဘူး၊ ကိုယ်ကတော့ အဲဒီလိုလုပ်ရမှ ကျေနပ်တယ်၊ မောင်ရင်တို့ ဘယ်လိုကားမျိုးရိုက်ရင် ကောင်းမယ်ဆိုတဲ့ အဆုံးအဖြတ် ပေးနိုင်မယ်၊ အဲဒီအတွက်တော့ ကုန်ကျစရိတ်ရှိလိမ့်မယ်၊ မောင်ရင်တို့ ဆန္ဒကရော'

'ကျွန်တော်တို့ကတော့ ဘာမှ မပြောတတ်ပါဘူး၊ ဆရာကြီး သဘောအတိုင်းပါပဲ'

'ကိုယ်ပြောတဲ့ အစမ်းခွေ ရိုက်ကြည့်ဖို့က ငွေ ငါးသောင်းလောက် ကုန်မယ်၊ ဒါကြောင့် မောင်ရင်တို့ဆန္ဒကို မေးရတာ၊ ကိုယ်က ကိုယ့်စိတ်ကြိုက် ပြောရတာ၊ ငွေရေးကြေးရေးပိုင်းကတော့ မောင်ရင်တို့နဲ့ဆိုင်တယ်'

'ဟာ...ဆရာကြီးကလဲ၊ ကျွန်တော်တို့အတွက် ပိုကောင်းဖို့ လုပ်ရတာပဲဟာ၊ ငွေ ငါးသောင်းက အကြောင်းမဟုတ်ပါဘူး၊ ကျွန်တော်တို့အပြန် အစမ်းခွေလေး ပါသွားရင် ကျွန်တော်တို့အတွက် ပိုတောင် အဆင်ပြေမှာပါ'



မုဆိုးကလည်း မုဆိုးတွက်ကိန်း။ သားကောင်ကလည်း သားကောင်တွက်ကိန်း။ နှစ်ဖက်စလုံးကတော့ တွက်ရေး- စက်သူဌေးပဲ။ တကယ် စက်သူဌေး ဖြစ်ကိန်းကြုံမှာက မုဆိုး။

အစမ်းခွေ ရိုက်မည်လို့ ပြောကတည်းက ဇော်ရဲမောင်တို့ ရင်ထဲမှာ ကုလားဘုရား လှည့်နေပြီ။ ဖိုးကျိုင်းတုတ်ဖြစ်နေပြီ။ ငွေ ငါးသောင်း ဆိုတာက သူတို့အတွက် အပျော့။ ခု ရန်ကုန်ကို ဆင်းလာရာမှာ တစ်ယောက် တစ်သောင်းစီ ပါလာသည်။ အကြောင်းလားလို့။

ဖိုးထနေသူကို ဖိုးကြွဆေး ကျွေးလိုက်ပြီပဲဟာ။ ဒိုးဒိုးဒန့်ဒန့် ဆတ်ဆတ်လူးလူး ဖြစ်သွားပြီပေါ့။

လူငယ်ဘဝက ဖြစ်ချင်တာကို သိသော်လည်း ဖြစ်လာမည်ကို စဉ်းစားရိုး အလေ့အထမရှိ။ လုပ်ချင်တာကို သိသော်လည်း တွဲစပ်လာမည့် အန္တရာယ်ကို မြင်တတ်ရိုးထုံးစံမရှိ။ အောင်မြင်ခြင်းကို အမြင်သန်သော်လည်း ဆုံးရှုံးခြင်းကို မျက်ကွယ်ပြုတတ်ကြ၏။

ခုလည်း သူတို့နှစ်ယောက်မှာ ဖြစ်ချင်တာကို သိသည်။ ဖြစ်လာမည်ကို မသိပါ။ ပထမ ပါးပါးလိုးခြင်းကိစ္စမှာ အောင်မြင်စွာ ပြီးဆုံးသွားသည်။

ဇော်ရဲမောင်တို့ နှစ်ယောက်ကတော့ ကျေကျေနပ်နပ်ကြီးဆို ဝံပုလွေရှေ့မှာ လည်စင်းပေးလိုက်ပါလေပြီ။

'အဲဒီကိစ္စ ပြင်ဆင်ဖို့ တစ်ပတ်လောက် အချိန် ယူရလိမ့်မယ်၊ မောင်ရင်တို့ အချိန်ပေးနိုင်ပါ့မလား'

'ရပါတယ် ဆရာကြီး၊ အမြန်ဆုံးသာ....'

www.burmeseclassic.com



'ဒါဆို နက်ဖြန် ငွေ အဆင့်သင့်ဖြစ်ပါစေ၊ ထွန်းအေးတို့ နှစ်ယောက် လာယူလိမ့်မယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ အဆင်သင့် ဖြစ်ရပါစေမယ်'

'အေး.... တို့ လတ်စသတ်လိုက်ကြရအောင်၊ ထွန်းအေးနဲ့ မောင်ရင်တို့ နှစ်ယောက် ဘယ်မှာ တွေ့မယ် ဆိုတာ ချိန်းကြပေါ့'

လက်ကျန် ရှင်းပြီးနောက် သိတင်္ဘစ္စာဖြင့် ဆရာကြီးအတွက် အကြီးတစ်လုံးနှင့် အထုပ်တစ်ထုပ် ထပ်ဆောင်းလိုက်ရသည်။

ရယူလိုလျှင် ပေးဆပ်ခြင်းရှိရမည် မဟုတ်ပါလား။

[ ၃ ]

---

ကင်တိုစကုတ်မှ စီနီမာစကုတ်။

တစ်ကွက်ချင်း ရိုက်သော ကင်မရာမှ အကွက်ပေါင်း များစွာကို တစ်ဆက်တည်း ရိုက်နိုင်သော ကင်မရာ ပေါ်လာသည်။

စတင် ပေါ်လာသည်မှာ နှစ်ဆယ်ရာစု၏ နှစ်အဦးပိုင်းကာလ။

ကြံဆတီထွင်ဖန်တီးသူမှာ သောမတ် (စ်)အယ်ဒီဆင်။

သချ်ာနှင့်မပျော်၊ ခေတ်ပုံရိုက် ကင်မရာလေးနှင့်ပျော်မွေ့သော ပုဂ္ဂိုလ်ကြီးကြောင့်သာ ရုပ်ရှင် ပေါ်လာရသည်။

www.burmeseclassic.com

www.burmeseclassic.com



သောမတ် (စ်) အယ်ဒီဆင်က ကင်မရာနှင့် ခေတ်ပုံရိုက် ဝါသနာပါပြီး လျှောကြီးထိုး ရိုးရိုးစိုက်လိုက်ဘာသာ နေခဲ့လျှင် ရုပ်ရှင်ဟူ၍ ပေါ်မလာနိုင်။

သူက ကြံဆသည်၊ တီထွင်သည်၊ စမ်းသပ်သည်၊ ဖန်တီးသည်၊ ဦးနှောက်ကို အဆမတန် အလုပ်ပေးခြင်းနှင့် အငတ်ငတ်အပြတ်ပြတ် အပင်ပန်း ခံနိုင်ခြင်းကြောင့်သာ ယနေ့ လူသားတိုင်း ကြိုက်နှစ်သက်သော ရုပ်ရှင်ဟူ၍ ပေါ်လာရသည်ပါ။

သောမတ် (စ်) အယ်ဒီဆင် ကျောင်းသားဘဝက သင်္ချာဘာသာရပ်သည် သူ့အား အလွန် ဒုက္ခပေးခဲ့၏။

သူက ကျက်စာကို ဘယ်လောက်ပဲကျက်ရကျက်ရ၊ မှတ်စုမှတ်ရာကို ဘယ်လောက်ပဲ မှတ်ရမှတ်ရ နည်းနည်းလေးမှမမှု။ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစား တွက်ရချက်ရသည်ကို တော့ ဘယ်လိုမှ စိတ်မဝင်စား။ ကိန်းဂဏန်းများကို အလွန်မုန်းသည်။ ရလဒ်အဖြေ ရှာရမည်ကို အလွန့် ဝန်လေးသည်။

သူ့ အကြောက်ဆုံးမှာ သင်္ချာဘာသာ။ သူ စာသင်ခန်းကို ကျောခိုင်းခဲ့သည်မှာ သင်္ချာဘာသာကြောင့်။

သင်္ချာ ဘာသာရပ်နှင့် ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်ခဲ့သည်မှ မိဘများနှင့် အဆင်မပြေဖြစ်ပြီး ခြေဦးတည့်ရာသို့ ခရီးသည် ဖြစ်လာသည်။

သင်္ချာ ဘာသာ၌ မထူးချွန်စေကာမူ အောင်မှတ်ရရုံလောက် ဖြေနိုင်သူဖြစ်ခဲ့လျှင် သူ၏ ဘဝလမ်းကြောင်း တစ်မျိုးတစ်မည် ပြောင်းလဲသွားမည်မှာ သေချာသည်။



ခြေဦးတည့်ရာ ခရီးသည်ဘဝတွင် သူ ဝါသနာ ထုံမွှမ်းရာ ကင်မရာနှင့် ဓာတ်ပုံပညာရပ်ကို စူးစူးစိုက်စိုက် လေ့လာခွင့်ရခဲ့၏။

ထိုမှ 'ရုပ်ရှင်' ဟူသော ဝေါဟာရ တစ်ရပ် မပေါ်သာသည်။

သောမတ် (စ်) အယ်ဒီဆင်မှာ ငယ်ငယ်ရွယ်ရွယ်ဖြင့် စာသင်ခန်းကို ကျောခိုင်းခဲ့သော်လည်း ဘဝကို အရှုံးမပေးခဲ့။

ကင်မရာ ခလုတ်နှိပ်တိုင်း တစ်ရုပ်စီ၊ တစ်ကွက်စီ ပေါ်လာတတ်သော ဓာတ်ပုံ (ဝါ) ရုပ်ပုံများကို လှုပ်ရှား ရှင်သန်လာအောင် ဘာ့ကြောင့် မလုပ်နိုင်ရမှာလဲ မလှုပ်ရှားပေမယ့် ထင်ဘင်ပြတ်ပြတ် ရုပ်ပုံပေါ်နေပြီပဲဟာ။ လှုပ်ရှားအောင်လုပ်၍ရ ရမည်ဟူသော စိတ်ကူးစိတ်သန်းမှာ သူ၏ ခေါင်းထဲ၌ ဖျောက်၍မရအောင် စွဲထင်နေပြီ။

သူ၏ခေါင်းထဲ၌ စွဲထင်နေသော စိတ်ကူးစိတ်သန်းကို လက်တွေ့အကောင်အထည် ဖော်ရန်အတွက် ကြံဆခဲ့ရ၏၊ စူးစမ်းခဲ့ရ၏၊ တီထွင်ခဲ့ရ၏၊ ဖန်တီးခဲ့ရ၏။

လွယ်တော့ မလွယ်။ အခက်အခဲပေါင်းစုံ၊ အကျပ်အတည်းပေါင်းစုံနှင့် ကြုံခဲ့ရ၏။ စိတ်ပျက်စရာ၊ အားငယ်စရာများနှင့်လည်း ဆုံခဲ့ရ၏။ သတ္တိခဲမှု၍ အားမာန်တင်းခဲ့ရ၏။ ဇွဲနှင့်နှင့်ခဲခဲကတ်ကတ် ကြိုးစားခဲ့ရ၏။ ရှာလိုဖွေလို ရသမျှကို အစွားချီ.တဲ့ အဝတ်ချိ.တဲ့ ခံ၍ တီထွင်မှုဘက်သို့ ဦးအောင်ခဲ့ရ၏၊

www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကြံဆစူးစမ်းသမျှကို ပေါ်ပေါ်ထင်ထင် မလုပ်ရဲ၊ မအောင်မြင်ခင် သူများလက်ဦးသွားမည်ကို စိုးရိမ်သည်က တစ်ကြောင်း၊ မတန်မရာလုပ်သည်ဟု အကဲ့ရဲ့ခံရမည်ကို သွေးလန့်နေသည်က တစ်ကြောင်း၊ ချို့ချို့တဲ့တဲ့ ကြိုးကြိုးစားစား နေရသည်က တစ်ကြောင်းတို့ကြောင့် သိပ်သိပ်သည်းသည်း လျှို့လျှို့ဝှက်ဝှက် လုပ်နေရသည်။

မလှုပ်ရှားသော ရုပ်ပုံများကို တစ်ဆက်တည်း လှုပ်ရှားလာအောင် ကြံဆ တီထွင်နေသည်မှာ သူတစ်ယောက်တည်း မဟုတ်။

ပြင်သစ်နိုင်ငံမှ အိတ်ဂျူးဗောရ်လုဒ်လာပရင့်(စ်)ဒင့်၊ အင်္ဂလန်မှ ဒဗလျူအက်(စ်)ဂရင်း စသူများကလည်း ကြံစည်တီထွင် နေကြ၏။ သူနှင့်ခေတ်ပြိုင် ကြိုးစားနေသူများ ရှိနေသည်ကိုလည်း အယ်ဒီဆင်က သိနေသည်။

သူတို့ကများ သူ့ထက်ကျော်သွားလျှင်၊ အဲသည်စိုးရိမ်စိတ်က အယ်ဒီဆင်၏ ရင်ထဲမှာ အမြဲဘမ်းလှုပ်ရှားနေသည်။ မနာလိုဝန်တိုစိတ်မျိုးတော့ မဟုတ်။ ကိုယ်၏ကြိုးပမ်းချက် အောင်မြင်မှု သူများထက် နောက်ကျသွားမည်ကို စိုးရိမ်စိတ် လွှန်ကဲသည့်သဘောဖြစ်၏။

လူသားများတွင် ရှိလေ့ရှိထသော အတ္တစိတ်ဟူ၍လည်း ဆိုနိုင်ရာ၏။

သူ၏ ကြံဆ တီထွင် ဖန်တီးမှု အောင်မြင်သွားပါပြီ။



၁၈၈၉ ခုနှစ်။

သောမတ်(စ်)အယ်ဒီဆင်က 'ကင်တိုစကုတ်' ဟူ၍ အမည်ပေးထားသော ချောင်းကြည့် ပေါက်ကလေးမှ ကြည့်ရသည့် ဘူးကြီးတစ်မျိုးကို တီထွင်လိုက်၏။ လက်ဖြင့်လှည့်၍ ပြရသော ရုပ်ရှင်အသေးစား စတင်ပေါ်ပေါက်လာလေတော့၏။

စာရေးသူတို့ ငယ်ငယ်က လမ်းဘေးတွင် ချောင်းကြည့်ပေါက်ကလေးမှ ကြည့်ရသော တုံချမ်း—တုံချမ်း ဘူးရုပ်ရှင်မျိုး ဖြစ်ပါလိမ့်မည်။

အယ်ဒီဆင် တီထွင်လိုက်သော ကင်တိုစကုတ်ကို အခြေခံ၍ အဆင့်ဆင့်သော စက်မှုအတတ်ပညာ၊ သိပ္ပံနည်းစနစ်များဖြင့် ထပ်မံ၍ တီထွင်ဆန်းသစ်ခဲ့ကြရာမှ ချောင်းကြည့်ရသော အဆင့်ကို ကျော်လွှားပြီး မြင်ကွင်းကျယ် ထိုင်ကြည့်ရသော ထင်ထင်လင်းလင်း ရုပ်ရှင်ဟူ၍ အောင်အောင်မြင်မြင် ပေါ်ထွန်းခဲ့၏။

ဒါက သူတို့နိုင်ငံမှ ရုပ်ရှင်အစပိုင်း။

၁၉၂၀ ခုနှစ်။

အဟူရှာ ခေတ်ပုံတိုက်ကြီးမှ အသုံးမပြုတော့သော ရုပ်ရှင်မရာတစ်လုံးကို နောင် 'လန်ဒန်အတ်-ဦးအုန်းမောင်' ဟု အမည်တွင်မည့် ဦးအုန်းမောင်က ရရှိခဲ့သည်။

ဝါသနာအိုး ဦးအုန်းမောင်က ထိုကင်မရာ အစုတ်ကလေးကို ပြုပြင်၍ သတင်းကားတို တစ်ခုကို စမ်းသပ် ရိုက်ကူးခဲ့၏။

ဘိလပ်သွား မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်ယါမှ အသက်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားရှာသူ ဦးထွန်းရှိန်၏ ဈာပန

www.burmeseclassic.com

www.burmeseclassic.com



သတင်းကားကို ရိုက်ကူးပြသခဲ့ရာမှ ခေတ်ရှင်ခေါ် မြန်မာ့ရုပ်ရှင် ဟူ၍ ဆန်းသစ် ပေါ်ပေါက်လာသည်။

မြန်မာ့ရုပ်ရှင် ပေါ်ထွန်းခဲ့သည်မှာ ရွှေရတုသဘင်သို့ တိုင် ခဲ့ချေပြီ။

ကမ္ဘာ့လူသား ကိုးဆယ်ရာခိုင်နှုန်းသည် ရုပ်ရှင်ကို စိတ်ဝင် စားကြသလို ရုပ်ရှင်ကြည့် ပရိသတ်အဖြစ် ရပ်တည်လျက် ရှိကြ ၏။ ရုပ်ရှင်ကို ဝါသနာပါကြသလို ရုပ်ရှင် လောကသားတို့၏ အတွင်းရေး၊ အပြင်ရေး ဖြစ်ရပ်ပေါင်းစုံကိုလည်း စိတ်ဝင် တစား ရှိကြသည်။

ပြည်သူချစ်သော အနုပညာရှင် လောကကြီးမှာ ရုပ်ထွေး ပွေလိမ်နေစမြဲ ရှိအတတ်သည်မို့ စိတ်ဝင်စားဖွယ် ရုပ်ရှင် ဇာတ် ကားများနှင့်အတူ ရုပ်ရှင်လောကသားတို့၏ စိတ်ဝင်စားစရာ သီးခြား ဇာတ်လမ်းလေးများမှာလည်း ပရိသတ်နှင့် အရိပ်ပမာ သို့ တွဲစပ်လျက် ရှိပါချေ၏။

ရုပ်ရှင် လောကသားတို့၏ ကန့်လန့်ကာ နောက်ကွယ်မှ ဖြစ် ရပ် ဇာတ်အိမ် ဇာတ်လမ်းများမှာ လူသား သဘာဝ ဖြစ်ရိုးဖြစ် စဉ်များထက် လွန်ကဲသည့် ထူးဆန်းထွေလာ အံ့ဩဖွယ်ရာသော ထိုထို-ဤဤများ ပြည့်နှက်နေ၏။

ရင်ဖို လှိုက်မောစရာတွေ လွှမ်းရစ်နေ၏။

ကြိုင်သတင်းထက် လှိုင်သတင်းများ ပြည့်နေ၏။ လှိုင် သတင်းများမှာလည်း မဟုတ်သော်ရှိ ထက် ဟုတ်သော်ရှိဖြစ် ဖြစ်နေ၏။



ဒါမျိုးတွေချည်းပဲလား ဆိုတော့လည်း မဟုတ်ပါ။

လွမ်းမော တမ်းတရခြင်း၊ ကြည်နူးရခြင်းများလည်း ရှိပါ သည်။

ထို့အတူ မဆီမဆိုင် နာကြည်းရခြင်း၊ ဒေါမာန်ပွားရခြင်း၊ ဝမ်းနည်းရခြင်းများလည်း ရှိ၏။

သံဝေဂ ရဖွယ်ရာများလည်း ပြည့်လျှမ်း ရောယှက်လျက်ရှိ၏။

ဆန်းသလားဆိုတော့ ဆန်းသည်ဟု မဆိုသာပြန်။ သူတို့ သည် သီးခြားမဟုတ်သော လောကီ လူသားများ ဖြစ်သော ကြောင့်....။

* * *

မြန်မာဗွီဒီယို ခေတ်ဦးအစကာလ၊ လွန်ခဲ့သော လေးနှစ် ကျော် ငါးနှစ်နီးပါး အချိန်က ရှိရင်းစွဲပိတ်ကား ရုပ်ရှင်၏ သရုပ်ဆောင် အနုပညာသည် အများစုမှာ မှန်သားပြင်ရုပ်ရှင် ပီစီကွေးလေးကို စိတ်ပါဝင်စားမှု မရှိသလို၊ လုံးဝလည်း အထင် မကြီးကြ။

www.burmeseclassic.com



ဘစ်ခနွေလျှင်တစ်ခွေ အနည်းဆုံး ထွက်နေသော ယခနအခြေအနေမျိုးအထိ ဖြစ်ထွန်းလာလိမ့်မည်။ စီးပွားရေး နယ်ပယ် ကျယ်ပြန့်လာလိမ့်မည်ဟု လုံးဝအထင်မရှိကြ။

ခုခေါ် ခုပျောက်၊ အပျော်ဘမ်း အဆင့်ထက် မပိုနိုင်ဟု သဘောမူခဲ့ကြ၏။ ရိုးရိုးပိတ်ကားမှ ငွေရောင်စိတ်ကား၊ ပြန့်ပြန့်ပြူးပြူး ပိတ်ကားမှ အခုံးအဝန်းပိတ်ကား၊ အနီပိတ်ကားများ၏ အလျား အနံမှာ တိုသွားခြင်း၊ ကျဉ်းသွားခြင်း၊ ကျုံ့သွားခြင်း မရှိဘဲ ပို၍ရှည်လာသည်၊ ပို၍ကျယ်လာသည်သာ ရှိခဲ့သည်။

ရိုးရိုးကနေ သုံးဖက်မြင် လေးဖက်သံကြား စီနီမာစကုပ်ဟူ၍ ပိတ်ကားပြင်ကြီး ပို၍ ပို၍ ကျယ်ဝန်းလာနေသော အချိန်မျိုးတွင် ထောင့်ဖြတ်တိုင်းမှ ဆယ့်လေးလက်မ၊ နှစ်ဆယ်လက်မ၊ နှစ်ဆယ့်တစ်လက်မ၊ နှစ်ဆယ့်ရှစ်လက်မ အရွယ်အစားသာရှိသော ဖန်သားပြင်လှုပ်ရှား အရုပ်များ သက်တမ်းမရှည်ကြ ဟု တွက်ကြသည်။

အသစ်အဆန်းအဖြစ် ခဏဘာ လက်ခံမည်၊ ထာဝရ လက်မခံဟု တွက်ဆသူက အများစု။

ဒါကြောင့်လည်း ရုပ်ရှင်လုပ်ငန်း၌ ငွေလုံးငွေရင်း မြှုပ်နှံ၍ စီးပွားရေးလုပ်ငန်း အခြေချနေသူများက လုပ်ငန်း အသွင် အပြောင်းလုပ်ရန် စိတ်ကူးထဲသော်၊ မထည့်ခဲ့ကြ။

ပိတ်ကားရုပ်ရှင် ဆရာ့ပ်ဆောင်များကသာ စိတ်ပါဝင်စားခြင်း မရှိကြသည်မဟုတ်၊ ငွေပွားလိုသော ငွေစုခဲ့ အလွန်လျှင်မြန်သော စီးပွားရေးလုပ်ငန်းရှင် များကလည်း စိတ်မဝင်စားကြ။



ဘယ်စိတ်ဝင်စားပါ့မလဲ။

တီဗွီတောင်မှ လူအများစု ကိုယ်ပိုင်မဝယ်နိုင်၊ ကိုယ်တိုင်မထားနိုင်သေးသည့်ပဲဟာ၊ ပြစက် (ဝါ) အောက်စက် ရှိနေမှ ပြလို့ရနိုင်သော ဗွီဒီယို ခေတ်စားဖို့ဆိုသည်မှာ 'တောင်ထိပ်ကြာပေါက်' လို့ ပြောရမည့်မျိုး အခနေအထား ရှိသောကြောင့် ဗွီဒီယို တစ်ခေတ်ဆန်းလိမ့်မည်ဟု မတွက်ဆခဲ့ကြ။

အဲသည်အချိန်က အိမ်တွင်းရုံးပွဲ၊ ရုံသွင်းရုံးပွဲ မရှိသေး။

တီဗွီအပြင် ဗွီဒီယိုအောက်စက် ဝယ်ထားနိုင်သူများ ဦးရေမှာ နည်းသလားမပြောနှင့်၊ လက်ချိုးရေတွက်လို့ပင်ရသည်။

နိုင်ငံခြား ခဏခဏသွားရသူများ၊ နိုင်ငံခြား သင်္ဘောလိုက်ကပ္ပတိန်များ၊ သူဌေးများ၊ မှောင်ခိုလုပ်ငန်းဖြင့် ကြီးပွားနေသူများ စသည် စသည် အိမ်တွေလောက်မှာသာ ထားကြသည်။ အဲသည်လိုအိမ်တွေကလည်း နိုင်ငံခြား အခွေသာ အကြည့်များသည်။

စီးပွားရေးတွင် အတွက်အချက် ပါရသည်။ ဘယ်လောက်ရင်းနှီးမြှုပ်နှံရင် အမြတ်ဘယ်လောက်ထွက်မည်။ ဘယ်လို အခြေအနေမျိုးမှာ အရှုံးနှင့် တွေ့ရတတ်သည်။ ဘယ်လောက်ကြာလျှင် ရင်းနှီးမြှုပ်နှံမှု ဘယ်လောက်ပြန်ပေါ်မည် စသည့် အကျိုးအမြတ်ကို အဓိကထား၍ တွက်ချက်ရ၏။

ရင်းနှီးမြှုပ်နှံမှုပါသော လုပ်ငန်းတစ်ခုကို ကနေ့ကမယ် ဒီကနေ့ကပစ်လုပ်လို့မရ။

www.burmeseclassic.com



ထိုစဉ်က အကျိုးအမြတ်ကို ဘယ်လိုမှ တွက်ချက်လို့မရသော ဗွီဒီယိုရိုက်ကူး၊ ထုတ်လုပ်၊ ဖြန့်ချိ သည့် မရေမရာ မသေချာသော လုပ်ငန်းကို တကယ် စီးပွားရေး လုပ်ငန်းရှင်များက လုပ်ဖို့ဝေးစွ၊ စိတ်ကူးထဲသော်မှ မထည့်ကြ။

ဗွီဒီယိုလုပ်ငန်းကို တောင်ခဲ့သူများမှာ ရုပ်ရှင် လုပ်ငန်းနှင့် ဆက်နွယ်မှုမရှိသော ငွေယားရှိသူများက ဦးတည် ရည်ရွယ်ချက်မရှိဘဲ အပျော်သဘော ထလုပ်ကြသည်မှ ဗွီဒီယိုရိုက်ကူး၊ ထုတ်လုပ်ရေး ပေါ်လာရသည်။

ဖားဘစ်ပိုင်း၊ ငါးတစ်ပိုင်း၊ ဟိုမရောက်သည်မရောက် အမည်ခံ ဒါရိုက်တာများ၊ မဟောက်တခေါက် ကင်မရာမင်းများ၊ မဖြစ်တဖြစ် သရုပ်ဆောင်များဖြင့် စခဲ့ရသော မြန်မာ့ ဗွီဒီယိုခေတ်ဦး အစမိုင်းမှာ ဟိုမရောက်သည်မရောက် ဒါရိုက်တာ အမည်ခံများ ထောင်ချီ၍ ရခဲ့ကြသည်။ သောင်းချီ၍ ပွခဲ့ကြသည်။

ဗွီဒီယိုခေတ်ဦး ကာလမှာ ငွေယားပိုက်၍ ရန်ကုန်သို့ ဆင်းလာသူ ပိုးသမားလေး – နှစ်ယောက်မှာ သားသတ်သမား၏ စဉ်းတီတုံးပေါ် သို့လည်စင်းပေးရန် အဆင်သင့်ဖြစ်နေပါလေပြီ။



သူတို့နှစ်ယောက်ကတော့ လူငယ်ပီပီ လုပ်ချင်တာ ဖြစ်ချင်တာပဲ သိသည်။ လုပ်ချင် ဖြစ်ချင်သည်မှ တကယ် ဖြစ်လာမည့် အကျိုးဆက် ကောင်းမကောင်း ဆိုသည်ကိုမူ လုံးဝ မစဉ်းစားခဲ့။

လူ့ဘဝခရီး လျှောက်လှမ်းကြရာတွင် အသက်အရွယ်နှင့် အတွေ့အကြုံ အလွန်စကားပြောသည်။ အတွေ့အကြုံ မရှိသေးသော လူငယ်များမှာ အတွေးအခေါ်ပိုင်းတွင် အားနည်းသည်။ အတွေ့အကြုံများသော လူကြီးများမှာ အတွေးအခေါ်ပိုင်း အားသန်အလို ရင့်ကျက်သည်။

လူငယ်နှင့် လူကြီး ကွာခြားသည်မှာ အတွေးအခေါ် နုနယ်ခြင်းနှင့် ရင့်ကျက်ခြင်းပင်ဖြစ်၏။

ဖြစ်ချင်တာပဲ သိသူကို ဖြစ်အောင်လုပ်ပေးမည့်သူက စကားကြွယ်ကြွယ်၊ မက်လုံးမိမိ၊ ယုတ္တိယုတ္တာရှိရှိ၊ အထာပိုင်ပိုင်ဖြ ကျော့ကွင်းထောင်ပေးလိုက်သည်ကို သူတို့နှစ်ယောက်က ကျော့ကွင်းဟု မမြင်ကြ။

တည်းခိုတိုက်သို့ပြန်ရောက်ပြီးနောက် သူတို့ နှစ်ယောက်မှာ အူမြူးပြီး မြောက်ကြွမြောက်ကြွဖြစ်နေကြသည်။ ဒါရိုက်တာကြီးကိုလည်း အလွန်အမင်း အထင်ကြီးသွားကြသည်။ သူတို့အပေါ် အလွန်စေတနာကောင်း၍ လိုက်လျောသူ၊ စိတ်ရင်းဖြောင့်သူ အဖြစ် အမြင်ပေါက်သွားကြသည်။

နှစ်ကြိမ် ပြုစုလိုက်ရသည်မှ ငွေသုံးသောင်းနီးပါးလောက် ချောသွားသည်ကိုလည်း နည်းနည်းလေးမှ နှမြောတွန့်တိုစိတ်မဖြစ်မိ၊ နောက်ထပ်ပြုစုဖို့ကိုပင် တိုင်ပင်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အစမ်းရိုက်ကူးရာတွင် ကုန်ကျမည့် ငွေငါးထောင်ဆိုသည်မှာ သူတို့အဖို့တော့ အသေးအဖွဲ၊ မပြောကြစတမ်းဆိုလျှင် ငါးထောင်၊ ခြောက်ထောင် တန်ဖိုးမကသော ဖိနပ်မျိုးကိုပင် ဝယ်စီးနေသည်ပဲဟာ၊ အစမ်းခွေ တစ်ခွေအတွက် ငါးထောင်ဆိုတာ နည်းပင်နည်းသေးသည်လို့ ထင်နေကြသည်။

တကယ်တော့ ဒါရိုက်တာကြီးပြောသည့် အစမ်းခွေဆိုသည်မှာ ဘာမှမဟုတ်၊ ပါးပါးလီးဖို့အတွက် ဒါရိုက်တာကြီးက စိတ်ကူးဉာဏ် ကွန့်မြူး၍ တီထွင်မှုပြုလိုက်ခြင်းပင် ဖြစ်၏။

တစ်နေ့ဘာ စကားခ၊ အခွေဖိုးနှင့် အထွေထွေ စရိတ်များမှာ နှစ်ထောင်အောက်မှာပဲ ရှိသည်။ နှစ် ထောင် မ ကျော်။ မင်းသမီးကလည်း ပိုက်ဆံပေးဖို့မလို၊ ဆတ်စလူး လေးတွေ အများကြီးရှိသည်။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်နေရာဟု ပြောလိုက်ရုံသာ။ သူတို့စရိတ်နှင့် သူတို့ လာလိမ့်မည်။ သိတာတ်စွာယူလာမည့် ဆရာကြီးအတွက် ကြိုက်တတ်သည်များလည်း ပါလာလိမ့်မည်။

ငါးထောင်ထဲက သုံးထောင်မှာ ကိုယ့်အတွက်။ ဒါ့အပြင် နောက်ထပ် နှိုက်တိုင်းထွက်လာမည့် ထွက်စရာတွေလည်း အများကြီး ရှိသေးသည်။

အစမ်းခွေ ဆိုတာက တစ်ခွေလုံး ရိုက်ဖို့မလို။ အင်ဒိုး တစ်ကွက်၊ နှစ်ကွက်နှင့် အောက်ဒိုး သုံးလေးကွက်လောက် ရိုက်ပေးလျှင် ပြီးသည်။ အစမ်းခွေအတွက် ဇာတ်လမ်းမလို၊ ဇာတ်ညွှန်း မလို။ စိတ်ကူးထဲ ရှိသည်ကို ရိုက်ပေးလိုက်ရုံသာ။



ဒါမှမဟုတ် အခွေဖိုးလောက်နှင့် ကင်မရာမင်းကို ငါးဆယ်မျိုး၊ တစ်ရာမျိုး ပေးပြီး ရိုက်လက်စအခွေ ရိုက်သောနေ့တွင် အပိုကွက်ကလေး ကပ်ရိုက်လို့လည်း ဖြစ်သည်။

ဗွီဒီယိုအခွေနှင့် ရုပ်ရှင်ကားကြီး ရိုက်ပုံရိုက်နည်း ကွဲပြားသလို ဝန်ကျယ်၊ ဝန်ကျဉ်းပုံမှာမူ ထူးထူးကဲကဲကြီး ကွာခြားသည်။

ရုပ်ရှင်ကားကြီး ရိုက်တော့မည်ဆိုလျှင် ကားသေးသေးလေး တင်စီးလောက် ရှာပြီး ရှူတင်ထွက်လို့မရ။ ကင်မရာနှင့် ပစ္စည်းပစ္စယတွေ သယ်ဖို့ ဒေါ့ဂျစ်တစ်စီး၊ အဲသည် ပစ္စည်းပစ္စယတွေကို သယ်ဖို့၊ တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းဖို့ အလုပ်ကြမ်းသမား သုံးလေးယောက် ပါရမည်။ ကင်မရာထော်လီအသေး၊ အသံဖမ်းစက်၊ ကားထုပ်၊ ဘာညာ ဘာညာ ပစ္စည်းတွေက လေးသည်။

တစ်နေရာတည်းမှာ အသေထားပြီး ရိုက်လို့မရ။ ဟိုရွှေ့သည်ပြောင်း ခဏ ခဏ လုပ်ရသည်။

နယ်ထွက်လျှင် ပို၍ ဝန်ကျယ်သည်။ ပေလေးရာပါ ဖလင်ထိပ်ဘူး လေးငါးဆယ်ဘူးလောက် အနည်းဆုံး သယ်သွားရသည်။ အဖွဲ့သားတွေကို ကျွေးရမည်၊ ထမင်း ချက်ပြုတ်ကျွေးမွေးဖို့ ကန်ထရိုက် ထမင်းချက်သမား သုံးလေးယောက်နှင့်အိုး ခွက် ပန်းကန် ပစ္စည်းပစ္စယတွေပါ သယ်ပိုးသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ရုံများနှင့် ကင်မရာမင်း၊ မီးသမား စသူများအတွက် အလျဉ်းသင့်သလို ကားငှားပေးရသည်။ ဒါရိုက်တာနှင့်မင်းသား၊ မင်းသမီးများအတွက် သီးသန့် စီစဉ်ပေးရသည်။

ဒါရိုက်တာ၊ မင်းသား မင်းသမီး၊ အရေးကြီးသော ဇာတ်ပို့ ဇာတ်ရုံများအတွက်က ကားသက်သက်။ ရထားနှင့် ဆိုလျှင် အထက်တန်း လုပ်ပေးရသည်။

စူပါ ဒါရိုက်တာနှင့် စူပါ မင်းသား၊ မင်းသမီးများမှာ နောက်ပါအခြွေအရံ သုံးလေးယောက်လောက် ပါလာကြသည်။ အဝတ်အစားအိတ်နှင့် မိတ်ကပ်သေတ္တာ ကိုင်ရသူ၊ မိတ်ကပ် ခြယ်သပေးရသူ၊ စီးကရက်ဘူးနှင့် မီးခြစ်ကိုင်ပြီး သွားလေရာ တစ်ဖဝါးမကွာ လိုက်နေရသူ၊ ထမင်းစား၊ အရက်သောက်၊ ရေချိုး၊ အိမ်သာတက်၊ အိပ်ရာခင်း၊ အိပ်ရာသိမ်း ဗာဟီရကိစ္စ လုပ်ပေးရသူ စသည်များ ပါလာသည့်ကို ကုမ္ပဏီမှ တာဝန်ယူ ကျွေးမွေးရသည်။

ဒါရိုက်တာတို့၊ မင်းသားတို့ကလည်း ကိန်းခန့်ကြီးသလား မမေးနှင့်။ စီးကရက်ကိုသော်မှ ဘူးထဲက ထုတ်ပြီး ကိုယ့်ဘာသာ ကိုယ် မီးညှိမသောက်။ အချက်ပြလိုက်လျှင် နောက်တော်ပါးက အဆင်သင့် ထုတ်ပေးရသည်။

ဘယ်သောက်ထိများလဲဆို အိမ်သာတက်ရင်း၊ ရေချိုးခန်း ဝင်ရင်း စီးသည့် ဖိနပ်ကို နောက်တော်ပါးက ကိုင်လိုက်ပြီး အဆင်သင့် လုပ်ပေးရသည်ထိ ကိန်းခန့်ကြီးကြသည်။



ဒါ့ထက်မကတွေလည်း အများကြီး ရှိသေးသည်။

အားလုံးပဲလား ဆိုတော့ မဟုတ်ပါ။ တချို့က တချို့ ပေါ့။

မပြည့်တဲ့အိုး ဘောင်ဘင်ခတ်ဆို မဟုတ်လား။

လာရင်းဘာကိုမမေ့၊ ကိန်းခန့်မကြီးသူတွေလည်း ရှိသပေါ့။

မင်းသမီးကျတော့လည်း တစ်မျိုး။

အနီးကပ် စောင့်ရှောက်ရသူ၊ ခေါင်းဖြီး၊ မိတ်ကပ်လိမ်း၊ အဝတ်အစား ဝတ်ဆင်ပေးရသူ၊ ဗာဟီရလုပ်ပေးရသူများသာ မက ဆွေမျိုးတွေကို အလုည်ကျ ဘုရားဖူး အလည်အပတ် ခေါ် လာကြသေးသည်။

စရိတ်စကအတွေအဘွကို ကုမ္ပဏီကထုတ်လုပ်သူ ပရိုဂျူဆာ က ကျခံပေရော့။

မင်းသမီးထက် ပိုဆိုးတာက နောက်တော်ပါးက ပါလာ သူတွေ။

ဘာမစားဘူး၊ ဘာမသောက်ဘူး၊ ဘယ်လို နေရာမျိုးမှာ မအိပ်ဘူး၊ ဘုရားဖူး အလည်အပတ်ကို ဂျစ်ကားတို့၊ ကားဟောင်း ကားအိုတို့နှင့် မသွားချင်ဘူး၊ ဘာလုပ်ပေးပါဦး၊ ညာလုပ်ပေး ပါဦး၊ ဘာဝယ်ပေးပါဦး ဆိုတာမျိုးလည်း ပါသေးသည်။

ကြက်တူရွေးက တော်တော်၊ မယ်တော်က ကဲသာ ဆို မဟုတ် လား။

www.burmeseclassic.com



ဟိုဒင်း ဟိုဟာဖြစ်လို့ အသုံးပြုရမည့် ပစ္စည်းကိုတောင် ကိုယ့်ဟာကိုယ် မဝယ် ရှုပ်တင်မန်နေဂျာကြီးက စီစဉ်ဝယ်ပေးရသည်။ သူများကို ပြောဖို့မကောင်းသည့် သူစိမ်းယောကျာ်းများ မသိစေအပ်သော ကိစ္စကိုပင် ရှေ့မျက်နှာ နောက်ထား၍ မဟုတ်ဘဲ ရှေ့မျက်နှာ ရှေ့ထားပြီး ပြောင်ပြောင်တင်းတင်း ပြောရဲကြသည်။

ဒါထက်မကတာတွေ အများကြီး ရှိပါသေးသည်။ နောက်ပိုင်းကျမှ…။

ဗွီဒီယိုကတော့ ဝန်ကျဉ်းသည်။ အလေးအပင် သယ်ပိုးစရာမလို။ ဗွီဒီယိုကင်မရာက ပေါ့ပေါ့လေး။အခွေကလည်း ပေါ့ပေါ့လေး။ လွယ်အိတ်ထဲမှာ ထည့်ယူသွားလို့ ရပါသည်။ ကင်မရာကို လက်ကဆွဲ၊ အခွေတစ်ခွေ ထည့်သွားရင် ပြီးသည်။

လူနည်းနည်းများရင် ဟိုင်းလပ်။ လူနည်းရင် ပါဗလစ်ကားတစ်စီး ငှားရင် ကိစ္စအားလုံး ပြီးပြတ်သည်။

ထမင်းကိစ္စ၊ လက်ဖက်ရည်ကိစ္စ အလုပ်မရှုပ်၊ ဗာဟီရမများ။ တစ်ယောက်ကို နှစ်ဆယ့်ငါးကျပ် သုံးဆယ် ထုတ်ပေးလိုက်လျှင်



ကိစ္စပြီးပြီးသည်။ နေ့၊ ည နှစ်ဂျူတီ ရိုက်တာမျိုးကျမှ နောက်ထပ် သုံးဆယ်စီ ထုတ်ပေးလိုက်ရုံသာ။

စူပါ မင်းသား၊မင်းသမီး၊ဒါရိုက်တာကျတော့ သူတို့အတွက် သီးသန့် အစီအစဉ် လုပ်ပေးရသည်။

သူတို့ကျတော့လည်း ကိန်းခန်းကြီးသပေါ့။

ဘာစီးကရက်မှ၊ ကိုကာကိုလာမှ ပက်ပစီမှ၊ရေခဲစိမ်ဘီယာမှ၊ ဟင်ပိုဗီတန်မှ ဆိုတာမျိုး ပါလာပြီ။

သူတို့ အခွင့်အရေးယူပုံတွေ၊ ကိန်းခန်းကြီးပုံတွေ၊ ဖင်ခေါင်းကျယ်ပုံတွေ၊ ပြဿနာရှာတတ်ပုံတွေ၊ ကတ်သီးကတ်သတ် လုပ်တတ်ပုံတွေ၊အနုပညာသမားချင်း မညာမတာ ကပ်ကျောကျောပုံတွေ ရေးမကုန်နိုင်အောင် ရှိပါသည်။ ပါလာပါလိမ့်မည်။

ဖလင် အခက်အခဲကြောင့် အစားထိုး တီထွင်မှုပြုရာမှ စီးပွားရေး လုပ်ငန်းသစ်တစ်ခု ပေါ်လာသည်။

ကလေးများလည်း ကြိုက်သည်။ လူကြီးများလည်း ကြိုက်သည်။ အဘိုးအဘွားများလည်း ကြိုက်သည်။

ဗွီဒီယို။

★

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက စိတ်ကူးယဉ်အိပ်မက်ထဲမှ မင်းသမီး၊ ကောင်လေးက သူ့ချစ်သူ၊ နှစ်ယောက်အတွက် အပျော်ဆုံး နေ့တစ်နေ့။

မှန်သားပြင်ပေါ်မှာ အဲသည်ဇာတ်ဝင်ခန်းလေး အရုပ်ထင်လာမည့် အချိန်မှာ ဆယ်မိနစ်ထက်မပို။

သို့တစေ သူ၏အိပ်မက် အချိန်အတိုင်းအတာမှာ ရှည်လျားလွန်းလှ၏။

မအိပ်ခင်က စိတ်ကူးယဉ်အတွေးစဉ်များမှာ အိပ်ပျော်သွားသောအခါ အိပ်မက်ရုပ်လွှာသို့ ကူးပြောင်းသွားသည်။

ရှင်ရှင်မှုန်မှုန်၊ ကြည်ကြည်နူးနူး လပ်(ဖ်)ဆင်းမှ မှမျှော်လင့်သော မြစ်ကွင်းကြောင့် သူတို့နှစ်ယောက်၏ လက်တွဲ ပြုတ်ထွက်သွားပြီး လူချင်းခွဲလိုက်ရသည်။

မျက်နှာချင်းဆိုင်လိုက်ရသည်မှာ ချစ်ရသူ၏ အဖေနှင့်အစ်ကို၊ ခက်ထန်တင်းမာသော အကြည့်က....

ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးသွားသည်။ မိုင်းလင်းနေပြီ။

အိပ်မက်မှပေးသော ဆွတ်ပျံ့ကြည်နူးရိပ်မှာ ပျက်ပြယ်မသွားသေး။ ထွေးထွေးရိပ်ရိပ် ထင်နေဆဲ။

ရှစ်လန်းသော နိုးထခြင်းက သူ၏ရင်ကို လှုပ်ခတ်သွားစေသည်။

လူငယ်သဘာဝ၏ မရှိကိုအရှိ၊ မဟုတ်ကိုအဟုတ်၊ မဖြစ်ကိုအဖြစ်ထင်ကြစမြဲ။



တစ်ဖက်ခုတင်ကို ကြည့်လိုက်တော့ မင်းကျော်ဦးမှာ အိပ်ရာထ မနိုးသေး၊ သူကတော့ အိပ်မက်အကြောင်းကို ပြောချင်လှပြီ။ နှိုးထိုးနေသည်။ ခြင်ထောင်ဖွင့်၍ မင်းကျော်ဦးကို လှုပ်နှိုးလိုက်သည်။ မရ။

တစ်ဖက်ခုတင်သို့ ကူး၍ လှုပ်နှိုးလိုက်တော့မှ မင်းကျော်ဦး ထူးလွန့်လာသည်။

'မင်းကလဲကွာ၊ အိပ်မက်-မက်လို့ ကောင်းနေတုန်း...'

'ငါကလဲ အိပ်မက်အကြောင်း ပြောချင်လို့ မင်းကို နှိုးရတာကွ'

အမြင်ချင်း ဖလှယ်ကြသည် ဆိုရိုးစကားသို့နှယ် သူတို့လည်း အိပ်မက်ချင်း ဖလှယ်ကြသည်။ နှစ်ယောက်စလုံး၏ အိပ်မက်မှာ ထိုက်လိုက်ထင်ထင် ရင်ဖိုမှုန်းကြစရာတွေချည်း။

သူတို့နှစ်ယောက် မျက်နှာသစ်ပြီး အောက်ထပ်သို့ ဆင်းခဲ့ကြသည်။

သူတို့တည်းခိုနေသော အင်းလျားလမ်းတိုက်ရှင် ဦးဇံအောင်မိသားစုမှာ ဇော်ရဲမောင် မိဘများနှင့် စီးပွားဖက်ဖြစ်ရုံမက အပြန်အလှန် ကျေးဇူးခံကျေးဇူးဆပ်များ ရှိကြသော မိသားစုများ ဖြစ်၏။

ဦးဇံအောင်တို့ မိသားစု မန္တလေးလာသည့်အခါ ဇော်ရဲတို့ တိုက်ဘွင်ပင် တည်းခိုနေထိုင်ကြ၍ သွားလိုရာနေရာသို့ ဇော်ရဲမောင်ကိုယ်တိုင် ကားမောင်းပြီး လိုက်ပို့ပေးရသော ကြောင့် ဦးဇံအောင်မိသားစုနှင့်ပါ တရင်းတနှီးရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဇံအောင်က မန္တလေးသို့ တစ်လတစ်ခေါက်လောက် အမြဲ ရောက်သည်။

ဦးထိုက်စံနှင့် ဦးဇံအောင်တို့မှာ စီးပွားဖက်များဖြစ်ကြသည့် အလျောက် လုပ်ငန်းသဘောအရ ဆက်သွယ်မှုရှိကြသလို အကူး အသန်းလည်း မပြတ်ရှိကြသည်။

ဇော်ရဲမောင်တို့မှာ ဦးဇံအောင်တိုက်တွင် အားမနာ ပါးမနာ လွှတ်လွှတ်လပ်လပ်နေထိုင်နိုင်ခဲ့မှက ငွေရေးကြေးရေးပိုင်းတွင် လည်း အားမနာရ။ လိုသလို ဆွဲသုံးလို့ရသည်။ ဇော်ရဲမောင်၏ မိခင်ကြီးက သားအတွက် အာမခံချက်ပေးထားသည်။

တစ်ခုတော့ရှိသည်။ ဇော်ရဲမောင်နှင့် မင်းဘျော်ဦးတို့မှာ အဖြူနယ်သားများ ဖြစ်သော်လည်း အဖြူမစွဲကြ။ မန္တလေးနှင့် မိုးကောင်းလှုငယ်အတော်များများမှာ အဖြူ၏သားကောင် များ ဖြစ်ကြသော်လည်း သူတို့နှစ်ယောက်မှာမူ အဖြူနှင့် လွတ် ကင်းသည်။

ဘီသာကာ‌ဒကာ့ သူတို့အတွက် ယမကာစာရင်းမဝင်။ ရေတိ မြေသောက်သည့် ဖျော်ရည်အဆင့်လောက်ပဲ သဘောထားကြ သည်။ ဘီယာလောက်သောက်တာက ငွေကုန်ကြေးကျနည်း သည်။ လူကို အန္တရာယ်မပေး။ အဖြူက ငွေကုန်ကြေးကျများ သည်။ လူကိုလည်း အန္တရာယ်ပေးသည်။

အဖြူနှင့်ကင်းသည်ကိုပဲ သူတို့မိဘတွေက သူတို့ကို ပြန်၍ ကျေးဇူးတင်နေရသေးသည်။



ယခုခေတ်မိဘများမှာ အလွန်သနားစရာကောင်းသည်။ ပခုံး ထက်နှစ်သစ်မှ လူလားမြောက်အောင် ပြုစုကျွေးမွေးပညာအမွေ ပေးရသည်မှာ လွယ်သည်မဟုတ်။ ငွေကြေးချောင်လည်သူမိဘ များအတွက် မထောင်းသာသော်လည်း မရှိမရှား မိဘများ အတွက် ထောင်းသာနေသည်။

အဲ....ချစ်တီးခေါင်း သန်းရှာသလို ငွေရှာနေရသော မိဘများ မှာမူ မြစ်ပြင်ကျယ်ကို လက်ပစ်ကူးနေသည်သို့နှယ် ရှိပါချေ၏။

အဲသည်အထဲက သားသမီးတွေ ဖောက်ပြန်ဆိုးသွမ်းသောအခါ သနင်ငါးရာ ငါးကမ္ဘာကိုပင် မမှုချင်တော့အောင် ဖြစ်ရသည်။

ဇော်ရဲမောင်တို့လို စိန်သီး၊ ရွှေသီး၊ တိုက်ကြီးကြီးနှင့် နေနိုင်သူ မိဘများမှာ ပို၍ ပူပင်သောက၊ ကြောင့်ကြ၊ ဗျာပါဒ ဖြစ်ရသည်။

ငွေကို ရှာဖွေရယူခြင်းဟု သဘောမမူသေးသူ သားအတွက် အဖြူနှင့် ကင်းသည်ကိုပင် ကျိတ်၍ ကျေးဇူးတင်နေရသည်။

ဩော်....မိဘ....မိဘဟူ၍သာ။

ဇော်ရဲမောင် မိခင်ကြီး ဒေါ်အန္တမှာ ငယ်စဉ်ဘဝ ဆင်းရဲ တဲ့သလောက် အသက်ကြီးမှ ကံထူးပြီး သူဌေးမကြီးပေါ့ဟု များအသိအမှတ်ပြုခံရလောက်အောင် အဆင့်အနေသို့ ရောက် သော်လည်း အတွေးအခေါ် အကြားအမြင်အားနည်းသလို သူတမကြွယ်။

www.burmeseclassic.com

www.burmeseclassic.com



လိုသေးမရှိအောင် ပြည့်စုံနေသော်လည်း နဂိုအနေထက်မပို။

စိန်ဝတ်မလား၊ ပတ္တမြား ဝတ်မလား၊ သူများဝေးကြည့်ရလောက်အောင် အရည်အသွေးထိပ်၊ ကျောက်စိမ်းဝတ်မလား အပြည့်အစုံရှိသည်။

စိန်သီး၊ ရွှေသီးစကားထက်ပိုသော ပတ္တမြားသီးနိုင်၊ ကျောက်စိမ်းသီးနိုင်ပေမယ့် နဂိုအရှိဥဿဇယား နားကပ်ကိုပင် မက်မက်မင်မင်ဝတ်ပြီး ရိုးရိုးကြီးနေသည်။

မသွားမဖြစ်သော အသုအဘန်းနှင့် မင်္ဂလာဧည့်ခံပွဲရှိသောအခါ နဂိုကိုဖြုတ်၍ အပိုတွေဝတ်ရသည်။ သူများတွေဆို အပိုဝတ်ရမည့် ကိစ္စကို မျှော်သည်။ ဝတ်ရပြီဆိုလျှင် လည်ဘိုင်ကြော့ကြော့ ခေါင်းသာမော့မော့ရှိကြစမြဲ။

ဒေါ်အန္တကမူ မဝတ်မဖြစ်လို့ဝတ်သည့်ဘိုင် လည်ဘိုင်ကြော့ကြော့ ခေါင်းမမော့နိုင်ရှာ၊ စိတ်မော၍ အခနကျပ်ဖြစ်ရသည်။ ဒေါ်အန္တက အဲသည်လို အရိုးခံသမား၊ အရိုးကို အရွက်မဖုံးစေလိုသူပါ။

ရိုးလွန်းတော့ အ,ပမာစကားသို့နှယ် ရှိပါချေ၏။

ပြင်ပလောကနှင့် ကူးလူးဆက်ဆံမှုနည်းသည်။ ဥပုသ်နေ့မှ တစ်ပါး အပြင်ထွက်လေ့မရှိ။ အိမ်မှာ ခိုင်းရမည့်သူတွေ သုံးလေးယောက်ရှိပေမယ့် ဆွမ်းခံ ဦးပဉ္စင်းများအတွက် ဆွမ်းနှင့်ဟင်းကို ကိုယ်တိုင်ချက်ပြီး ကိုယ်တိုင်လောင်းရမှ ကျေနပ်သည်။



ဆွမ်းကိစ္စပြီးလျှင် ပုတီးနှင့်။

နဂိုက ဗဟုသုတ နည်းရသည့်အထဲ ပြင်ပလောကနှင့် အဆက်အဆံနည်းသောကြောင့် အကြားအမြင် အားမသန်။ ဒါကြောင့်လည်း သားဖြစ်သူပြောသမျှ ယုံလွယ်ပြီး ခေါင်းတညိတ်ညိတ်ရှိနေရသည်။

သားကလည်း တစ်မိပေါက်မှ တစ်ယောက်တည်း။

တုန်ခါနေအောင်ချစ်သည်။ သားပြောသမျှ ခေါင်းခါရိုးမရှိ။ သားက အကြောင်းအမျိုးမျိုးဖြင့် တောင်းလာလျှင် ငြင်းရိုးမရှိ။ မျှားလှချည်လား သားရယ်ဟု ပြောရိုးမရှိ။ လောက်ပါ့မလား၊ လိုသေးလားလို့သာ မေးရိုးရှိသည်။

အဲသည်လောက် အလိုလိုက်တာ။

သမီးတွေအပေါ် အထိန်းအကွပ် တင်းကျပ်သလောက် သားအပေါ်ကျတော့ အကွပ်မဲ့ကြမ်းသို့နှယ်။

ဖခင်ဖြစ်သူ ဦးဆိုက်စံကလည်း တစ်ဦးတည်းသော သားကို တုန်နေအောင်ချစ်သည်။ ဒါပေသိ အမေဖြစ်သူလောက်တော့ အထိန်းအကွပ်မရှိ၊ အလိုမလိုက်၊ စည်းဘောင်ထားပြီး အလိုလိုက်သည်။

မိခင်တိုင်းက သမီး မိန်းကလေးထက် သားယောကျ်ားလေးကို ပို၍ချစ်ကြသည်။

ဖခင်တိုင်းက မိမိသားကို မိမိ၏ မျိုးဆက်အဖြစ် သဘောထား၍ မိမိကဲ့သို့သော၊ မိမိထက်သာလွန်သော သားမျိုး ဖြစ်စေချင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ လိုလသေး မရှိအောင် ပြည့်စုံနေသော်လည်း သားဖြစ်သူ ယခုလို လတ်လျားလတ်လျား လုပ်နေသည်ကိုတော့ မကြိုက်။ ဘဝင်မကျဖြစ်နေသည်။ အလုပ်တစ်ခုခုလုပ်ဖို့ စကား စလိုက်တိုင်း အမေကြီးက ကာဆီး ကာဆီး ဝင်နေသည်။

သားလေး ငယ်ပါသေးတယ်၊ လူငယ်ဘဝ လွတ်လွတ်လပ်လပ် ပျော်ပျော်နေပါစေဦး၊ အချိန်တန်တော့လည်း မနေပါဘူး၊ လုပ်ပါလိမ့်မယ်။ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် နေပါစေဦး စသည်ဖြင့် ဝင်၍ တားနေသောကြောင့် ဦးထိုက်စံမှာ သူ ရည်ထားသော လုပ်ငန်း အစီအစဉ်ကို မစနိုင် ဖြစ်နေသည်။

သူ၏ လုပ်ငန်းအစီအစဉ်အတွက် မြေနေရာ အရောင်းအဝယ် ကိစ္စ မပြီးသေးသောကြောင့် စကားကုန်မပြောသေးဘဲ မြေနေရာ ကိစ္စကို ပြီးပြတ်အောင်လုပ်နေသည်။ မြေနေရာကိစ္စ ပြီးပြတ်လျှင် တိုက်ဆောက်ပြီး သူ စီစဉ်ထားသော လုပ်ငန်းကို စတော့မည် ဖြစ်၏။

ဦးထိုက်စံမှာ အစိမ်းဘုရင်ဟု ဆိုရလောက်အောင် ကျောက်စိမ်း လုပ်ငန်းကို ကျွမ်းကျင်သော်လည်း သားဖြစ်သူကိုမူ သူ၏ လုပ်ငန်းခွင်ထဲသို့ ဆွဲမသွင်း။ အဲသည်လုပ်ငန်းနှင့် မနီးစပ်စေခဲ့။

ကျောက်စိမ်း အရောင်းအဝယ်လုပ်ငန်းမှာ အလှည့်အပတ်၊ အလိမ်အကောက်၊ အရှုပ်အထွေးများနှင့် ရှုပ်ထွေးနေသည်။ အန္တရာယ်ကြောနှင့်လည်း အလွန်နီးသည်။



သူလို ကျောက်စိမ်းတောထဲမွေးပြီး ကျောက်စိမ်းတောထဲမှာ ကြီးပြင်းလာခဲ့ သူများပင် မျက်စိလည်ရသေးသည်ပဲဟာ၊ ခုသင်၊ ခုလေ့လာ၊ ခုလုပ်လို့တော့ ခံကြာဝက်ပါထဲက ဘယ်ထွက်လို့ ရလိမ့်မှာပ။

ခေတ်ကပြောင်းနေပြီ။ သူတို့ ခေတ်တုန်းကလို ကတိနှင့်သစ္စာ မတည်ကြည်ကြတော့။ ရတနာအရောင်းအဝယ် လုပ်ငန်းမှာ ကျွမ်းကျင်မှု အရေးကြီးသလို ကတိသစ္စာသည်လည်း အရေးကြီးသည်။ နောက်တစ်ခု အရေးပါသည်မှာ သိသာနှင့် သမာဓိ။

ခုခေတ်က ဒါတွေကို အလေးမပေးတော့၊ ကျောက်ကလေးနည်းနည်းပါးပါး ကြည့်တတ်ရုံနှင့် ထလုပ်သည်။ လိမ်ရောချ ရင်လည်း ဘာကိုမှမထောက်။

ပြီး သူတို့လုပ်ငန်းက တဖြည်းဖြည်း စည်းဝိုင်းကျဉ်းလာပြီ၊ ရှေ့ကို ပို၍ ကျဉ်းသထက် ကျဉ်းလာတော့မည်။ ဒါကိုတော့ ဦးထိုက်စံက ကြို၍မြင်နေသည်။

အဲသည့် အခြေအနေမျိုးမှာ သားဖြစ်သူကို သည်လမ်းကြောင်းပေါ်သို့ မြေမချစေချင်။

ဦးထိုက်စံက စိတ်ကြိုက် နေရာကောင်း တစ်ခုကို ရှာဖွေထားသည်။ အရောင်းအဝယ် ကိစ္စအတွက်လည်း ပြောပြီးပြီ။ ဈေးနှုန်းကိစ္စ အပြီးအပြတ်ပြောဖို့ပဲ ကျန်တော့သည်။

အားလုံး ကိစ္စဝိစ္စပြီးလျှင် သုံးထပ်တိုက်ဆောက်မည်။ အပေါ်နှစ်ထပ်ကို တည်းခိုခန်းလုပ်မည်။ အောက်ဆုံးထပ်မှာ နိုင်ငံခြား

www.burmeseclassic.com



ပစ္စည်းများ ရောင်းသည့် စတိုးဆိုင်ဖွင့်မည်။ လေ့လာသင့်ရာများကိုလည်း လေ့လာပြီးပြီ။ သူ စီစဉ်ထားသော လုပ်ငန်း ပြီးစီးလျှင် သူက စတိုးဆိုင်ကြီးကို ကြီးကြပ်လုပ်ကိုင်မည်။ သားဖြစ်သူကို တည်းခိုခန်းအား ကြီးကြပ်လုပ်ကိုင်စေမည်။

ဦးထိုက်စံမှာ ထိုသို့ အစီအစဉ်ရှိသောကြောင့် ဇော်ရဲမောင်ကို တင်းတင်းကျပ်ကျပ် မကိုင်သေးဘဲ ကြိုးရှည်ရှည်နှင့်လွှန်ပေးထားခြင်း ဖြစ်၏။

သို့တစေ၊ သားဖြစ်သူ၏ အသွားအလာ၊ အနေအထိုင်နှင့် လှုပ်ရှားမှုကို ကိုယ်တိုင် အကဲခတ် စောင့်ကြည့်ခဲ့သလို တပည့်တပန်းများကိုလည်း စောင့်ကြည့်စေခဲ့သည်။

သူတို့နှစ်ယောက် ရန်ကုန်သို့ ဆင်းလာကြသည်မှာ အိမ်ကခိုင်းသော ကိစ္စလည်း ပါသောကြောင့် တစ်ချက်ခုတ် နှစ်ချက်ပြတ် ပို၍ အဆင်ပြေနေသည်။

မင်းကျော်ဦး၏ အဖေ ဦးပန်းညွန့်က သူတို့ လုပ်ငန်းကိစ္စအတွက် အတွင်းရေး စာတစ်စောင်ကို ဦးထိုက်စံသို့ သားဖြစ်သူနှင့် ပို့ခိုင်းလိုက်ရာ ဦးထိုက်စံက ဦးဇံအောင်ထံသို့ အတွင်းရေးစာ ထပ်ဆင့်ပို့ရန် ဇော်ရဲမောင်ကို ရန်ကုန်သို့ လွှတ်ခဲ့ရာမှ အကြံသမား နှစ်ယောက် အတူတွဲ၍ ရောက်လာခြင်းဖြစ်၏။

အပြန်တွင် ဦးဇံအောင်ထံမှ စာပြန်ယူလာရမည်။ ထိုပြန်စာမရမချင်း သူတို့ ရန်ကုန်တွင် နေခွင့်ရှိသည်။



'မင်းတို့ ဆယ်ရက်လောက်တော့ အနည်းဆုံး နေရလိမ့်မယ်၊ မန္တလေးကို ဖုန်းဆက်လိုက်မယ်'

ဟု ပြောထားသောကြောင့် သူတို့အဖို့ တိုင်းရက်သည့်ပက္ကလာ၊ မိုးရွာတာနှင့် အဆင်သင့်ဆိုသလို နောက်ဆံတင်းစရာမလိုဘဲ သူတို့ကိစ္စကိုလုပ်ဖို့ အခွင့်အရေးရနေကြသည်။

ဦးဇံအောင်က လူငယ်တာဝ သွားလာနေကြသည်ကို အမေးအမြန်းမရှိ။ ပြဿနာပေါ်မည့်ကိစ္စမျိုး မလုပ်ဖို့ကိုသာ သတိပေးထားသည်။ သူတို့နှစ်ယောက်က ဒါရိုက်တာကြီးနှင့် တွေ့သော နှစ်ကြိမ်စလုံး သူငယ်ချင်းတစ်ယောက် သီချင်းခွေသွင်းမည့်ကိစ္စအတွက် အသံသွင်းစတူဒီယိုသို့ သွားရမည်ဖြစ်၍ ညဉ့်နက်မှ ပြန်မည့်အကြောင်း ကြိုတင်ခွင့်ပန်ခဲ့သည်။

သည်ခေတ်၊ သည်လိုအလှည့်ကလေးမျိုးကို ယောက်ျားလေးတွေသာမဟုတ်၊ မိန်းကလေးတွေပါ အလွန်တတ်ကြသည်။

လက်ဖက်ရည်သောက်ပြီးနောက် သူတို့နှစ်ယောက်အတွက်ပေးထားသော အခန်းသို့ ပြန်တက်ခဲ့ကြသည်။ ဒါရိုက်တာဆရာကြီးကို ငွေငါးထောင် သွားပေးရမည်ဖြစ်သောကြောင့် သူတို့၏ လက်ကျန်ငွေကို ပြန်လည်တွက်စစ်ကြည့်ကြရာ နှစ်ယောက်ပေါင်း တစ်သောင်းသုံးထောင်ကျော် ကျန်သေးသည်။

အဲသည်တော့ ငါးထောင်က ဘာအရေးလဲ။

ဆရာကြီးကိုပေးရမည့် ငွေငါးထောင်ကို သတ်သတ်ဖယ်ထား၍ သူတို့အသုံးစရိတ်အတွက် ငွေထောင့်ငါးရာယူပြီး ချိန်းဆိုထားသော နေရာသို့ ထွက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



၎င်းတို့နှစ်ယောက် တိုင်ပင်လာကြသည်မှာ ဒါရိုက်တာဆရာကြီး၏တပည့်ဆိုသူ ထွန်းအေး၊ အောင်ခိုင်တို့နှင့်တွေ့လျှင် သူတို့ဖြစ်စေချင်သည့်များကို ဆရာကြီးကို ပြောပေးဖို့ ပြောမည်။ လိုအပ်သော ငွေရေးကြေးရေးကိစ္စကို သူတို့က တာဝန်ယူမည့် အကြောင်းလည်း ပါသည်။ ဆရာကြီးနှင့် ထပ်တွေ့လိုကြောင်းလည်း ပြောမည်ဟု တိုင်ပင်သွားကြသည်။

ထွန်းအေးတို့နှင့် ချိန်းဆိုထားသည်မှာ သမ္မတဟိုတယ်တွင်။

ချိန်းထားသော အချိန် စောနေသေးသောကြောင့် သူတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးသို့ ဝင်မိကြသည်။ အကြောင်းအထူးရှိ၍တော့မဟုတ်၊ သူတို့လိုချင်သော ပစ္စည်းကလေးများ တွေ့လိုတွေ့ငြားနှင့် ဟိုပတ်-သည်ပတ် လျှောက်၍ အချိန်ဖြုန်းရန်ဖြစ်၏။

ဗိုလ်ချုပ်ဈေးမှာက ဘယ်နေရာကိုကြည့်ကြည့် မျက်စိအားစရာတွေချည်း။ ဘယ်နေရာကို မျက်လုံးကစား-ကစား အကြည့်ခံအလှများနှင့်မလွတ်။ ရှင်အေးစရာ၊ ဘဝင်ငြိမ့်စရာအကြည့်ခံများမှာ နေရာမလပ်ရှိသည်။

သက်မဲ့အကြည့်ခံ၊ သက်ရှိအကြည့်ခံတွေလည်း ပေါမှပေါ။ သက်ရှိထဲမှာ ဟိုဒင်း-ဟိုဟာလေးတွေကလည်း များမှများ။ ဒါကြောင့်လည်း သူတို့နှစ်ယောက်က နာရီဝက်ကျော်ကျော် အချိန်ဖြုန်းဖို့အတွက် ဗိုလ်ချုပ်ဈေးသို့ ဝင်ခဲ့ခြင်း ဖြစ်၏။

ဟိုလျှောက်၊ သည်ပတ်-ပတ်နေရင်းမှ သူတို့၏ ဒါရိုက်တာဆရာကြီးကို မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။ တစ်ယောက်တည်း



မဟုတ်၊ ကော့ပျံနေအောင် ဆင်ယင်ထုံးဖွဲ့ထားသော ကောင်မလေးနှစ်ယောက်နှင့် အသက်ကြီးကြီး အဒေါ်ကြီးတစ်ယောက်လည်း ပါသည်။

ဆရာကြီးက ကောင်မလေးတစ်ယောက်နှင့် အနီးကပ်တွဲလျက်။

ပုံမလာသူနှင့် ပုံပေါ်နေသူ နှစ်ယောက် အဲဒါ ယှဉ်တွဲလာတော့ ပုံမပေါ်သူက ပို၍ အရုပ်ဆိုးအကျည်းတန်နေသည်။ ပုံပေါ်သူက ထူ ထူးထင်ထင်ကြီး လှပနေသည်။

မလိုက်ဖက်သော အတွဲမို့လားမသိ၊ မျက်လုံးအစုံပေါင်းများစွာက သူတို့ဆီသို့ စူးရောက်နေ၏။ ဆရာကြီးကတော့ မေ့မေ့-မော့မော့၊ ကောင်မလေးကလည်း ဘယ်သူ့ကိုမှ မမှုသည့်ဟန်ဖြင့် သိမ်သောခါးနှင့် ဖွံ့သောတင်ကို လှုပ်၍၊ ခါ၍ စည်းချက်ညီညီ လျှောက်နေသည်။

သူတို့နှစ်ယောက်မှာ တစ်ယောက်ကို တစ်ယောက် လက်တို့၍ ဆန့်ကျင်ဘက်သို့ မျက်နှာမူလိုက်ရသည်။ ချိန်းဆိုထားသည့်အချိန် နီးကပ်နေပါပြီ။

ဆရာကြီးနှင့် အတူပါလာသူ သည်အရွယ် တင့်တင့်တို့အရွယ် နှစ်ယောက်၏ အလှနှင့် စိတ်ဝင်စားစရာရှိပသော လှုပ်ရှားဟန်များ လျှပ်တစ်ပြက် အမြင်တွင်ပင် ပေါ်လွင်သည်။

သူတို့နှင့် တွဲရမည့် မင်းသမီးလေးတွေများလားဟု၍လည်း စိတ်ကူးယဉ်လိုက်ရ၏။ ဒါတင်မက တမင်မဟုတ်ဘဲ အမှတ်တမဲ့

www.burmeseclassic.com



တွေ့လိုက်ရသောကြောင့် ဆရာကြီးမှာ အထင်ကြီးခံရမှု အမှတ်တိုးသွား၏။

ဒါရိုက်တာ ဆရာကြီးတို့အတွက်ကတော့ ဘာမှမဆန်း။ ဒါလောကက မိုင်နာ။ ပါချင်လွန်းလို့ ဗိုင်းဗိုင်းလည်နေသူတွေအများကြီး။ မင်းသမီးလို အဓိက ဇာတ်ဆောင်နေရာထားလို့ မင်းသမီးသူငယ်ချင်း အခန်းလောက်က နှစ်ခန်း သုံးခန်းလောက်ပါရရင် ကျေနပ်ပြီး ပေးဆပ်ရန် ဝန်မလေးသူတွေ အများကြီး။

သူတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးထဲမှထွက်၍ သမ္မတဟိုတယ်ဘက်သို့ ခြေဦးတည်လိုက်ကြ၏။

တီဗွီ မှန်သားပြင်ပေါ်၌ ရုပ်ပုံ ပေါ်လာစေသော ဖမ်းစားမှုကလည်း အစွမ်းထက်သလား မပြောနှင့်၊ ဆယ်ကျော်သက်အရွယ်တွေထားလို့ ဘိုးဘိုး၊ ဘွားဘွား တို့ကိုပင် ဖမ်းစားနိုင်စွမ်းရှိသည်။

ရုပ်ရှင်စကားနှင့်ပြောလျှင် နတ်ကြီးသည်။

တခြား မကြည့်နှင့်။ ဗွီဒီယိုပေါ်လာပြီးမှ အလှူအတန်းနှင့် မင်္ဂလာဆောင် သွားသည့် ပရိသတ်ကိုပဲကြည့်။



ဗွီဒီယိုအရှိန်အဝါ ဘယ်လောက် ကြီးမား လွှမ်းမိုးနိုင်စွမ်းရှိသည်ကို မျက်ဝါးထင်ထင် သိမြင်ရပါလိမ့်မည်။

အလှူအတန်းနှင့် မင်္ဂလာဆောင်မှာ ဗွီဒီယိုရိုက်မည့် အစီအစဉ်ပါလျှင် ရွှေပွဲလာ ပရိသတ် ပိုရှိစည်ကားသည်။ ဗွီဒီယိုရိုက်မည့်အစီအစဉ် မပါသော အလှူအတန်းနှင့် မင်္ဂလာဆောင်ကို သွားပုံမျိုးနှင့်မတူ။

ဝတ်စားဆင်ယင်မှု ထူးခြားသလို ခြယ်သ လိမ်းထုံမှုသည်း ထူးခြားသည်။ မှန်သားပြင်ပေါ်၌ ပေါ်လာမည့် မိမိ မျက်နှာနှင့် လိုက်ဖက်သော ရောင်စုံမိတ်ကပ် ခြယ်သမှုကို အထူးပြုလုပ်ရသည်။ အလှပြင်ဆိုင်သို့ သွား၍ ငွေ တစ်ရာ၊ တစ်ရာ့ငါးဆယ် အကုန်ခံရသည်။ ရှိပြီး အဝတ်အစားထက်ပို၍ ပေါ်လွင်မည့် အရောင်အသွေး ဝတ်စုံ အသစ်ချုပ်ရသည်။

အကြောင်းကတော့ မှန်သားပြင်ပေါ်မှာ ထူးထူးထင်ထင် အလှအပ ပေါ်လွင်စေဖို့။

ဒုက္ခအထွေထွေ၊ ငွေကုန်ကြေးကျအဖုံဖုံနှင့် မပြီးသေး။

ကိုယ်ထိုင်နေသော နေရာသို့ ဗွီဒီယိုကင်မရာ လှည့်လာမည်ကိုလည်း သတိထားပြီး ကြည့်ရသေးသည်။

ထိုင်ပုံထိုင်နည်း အချိုးကျအောင် ကြိုတင်၍ ပို့(စ်) ယူထားသလို မှန်ဘီလူး ကိုယ့်ဘက်အလှည့် ရသမျှသော စက္ကန့်ပိုင်း အချိန်ကလေးအတွင်း လျှပ်တစ်ပြက် အိုက်တင် ယူရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်သားပြင်ပေါ်၌ စက္ကန့်ပိုင်းမျှ ပေါ်လာမည့် ရုပ်ပုံလွှာအတွက် သည်လောက်တောင်ပဲလားဟု မဆိုပါနှင့်။ ထိုထက် မလျော့ပါ။ ပိုလျှင်သာ ပိုပါလိမ့်မည်။

တချို့ မကဲ၊ ဒေါ်ကဲများဆိုလျှင် အပြုံးအိုက်တင်၊ ခေါင်းခေါင်းငုံ့အိုက်တင်၊ ကိုယ်လုံးအလှည့်အပြောင်းအိုက်တင်ကို အိမ်မှာကတည်းက မှန်ကြည့်ပြီး ကျင့်သွားကြသည်အထိ ကဲကြသည်ဆိုလျှင် ယုံကောင်းမှ ယုံပါလိမ့်မည်။

မယုံမရှိပါနှင့်။ တကယ်ပါ။

ဒါတင် ပြီးပြီလားဆိုတော့ မပြီးသေးပါ။

ကိုယ့် ရုပ်ပုံလွှာပါမည့် အခွေကို ကြည့်ရဖို့ ကိုးစားရပြန်သည်။ ကိုယ်ပိုင် အောက်စက် အပေါ်စက်ရှိလျှင် အကြောင်းမဟုတ်။ မင်္ဂလာဆောင် ကာယကံရှင်တွေဆီက ငှားကြည့်လိုက်ရုံသာ။ ကိုယ့်ရုပ်ပုံလွှာကို တစ်ခါကြည့်ရုံဖြင့် အားမရလျှင် ကိုယ့်ရုပ်ပုံပါသော နေရာလေးကို ထပ်ပြန်တလဲလဲ ရစ်လိုက်၊ ကြည့်လိုက် လုပ်ရသေးသည်။

အားရပါးရ တဝတပြကြီး ကြည့်နိုင်သည်။

ငှားမရမှာ မကြောင့်ကြရ၊ ကာယကံရှင်တွေကလည်း လိုလိုလားလား ငှားချင်ကြသည်။ တစ်ရပ်ကွက်လုံး ပြုပြစ်အောင်ကို ကြည့်စေချင်ကြသည်။

ကြည့်စေချင်သို့လည်း ခလေးခြောက်ထောင်ကြီး အကုန်ခံပြီး ဗွီဒီယိုအခွေ ရိုက်ကြတာပ။



သူတို့အလှူ၊ သူတို့မင်္ဂလာဆောင် ဘယ်လောက် ခမ်းနားသည်၊ ရွှေပွဲလာ ပရိသတ် ဘယ်လောက်စည်ကားသည်၊ လက်ဖွဲ့ပစ္စည်းတွေ ဘယ်လောက်တောင်ရသည်၊ ဘယ်လိုပုဂ္ဂိုလ်ကြီးတွေလာကြသည်၊ နာမည်ကြီး အဆိုတော်တွေ ဘယ်သူ ဘယ်ဝါလာကြသည်၊ သူတို့၏ သားသမီးများ ဘယ်လောက် ချော၍ ဘယ်ပုံလှနေကြသည်။

အဲဒါတွေကို ဂုဏ်ယူဝင့်ကြွားစွာ ပြချင်ကြရုံမက နှစ်ဖက်မိဘတွေကိုယ်တိုင် စပါယ်ရှယ် ဝတ်ဆင်ထားသမို့ သတို့သမီး၊ သတို့သားများနှင့်အပြိုင် သူတို့၏ ရုပ်ပုံလွှာများကိုလည်း မြင်စေကြည့်စေချင်ကြသပေါ့။

လူ့ သဘောသဘာဝက ထိုသို့ပင် ရှိလေသတတ်။

အဲ–ကိုယ်ပိုင်စက်မရှိသူက စက်ရှိသူ ဘယ်သူ့အိမ်မှာပြမည်ကို နည်းနာရသည်။ပြရင် ပြောစမ်းပါအေဟု လက်တို့ထားရသည်။ သူတို့ကျတော့ထပ်ပြန်တလဲလဲကြည့်လို့မရ။ တစ်ခါပဲကြည့်ရမည်။

ကိုယ့်ရုပ်ပုံလွှာ ပါလာမည့် အကွက်တစ်ကွက်ကို မျက်တောင်မခတ် စူးစိုက်ကြည့်ရသည်။

အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် ကြည့်ရလိမ့်မည်ဆိုတော့ မထင်ပါလေနှင့်။

ဘယ်သူကတော့ဘယ်လို၊ ဘယ်ဝါကတော့ဘယ့်နှယ်။ သတို့သမီးက အပြင်မှာလှရက်သားနဲ့ ဘယ်လိုကြီး ဖြင်ထားပါလိမ့်။ သတို့သား အမေကလည်း သွားခေါ်ပါတယ်ဆိုမှ နှုတ်ခမ်းကို

www.burmeseclassic.com



မစေ့တော့ဘူး။ ရွှေက ပန်းကမ်းတဲ့ ကောင်မကလည်း နည်းနည်းပါးပါးများ ပြုံးပါဦးတော့လား။ ဟောဒေါ့၊ သည်လေးကဲ လူတွေအများကြီးရှေ့မှာ တစ်ယောက်နဲ့ တစ်ယောက် ရေခဲမုန့်ကျွေး၊ မုန့်တွေခွံ့နဲ့ ဘယ်လိုဟာတွေပါလိမ့်။ ကျုပ်တို့တော့ ခုမှပဲ တွေ့ဖူးတော့တယ်။

အဲသည်လို ဘုအံ့ဘုသြ အပြောများလည်း ကြားရလိမ့်မည်။

ရှေးရိုး ဆန်သူတွေနှင့်တော့ မျက်လုံးဘယ်ဘည့်ပါ့မလဲ။ သူ့ခေတ်နဲ့သူတော့လည်း နယူးဖက်ရှင်ပေါ့။

အမယ်လေးတော်၊ ပြင်လွန်းတော့ ချွန်းဆိုဘာ အဲဒါမျိုးပေါ့။ သူပြင်ထားတာက ဟိုဟာကြီးနဲ့ မတူဘူးလား ဆိုသည့်မျိုးလည်း ပါလိမ့်မည်။ ကိုယ်နှင့် သဟဇာတ မဖြစ်သူကို မှိုချိုးမျှစ်ချိုး ပြောလိုက်မည်။

မျက်ချေးဆိုတာ လူတိုင်းမှာရှိသည်။

သူများကိုဆိုသည်နှင့် ကိုယ့်ကိုယ်ကိုလည်း ဒါကိုတော့ သတိမူမိကြဖို့ လိုပါသည်။

တကယ်တော့ မင်္ဂလာဆောင် ဗွီဒီယိုအခွေများ ခေတ်စားလာသလို ဇာတ်လမ်း အခွေများကဲ့သို့ စိတ်ဝင်တစား ရှုကြသည်မှာ မင်္ဂလာဆောင်သို့ လာကြသော ရွှေပွဲလာ ပရိသတ်များကို မဟုတ်ဘဲ အခမ်းအနား အပြင်အဆင်၊ သတို့သား၊သတို့



သမီးနှင့် နာမည်ရ အဆိုတော်များ၏ တေးသံသာများကို စိတ်ဝင်စားကြသောကြောင့် ဖြစ်၏။

မင်္ဂလာဆောင် အခွေတွင် ပါရှိသော တေးသံသာ သီချင်းများမှာ ပရိသတ်၏အကြိုက်၊ ဟိတ် သီချင်းများကို နောက်ခံတေးသံသာအဖြစ် ထည့်သွင်းထားသောကြောင့် သောတအာရုံကို ခံစားရ၏။

သီချင်းအခွေ၊ ဇာတ်လမ်းအခွေ၊ အလှူအတန်း မင်္ဂလာဆောင်အခွေ စသော ရူပါရုံမြင်ကွင်းများကို ရိုက်ကူး ကြည့်ရှုသည်ကိုမူတော့ ပြောစရာ အကြောင်းမရှိပါ။ ပြောစရာအကြောင်းရှိသည်မှာ အနိဋ္ဌာရုံ၊ အသုဘ အခွေများ ရိုက်ကူးခြင်းပင်ဖြစ်၏။

သူတို့ဆီမှာ ရှိမရှိ၊ ရိုက်မရိုက်တော့ မသိ။ သည်မှာတော့ ရှိနေပါပြီ။ ရိုက်ကူးနေကြပါသည်။

လွန်တာပေါ့ဟု ဆိုရမည်သို့ ရှိပါချေ၏။

ဒါပေမယ့် ပြေငြိမ်၊ အသုဘအခွေကတော့ ငှားခ သုံးလေးငါးဆယ် ဈေးပေါက်သွားသည်။ ကျန်သော အသုဘအခွေများကိုတော့ သက်ဆိုင်ရာ မိသားစုကပဲ ကြည့်ကြလိမ့်မည်ပါ။

အလှကား ရသည့်တိုင်. ဖွင့်ကြည့်သူ ရှိအံ့မထင်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ရှိစေ၊ ဗွီဒီယိုကို စိတ်ဝင်စားကြ၍ လူအများအား ဖမ်းစားလွှမ်းမိုးမှု ထူးကဲနေပြီကိုမူ မငြင်းနိုင်ရာ။

ဇော်ရဲမောင်တို့လို ငွေယားလေးကိုင်ပြီး ဗွီဒီယိုမင်းသားဖြစ်ဖို့ မှုဆိုးကျော့ကွင်းထဲ တိုးဝင်နေသူတွေ အများကြီးရှိသည်။

ယောကျ်ားလေးတွေက ငွေပဲချော့သွားသည်။ မိန်းကလေးတွေကတော့....

[ ၅ ]

အမည်ခံ ဒါရိုက်တာကြီး၏ တပည့်နှစ်ယောက်မှာ ချိန်ဆိုထားသော သမ္မတဟိုတယ်နားသို့ ကြိုပြီးရောက်နေကြသော်လည်း ဟိုတယ်ထဲသို့ မဝင်သေးဘဲ အော်တိုကားထောင့်တွင် ရပ်၍ ဟိုတယ်ဝင်ပေါက်သို့ စောင့်ကြည့်နေကြသည်။

သူတို့က အရင် ဟိုတယ်ထဲသို့ ဝင်သောက်စားပြီးမှ အကြောင်းကြောင့် ဇော်ရဲမောင်တို့ရောက်မလာခဲ့သော် သူတို့ အိတ်ကပ်ထဲပါသမျှနှင့် မလောက်လျှင် ဒုက္ခလှလှကြီးတွေ့မည်မို့ မိုးသမားနှစ်ယောက် ရောက်လာပြီး ဟိုတယ်ထဲသို့ ဝင်သွားပြီးမှ သူတို့လိုက်ဝင်ရန် ဟိုတယ်ဝင်ပေါက်ကို လှမ်းမြင်နိုင်သော နေရာမှ စောင့်ကြည့်နေခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ အောင်ခိုင်နှင့် ထွန်းအေးတို့နှစ်ယောက်မှာ သမ္ဘာဟိုတယ်သို့ ဝင်၍စားသောက်နိုင်လောက်အောင် ငွေကြေးမပါ။ သည်နေရာမျိုးကို အသားထွက်မည့် သားကောင်မျိုးနှင့် တွေ့မှ ရောက်ကြသည်ပါ။

သူတို့ အမြဲထိုင်လေ့ရှိသည်က ပန်းဆိုးတန်းမှာ။

လက်ဖက်ရည်ထက် ရေနွေးကြမ်းကို အားပြု၍ ထိုင်ရသည်။ တစ်နေလုံးမှ တစ်ခွက်တောင် အနိုင်နိုင်။ အလုပ်ဖြစ်လာသူ အပေါင်းအသင်းရောင်းရင်းများနှင့် တွေ့သောအခါမျိုးတွင်သာ ရှယ်လေးသောက်ပြီး မွန်ထရီခဲနိုင်သည်။ သို့မဟုတ် လျှော်တိုင်ကီတစ်လုံးကို ဝေမျှချရသည်။

အောက်တိုကားထောင့်မှ စောင့်နေသူနှစ်ယောက် ခေါင်းထောင်သွားသည်။ သမ္ဘာရုံဘက်မှ ဟိုတယ်ဘက်သို့ ဆင်းလာသော ဇော်ရဲမောင်တို့နှစ်ယောက်ကို တွေ့လိုက်ရသောကြောင့်။

မျက်နှာကို တစ်ဖက်သို့လွှဲပြီး မိနစ်ပိုင်းအချိန် လောက် စောင့်လိုက်ရသည်။

ခဏကြာတော့မှ လမ်းကိုကူး၍ ဟိုတယ်ထဲသို့ ရင်ကော့ ခေါင်းမော့၍ ဝင်သွားကြသည်။

တစ်ယောက်ကိုတစ်ယောက် မဟုတ်ဘဲ၊ နှစ်ယောက်ကို နှစ်ယောက် နှုတ်ဆက်ကြပြီးနောက် လေးယောက်စု ဝိုင်းထိုင်လိုက်ကြသည်။



စားစရာသောက်စရာများ မှာပြီးနောက် ထွန်းအေးက သူတို့ဆရာကြီး မှာလိုက်သည်များကို ပြောပြသည်။

ကင်မရာအခက်အခဲ ရှိသည့်အတွက် အစီအစဉ်နှစ်ရက်လောက် နောက်ကျမည့်အကြောင်း၊ သည်ကနေ့ ငွေအကြေးမေးပြီး ရက်ချိန်းအတိအကျယူဖို့ စီစဉ်ထားသည့်အကြောင်းနှင့် သူတို့ဘက်က ပြင်ဆင်စရာများကို အဆင်သင့်လုပ်ထားဖို့အကြောင်း ပြောပြသည်။

‘မင်းသမီးရော အဆင်ပြေသလား ကိုထွန်းအေး’

‘ဆရာကြီးကိုယ်တိုင် ရိုက်လက်စကားမှာ ဒုတိယမင်းသမီးအဖြစ် တင်ပေးထားတဲ့ မင်းသမီးလေးယောက်က အဆင်သင့်ပါ၊ နာမည်က ပွင့်ဖြူတဲ့ နာမည်လှသလို လူလဲလှတယ် မောင့်ရင်ရ’

‘ဖြစ်နိုင်ရင် ကျွန်တော်က နာမည်ရပြီး စတားမင်းသမီးနဲ့မှ တွဲချင်တာ ကိုထွန်းအေးရ’

‘ဒါက နောက်ကိစ္စပါ၊ ခုဟာက စမ်းသပ်ရုံပဲဟာ၊ ဒါ့အတွက် စတားမင်းသမီးငှားရင် မောင်ရင်တို့ အကုန်အကျ များသွားမှာစိုးလို့ ဆရာကြီးက အခုလို စီစဉ်ရတာ၊ ခုတောင် ကင်မရာကို လိုချင်တဲ့ရက်ရအောင် ထုံးစံကြေးထက် အပိုကြေး အများကြီး ပေးရဦးမှာ’

‘ကင်မရာအတွက် ဘယ်လောက် ပိုပေးရမှာလဲ ကိုထွန်းအေး’

‘လိုချင်တဲ့ရက်ရဖို့ ငါးရာလောက်တော့ ပိုပေးရမှာပေါ့’

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ကင်မရာအတွက် အပြတ်ဖြတ်လိုက်စမ်းပါ၊ဟောဒီမှာ ငါးထောင်အပြင် ငါးရာ'

'ချူးဆီ' နည်းနည်းပဲ ထည့်ပေးလိုက်ရသည်။ ဒိုင်းခန်ကို နိုးတော့တာပဲဆိုတာ ဒါမျိုးပေါ့။

'ကျွန်တော်တို့ ဘာတွေ ပြင်ဆင်ထားရမလဲ ကိုထွန်းအေး၊ ဆရာကြီးနဲ့လဲ တွေ့ချင်သေးတယ်ဗျာ'

'နေဦး....နေဦး၊ မောင်ရင်တို့ ဆိုင်ကယ်စီးတယ်တယ်နော်'

'စီးတတ်ရုံဘင် မဟုတ်ဘူး ကိုထွန်းအေး၊ ဘယ်လိုပုံစံမျိုး ကြိုက်သလဲ ပြော၊ အကုန်ဖြစ်တယ်'

'ဒါဆို အိုကေပြီ၊ ဒါပေမယ့် ဆိုင်ကယ်နဲ့ ကားရဖို့ လွယ်ပါ့မလား'

'ဖြစ်ပါတယ် ကိုထွန်းအေး၊ ဒါတွေက မိုင်နာပါ'

ချူးဆီထည့်တိုင်း ဒိုင်းခန်ပဲ၊ တွန်းစရာမလို။

'ကျွန်တာ်ကတော့ မလိုပါဘူးလေ၊ မောင်ရင်တို့ အဝတ်အစား လေးငါးစုံစီ ထည့်သာဖို့ပဲ၊ ဒါတွေက မောင်ရင်တို့ဆီမှာ ရှိပြီးသားပါ'

'ကျွန်တော်တို့ ဆရာကြီးနဲ့ တွေ့ဖို့က'

'ဒီလိုလုပ်လေ၊ နက်ဖြန် ညနေ ငါးနာရီလောက် တွေ့ကြတာပေါ့၊ နက်ဖြန်ဆို ရက်ချိန်းလဲ တစ်ခါတည်း ရမှာပါ၊ အဲဒီတော့ ရှီးရှီးစားသောက်ဆိုင်တစ်ဆိုင်မှာ တွေ့ကြတာပေါ့၊ နို့မဟုတ်ရင် မောင်ရင်တို့ အကုန်အကျ သိပ်များနေလိမ့်မယ်'



'ရပါတယ် ကိုထွန်းအေးရာ၊ ဒါအတွက်....'

'မဟုတ်သေးဘူးလေ၊ ကိုယ်ပြောတာ ကိုယ့်သဘော မဟုတ်ဘူး၊ ဆရာကြီးက မှာလိုက်လို့ ပြောရတာ၊ ဆရာကြီးက မောင်ရင်တို့ သိပ်အကုန်အကျ များနေမှာကို မလိုလားဘူး၊ ကိုယ်တို့ သွားခဲ့တဲ့ နေရာတွေက အစားအသောက်ထက် အပို ဝန်ဆောင်စရိတ်တွေက များတယ်၊ ဆရာကြီးက ဖြစ်နိုင်ရင် သူ့အိမ်မှာ တောင် လုပ်ချင်တာ၊ ကလေးတွေ ဘာတွေနဲ့ ရှုပ်နေမှာစိုးလို့ အပြင်မှာ စီစဉ်ရတာ'

ပါးပါးလှီးရာတွင် ချည်ပြီး တုပ်ပြီး ကိုယ့်လက်ထဲ ရောက်နေသော သားကောင်ကို မနာမကျင်အောင် ညက်ညက်ညောညော လှီးနေသည့် အထာသဘော။ လှီးနေပါလျက် ကိုယ့်အသား ပါသွားသည်ကို ပါသွားမှန်းမသိအောင် လှီးသောနည်း။

အလိမ်ဝိဇ္ဇာ ဆရာကြီးများ၏ အဆိုပါနည်းနာများမှာ ဤသို့ပါ။

'မိမိကိုယ် မိမိ ယုံကြည်မှု အပြည့်အဝ ရှိပါ'

ဖြစ်ပါ့မလားဆိုသည့် သံသယစိတ်မျိုး လုံးဝမထားဘဲ ရဲရဲပြော၊ ရှီးရှီးလုပ်ပါ။

'လိမ်နေခြင်း မဟုတ်၊ အလုပ်သဘော ဆက်ဆံနေခြင်းဟု ပြက်ပြက်ထင်ထင် သဘောထားပါ'

www.burmeseclassic.com

www.burmeseclassic.com



အလိမ်ခံရမည့်သူက ကိုယ့်အပေါ် အထင်ကြီးလာအောင် ယုံကြည်မှု အပြည့်အဝ ရှိလာအောင် ပထမ လုပ်ပါ။

'မက်လုံးကို ဗုံးပေါလအော မပြပါနှင့်၊ မပေးပါနှင့်၊ ချေပြီး ပြပါ၊ ချေပြီး ပေးပါ'

ရဖို့နှင့် ယူဖို့ကို လောမကြီးပါနှင့်၊ အဆင့်ဆင့်ထားပြီး လုပ်ပါ။

'ကိုယ့်အပေါ် သံသယမဝင်အောင် အချိန်ယူပြီး ပိပိရိရိ လုပ်ပါ'

နှာနေ၊ ခွာနေသည်ကို နှာနေ၊ ခွာနေမှန်း မသိအောင် ညင်သာသော နည်းလမ်းများဖြင့် ဖြည်းဖြည်းချင်း လုပ်ပါ။

ရှရီဗိုးကွန်ကြီးခေါ် မဟာလူလိမ်ကြီးများသည် ဤနည်းလမ်းများထဲမှ တစ်စိတ်တစ်ဒေသကို လည်းကောင်း၊ အားလုံးကို သော်လည်းကောင်း အသုံးပြုမြဲ ရှိကြ၏။

ဒါကြောင့်လည်း 'ကျောချမှ ခေါ်ပြမှန်းသိ' ဆိုသော ပမာစကားမှာ အလိမ်ခံရသူများ သုံးလေ့သုံးထရှိသော ပါဒ်စကား အဖြစ်သို့ ပြောင်းလဲ နေပါချေပြီ။

ဟုတ်ပ။ စောစောသိ၊ စောစော ရိပ်မိလို့တော့ ဘယ်အလိမ်ခံရလိမ့်မှာပ။

အလိမ်ဝိဇ္ဇာကြီး ရျော့အေရွှန် ဆိုဖူးသည်မှာ ဤသို့....

'လောကကြီးမှာ လူအ,တွေချည်း ရှိနေတာ မဟုတ်ဘူးဗျ၊ ဒါပေမယ့် အ,တဲ့လူတွေ တစ်ပုံတစ်ပင်ကြီး ရှိနေတယ်၊ဒါကြောင့်လဲ ကိုယ်တို့ အလုပ်ဖြစ်နေတာပေါ့' ဟုဆိုပါ။



ရျော့အေရွှန်မှာ ခေသူမဟုတ်။ ဒုတိယကမ္ဘာစစ် မဖြစ်ခင်ခေတ်က အလိမ်ဝိဇ္ဇာ နေအေးဟူ၍ လိမ်နည်းမျိုးစုံဖြင့် နာမည်ကြီးသူ တစ်ယောက် ရှိခဲ့သည်။ စစ်ပြီး သည်ဘက်ခေတ်မှာ အလိမ်ဝိဇ္ဇာ ရျော့အေရွှန်ခေါ် မြင့်သိန်းဟာ စာတစ်စောင် ပေတစ်ဖွဲ့ မှတ်တမ်းတင်ရလောက်အောင် လိမ်နည်းပေါင်းစုံ အသုံးပြုခဲ့သောကြောင့် အလိမ်ဝိဇ္ဇာ ခေတ်သစ် နေအေးဘွဲ့ကို ရရှိခဲ့သူ ဖြစ်၏။

ရျော့အေရွှန်က ခေတ်ပညာတတ်။ အဖေက မျက်နှာဖြူ၊ အမေက မြန်မာ၊ သူက ဘိုကပြား၊ လူချော။

အင်္ဂလိပ်လို မှတ်နေအောင် ပြောတတ်သလို၊ မြန်မာစကားကိုလည်း မြန်မာစစ်စစ် တစ်ယောက်ထက်ပင် ပို၍ လည်လည်ပတ်ပတ် ပြောနိုင်သည်။ လေသံအေးအေးနှင့် နားထောင်သူ တစ်ဖက်သား ကျလောက်အောင် ပြောနိုင်စွမ်းသည်။

ဗဟုသုတလည်း ကြွယ်ဝသလား မမေးနှင့်။ ဘယ်ဘက်က စမ်းစမ်း၊ စမ်းချင်သည့်ဘက်က စမ်းလို့ရသည်။

ဒုတိယကမ္ဘာစစ် ဖြစ်လာသောအချိန်တွင် ဖခင်ကြီးနှင့်အတူ အိန္ဒိယသို့ ပါသွားပြီး အင်္ဂလိပ် ပြန်အဝင်တွင် အင်္ဂလိပ်စစ်တပ်နှင့်အတူ ပြန်ပါလာသည်။ သူ၏ရာထူးမှာ ဆူပဒါမေဂျာ ဖြစ်သည်။

ဒါပေမယ့် သူ့မှာ အင်္ဂလိပ်စစ်ဗိုလ်၊ ကပ္ပတိန်များ ဝတ်သော ရာထူး အမှတ်အသားများပါသည့် ဝတ်စုံတစ်စုံ ရှိသည်။

www.burmeseclassic.com



ကပ္ပတိန် ယူနီဖောင်းနှင့် ဂျော့အေရှန်မှာ အင်မတန် လိုက်ဖက်၍ ကြည့်လို့လည်း အလွန်ကောင်းသည်။

သူ၏ အလိမ်ဇာတ်လမ်းပေါင်းစုံကို ထိုစဉ်ကပင် စတင်ခဲ့၏။

'လူအ'တွေချည်း ရှိနေတာ မဟုတ်ဘဲ 'အ'တဲ့ လူတွေ အများကြီး ရှိနေသော လောကတွင် လိမ်ရသည်မှာ လွယ်လွန်းသောကြောင့် စစ်တပ်မှ ထွက်ပြီးနောက် တခြား ဘာကိုမှမလုပ်တော့ဘဲ လိမ်နည်းပေါင်းစုံ အသုံးပြု၍ ဘဝလမ်းကြောင်းကို လျှောက်လှမ်းခဲ့၏။

ဥပဓိရုပ်ကလည်း ကောင်း၊ အင်္ဂလိပ်လို ပြောမလား၊ မြန်မာလို ပြောမလား၊ စကားပြောကလည်း ကောင်း၊ ဟန်ပန် ဟိတ်ဟန်ကလည်း ကောင်း၊ ပရိယာယ်ဝေဝုစ်ကလည်း အလွန်ကြွယ်သမို့ သူနှင့် တွေ့လျှင် မကျသူမရှိ။

တစ်ခါလောက် စကားပြောမိလျှင် သူ့အား လုံးဝ အထင်ကြီးသွားမည်။ နှစ်ခါတွေ့လျှင် ယုံကြည်မှု အပြည့် ရှိသွားမည်။ သုံးခါတွေ့လျှင် သူက ထိုင်ဆို ထိုင်၊ ထဆို ထ ဖြစ်သွားမည်။

သူက အဲသည်လို လူမျိုး။

ဒါတွင်မက လက်မှတ်တု ထိုးရာတွင် အလွန်အမင်း တော်စွမ်းသည်။

သူ ထိုးလိုက်သော လက်မှတ်တုကို ကာယကံရှင် ကိုယ်တိုင်ပင် ခွဲခြမရဘဲ မိမိထိုးနေကျ လက်မှတ်ပါပဲဟု ဝန်ခံရသည်အထိ တော်စွမ်းသည်။



အလျဉ်းသင့်သဖြင့် ဤနေရာတွင် တစ်နိုင်ငံလုံး ဟိုးလေးတကျော် ဖြစ်သွားသော သူ၏ လုပ်ရပ်အကြောင်းကို ဖော်ပြရပါမည်။

မြန်မာနိုင်ငံ၌ ယနေ့ထက်တိုင် တစ်ခါဖူးမျှ မဖြစ်ခဲ့၊ မရှိခဲ့ဘူးသော ဖြစ်ရပ်ကြီးတစ်ခုကို ဂျော့အေရှန် သုပ်ခဲ့၏။

လွှတ်ဝရုမ်း အစစ်ပေါ်၌ တရားသူကြီး လက်မှတ်အတုကို ရေးထိုး၍ ရန်ကုန် ထောင်ကြီးထဲမှ ကြော့ကြော့မော့မော့လေး လွတ်မြောက်သွားခဲ့သူမှာ ဂျော့အေရှန်ပင် ဖြစ်၏။

ထိုစဉ်ကထုတ်ဝေသော သတင်းစာများတွင် သူ၏အကြောင်းကို အသားပေး ဖော်ပြခဲ့သောကြောင့် တစ်နိုင်ငံလုံး ဟိုးလေးတကျော် ဖြစ်သွားခဲ့၏။

အာဂ ဂျော့အေရှန်ဟု ပြောစမှတ်တွင်သွားခဲ့ရသည်နှင့်အတူ ရန်ကုန်ခရိုင် ရာဇဝတ်တရားသူကြီးရုံးနှင့် အကျဉ်းဦးစီးဌာနတို့တွင်လည်း ပြောင်းဆန်သွားခဲ့သည်။

ဂျော့အေရှန်ထိုးသည့်လက်မှတ်အတုမှာ အစစ်နှင့်ခွဲမရအောင် တူလွန်းနေသောကြောင့် ကာယကံရှင် တရားသူကြီးသည်ပင် မျက်စိလည်ပြီး နားဝေတိမ်တောင် ဖြစ်သွားရသည်။

သူကိုယ်တိုင်က ထိုးမပေးသောကြောင့်သာ သူ၏လက်မှတ်မဟုတ်ပါဟု ပြောဆိုနိုင်ခြင်း ဖြစ်၏။ လုံးဝ တူပါသည်ဟုတော့ ဝန်ခံရသည်။

www.burmeseclassic.com



အသတ်ဆွဲပုံ၊ အစက်ချပုံ၊ မင်လုံး အထူအပါး အဆက်ဆွဲပုံတို့မှာ မှောက်မြင်မဟုတ်တဲ့ ထင်ထင်လင်းလင်း ပေါ်လွင်စေသော မှန်ဘီလူးနှင့် ကြည့်သည့်တိုင် မတူပါဟု မဆိုနိုင်လောက်အောင် တူနေသည်။

စီ-အိုင်-ဒီက လက်ရေးလက်မှတ်ပါရဂူ ကိုယ်ဆိုင်ဖပ် လက်မှတ်အစစ်နှင့် အံ့သြလောက်ဖွယ်ရာ တူပါသည်ဟု မှတ်ချက် ရေးထား၏။

လက်မှတ်တူအောင်တဲ့၍ ထိုးနိုင်အညာ်ထက် လွတ်ဝခုမ်းပေါ်၌ လက်မှတ်တု ထိုး၍ ထောင်ထဲမှ ထွက်သွားနိုင်အောင် ဉာဏ်နီ၊ ဉာဏ်နက် ထုတ်သွား လုပ်သွားပုံမှာ ချီးကျူးစရာ မဟုတ်သော်လည်း ပြောစမှတ် ပြုစရာသို့ ရှိခဲ့၊ ဖြစ်ခဲ့ပါချေ၏။

ချီကျူးစရာမဟုတ်ဟု ဆိုရခြင်းမှာ ရာဇဝတ်မှုနှင့် လွတ်ကင်းရာသော ဒုစရိုက် လုပ်ငန်းများနှင့် ဆက်နွယ် ပတ်သက်သူများသည် ဘယ်လောက်ပဲ လည်ပတ်သည်ပတ် အယ်လောက်ပဲ လျင်လျှင်၊ဘယ်လောက်ပဲ ဉာဏ်နီ၊ဉာဏ်နက် တုတ်နိုင် ထုတ်နိုင်၊ အလှည့်အပတ် ဘယ်လောက်ပဲ တော်တော် နောက်ဆုံးတွင် ရာဇဝတ်ဘေး ပြေးမလွတ်။ သူတို့၏ နေရာမှန်ဖြစ်သော အချုပ်နှင့်ထောင်တွင်သာ နားခိုရစမြဲ ရှိပါလေ၏။

လည်လွန်း၊ လျင်လွန်း၊ ပါးလွန်း၊ နပ်လွန်း၊ ဉာဏ်နီ၊ ဉာဏ်နက် ထုတ်နိုင်လွန်းသော ဂျော့အေရှင်မှာ ထောင်ထဲမှ လွတ်မြောက်သွားနိုင်ခဲ့သော်လည်း ဘဝဇာတ်သိမ်း မကောင်းခဲ့



ဉပဒေနယ်ပယ်အတွင်း ရှောင်တိမ်း ပြေးလွှားနိုင်ရန် နည်းလမ်း ပြောင်းရပြီကို သိနေသူ ဂျော့အေရှန်မှာ သူ၏ ပြေးလမ်းကြောင်းကို ပြောင်းပစ်လိုက်၏။

ဉပဒေမဲ့သမား၊ သောင်းကျန်းသူ နယ်မြေသို့။

သောင်းကျန်းသူများ၏ ဖမ်းဆီးခြင်းကို ခံရပြီးနောက် ရန်သူ သူလျှိုအဖြစ် စွဲချက်တင်ခံရပြီး လူတစ်ယောက်၏ အသက်ကို ပရွက်ဆိတ်လောက်မှ တန်ဖိုးထားလေ့ မရှိသော သောင်းကျန်းသူတို့၏ သေနတ်ပြောင်းဝ၌ ဇီဝိန်ချုပ်သွားခဲ့ရ၏။

ဉပဒေကို ဆန့်ကျင်ဘက် မျက်နှာမူသူတို့၏ လမ်းကြောင်းသည် ဘယ်တော့မှ မဖြောင့်ဖြူး။

သမ္မတဟိုတယ်၌ စားသောက်ပွဲ ထိုင်နေကြသော သူငယ်ချင်းသားယောက်၏ဝိုင်းမှာ စိုပြည်နေသည်။ အပေးအယူ မျှတနေကြသည်။

ပိုးသမားနှစ်ယောက်က သူတို့ဖြစ်စေချင်သည်များကို ပြောပြီး ထွန်းအေးတို့နှစ်ယောက်က မဖြစ်စကား မပြောဘဲ အဖြစ်

www.burmeseclassic.com



စကားတွေကိုသာ တွင်တွင်ကြီးပြောပြီး ပိုးသမားနှစ်ယောက် အကြိုက် အထာတွေ တစ်လုံးပြီးတစ်လုံး ပစ်သွင်းပေးနေကြသည်။

ရုပ်ရှင်လောက၊ ဗွီဒီယိုလောကမှ အကြောင်းရပ်အထွေထွေမှာ စိတ်ဝင်စားစရာတွေချည်း၊ အပြောကောင်းရင် ကောင်းသလောက် နားမငြီးသလို၊ အပြောပိုင်ရင် ပိုင်သလောက် နားယောင်ရသူ ငိုင်ရသည်။

ဇော်ရဲမောင်တို့က သည်လောက အကြောင်းကို တို့ထိ တို့စလောက်ပဲ ကြားဖူးနားဝရှိသည်။ ထည်ထည်ဝင်ဝင် ခြေခြေမြစ်မြစ် မသိသမို့ ထွန်းအေးနှင့် အောင်ခိုင်တို့၏ အာလူးခင်းထဲမှာ ပျော်မွေ့နေကြသည်။

အဖြူကိုပင် ခွက်မှန်မဆွဲနိုင်သူ ထွန်းအေးတို့က ရနံ့သင်းသင်း အဝေရာ လျှာပေါ်သို့ အဖြတ် အသန်းများသလောက် လျှာသွက် အာသွက် ဖြစ်နေကြသည်။ အပေးအယူ တည့်နေကြသည်။

သူတို့ဝိုင်းမှာ ကြည်သာနေသလောက် ဗိုလ်ဆွန်ပက်လမ်း လက်ဖက်ရည်ဆိုင် တစ်ဆိုင်၏ တစ်ခုသော စားပွဲဦးဆိုင်နေသူ တစ်ယောက်မှာမူ မကြည်မသာ ဖြစ်နေသည်။

သုန်မှုန်သော မျက်နှာထားဖြင့် နာရီတကြည့်ကြည့် ဖြစ်နေသူမှာ ရင်တွင်း ဒေါသူပုန်ထနေသည်။



ဒါရိုက်တာကြီးက ငွေငါးထောင်အတွက် စိတ်တစောစောဖြစ်နေသလို စိတ်အရမ်းလှုပ်ရှားနေသည့် သွင်ပြင်မှာ သူ၏ မျက်နှာတွင် အထင်းသား ပေါ်နေသည်။

ငွေရ,ရချင်း အမြန်ပြန်လာဖို့ မှာလိုက်သော်လည်း သူ၏ အပည့်အမည်ခံ တွဲဖော်နှစ်ယောက်မှာ တစ်နာရီ ကျော်သွားသည့်တိုင် ပြန်ရောက်မလာကြသေး။

ဇော်ရဲခမောင်တို့ နှစ်ယောက်ပဲ မလာလို့လား၊ ဒါမှမဟုတ် ငွေရပြီး တွဲဖော်နှစ်ယောက် တခြားလမ်းကြောင်းသို့ သဝေထိုးသွားရှိလား၊ သူ့အပေါ် ဖြတ်ရိတ်လှုပ်ပြီး ပတ်သွားပြီလား၊ အတွေးစဉ် အမျိုးမျိုးဖြင့် နေမထိထိုင်မသာ ဖြစ်ပြီး စိတ်ထယောက်ကယက် ဖြစ်နေသည်။

သူတို့ လောကသားတွေကလည်း ငွေနှင့်ပတ်သက်လာလျှင် စိတ်ချရသူများမဟုတ်။ သူကိုယ်တိုင် အပါအဝင် လက်ကိုင်လေး ရှိလာလျှင် ဝိုင်းကိုစိတ်ရောက်သွားစမြဲ ရှိကြ၏။

ရုပ်ရှင်လောကသား တော်တော်များများမှာ တစ်ခုခုရိုက်နေရမှ နေသာထိုင်သာ ရှိသူတွေပါ။ ရုပ်ရှင်မရိုက်ရလျှင် ဖဲရိုက်နေရမှ။

ရုပ်ရှင်ရိုက်ကွင်း၌ ခဏနားချိန်မှာပင် တစ်ဝိုင်းနှစ်ဝိုင်းလောက်တော့ မဖြစ် ဖြစ်အောင် လုပ်လိုက်ကြသေးသည်။

ဗွီဒီယိုကျတော့လည်း ထိုနည်းလည်းကောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင် ခေတ်ကောင်းနေတုန်းကများ နာမည်ကြီး မင်းသား မင်းသမီးတွေ ဒိုင်းဖွဲ့ပြီဆိုရင်တော့ ဒါရိုက်တာကြီး ခေါင်းကုတ် ရသလို၊ ပရိုဂျူဆာခေါ် ထုတ်လုပ်သူများလည်း မျက်လုံးပြူး ရသည်။

ဒါရိုက်တာများက ကာဝ်မရောခင်းတို့၊ ဇာတ်ပို့ဇာတ်ရံတို့၊ စ အဖွဲ့သားများကိုသာ ဟောက်ရဲတာ၊ နိုင်တာ၊ နာမည်ကြီး မင်း သား၊ မင်းသမီးတွေကျတော့ ဟောက်ဖို့နေနေသာသာ စကား တောင် မာမာထန်ထန် မပြောရဲ။ ဖင်တမှုံ့မ ချော့နေရသည်။

ရှူတင်ကို ဖျက်နိုင်တာက နာမည်ကြီး မင်းသား၊ မင်းသမီး တွေပါ။

ဒါရိုက်တာက ရှူတင်ဖျက်ရိုး ထုံးစံမရှိပါ။ တစ်ခါတစ်ရံ ပ ဂျူဆာနှင့် အဆင်မပြေလျှင် ပညာပြတာမျိုးတော့ လုပ်လေ့ရှိ သည်။ အဲဒီအခါမျိုးမှာသာ ရှူတင်ဖျက်တတ်သည်။

ဒိုင်စား၊ ဒိုင်လျော်ဆိုသော ဖဲသမား ဝေါဟာရမှာ ရုပ်ရှင် လောက၌ အသုံးတွင်ကျယ်သော ဝေါဟာရတစ်ခု ဖြစ်၏။ ထို ဝေါဟာရမှာ သူတို့ လောကသားများအတွက် ဖဲရိုက်နေစဉ် သုံးသော ဝေါဟာရမဟုတ်ပါ။ လုပ်ငန်းခွင်၌ အသုံးလေ့ရှိသော ဝေါဟာရဖြစ်၏။

ဒိုင်စား၊ ဒိုင်လျော်။



ဆုသီဥတုကြောင့်ဖြစ်စေ၊ မင်းသားမင်းသမီး ပညာပြလို့ဖြစ် စေ၊ အခြားသော အကြောင်း တစ်ခုခုကြောင့်ဖြစ်စေ၊ ရှူတင် ပျက်လျှင် 'ဒိုင်လျော်' သည်ဟု ပြောကြ၍ ရိုက်ကွင်းမှာ အဆင် ချောပြေပြီး ရိုက်ချက် ပေများများကျလျှင် 'ဒိုင်စား' သည်ဟု ပြောကြ၏။

ရှူတင်ပျက်လျှင် ထိုတစ်နေ့တာ ကုန်ကျစရိတ်အားလုံးကို ဇာတ်ကား ထုတ်လုပ်သူ ပရိုဂျူဆာက ခံရ၏။ အဆင်ချော ပြေပြီး ပေများများကျလျှင် ပရိုဂျူဆာ စားသာသွား၏

မင်းသမီး စိတ်ကောက်ပြီး တစ်ခုခုကို အလိုမကျပြီဆိုလျှင် ပညာပြမည်၊ ပညာပြပုံမှာ ယဉ်ယဉ်ကလေးမို့ ဒါရိုက်တာရော၊ ပရိုဂျူဆာပါ မည်သို့မျှမတတ်နိုင်။ ပြောလည်း မပြောသာ။

စိတ်အလိုမကျပေမယ့်၊ ကိုယ်အလို ခေါင်းညိတ်လိုက်ရ၏။

'ဟိုဟာပေါ်လာလို့ ဆိုသည်ကို၊ ပြဇာတ်မပေါ်ဦးလို့မှ ပြောလို့ မဖြစ်တာကိုး'

မမှတာကိစ္စဆိုတာက ဘွေးမဆုံးမချင်း ပေါ်သည်။ လာချင် သည့်အချိန် လာသည်။ တချို့က နည်းနည်းချင်း၊ တချို့ က ဒလဟော။

ရိုက်ကွင်းပေါ် ရောက်မှ ပေါ်လာလို့ဆိုလျှင် ပြန်ပို့ပေတော့လို့ ပြောရုံမှတစ်ပါး အခြားမရှိပါလေ။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားကျတော့ ယိုအိမ်ကို နှစ်ခါလောက် အပြေးပြပြီး ဝမ်းတွေ ဒလဟော ဖြစ်ကုန်ပြီဟု ပြောလာသည်ကို ထိန်းထား ပါဦးလို့ ဘယ်ပြောလို့ ဖြစ်မှာပါ။

အိမ်သို့ အမြန်ပြန်ပို့ရုံမှတစ်ပါး အခြားမရှိပါလေ။

အဲသည်လို ဂျိုဂျူဆာနှင့် ဒါရိုက်တာတို့ ကသိကအောက် ဖြစ်ရသော ရုပ်ရှင်အထာများ၊ ဗွီဒီယိုလောကသို့ ဆက်နွယ် တွဲစပ်ပါလာသည်ကို ဘယ်သို့လျှင် ဆန်းသည်ဟု ပြောရလိမ့်မှာပါ။

ဖြစ်ရိုးဖြစ်စဉ်ဟု သဘောမူရမည်သာပါ။

တွဲဖော်နှစ်ယောက် ငွေငါးထောင်ယူ၍ ပြန်လာမည်ကို စောင့်မျှော်နေသူ ဒါရိုက်တာကြီးမှာ ဖင်တကြွကြွ ဖြစ်နေ သည်။

တွဲဖော်နှစ်ယောက် စိုင်းတစ်ဝိုင်း ဝိုင်းသို့ ရောက်သွားမည် ကိုလည်း စိုးရိမ်သောက ဖြစ်နေရပါသည်။

ကိုယ်လူတွေအကြောင်း ကိုယ် အသိဆုံးမို့ သမ္မတဟိုတယ် သို့ လိုက်ရန် ထိုင်ရာစားပွဲမှ ထ လိုက်၏။

ထိုစဉ်မှာပင် တွဲဖော်နှစ်ယောက် ဆိုင်ရှေ့သို့ ရောက်လာ သည်ကို တွေ့လိုက်ရသောကြောင့် ခပ်တည်တည် ပြန်ထိုင်လိုက်ရ သည်။ ထင်သလိုမဟုတ်သောကြောင့် မကျေနပ်ရိပ် လွှမ်းထင် နေသော မျက်နှာကို အပြုံးမျက်နှာသို့ ချက်ချင်း ပြောင်းပစ် လိုက်ရ၏။



မင်းသား မင်းသမီး၊ သရုပ်ဆောင်များကို အမူအရာ သင် ပေးနေသူ ဒါရိုက်တာကြီးပဲဟာ၊ ဒါလောက်တော့ ဖြစ်မှ ဖြစ် ပေါ့။

စားပွဲပေါ်သို့ တင်လိုက်သော အထုပ်ပုံစံကို ကြည့်ရုံဖြင့် သူ၏ မျက်နှာမှာ ပြုံးဖြီးဖြီးကြီး ဖြစ်သွားသည်။ ဘာတွေလဲကွဟု မေးစရာမှ မလိုတော့။

ဘာတွေပဲဆိုတာကို အပွေးမြင် အပင်သိ ဆိုဘိသို့ သိလိုက် ပါပြီ။

'မောင်ရင်တို့ကလဲ ကြာလိုက်တာ၊ ဘယ့်နှယ်လဲ အဆင်ရော ပြေရဲ့လား'

'ပြေသမှ သိပ်ပြေတာပေါ့ ကိုဦးရာ၊ ဒါကြောင့် ကြာသွား တာပေါ့'

'ငနဲလေး နှစ်ယောက် အခြေအနေကရော'

'အိုကေမှာပြနေတယ်၊ သွင်းပေးစရာတွေ အားလုံး သွင်း ပေးခဲ့ပြီးပြီ၊ ကိုဦးအကြောင်း အမိကထားရတာပေါ့'

'သူတို့က ဘာပြောသေးသလဲ'

'ထုံးစံအတိုင်း သူတို့ ဖြစ်ချင်တာတွေ ပြောတာပေါ့၊ သူတို့ ဖြစ်စေချင်တာလေးတွေ လုပ်ပေးလိုက်ရင် နောက်ပိုင်း မျက်စားပဲ ဦးရေ'

www.burmeseclassic.com

www.burmeseclassic.com



သန်းဘက်ခါတွေ့ဖို့ ချိန်းခဲ့သည့်အကြောင်း၊ ခနောက်ထုပ် တစ်ခုး ဘော်ခုခဲ့သော ထွက်လာဖို့ရှိသည့် အကြောင်း၊ ဆိုင်းကယ်အခန်းနှင့် ဂစ်တာတီးသည့်အခန်းပါဖို့ အဓိကအပြောရ မည့် အကြောင်း စသည် စသည်များ ပြောပြီးနောက် ငွေ ငါးထောင်ကို ဒါရိုက်တာကြီးလက်ထဲသို့ အပ်လိုက်၏။

ငွေငါးထောင်အနက် နှစ်ထောင်ကို လုပ်ငန်း အသုံးစရိတ် အတွက် ဖယ်ထားလိုက်ပြီး၊ ကျန်သုံးထောင်ထဲမှ သူ့အတွက် ထောင့်ရှစ်ရာနှင့် သူတို့နှစ်ယောက်အတွက် ထောင့်နှစ်ရာ ခွဲပေး လိုက်သည်။

အောင်ခိုင်နှင့် ထွန်းအေးတို့ နှစ်ယောက် မကြည်မသာ ဖြစ် သွားကြသည်။

'ဘာလဲ၊ မောင်ရင်တို့က မကျေနပ်လို့လား'

'မကျေနပ်တာ မဟုတ်ပါဘူး ကိုဦးရ၊ ကိုဦး တစ်ဝက်ဆို ကျွန်တော်တို့ နှစ်ယောက် အတွက်လဲ တစ်ဝက်ဖြစ်သင့်တာပေါ့၊ နှစ်ယောက်တည်းကလဲ ဝိုင်းသုံးမှာပဲဥစ္စာ'

'ကဲ ဒါဖြင့် ရော့၊ သုံးရာ'

သူတို့အထာတွေက အဲသည်လို၊ သားကောင် အပေါ်သာ ခုတ်သည်မဟုတ်၊ မုဆိုးအချင်းချင်းလည်း ခုတ်ကြသည်။

လုပ်ဖော်ကိုင်ဖက်ချင်း ပေးစရာရှိ တစ်ခါတည်းပေးလိုက် ပေါ့၊ သည်လိုမဟုတ်၊ မသိမသာလေး ဖြတ် ရိတ် လိုက်သေး



သည်။ ထွန်းအေးတို့ကသာ မပြောရင် သူ၏ အိတ်ထဲသို့ ငွေသုံး ရာ အပိုသွင်းမည်။ ပြောလာတော့မှ ထပ်ပေးလိုက်သည်။ သူတို့ အထာက သည်လိုမျိုး။

'ပုလင်းတွေတော့ ကိုယ်ယူသွားမယ်၊ ညနေ အိမ်လာခဲ့ကြ ပေါ့၊ ဘဲငန်းသား ချက်ထားမယ်၊ မောင်ရင်တို့ကို ကိုယ်က ကျွေးမှာပါ'

'ကျွေးရမှာပေါ့ ကိုဦးရယ်၊ ကိုဦးက အမွှားသမားပဲဟာ'

'ထွန်းအေး၊ မင်း ရိတိတိမလုပ်နဲ့နော်၊ ငါနဲ့ အိုးစားကွဲ သွားလိမ့်မယ်'

'ကိုဦးကလဲ၊ ဒီလောက်ကလေးပြောတာများ'

'ကဲ...ကဲ...သွားကြမယ်၊ ငါက ကင်မရာအတွက် နေ့တွက် ပေးပြီး ရက်ချိန်းယူရဦးမှာ'

ကလေးလေးကအစ၊ လူရွယ်လူလတ် အရွယ်အလယ်၊ အဘိုး အဘွားတို့ အဆုံး အားလုံး တီဗွီ၊ ဗွီဒီယိုကိုကြိုက်နှစ်သက်ကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗွီဒီယိုမပေါ်ခင်ကပင် တီဗွီကို ကြိုက်နှစ်သက်ကြသည်။ ငွေပို ငွေလျှံ ရှိသူကလည်း ဝယ်သည်။ ငွေပိုငွေလျှံ မရှိသူကလည်း ရွှေရောင်းပြီး တီဗွီဝယ်သည်။ လက်ဝတ်ရတနာကို မက်မက်မင် မင် ဝတ်ဆင်ကြသော အမျိုးသမီးများသည်ပင် တီဗွီပေါ်လာ တော့ ရွှေထက် တီဗွီကို ပို၍ မက်မင်ကြသည်။

ရောင်စုံ မတတ်နိုင်သူများက အဖြူအမည်းပဲ ကြည့်ရ ကြည့်ရ ဝယ်ကြည့်ကြသည်။ ရောင်စုံ တတ်နိုင်သူများက ဆယ့်လေး လက်မထက် ဆယ့်ရှစ်လက်မ၊ နှစ်ဆယ်လက်မ နှစ်ဆယ့်တစ်လက်မ ကို ပို၍ကြိုက်ကြသည်။

အလွန် အလွန် တတ်နိုင်သူများနှင့် နိုင်ငံခြား အဆက် အသွယ်ရှိသူများကမူ နှစ်ဆယ့်ရှစ်လက်မ အထိ မှာကြည့်ကြ သည်။

ယခုနောက်ပိုင်းတွင် ဆယ့်လေးလက်မမှာ လုံးဝ ခေတ်မစား တော့၊ ဆယ့်ရှစ်လက်မကလည်း လူမကြိုက်၊ လူကြိုက်အများ ဆုံးမှာ နှစ်ဆယ့်တစ်လက်မ။

ဗွီဒီယိုပေါ်လာတော့ ဆယ့်လေးလက်မ၊ ဆယ့်ရှစ်လက်မက အလုပ်မဖြစ်တော့။ နှစ်ဆယ်၊ နှစ်ဆယ့်တစ်လက်မမှ အလုပ်ဖြစ် သည်။

တီဗွီ၊ ဗွီဒီယို အခေါ်အဝေါ်မှာ မူလ အင်္ဂလိပ်စကားလုံး အတိုင်း အခေါ်အဝေါ်ပြုကြခြင်း ဖြစ်၏။



ဒါကလည်းမဆန်းပါ။ ရုပ်ရှင်မှာလည်း ယနေ့အထိ အင်္ဂလိပ် စကားလုံးမှ တိုက်ရိုက် အခေါ်အဝေါ်များကို သူ့အတိုင်းပဲ သုံးနေကြဆဲ။ မှန်သားပြင် ရုပ်ရှင်မှာလည်း ထိုအတိုင်းသာပင် ခေါ်ဝေါ်သုံးစွဲလျက်သာ။

'ဒါရိုက်တာ'

'ကင်မရာ'

'ကင်မရာမှင်း'

'ကလက်'

'စလက်ရိုက်သည်'

'နက္ကတစ်ဖလင်'

'ပေါ့စတစ်ဖလင်'

'ဆောင်းဖလင်'

'ဆောင်းထရန်စဖာ'

'တိုက်ဘာယ် (လ်)'

'စတေ'

'စတေပုံရိုက်သည်'

'ဒါဗင်လုပ်သည်'

'ဘက်ဂရောင်းမြူးဇစ်'

www.burmeseclassic.com

www.burmeseclassic.com



'ကာတ်ခွဲသည်'

'ဆင်းစီရီယာ'

'ဆယ်ဖ်ဂျက်'

'မစ်(စ)လုပ်သည်'

'အိုဗာချာ'

'ရှူတင်'

'အင်ဒိုးရှူတင်'

'အောက်ဒိုးရှူတင်'

'ထရိုင်ရှိုး'

'ပရက်(စ်)ရှိုး'

'အိုဗာကလက်ဇွန်းဆွဲသည်'

'ဆာဗီကျူ'

စသော အသုံးအနှုန်း၊ အခေါ်အဝေါ်များကို အင်္ဂလိပ်စာမတတ်သော ရုပ်ရှင်မင်းသားများကလည်း သုံးစွဲကြသည်။ နားလည်ကြသည်။

ရုပ်မြင်သံကြားဆိုသည်ထက် တီဗွီဟု ပြောပေမယ့် ပို၍ အာတွေ့သည်။ ဗွီဒီယိုမှာမူ အခြားအခေါ်အဝေါ် မရှိ၊ ဗွီဒီယိုဟူ၍သာ ခေါ်ဝေါ်ကြသည်။



ဗွီဒီယိုနှင့် ဆက်နွယ်သုံးစွဲသော စကားလုံးမှာ အင်္ဂလိပ်တစ်ဝက်၊ မြန်မာတစ်ဝက်။

'ရိုးထိုးသည်' ဟူ၍ ဖြစ်၏။

တီဗွီနှင့် ဗွီဒီယို စိတ်ဝင်စားသူများတွင် နှစ်မျိုးနှစ်စား ရှိ၏။

တစ်မျိုးက ကြည့်ဖို့။

တစ်မျိုးက ဖန်ဖို့။

တီဗွီမှန်သားပြင်ပေါ်မှာ သုံးလေးမိနစ် သီချင်းဆိုရဖို့၊ မိမိ၏ ရုပ်ပုံလွှာပေါ်ဖို့၊ အဝတ်အစားဖိုး အပါအဝင် အကျွေးအမွေး အပေးအကမ်းစရိတ် သုံးလေးထောင် အနည်းဆုံး ကုန်သည်။

နေရာတကာမှာ အပိုဝန်ဆောင်စရိတ် ပေးရသည်။ ထောင်ကျော်တန် ဝမ်းဆောဘယ်လီများလည်း ပါသည်။

နာမည်ကြီး အဆိုတော်များ၊ ရုပ်ရှင်သရုပ်ဆောင်များနှင့်တွဲ၍ မြင်ပ ရှုခင်းရိုက်ချက်နောက်ခံဖြင့်သီဆိုလျှင် သောင်းဂဏန်းနား ကပ်သွားအောင်ပင် ကုန်ကျစရိတ်ငွေသည်။

အမြတ်ထွက်သူရှိသလို အရှုံးပေါ်သွားသူများလည်း ရှိသည်။ အမြတ်ထွက်သူက အနည်းစု၊ အရှုံးပေါ်သူက အများစု။

တီဗွီမှန်သားပေါ်ကနေ အခွေရ အဆိုတော်၊ ဗွီဒီယိုသရုပ်ဆောင်ဖြစ်သွားသူ ရှိသလို ကြော်ငြာစတားကနေ ဗွီဒီယိုစတား ဖြစ်သွားသူများလည်း ရှိသည်။

ပေါင်းတတ် သင်းတတ်၊ ပေးတတ်၊ ကမ်းတတ်လို့ အရှင်းမရိုက် လှေထိုးလိုက်ရသူများလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လောကမှာလည်း ပါးပါးလှီးသူတွေ၊ အတုံးလိုက် အတစ်လိုက် လှီးတတ်သူတွေ ခုတ်ထစ်ဖြတ်စားသမားတွေ တစ်ပုံတစ်ပင် ရှိပါလေ၏။

ရှိုးသားသူနှင့် မရိုးသားသူ၊ နေရာတကာမှာ ရှိသလို အကောင်းနှင့် အဆိုးသည်မှာလည်း နေရာတကာတွင် ရှိစမြဲ။

ငွေကြေးတတ်နိုင်လို့၊ အကုန်အကျခံနိုင်လို့ လုပ်ကြသည်ကတော့ အကြောင်းမဟုတ်၊ ဈေးထဲမှာ ဘဲဥရောင်းပြီး မစားရက် မသောက်ရက် စုဆောင်း၍ သုံးလေးဆောင် အကုန်အကျခံသူပင် ရှိပါလေ၏။

ယုံတမ်းစကား မဟုတ်ပါ၊ တကယ်ရှိပါသည်။

ကူးစက်ရောဂါတစ်မျိုးဟု ဆိုရသော် လွန်အံ့မထင်။

သုံးလေးမိနစ်အတွက် သုံးလေးထောင်ကုန်သည်ကို များသည်ဟု မဆိုသာ။ 'ဝါသနာကို မတားနဲ့တော့ရှင်' ဆို မဟုတ်သလား။

မှန်သားပြင်ပေါ်မှာ လှုလှုပပလေးသီဆိုသူ ရုပ်ပုံလွှာပေါ်ဖို့ သုံးလေးထောင်လောက် ကုန်ဘာများ စကားအရာထားပြီး ပြောစရာ မဟုတ်ပါဟု ဆိုသူများပင် ရှိကြသည်။ ဆိုနိုင်ပါသည်။ ငွေတတ်နိုင်တိုင်း ဖြစ်တာမှ မဟုတ်ဘဲဟာ။ အသံသင့်ရမည်။ အဆိုတတ်ရမည်။

အသံမရ၊ အဆိုမတတ်ရင်၊ သောင်းချီကုန်နိုင်လည်း ပါဖို့မှ မလွယ်တာကိုး။

သီချင်းတစ်ပုဒ်လုံးဆိုပြီး အကုန်ခံရသူကတော့ သူ့ဟာနှင့်သူမို့ ထားပါတော့၊ အသံလေးသုံးလုံး လေးလုံးသာ အသံထွက် ရရုံဖြင့် အကုန်ခံသူတွေတောင် ရှိသေးသည်ပဲဟာ။ ဘာဆန်းတာ



မှတ်လို့ဟု ပြောနိုင်ရာသော အကြောင်းရပ်များကလည်း ရှိနေပြန်သေးသည်။

သီချင်းဆိုသူ၏ဘေးမှ မတ်ခွက်ကို ကိုင်ပြီး သုံးလေးလုံးသာ အသံထွက်ဆိုရသူမျိုးလည်း ရှိသည်။ သူတို့ကလည်း ထိုသုံးလေးလုံးအတွက် အသိုက်အလျောက် အကုန်ခံရသည်။ ချိပ်ခနဲ ရိပ်ခနဲပါရသော အခန်းလေးအတွက် ဆင်ယင်ထုံးဖွဲ့မှုကို အပြီးစား ဆင်ယင်ထုံးဖွဲ့ရသည်။

အကပဒေသာကျပြန်တော့လည်း မသက်သာ။

အကသင်တန်းတက်ရသည်၊ ပါဖို့ကြိုးစားရသည်။ ဆင်ယင်ထုံး ဖွဲ့မှုအတွက် ငယ်ရွခြမ်းရ၊ ပြင်ရဆင်ရပြန်သည်။

ဒါတင်ပဲလား၊ မဟုတ်သေးပါ။

ပွဲမဝင်ခင် အပြစ်မှာ ကျင်းပရသည်မှာလည်း အကြိမ်ကြိမ် အခါခါ။ လက်ဝတ်လက်စား ငှားရသည်။ သွားဖို့လာဖို့ ကားငှားရသည်။ ပါဖို့သေချာပြန်တော့ ကိုယ့်အလှည့်ကျမည့်နေ့ကို စုံစမ်းရသည်။ မိတ်ဆွေသင်္ဂဟများထံ အကြောင်းကြားရသည်။ အရပ်ထဲမှာ ကြေညာမောင်းခတ်ရသည်။

အဲသည်အခန်းလေးကို အခွေကူးထားဖို့ ပြေးရလွှားရ၊ လုပ်ရ၊ ကိုင်ရပြန်သည်။

ဒါပေမယ့် သူတို့ မမောကြပါ၊ ပျော်နေကြပါသည်။

အပြစ်သဘောမှု၍ ရေးနေခြင်း မဟုတ်ပါ။ အဖြစ်သဘောကို ရေးနေခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



တီဗွီထဲပါဖို့ထက် ဗွီဒီယိုထဲပါဖို့ကျတော့ ပိုမလွယ်၊ အကုန်အကျ ပိုများသည်။ ပြဿနာအထွေထွေကလည်း ပို၍ ရှုပ်ထွေးပွေလီမ်သည်။

ရှုပ်ထွေးပွေလီမ်မှန်း သိလျက်နဲ့ကို အလိမ်ခံဖို့ ဝင်လာသူတွေက လျော့ပါးမသွား၊ ယနေ့ထက်တိုင် ဝင်လာမစဲ၊ တသဲသဲ ရှိနေဆဲ။

ဗွီဒီယို ပေါ်ဦးစလောက် မုဆိုးတွေ မစားသာပေမယ့် မုဆိုးပျောက်မသွားသလို၊ သားကောင်ကလည်း ပျောက်မသွား၊ သူ့အတိုင်းအတာနှင့်သူတော့ ရှိနေဆဲသာဖြစ်။

မုဆိုးလောက၏ လှိုင်စ်နေသော အပုပ်နံ့ကြောင့် သားကောင်များမှာ အရင်ကလို လက်လွတ်စပယ်ကြီး တိုးမဝင်ကြတော့။ ဒါပေသိ လုံးလုံးတော့ ပျောက်မသွားသေး။ တောရှိလျှင် သားကောင်ရှိရမည်၊ သားကောင်ရှိလျှင် မုဆိုး ရှိရမည်သာ။

[၆]

ဗွီဒီယိုကြောင့် ဘဝပျက်သွားရသူတွေ အများကြီး။

အဲသည်အထဲမှာ 'တံလျှပ်ကိုရေထင်၊ ရွှေသမင် အလိုက်မှားခဲ့သော' သဘောပြန် ဇနီးမောင်နှံနှစ်ယောက်တွဲ၏ တကယ့်အဖြစ်အပျက် ဇာတ်ကြောင်းမှာလည်း ပြောစမှတ်တွင်စရာသို့ ရှိခဲ့ပါချေ၏။

မဖော်ပြအပ်သော သူတို့နှစ်ယောက်၏ နာမည်ရင်းအစား မောင်ချစ်သန်းနှင့် ဝါဝါနွယ်လို့ ခေါ်ရေးသားဖော်ပြသွားပါသည်။

ချစ်သန်းနာမည်က ငယ်ငယ်တုန်းကလည်း ချစ်သန်း၊ နိုင်ငံခြား သဘောင်္သားဖြစ်တော့လည်း ချစ်သန်းပဲ၊ အပြောင်းအလဲမရှိ။ အပြောင်းအလဲရှိသည်က ဝါဝါနွယ်၊ နှမ်းချေးတွဲလောင်း

www.burmeseclassic.com

www.burmeseclassic.com



အရွယ်က ဂွတ်ထော်၊ နောက်တော့ အေးမ။ ချစ်သန်း ကြယ်ငါးပွင့် သင်္ဘောသားဖြစ်တော့ အေးမကနေ ဝါဝါနွယ်ကို ဖြစ်လာသည်။

ချစ်သန်း၏ သင်္ဘောသားဘဝအစမှာ အိုင်-ဒဗလျူတီခေါ် (ပြည်တွင်း သယ်ယူပို့ဆောင်ရေး) မှ စခဲ့သည်။ လိုင်းတို လိုင်းရှည်သင်္ဘောသို့ ပြောင်းပြီးနောက် ဆီလောင်းဖြစ်ခဲ့သည်။

ထိုမှ ကြယ်ငါးပွင့်ကမ်းရိုးတန်းသွား သင်္ဘောသားဖြစ်လာသည်။ ချစ်သန်းက ပေါင်းတတ် သင်းတတ်သလို ဆရာသမားကောင်းများကိုလည်း ရှာတတ် ဖွေတတ်သူ ဖြစ်သည်။

ကျိုးနွံသည့် နေရာတွင် နှစ်ယောက်မရှိသလို ဆရာသမားတို့အကြိုက် လုပ်ဆောင်တတ်ရာတွင်လည်း နှစ်ယောက်မရှိ ဆိုရမည့်လူမျိုး။

ဒါကြောင့်လည်း ဆရာသမားများကြည့်ရှုစောင်မမှုကြောင့် ငွေပိုမဆောင်ရသော တရားဝင် နိုင်ငံခြားသင်္ဘောသား ဖြစ်လာသည်။

သူများလို သောင်းနှင့်ချီ၍ မပေးရသော်လည်း သုံးထောင်ကျော်လောက်တော့ ရှာဖွေ အကုန်ကျခံလိုက်ရသည်။

တစ်ခါမှ မတပ်ဘူး၊ မဆွဲဘူးသော နက်တိုင်လည်းဆွဲတယ်၊ လေယာဉ်ပျံကြီးစီးပြီး ထိုင်းမှတစ်ဆင့် နိုင်ငံခြား သင်္ဘောပေါ်သို့ တက်ခဲ့ရသည်။



ချစ်သန်း သင်္ဘောတက်ဖို့ သေချာပြီ ဆိုကတည်းက ဝါဝါနွယ် မျက်နှာ ခါနေပြီ။ မိုးမမြင်၊ လေမမြင် ဖြစ်နေပြီ။ တခြားအကြောင်း မပြောတတ်တော့။ သင်္ဘောသားအကြောင်း၊ တီဗွီအကြောင်း၊ ကားအကြောင်းပဲ ပြောနေတော့သည်။ လျှာတွေ့အာတွေ့ ဖြစ်နေသည်။

အဲသည်အကြောင်း မေးသူမရှိလည်း သူက အကြောင်းရှာပြီး ပြောသည်။ ကန်စွန်းရွက် ဝယ်ရင်းလည်း ပြောသည်။ အကြော်ဝယ်ရင်းလည်း ပြောသည်၊ မုန့်ဟင်းခါး စားရင်းလည်း ပြောသည်။ အမြဲဘမ်း လူစုံစုံ ရှိတတ်သည့် သမဝါယမဆိုင်ကို တစ်နေ့ နှစ်ခေါက်၊ သုံးခေါက်လောက်တော့ ရောက်စမြဲ။

ကြာတော့လည်း လူ့ချဉ်ဖတ် ဖြစ်လာသည်။

အသီးအရွက်ချဉ်ဖတ်က စားလို့ရသည်။ အသုံးဝင်သည်။

လူချဉ်ဖတ် ဖြစ်လာရင် အသုံးမကျတော့။

တကယ်တော့ သင်္ဘောသား ဆိုတာ အလုပ်သဘောအရ အထင်ကြီးစရာ မဟုတ်ပေမယ့် ရရှိသော လစာ နိုင်ငံခြားငွေနှင့် ပစ္စည်းဝယ်လာပြီး ပြန်ရောင်းရင် သောင်းဂဏန်း၊ သိန်းဂဏန်း ဆိုင်းသေပေါက်ရသောကြောင့် ဆယ်စုနှစ် နှစ်ခုလောက်ကျွတ်တွင် ခေတ်စားလာခြင်း ဖြစ်၏။

ယခင့် ယခင်က ပင်လယ်ဗဟုသုတ၊ နိုင်ငံခြား ဗဟုသုတ ရှာဖွေလိုသူများနှင့် စွန့်စားသွားလာမှု ဝါသနာ ထုံမွှေ့သူများ

www.burmeseclassic.com

www.burmeseclassic.com



ရာဇဝင်ကြွေး တစ်ဝကြီးဆပ်လိုသူ လူပျော်တချို့ တစ်ခေါက်တကျင်း သွားကြသည်။

သင်္ဘောသားအများစုကတော့ လူကြမ်း၊ လူပေ၊ လူဘောသောက်သောက်စားစားသမားများသာ ဖြစ်ကြသည်၊ သူတို့ကလွဲလို့ ခေတ်ပညာတတ်များ သင်္ဘောသားမလုပ်၊ သင်္ဘောလိုက်သူမရှိ။

ဒုတိယတန်း၊ ပထမတန်းအရာရှိနှင့် ကပ္ပတိန်အဆင့်မျိုးသာ အလုပ်ခွင်ဝင်၍ စာမေးပွဲဖြေဆိုရန် သွားလေ့ရှိကြသည်။

မြန်မာထဲက အာရ်–အို ခေါ် ဆက်သွယ်ရေး အရာရှိများ မရှိသလောက် ရှားသည်။

ယနေ့ခေတ်မှာတော့ သင်္ဘောသားအလုပ်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်လာသည်။ ဘွဲ့ရတွေလည်း သွားကြသည်၊ သူဌေးသားတွေလည်း သွားကြသည်။ လူကြီးသူကြီး သားတွေလည်း သွားကြသည်။

အကြောင်းရင်းကတော့ အခြားကြောင့်မဟုတ်။ ငွေဖြစ်လွယ်သောကြောင့် ဖြစ်၏။

ရသည့်လစာငွေကို ကုတ်ကုတ်ကတ်ကတ်စု၊ သက်တမ်းပြည့်လုပ်ပြီးရင် ကားပါမည်၊ ဆိုင်ကယ်ပါမည်၊ ရေခဲသေတ္တာ၊ တီဗွီဘာညာ ပါမည်။ လွယ်ကြိုက် အသုံးအဆောင် ပစ္စည်းတွေပါမည်။



အသောက်အစား၊ လောင်းကစားနှင့် အပျော်အပါး ထုံမွှမ်းသူများမှာမူ ကလေးစီး ကားပဲ ပြန်ပါလာကြသည်။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်က နိုင်ငံခြားသင်္ဘောလိုင်းလိုက်သွားသူ တစ်ယောက် ပြန်လာလျှင် မိသားစု၊ ဆွေမျိုးအသိုက်အဝန်းနှင့် အိမ်နီးနားချင်းများလောက်သာ သိကြသည်။

သူတို့ ပြန်လာလို့လည်း ဘာမှ ထူးခြား၊ ဘာမှမပါ၊ နာရီအဝတ်အစားနှင့် စီးကရက်လောက်ပဲ ပါကြသည်။ ဝယ်လာလည်း ရောင်းစရာ ဈေးကွက်မရှိ။ ရှိပြီး ဈေးကွက်မှာ လိုချင်တာရနေတော့ ပြန်ရောင်းရန် ရည်စူး၍ ယူလာသော ပစ္စည်းမှုပါ။

၉၊၀ ပြည့် ဝန်းကျင်သောက်ကမူ ယူလာသမျှ ပြန်ရောင်းရင် ငွေလုံး ငွေခဲရသောကြောင့် 'သင်္ဘောသား' ဝေါ်ဟာရ တောင်ခေတ်စားလာသည်။

မြန်မာပြည်မှာသာ သင်္ဘောသား ခေတ်စားသည်။ သူတို့ဆီမှာတော့ ခေတ်မစား၊ သူတို့ဆီမှာ သင်္ဘောသားအလုပ်ကို ခြေသလုံးအိမ်တိုင်သမားများ၊ ကြမ်းကြမ်းတမ်းတမ်း၊ ရမ်းရမ်းသွေထွေ နေတတ်သူများ လုပ်သောအလုပ်ဟု အသိအမှတ်ပြုထားကြသည်။

သူတို့ဆီက သင်္ဘောသားအရာရှိများ၊ ကပ္ပတိန်များမှာ သူ့ဒိုအားလာလုပ်ရှားနေသော နိုင်ငံတိုင်းမှာ အပျော်မယားတွေ ထားကြ၏။ ရှိလည်း ရှိကြ၏။ အရက်ကို အချိန်နှင့်အမျှ သောက်ကြ၏။

www.burmeseclassic.com



ကုန်းပေါ်မှာထက် ရေထဲမှာ နေရသောအချိန် များသော ကြောင့် သူတို့၏ အဖော်မွန်မှာ အရက်နှင့် လောင်းကစားခြင်း သာ ဖြစ်၏။ ကုန်းပေါ်ရောက်တော့ တစ်ခု တိုးလာသည်။ မိန်းမပျက်များနှင့် ပျော်ပါးခြင်း။

အရက်၊ လောင်းကစားနှင့် မိန်းမပျက်တို့မှာ သူတို့နှင့် ထာဝစဉ် တွဲစပ်လျက်ရှိ၏။ ယနေ့ခေတ်တွင်မူ တစ်ခု ထပ်တိုး လာ၏။ မူးယစ်ဆေးဝါး။

သင်္ဘောပေါ်မှာ အဖမ်းအဆီးမရှိ၊ လွတ်လွတ်လပ်လပ် လုပ် နိုင်သည်။

မြန်မာ သင်္ဘောသားများနှင့် ပတ်သက်၍ ချီးကျူးစရာ ကောင်းသည်မှာ မူးယစ်ဆေးဝါးနှင့် တွဲစပ်နေသူဦးရေ အလွန် နည်းခြင်းပင် ဖြစ်၏။

အခြားသော တိုင်းပြည်များမှ သင်္ဘောသားများမှာ အလုပ် ကို နည်းနည်းလုပ်ပြီး အခွင့်အရေး များများတောင်းကြ၏။ သူတို့ က ကမ္ဘာ့သင်္ဘောသား အစည်းအရုံးဝင်များ ဖြစ်သောကြောင့် တရားဝင် အခွင့်အရေး တောင်းဆိုပိုင်ခွင့် ရှိသည်။

မြန်မာသင်္ဘောသားများမှာမူ ကမ္ဘာ့ သင်္ဘောသား အစည်း အရုံးဝင်များ မဟုတ်သောကြောင့် အခွင့်အရေး တောင်းဆိုမှု တွင် တစ်ပန်းရှုံးနေသည်။ ပြီး မြန်မာ သင်္ဘောသားများမှာ ပင်လယ်ပြင် သင်္ဘောလုပ်ငန်းအတွေ့အကြုံ နည်းသည့်အလျောက်



အခွင့်အရေး မတောင်းတတ်။ အလုပ်ကိုသာ ကြိုးစားပမ်းစား လုပ်ကြသည်။

ဒါကြောင့်လည်း မြန်မာသင်္ဘောသားများကို ကြိုက်နှစ်သက် ကြသည်။

သူတို့ဆီက သင်္ဘောသားများမှာ ရောက်သည့်နိုင်ငံ၏ ကုန်း ပေါ်ကို တက်သည်နှင့် သုံးကြ၊ဖြုန်းကြသည်။ ပျော်ကြ၊ပါးကြ သည်။ အိတ်ကပ်ထဲပါသမျှ ဖြုန်ကာ ပြာကာကျမှ သင်္ဘောပေါ် သို့ ပြန်၍ တက်ကြသည်။

မြန်မာ သင်္ဘောသားများမှာမူ ရေနန်းပျော်များ ဖြစ်ကြ ၏။ ကုန်းပေါ်သို့ တက်သည့်တိုင် သူတို့လို မသုံးနိုင်၊ မဖြုန်းနိုင် တို့ဝေး၊ သည်ဝေး၊ဟိုကြည့်၊ သည်ကြည့်ပဲ လုပ်နိုင်သည်။ရာဇဝင် ကြေးကို ပါးစပ်ကပဲ ဆပ်နိုင်ကြသည်။ လက်တွေ့ မဆပ်နိုင်။ သူတို့ဆီမှာ အလွန် ဈေးကြီးသည်။

ကျားကုတ် ကျားခဲ ခြိုးခြံ ချွေတာနိုင်မှ အိမ်အပြန်လှမည် စို့ ကျစ်ကျစ်ပါအောင် စုရ ဆောင်းရသည်။

သူတို့ဆီက သင်္ဘောသားများမှာ နေရပ်သို့အပြန်တွင် ကား ဆိုင်ကယ်၊ တီဗွီများ ဝယ်ဖို့မလို။ အဝတ်အစားနှင့် ထူးထူးဆန်း ဆန်း အသုံးအဆောင်ပစ္စည်းများပဲ ဝယ်လေ့ရှိကြသည်။ကားဆို ဆိုင်ကယ်တို့၊ တီဗွီတို့ ဝယ်သွားရင် ပြန်ရောင်းဖို့ မလွယ်

သူတို့က ဒေါ်လာကိုပဲ အပါယူကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ သင်္ဘောသားများကတော့ ကား၊ ဆိုင်ကယ်၊ တီဗွီ စသည်များအပြင် ခြေထောက်ကအစ ခေါင်းအဆုံး ဆင်စရာ ပစ္စည်းများကို မပါပါအောင် ယူဆောင်၍ ပြန်ကြသည်။

ကားနှင့် ဆိုင်ကယ်တို့က ကိုယ်နှင့် တစ်ပါတည်း ယူ၍ မရ။ အခွင့်အရေးဖြင့် နောက်မှ ရောက်မည့်ပစ္စည်းများ ဖြစ်သည်။ ချက်ချင်း သားမယားအတွက်၊ မိဘအတွက်၊ မွေးမြူရမည့် ပုဂ္ဂိုလ်များ ပေးရန်အတွက်၊ ဆွေမျိုးမိတ်သင်္ဂဟများ အတွက်က ကိုယ်နှင့် တစ်ပါတည်း ယူခဲ့ရသည်။

ဒီအခါ သည် ပစ္စည်းပစ္စယများနှင့်အတူ တွဲစပ်ပါလာသည်မှာ အနုသက်အစားနှင့် ရောဂါအစား။

တစ်မျိုးတည်းသမားက နည်းသည်။ နှစ်မျိုးသမားက များသည်။

ထိုသည်နှင့်အတူ ကုမရသော ရောဂါနှစ်မျိုးလည်း ပါလာ၏။

ဘဝမေ့ရောဂါနှင့် ဘဝင်မြင့်ရောဂါ။

အဆိုပါရောဂါကြီး [illegible] သင်္ဘောသားများသာ စွဲကပ် ပါလာသောရောဂါမဟုတ်၊ သူတို့၏ သားမယားများနှင့် အနီး စပ်ဆုံး ပတ်ဝန်းကျင်ကိုပါ တွယ်ကပ်ပြန့်ပွားသော ကူးစက်လွယ် ရောဂါ ဖြစ်၏။



သင်္ဘောသားတိုင်း ဘဝမေ့ရောဂါနှင့် ဘဝင်မြင့်ရောဂါ စွဲကပ်လာစမြဲ ရှိကြ၏။

စွဲလည်း စွဲကပ်လောက်ပါသည်။ နိုင်ငံခြားမှာ မဖြုန်းတီးရင်တော့ ပါလာသော ငွေကြေးပမာဏမှာ ဂဏန်းခြောက်လုံးတော့ အသာလေးပေကိုး။

ဒါပေမယ့် မြန်မာပြည် ပြန်ရောက်ရင်တော့ ဂဏန်းခြောက်လုံးကနေ ငါးလုံး၊ ငါးလုံးကနေ လေးလုံး၊ ကျဆင်းဖို့မှာ လွယ်သလောက်မြန်၏။

သားမယား အပေါင်းအသင်းကလည်း ဝိုင်း၍ဖြို့ပေးသည်။ ကိုယ့်ကိုယ်တိုင်လည်း တဖြည်းဖြည်း ကြွေအောင်ခြွေသည်။

အသောက်အစားကိစ္စမှာ တော်ရုံတန်ရုံဆိုင်နှင့် မဖြစ်တော့။ ဆိုင်ကြီးလောက်မှ ဝင်ချင်သည်။ နောက်ပါအခြွေအရံကလည်း တတွဲတွဲပါစမြဲမို့ တစ်နေ့ကို ဂဏန်းသုံးလုံးလောက် ပုံမှန်ထွက်နေရာ ကြာတော့ မခံနိုင်ဖြစ်လာသည်။

သင်္ဘောပြန်တွေထဲမှာ အလိမ္မာဖက်၍ စုမိဆောင်းမိ အခြေတည်မိသူတွေရှိသလို၊ ရှာလို့ဖွေလို့ရတာလေးကို အခြေခိုင်မြဲအောင် မလုပ်နိုင်ဘဲ တဖြည်းဖြည်းချင်း ဖွဲ့သုံး [illegible] သင်္ဘောလိုက်ချိန် ကြာခဲ့သော်လည်း [illegible] ပြန်ရောက်သွားသူတွေလည်း ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချစ်သန်းက အရင်းမစိုက်ဘဲ လေ့ထိုးလိုက်ခဲ့ရသူ။

အရင်းစိုက်ပြီး လေ့ထိုးလိုက်ရသူတွေက ပထမတစ်ခေါက်မှာ အရင်းကျေရုံပဲရှိသည်။ နောက်အခေါက်တွေကျမှ အသားတင်အမြတ်ထွက်ကြသည်။ ဒါကြောင့် တချို့ဆို သုံးလေးငါးနှစ် မပြန်ဘဲနေ၍ ရှာဖွေရသမျှကို ပြန်ပို့ပြီး လူမပြန်ပဲ ကားပဲပြန်နေကြသူတွေလည်း ရှိသည်။

ချစ်သန်း သင်္ဘောလိုက်ရသော အချိန်တွင် ကားဝယ်ခွင့်ကို သုံးနှစ်အစား တစ်နှစ် ကားတစ်စီး ဝယ်ခွင့် ပေးလိုက်သောကြောင့် သင်္ဘောသားဈေး ကောင်းသွားသည်။ ဈေးတက်သွားသည်။

ချစ်သန်းမှာ သင်္ဘောသား အလုပ်အကိုင် ရှာဖွေရေးဌာနမှ တရားဝင် ရွေးချယ်စေလွှတ်သည့် သင်္ဘောသား ဖြစ်သောကြောင့် အပိုကြေး လေးငါးသောင်း မကုန်သော်လည်း ပတ်စ်ပို့စ်နှင့် အခြားသော အထွေထွေ ကိစ္စများအတွက် သုံးထောင်လောက် ချေသွားသည်။

အဲဒီ ငွေသုံးထောင်အတွက် တစ်ထောင်ပဲ အိတ်စိုက်နိုင်သည်။ နှစ်ထောင်ကို သင်္ဘောပြန်ပေးငွေ တစ်ရာနှစ်ဆယ်တိုးဖြင့် ချေးယူရသည်။ ဦးလေးတော်သူ တစ်ဦးက အာမခံသောကြောင့်သာ ငွေချေးသူက ထုတ်ချေးခြင်းဖြစ်၏။ ကိုယ့်ဘာသာကိုယ်သာဆို ဘယ်လွယ်လိမ့်မှာပ။



သွားရမည့်ရက် သေချာပြန်တော့ ငွေချေးသူထံပြေးရပြန်သည်။ သွားနေစဉ်ကာလ ပြန်ပို့ငွေလစာကို ချက်ချင်းရမည်မဟုတ်၊ သုံးလေးလ ကြာမှရမည်။ သုံးလေးလလို့ ဆိုတာက အနည်းဆုံး အိမ်ကလူတွေအတွက် စားသုံးစရိတ် စီစဉ်ခဲ့ရဦးမည်။

စာချုပ်ပြီး ငွေထပ်ယူရပြန်သည်။

ငွေချေးသူကလည်း အပိုင်ချည်ပြီးတုပ်ပြီးမှ ငွေထုတ်ပေးခြင်းဖြစ်၏။

အရေးပေါ် ကိစ္စအတွက် ငွေလိုလျှင် မိန်းမဖြစ်သူကို ထပ်ပေးဖို့ မှာခဲ့ရ၏။

သောင်း-သိန်းငွေကို မမှု၊ တိုးပွားငွေရှာဖို့ သွားသူများ၏ အခြေအနေမှာ တစ်မျိုး။

ချစ်သန်းတို့လို သင်္ဘောသား အခြေအနေက တစ်မျိုး။

ငွေရှိလျက် ငွေထပ်ရှာဖို့ သွားသူများမှာ နောက်ကြောင်း၊ ရှေ့ကြောင်း အေးသည်။ ချစ်သန်းတို့လိုချို့ ကျတော့ ရှေ့ကြောင်းလည်း မအေးရ၊ နောက်ကြောင်းလည်း မအေးရ။

အသွားခရီး မတူသလို၊ အပြန်ခရီးလည်း မတူ။

ငွေရှာရန် ငွေနှင့်ရင်းပြီး သွားသူများ၏ အပြန်ခရီးမှာ အပူအပင်မရှိ။ သောကမထွေ၊ အပြုံးတဝေဝေဖြင့် ငြိမ့်ငြိမ့်သက်သက်ကလေး ပြန်လာရသော။ ပါလာမည့် ပစ္စည်းများအတွက်

www.burmeseclassic.com

www.burmeseclassic.com



အကောက်ခွန်၊ အမြတ်ခွန်၊ ဘာညာစသည့် အခွန်အမျိုးမျိုး အတွက် ပေးဆောင်ရန် ငွေအဆင်သင့်။

ငွေမရှိ၍ ငွေရှာသွားရသူများမှာမူ ကုတ်ကုတ်ကတ်ကတ် စုဆောင်း၍ ပစ္စည်းများဝယ်ယူ ပြန်လာနိုင်သည့်တိုင် အဲဒါတွေ ရွေးဖို့ ငွေအဆင်သင့်မရှိ။ ငွေရှာရပြန်သည်။ ရှာဖို့မလွယ်သူ တွေက နှိမ်စျေး၊ ပေးစျေးနှင့် ပါမစ်ကို ရောင်းရသည်။

ပါလာသော ကားကိုမြင်ရုံသာမြင်ရ၍ မကြုံရမောင့်ကိုယ် သမားတွေ အများကြီး။

ငွေရှိသူတွေကတော့ ပါလာသောကားကို ရွေးယူပြီး ဂိုဒေါင် ထဲမှာ သိမ်းထားလိုက်မည်။ ကြိုက်စျေး၊ တက်စျေးရမှ ရောင်း သည်။ အနည်းဆုံး ပိုငွေရမှာ တစ်သောင်း၊ နှစ်သောင်းထက် မအောက်။

သွားရတာချင်း မတူသလို၊ ပြန်ရတာချင်းလည်း မတူ။

ကျောထောက်နောက်ခံ ငွေအင်အား ရှိသူများက ပါလာ သည့် ပစ္စည်းများနှင့် ကားကို ကြိုက်စျေးရမှ ရောင်းသလို ရောင်း စျေးလည်း နှစ်သောင်း သုံးသောင်းမက ပိုရသည်။

ကျောထောက်နောက်ခံ မရှိသူက နှစ်သောင်းသုံးသောင်း လောက် နာမှန်းသိပေမယ့် ဘယ်လိုမှမတတ်နိုင်။

ဒါ့အပြင် အိမ်သူသက်ထားနှင့် မိသားစုက အကြွားလေးဖက် ချင်ပြန်တော့ သင်္ဘောသားများမှာ မိအေးနှစ်ခါနာ ဖြစ်ရရှာ သည်။



ပြန်လာသော သင်္ဘောသား ဘဝင်မြင့်တာက အကြောင်း မဟုတ်။ သူများနိုင်ငံကို အရင်ကြိုးစားတော့ ဖွံ့ဖြိုးသည်ကို သိလိုက်ရ ယဉ်ကျေးမှုနှင့် ဝတ်စားဆင်ယင်မှုကို အတုယူပြီး ကိုယ့်နိုင်ငံ အခြေအနေနှင့် ကိုက်ညီ–မကိုက်ညီကို အလေးမထားဘဲ မြန်မာ လူမျိုးမှ ဟုတ်ပါ့မလားဟု ထင်မှတ်မှားရလောက်အောင် ဝတ် စား ဆင်ယင်ကြသည်။

မြန်မာပြည်မှာ ကျန်ရစ်ခဲ့သူတွေက အဝတ်အစားကို ဘဝင် မြင့်ပြီး တလွဲဆံပင် ကောင်းကြသည်က ခက်သည်။

တစ်နှစ်နှင့် ရှစ်လကြာပြီးနောက် ချစ်ဆန်း ပြန်လာတော့မည် ကားပါမည်၊ တီဗွီပါလာမည်၊ ပါလာမည့်ကားမှာ နောက်ဆုံး ပေါ် မော်ဒယ်မဟုတ်။ လေးငါးနှစ်လောက်ကပေါ်ခဲ့သည့်ကား၊ အသုံးပြုပြီးကားကို ပြန်လည်ပြုပြင် မွမ်းမံထားခြင်း ဖြစ်သော် လည်း သည်ရောက်ရင်တော့ အဆစ်ပေါ့။

ပြန်လာတော့မည့် အကြောင်း၊ တီဗွီနှင့် ကားပါမည့် အကြောင်း စာရောက်ကတည်းက ခင်နွယ်တစ်ယောက် အိမ် မကပ်တော့၊ မင်းသမီး ရှုံးလောက်အောင်နှင့် ပြင်ဆင်ခြယ်သပြီး တစ်ထည် လေးငါးရာ ပေးရသည့် ယောကျ်ားအင်္ကျီ ပိုးရှိဖွာ လျှားကြီး ဝတ်ပြီး အရပ်ထဲမှာ ချည် ရွှေပြပွဲမျိုး နေပါလေပြီ။

ကြွားစရာ အကြောင်းရှိ၍ ကြွားဝါသည်မှာ အကြောင်း မဟုတ်။ ကြွားဝါစရာ အကြောင်းလည်း မရှိဘဲ ကြွားဝါ

www.burmeseclassic.com



သည်ကို အပြစ်မဆိုအာသော်လည်း နားကြားပြင်း ကပ်သောက်အောင် အဖြစ်သည်းလာလျှင်မူ သောက်မြင်ကပ်စရာအကြောင်း ဖြစ်လာသည်။

တီဗွီနှင့် ကားအကြောင်း ပြောရသည်မှာ အာခြောက်ရုံသာ မဟုတ်၊ အာပေါက်လုမတတ် ရှိသည့်တိုင် အာတွေ–လျှာတွေ ကောင်းနေဆဲပါပင်။

တကယ်တော့ ချစ်သန့် ပြန်မလာခင် ခြောက်လလောက်ကတည်းက ဝါဝါနွယ်တစ်ယောက် အချိုးပြောင်းနေပြီ ဖြစ်၏။

ဆံပင်ပုံစံကအစ၊ ဖိနပ်အဆုံး ဝတ်စားဆင်ယင်ထုံးဖွဲ့မှု အားလုံး ပြောင်းလဲသွားပြီ၊ ပြောင်းရပေမပေါ့၊ အရင်ဝါဝါနွယ်မှ မဟုတ်တော့ဘဲကို၊ ငွေချေးသူကလည်း ယူဦးမလား၊ယူဦးမလား နှင့် တစ်မေးတည်း မေးနေသည်၊ ယူသူကလည်း ယူသည်။ ထောင်ဂဏန်းမဟုတ်၊ သောင်းဂဏန်း ဖြစ်တော့ရော ဘာအရေးမို့လဲ၊ ချစ်သန်းပါလာမှာက သိန်းဂဏန်းကြီးပဲဟာ၊ သောင်းလောက်ကတော့ အစွန်းထွက်လောက်ပဲ ရှိမည်။

ချစ်သန်း ပြန်လာမည့်နေ့က ကားတစ်စီးငှားပြီး သွားကြိုခဲ့ကြသည်။

အသွားတုန်းက ဘောင်းဘီ၊ ကုတ်၊ နက်တိုင်နှင့် ရှိုးတိုးရှန့်ဘန့်ဖြစ်ခဲ့ရသူ ချစ်သန်းမှာ အပြန်ခရီးတွင် ရှိုးတိုးရှန့်တန့်



မဖြစ်တော့။ ဝတ်စားနေကျ ဟန်ပန်ပုံစံဖြင့် လေယာဉ်ပေါ်မှ ကြော့ကြော့လေး ဆင်းလာသည်။

ဝါဝါနွယ်ကို တွေ့လိုက်တော့ ချစ်သန်း မျက်လုံးဝိုင်းဝိုင်းလည်သွားသည်။ကိုယ့်မိန်းမမှန်း သိပေမယ့် ဟုတ်မှ ဟုတ်ပါလေရဲ့သားလို့ ထင်မိယောင်မှား ဖြစ်သွားရသည်။

သဘောမကျဘူးလားဆိုတော့ ကျသည်။ကိုယ့်မိန်းမ ထူးထူးဆန်းဆန်း လှနေမှဟာ ဘယ်ခင်ပွန်း ယောကျ်ားက သဘောမကျရှိလိမ့်မှာပ။

ဝါဝါနွယ်သာ ပြောင်းလဲနေသည် မဟုတ်၊ ချစ်သန်းကလည်း တသွေးတမွေး ပြောင်းလဲလာသည်။ ညိုရောင်သောအသား လတ်လာသလို လူနေဟန်ပန်လည်း ထည့်ဝင့်လာသည်။

တောင်းမှာအကွပ်၊ လူမှာအဝတ်ဆိုသည့်အတိုင်း နိုင်ငံခြားဖြစ်တွေချည်း ဆင်ထားသမို့ ငွေဖလား ရွှေနား ကွပ်ထားသည့်သို့နှယ် ရှိပါချေ၏။

ပြန်လာသော သင်္ဘောသားများ၏ ဝတ်စားဆင်ယင်မှုမှာ လူငယ်လူရွယ်များ အားကျစရာ အရိပ်ပေါ်လွင်နေသည်။သူတို့စီးသော ဖိနပ်၊ သူတို့ဝတ်သော အင်္ကျီ၊ ဘောင်းဘီ၊ လျှာကင်၊ သူတို့ကိုင်သော ပိုက်ဆံအိတ်၊ မီးခြစ်၊ သော့တွဲအားလုံးမှာ အသုံးစားတွေချည်း။

www.burmeseclassic.com



သူတို့ကိုကြည့်လိုက်လျှင် ပိန်ညှောင်မည်းတူလာသူ မရှိ။ ဖြူဖွေးဝဖြိုးလာသည်။ အအေးလွန်ကဲသော ရာသီဥတုကြောင့် အသားအရေ အနေအထား ပြောင်းလဲလာခြင်း ဖြစ်သော်လည်း ဝလာသည်မှာ အသားအရေတိုး၍ ဝလာခြင်း မဟုတ်၊ ဘီယာဖော ဖောလာခြင်း ဖြစ်၏။

သူတို့၏ ဝတ်စားဆင်ယင်မှုကအစ ငွေကြေးဖောဖောသီသီ သုံးစွဲနိုင်မှု အခြေအနေကို အမြင်တစ်ဖက်ဘည်း ကြည့်လျှင် အားကျစရာပါ။ ဒါပေမယ့် သင်္ဘောပေါ်မှာ အလုပ်ခွင်ဝင်နေရစဉ် အပြင်ဘက်ကကြည့်လျှင်မူ အားကျစရာအသွင် မထင်နိုင်ရာပါ။

ဘောင်းဘီတိုလေးဝတ်ပြီး ကြမ်းတိုက်နေရပုံ သံချေးခွာနေရပုံ၊ သန့်ရှင်းရေးလုပ်နေရပုံ၊ သယ်ပိုး ပြေးလွှားနေရပုံ၊ အလုပ်ဟူသမျှ မနားတမ်း လုပ်နေရပုံများကိုမြင်လျှင် အားကျစိတ် ပေါ်လိမ့်မည် မဟုတ်ပါ။

ချစ်သန်းအပါအဝင် သင်္ဘောသား အများစုမှာ သူတို့ စိတ်ဆင်းရဲမှုအဖုံဖုံ တွေ့ရပုံ၊ ပင်ပင်ပန်းပန်းအလုပ် လုပ်ရပုံ၊ အခက်အခဲအမျိုးမျိုး တွေ့ရပုံ၊ အနှိမ်ခံရပုံများကို ပြန်ပြောလေ့ မရှိကြ။

သူတို့ပြောသမျှမှာ အားကျစရာ ကောင်းခန်းတွေချည်း။ ချစ်သန်းတို့ လိုက်ပါရသည့် သင်္ဘောပေါ်မှာ မြန်မာ သင်္ဘောသားဆို၍ သုံးယောက်ပဲရှိသည်။ ကျန်သင်္ဘောသား



များမှာ ဖိလစ်ပိုင်သင်္ဘောသားများက အများစု၊ ကပ္ပတိန်နှင့် အရာရှိများက မျက်နှာဖြူတွေ။

သူတို့သုံးယောက်အား နည်းအမျိုးမျိုးဖြင့် နှိမ်ကြသည်။ သင်္ဘောအရာရှိများနှင့် ဖိလစ်ပိုင်သင်္ဘောသားများမှာ ပုလင်းထူးဆို့ တွေ့မို့ သူတို့သုံးယောက်မှာ ကျိတ်မှိတ်ခံနေရပါသည်။ အဲ...သင်္ဘောပေါ်မှာ ရန်ဖြစ်လို့ လက်လွန်၊ ခြေလွန်ဖြစ်သွားလျှင် ရောက်ရာအရပ်မှာ ဆင်းပဲ။

သူတို့အနှိမ်ခံရပုံ၊ ဗိုလ်ကျပုံ၊ မတရားလုပ်ခံရပုံတွေသာ ပြန်ပြောပြရရင် သင်္ဘော...သင်္ဘောနှင့် တစ်သင်္ဘောတည်း ဖြစ်နေသူတွေ သင်္ဘောစကား ဘယ်ပြောလိမ့်ဦးတော့မှာပ။

ချစ်သန်းတို့ သည်လောက်ပဲ ငုံ့ခံခဲ့ရသလားလို့မေးလျှင် မျက်စိထဲက မထွက်နိုင်သော ကားနှင့် တီဗွီတို့ကြောင့် ငုံ့ခံခဲ့ရပါသည်ဟု ပြောရမည်သာ။ နာမည်ပျက်နှင့် ပြန်ပို့ခံရလျှင် နောက်တစ်ခေါက်ဆိုသည်မှာ မျှော်လင့်ချက် မရှိတော့။ နာမည်ပျက်မရှိဘဲနှင့်တောင် နောက်တစ်ခေါက်ဆိုသည်မှာ ခက်မှခက်။ အသည်တော့လည်း ဖြစ်ချင်ပေမယ့် မဖြစ်သာ။

ချစ်သန်းတို့ သင်္ဘောသားဆိုတာက ငွေကို အဲသည်လို ရှာခဲ့ရ၊ ခြစ်ကုတ်စုဆောင်းခဲ့ရ၊ နှစ်နှင့်ချည်ပြီး ခြိုးခြံချွေတာခဲ့ရတာ။ အကန့်အသတ်မထားဘဲ သုံးကြစွဲကြသူကတော့ ကိုယ့်နိုင်ငံကို ပြန်ရောက်မှ။

www.burmeseclassic.com

www.burmeseclassic.com



လေဆိပ်က အိမ်ပြန်ရောက်တော့ အိမ်မှာ တဝုန်းဝုန်း စားကြ သောက်ကြဖြင့် စည်စည်ဝေဝေ ရှိနေသည်။

ဝါဝါနွယ် မထိုင်အားအောင် လှုပ်ရှားနေရသလို ချစ်သန်း ကလည်း တပြုံးပြုံး။

ကျွေးရမွေးရသည်ကို ကုန်ရသည်လို့ မတွန့်တို၊ မြန်မာလူမျိုး တို့ ထုံးစံအတိုင်း မိမိကို အလေးပေးပြီး တကူးတက လာကြရ သည်ပဲဟာ၊ ဘယ်လောက် ကုန်ပါစေပေါ့။

ည....ခုနစ်နာရီလောက်ကျတော့ လူရှင်းသွားသည်။ ပွဲက မပြီးသေး။ ဒုတိယပွဲ ဆက်ရပြန်သည်။ အဲသည်ပွဲက ပုလင်းပွဲ၊ အသိအကျွမ်း မဟုတ်၊ တကယ့် ရင်းနှီးသည့် အပေါင်းအသင်း တွေဆိုတော့ စပါယ်ရှယ်ပွဲပေးရသည်။ ဒါတောင်မှ အနီပြီးတော့ အဖြူဆက်ရသည်။ အနီချည်းသာဆို အော်ဆင်းသွားမည်။ နှစ်ပွဲ ဆက်တွက်ငွေမှာ တစ်ထောင်ပျော့ပျော့။

ကုလားလို စုလာသမျှ တရုတ်လို ဖြုန်းပစ်လိုက်သည်။

အတော်ကြီးညဉ့်နက်မှ ပွဲပြီးလို့၊ အိမ်သူသက်ထားနှင့် စကားဆုံ မပြောလိုက်ရ၊ နောက်တစ်နေ့မှ ပြောဖြစ်ကြသည်။ ချစ်သန်း မျက်လုံးပြူးသွားရသည်။ လခ ပြန်ပို့ပေးသည့် ကြားထဲက တင်လာသည့်အကြွေးမှာ နှစ်သောင်းနီးပါး။

သွားခါနီးယူငွေနှင့် အိမ်ပြန်စရိတ် အပါအဝင် အသုံးစရိတ် များက ရှစ်ထောင်လောက်ပဲ ရှိသည်။ ကျန်တာက ဝါဝါနွယ် အသုံးစရိတ်၊ ပြော၍ မထူးတော့မည့်အတူတူ၊ များလှချည်လား ဟွာနှင့်ပဲ ပြီးသွားရသည်။



ချစ်သန်း အစီအစဉ်က တီဗွီရောင်းပြီး ရငွေနှင့် ကားရွေးဖို့ အစု လုပ်မည်။ လိုလျှင် ငွေထပ်ဆွဲမည်။ ကားကို လက်ထဲရောက်မှ ကြိုက်ဈေးခေါ်ရောင်းမည်။ ချစ်သန်း၏ အဲသည်အစီအစဉ် မအောင်မြင်ပါ။

ဝါဝါနွယ်၏ တီဗွီကို လုံးဝ မရောင်း၊ ကားရောက်လာလျှင် ငွေထပ်ဆွဲပြီး ကားကိုရွေးမည်။ ဝ၊ဝကြီး စီးပစ်မည်။ ပြီးတော့မှ ရောင်းမည်။ အဲသည်အစီအစဉ် အောင်မြင်သွားသည်။

ဖြစ်ရိုး ဖြစ်စဉ်၊ သည်လိုပဲ ဖြစ်ရမည်။

အမိုးမပါသော ကားလေးပေါ် ဖျာခင်းပြီး ရှိုးပြခြင်းကို သင်္ဘောသားဇနီးများက စလိုက်ခြင်း ဖြစ်ကောင်း ဖြစ်မည်။ နောက်တော့....အဲသည်ရှိုးပွဲလေးကို ဂျပန်ကားဝယ်နိုင်သူများ ကလည်း စွဲစွဲမြဲမြဲ လုပ်လာကြသည်။

တီဗွီကို မရောင်း၊ ကားရောင်းရသည့်ငွေမှာ သိန်းငါးသောင်း ကျော်ပဲ ရသည်။ ချေးငွေဆပ်ရသည်က လေးသောင်းနီးပါး၊ အလှူအတန်းနှင့် နှစ်ဖက်မိဘ ကန်တော့ငွေက တစ်သောင်း ကျော်။ လက်ကျန်တစ်သိန်းလောက်ပဲ အဖတ်တင်လိုက်သည်။

သုံးသလား မပြောနှင့်၊ လင်မယားနှစ်ယောက် လက်ညီ၊ ထက်ညီသုံးကြ၊ ဖြုန်းကြသည်။ ဝါဝါနွယ်က ဗိုလ်ချုပ်ဈေးကို

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်ခေါက် ရောက်သလို ချစ်သန်းကလည်း နောက်တော ပါ ဓလေးငါးယောက်နှင့် တစ်နေ့ကို နှစ်ရာကျော်ဖိုးလော အရည်ဖျော်ပစ်နေသည်။

ခြောက်လအတွင်း တစ်ဝက်နီးပါး ချောသွားသည်။

အဲသည်တော့မှ မျက်ကလဲဆန်ပျာဖြစ်ပြီး ဝါဝါနွယ်ဆီ ချစ်သန်းပါ နေ့တိုင်း အထွက်ရပ်ပြီး ရွှေ့ခရီးအဘွက် လုံးယ မြင်ဆင်ရတော့၏။

ပထမ တစ်နှစ်လောက်နေပြီးမှ ပြန်လိုက်မည်ဟု စိတ်ကူ ထားသော်လည်း အခြေအနေအရ တစ်နှစ်နားဖို့ မဖြစ်တော ပါလာတုန်းက ထုပ်ထုပ်ထည်ထည်၊ အခုတော့ အထုပ်အထည် အထုပ်ငယ် ဖြစ်သွားပြီ။

ပြန်ကြိုးစားတော့လည်း လွယ်မယောင်နှင့် အခက်တွေ့ရ သည်။ လိုင်းမကြိုက်တာတို့၊ ကုမ္ပဏီမကြိုက်တာတို့နှင့် နှစ် လောက် အချိန်ကုန်သလောက် ငွေကလည်း လိုက်ကုန်နေသည်။

လှေကြီးထိုး ရိုးရိုးလမ်းမှ အပေးအကမ်း လမ်းကြောင်း ပြောင်း၍လိုက်ခဲ့ရသည်။ နှစ်သောင်းကျော်လောက် ထွက်သွား သည်။

ကျွမ်းကျင်သူ အတတ်ပညာရှင်အရာရှိက ဦးရေနည်းသည် သဘော်သားရိုးရိုးက များသည်။ တန်းစီဇယားမှာ လျော့သွား သည်မရှိ။ တိုးပြီးရင်းတိုးရင်း ဖြစ်နေသည်။ တိုးလာသည် လူတွေကလည်း သူတို့လို သာမန်သဘော်သားတွေ မဟု တော့။



မိုးကျရွှေကိုယ်လေးတွေ သဘော်မလိုက်ဘဲ တိုက်နှင့်ကားနှင့် အတျအန နေထိုင်သူတွေ၊ ဆယ်ဂဏန်းသိန်းလောက်ငွေကို မပြောပလောက်သူတွေပင် ပါကြသည်။ သူတို့က ဦးစားပေး သမားတွေမို့ သူတို့လို ရိုးရိုးသဘော်သားများမှာ လိုင်းကောင်း၊ ကုမ္ပဏီကောင်းကို ရဖို့မလွယ်။

နောက်ဆုံးတော့ ကြိုက်ရာတက် ရရာဖြင့် လိုက်ခဲ့ရသည်။

ဒုတိယခေါက် ချစ်သန်းသွားတော့ ငွေထုပ်မပျောက်ပေမယ့် အတော်ကြီးလျော့သွားပြီ ဒါပေသည့် အကြွေးမယူရတော့ သူပြန်သည်အထိ ထားခဲ့သည့်ငွေကို ထိန်းထိန်းသိမ်းသိမ်းသုံးစွဲ လို့ ဝါဝါနွယ်ကို တစ်တန်တရ မှာရသည်။

သည်တစ်ခေါက် သူက ဖရက်ရှာမဟုတ်တော့၊ နှစ်ချို့သမား လူဟောင်း အတော်လေး လည်လည်ဝယ်ဝယ်ရှိနေပြီ။ ရောက်သည့် နေရာတွင် အကြံအဖန် ဘယ်လိုလုပ်ရမည်ကိုလည်း သိနေပြီ။ အခက်အခဲမရှိဘဲတက်ရမည့် သဘော်ပေါ် ရောက်သွားသည်။

ဝါဝါနွယ်ကလည်း အတော်လေး အနွယ်ထိုင်သွားပြီ၊ ထုံမွမ်းခြယ်သမှုနှင့် ဝတ်စားဆင်ယင်မှုအတွက် အရင်ကလို အဖြုန်းကိစ္စမရှိ၊ သည်အတိုင်းသာဆို သူတို့အခြေအနေမှာ ကောင်းသည်ဟုဆိုရမည်။ ဒါပေသည့် မမျှော်သင့်ဘဲ ဝါဝါနွယ် မှာ ဗွီဒီယိုပိုး ဝင်သွားသည်။

သူတို့နှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းထဲက ကိုပုန်းမေး ဆိုသူမှာ ဗွီဒီယိုပေါ် ဦးစေခေတ်တွင် ရိုက်ကွင်းစီစဉ်သူလို့လို့၊

www.burmeseclassic.com



ရှိက်ကွင်းမှတ်တမ်းတင်သူလိုလို အဆင့်ကျနေ လက်သင် ဒါရိုက်တာ ဖြစ်လာသည်။

တစ်နေ့ လမ်းကြုံလို့ အိမ်လည်ဝင်လာရင်း ဝတ်စားဆင်ယင်မှု ရုပ်ရည်ပုံပန်းသဏ္ဌာန် အစစအရာရာ ပြောင်းလဲနေသော ဝါဝါနွယ်ကို တွေ့လိုက်တော့ ကိုပန်းမွှေးပင်လျှင် အမြင်တစ်မျိုး ဖြစ်သွားရသည်။

ဝါဝါနွယ်ရုပ်ရည်မှာ နဂိုကတည်းက အချောအလှစာရင်း မဝင်ပေမယ့် ဆွဲဆောင်အားနှင့် စိတ်ဝင်စားစရာရုပ်သွင် ရှိနေရာ အခုလို သားသားနားနား ဝတ်ဆင်မှု၊ ခေတ်နှင့်ရင်ပေါင်တန်း ထုံမွှမ်းခြယ်သမှုကြောင့် ဝါဝါနွယ်၏ရုပ်ရည်မှာ ရှုတ်တရက် အမြင်တွင် ထူးထင်ပေါ်လွင်လွန်းနေသည်။

'ငါပဲ မရောက်တာကြာလို့လား မသိဘူးဟေ့၊ မိနွယ်ကတော့ အတော်ကြီးကို ပြောင်းလဲနေပြီကိုး'

'ကိုပန်းကြီးထင်လို့ပါ၊ ဝါနွယ်တို့ကတော့ အရင်အတိုင်းပါပဲ'

'အရင်အတိုင်းကတော့ အရင်အတိုင်းပဲပေါ့ဟာ၊ ဒါပေမယ့် ခု ပိုပြီးကြည့်ကောင်းလာတာကိုပြောတာ'

ကဲ...ကိုပန်းကြီး ဘာစားမလဲ'



'နင်ကျွေးလဲ ငါမစားနိုင်သေးဘူးဟ၊ ကားရိုက်ကိစ္စ ရှိသေးတယ်၊ ခု ကြုံလို့ဝင်လာတာ၊ ကဲ...ငါသွားမယ်၊ နောက်မှ လာခဲ့ဦးမယ်'

အဲဒါ ပထမအခေါက်၊ ဆယ်ရက်လောက်ကြာတော့ ဒုတိယအခေါက် ပေါက်ချလာသည်။ ရောက်မဆိုက် ပြောလိုက်သည့် စကားကြောင့် ဝါဝါနွယ် ပါးစပ်ကလေးဟပြီး တအံ့တသြ ဖြစ်သွားရသည်။

'မိနွယ် ဗွီဒီယိုရိုက်မလား၊ မင်းသမီးတော့ မဟုတ်ဘူးနော်၊ မင်းသမီးအစ်မအခန်းက သုံးလေးခန်းလောက် ပါရမယ်'

'ကိုပန်းကြီးကလဲ လာနောက်နေပြန်ပြီ'

'နောက်တာမဟုတ်ဘူးဟေ့၊ တကယ်ပြောတာ'

'ဖြစ်ပါ့မလား ကိုပန်းကြီးရဲ့'

'ငါတစ်ယောက်လုံးရှိမှတော့ ဖြစ်ရမှာပေါ့'

'ကိုပန်းကြီးက ဒါရိုက်တာလား'

'အဲဒီကားမှာ ငါက တွဲဖက်ဒါရိုက်တာ'

'ပါတာကတော့ဟုတ်ပါရဲ့၊ မိုက်ဆံတွေဘာတွေရော ရမှာလား'

www.burmeseclassic.com

www.burmeseclassic.com



'နင်က ခုမှ ကင်မရာနဲ့စတွေ့ရမှာ ဘယ်ကလာပိုက်ဆံရမှာလဲ၊ ခုတောင် ငါ့ကြောင့်ပါရမှာ၊ နင်ကတောင် ပေးရ ကျွေးရမှာ၊ ဘာလဲ မပါချင်ဘူးလား၊ မပါချင်နေလို့ရတယ်နော်၊ ပါချင်တဲ့ လူတွေ အများကြီး'

'ကဲပါ၊ ပါပါပြီတဲ့၊ ပိုက်ဆံက ဘယ်လောက်တောင် ကုန်မှာလဲ'

'အစားအစာတို့၊ မိတ်ကပ်တို့ ဘာတို့က ကိုယ့်ဘာသာကိုယ် ပေါ့၊ ဒါရိုက်တာကြီးနဲ့အဖွဲ့အတွက် ကျွေးမွေးဖို့ကတော့ လေး ငါး ခြောက်ရာလောက်ပေါ့ဟာ၊ အဲ...နောက်ပိုင်းကျ အလုပ် ဖြစ်မှာနော်၊ ငါက နင့်ကိုသတိရလို့ တကူးတကလာပြောရတာ'

'ကဲ...ဘယ်တော့ပါရမှာလဲ'

'အဲဒါတော့ ငါလာပြောမယ်၊ ငါ့ဆရာနဲ့လဲ တွေ့ရမယ်'

အဲသည်သို့ကနေ ဗွီဒီယိုလမ်းကြောင်းပေါ်မှာ ခြေချမိခဲ့ သည်။

ပါရသည့်အခန်းမှာ သုံးလေးမိနစ်၊ သုံးလေးခန်းမျှသာ။ ဒါပေမယ့် နှံ့နှံ့ဖွဲ့ဖွဲ့အခန်းမှမဟုတ်ဘဲ အပျံစားဝတ်ဆင်ပြီး မင်း သမီး၏ အစ်မခန်းကပါရသဖြင့် တော်ပါသေးသည်ဟုဆိုရမည်လို ကြားစရာအကွက်သည်း အကွက်ဝင်သွားသည်။



ဗွီဒီယိုပေါ်ဦးစခေတ်တွင် ဇာတ်ပို့ဇာတ်ရံကအစ မင်းသား မင်းသမီး အလယ်၊ ဒါရိုက်တာအဆုံး၊ ရုပ်ရှင်နှင့်အထာကျွမ်းနေ သော ရုပ်ရှင်နယ်ကလူတွေ ခြေဦးမလှည့်ကြသေး။

သာမန်အဆင့်လောက်ရှိသူတွေနှင့် စခန်းသွားခဲ့ကြရာ ရုပ်ရှင် နှင့် ဆက်နွယ်မှုမရှိသူ မျက်နှာသစ်သရုပ်ဆောင်များ ပေါ်ထွက် လာနေသည်မှာ ယနေ့ထက်တိုင်အောင်ပင်။

အဲသည်မှာပဲ ဝါဝါနွယ် ဗွီဒီယိုပိုး ဝင်သွားသည်။

ဝါဝါနွယ် ပြောစရာအကြောင်းအရာတွေလည်း ပြောင်းလဲ သွားပြီ။ ကားတို့ တီဗွီတို့ကနေ ဗွီဒီယိုအကြောင်းမှာ ပြောမဆုံး ပေါင် တောသုံးထောင် ဖြစ်လာသည်။

ပြောရုံမဟုတ် ငွေကုန်ကြေးကျခံပြီး လက်တွေ့လည်း ပြရ သည်။ အခွေဝယ်ပြီး အဲဒီဇာတ်ကားကိုကူးရသည်။ အပေါ်စက် အောက်စက်ငှားပြီး ပြရသည်။ အိမ်မှာ အပေါ်စက်ရှိပေမယ့် အငှားအောက်စက်များနှင့် တွဲမပြရဲသည့်အပြင် အောက်စက် နည်း အငှားရခက်သောကြောင့် အပေါ်စက်အောက်စက်ငှားရ သည်။

အပေါ်စက် အောက်စက်ငှားမှတော့ သည်တစ်ခွေတည်း ပြလို့ မဖြစ်ပြန် အခြားအပိုခွေများ ငှားရသည်။ တစ်ညကိုနှစ်ခွေ ကျော်လောက် ထိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝါဝါနွယ်က ဗွီဒီယိုထဲမှာ ပိုတောင်မှလှနေပါလား၊ ဝတ်တာ အဝတ်အစားတွေကလဲ လိုက်သလားမပြောနဲ့၊ သိပ်ကို ကြည့်ကောင်းတာ၊ အမူအရာကလဲ အပိုအလိုမရှိဘူးတော့၊ ဒီလောက်ဖြစ်ပါ့မလားလို့ထင်မိတာ၊ ခုကြည့်လိုက်တော့မှ ဒီအတိုင်းသာဆိုရင် မင်းသမီးတောင် ဖြစ်နိုင်တာပေါ့'

အဲသည်လို ဘဝင်ငြိမ့်စရာ နားကြောစိမ့်စရာတွေ ကြားရတိုင်း ရင်ဝယ်သိမ့်သိမ့် ငြိမ့်ငြိမ့်ထွေးတွေးရှိရသည်။ ဗွီဒီယို ခဏခဏ ကြည့်ချစ်သူများက ဝါဝါနွယ်ကား မပြတော့ဘူးလားဟု ပြောလာတိုင်း သူက အပြုံးဝေ့လျက် ခေါင်းညိတ်စမြဲ။

တကယ်တော့ ဝါဝါနွယ်ပါသောကားကို ကြည့်ချင်တာ မဟုတ်၊ အဲသည်ကားပြရင် တခြားကားတွေပါကြည့်ရသောကြောင့် တောင်းဆိုသံထွက်လာခြင်းဖြစ်၏။

ဘာကြောင့်ပဲဖြစ်ဖြစ် ဝါဝါနွယ်ကတော့ မငြင်းပါ။

ဗွီဒီယိုမှာ ဆယ်မိနစ်စာလောက် အခန်းသုံးခန်းပါဖို့ ဝတ်စုံအသစ်တွေချုပ်ရ၊ မြူတီပါလာပြေးရ၊ ဒါရိုက်တာနှင့်အဖွဲ့ကို ကျွေးရမွေးရ၊ အထွေထွေစရိတ်ကလေး ထောင်နီးပါး ချော သွားသည်။

အကြောင်းလားလို့။ သူတို့အရပ်ထဲမှာ ဗွီဒီယိုထဲ ပါဖူးသူမှ မရှိသေးတာ။ သူက မော်မော် မော်မော် လုပ်နိုင်သပေါ့။



အမြတ်တင်ကျန်လိုက်သည်က 'ပိုး'ဝင်သွားခြင်း။ အဲသည်ပိုးက ပိုးမျိုးတစ်ရာထဲမှာ အဆိုးဆုံးပိုး။ ဝင်ပြီးရင် ပြန်ထုတ်လို့မရ။

ကိုပန်းမွှေးကို မျက်နှာချိုသွေးရပြီး ဒါရိုက်တာကြီးကို မကြာခဏ ကျွေးမွေးပြုစုနေရပြီ။ နောက်ထပ် နှစ်ကားပါပြီးနောက် ထကြွလာသည့်ပိုးမှာ မင်းသမီးပိုး။

ကိုပန်းမွှေးနှင့် ဒါရိုက်တာကြီးတို့က မင်းသမီးအဆင့် တက်လို့ရပြီ၊ တစ်ကားတည်းနဲ့ ကျော်သွားစေရမည်၊ ပထမတစ်ကားတော့ ကိုယ့်ငွေနှင့် ရင်းရမည်။ ကိုယ့်ငွေနှင့်ရင်းရလို့ ရှုံးများရှုံးလေမလားလို့ စိတ်စနောင့်စနင်း မဖြစ်နှင့်၊ မင်းသားကောင်းရှာပြီးရိုက်လျှင် ကျိန်းသေပေါက်မြတ်မည်။

တွက်ချက်ပြကြသည်။ တွက်ရေးကတော့ စက်သူဌေးပါပဲ

ထုတ်ရမည့် ရင်းနှီးခငွမှာ လေးသောင်း၊ စွန်းရင် လေးသောင်းခွဲ၊ လက်သွဲရောင်းရင် ခြောက်သောင်း ပြေးမလွတ်၊ ကိုယ့်ဟာကိုယ် ဘွတ်ကင်ထိုင်လျှင် ခုနစ်သောင်းထက် ဘယ်လိုမှ မလျော့။

မင်းသမီးအိပ်မက်က ဝါဝါနွယ်ကို လွှမ်းမိုးချုပ်ထိန်းလိုက်ပြီ၊ စိတ်ကူးယဉ်စရာတွေက မကုန်နိုင် မခန်းနိုင်။ ခြေချော်လက်ချော် ဖြစ်စရာအကြောင်းလည်းမရှိ၊ ကိုပန်းမွှေးတစ်ယောက်လုံး

www.burmeseclassic.com

www.burmeseclassic.com



ပါနေသည့်ပဲဟာ။ ခုလည်း ကိုပန်းမွှေးက လက်တွေ့ပြထားပြီဟာ။

ဘာပဲဖြစ်ဖြစ် ကိုချစ်သန်း ပြန်လာရင် တစ်ကားတစ်ခွေတော့ မဖြစ်ဖြစ်အောင် လုပ်မည်ဟု ကတိပေးလိုက်သည်။

ကိုချစ်သန်းက ဝါဝါနွယ်၏ အိပ်ရာဝင်ပုံပြင်ကို မကောင်းပါဘူးလို့ ပြောရိုးမှထုံးစံ မရှိတာ။

ချစ်သန်း ပြန်လာဖို့ကလည်း သုံးလေးလပဲ လိုတော့သည်။

ဖြစ်နိုင်ပါသည် ဆိုသည်ကို၊ ပြစရာအခွေကလည်း အဆင်သင့် ရှိနေပြီမို့ မဖြစ်ရာအကြောင်းမရှိ။ ကျိန်းသေပေါက်ဖြစ်ရမည်ဟု ကတိပေးလိုက်သည်။

ချစ်သန်းအကြောင်းကို ဝါဝါနွယ် အသိဆုံး။ အယ်အညာကို ကိုင်လျှင် ဘယ်အထာ ဘယ်လိုပိုင်မည်ကို ဇနီးသက်ထားတိုင်းက ထဲထဲဝင်ဝင်၊ ကျွမ်းကျွမ်းကျင်ကျင် အသိဆုံး။

ချစ်သန်း ပြန်ရောက်လာသည်။

ခန့်မှန်းခြေ နှစ်သိန်းကျော်ဖိုးလောက် ပါလာသည်။

ရောက်ပြီး နောက်တစ်နေ၊ ဝါဝါနွယ်ပါသော အခွေများ



မယုံသလို ဖြစ်သွားရသလို ဟုတ်မှဟုတ်ပါလေစဟု သံသယစိတ်ဝင်သွားရသည်။

ကိုပန်းမွှေးအကြောင်း၊ ဒါရိုက်တာကြီးအကြောင်း၊ ဗွီဒီယိုခွေရိုက်ကူးရေးလုပ်ငန်း အကြောင်းကို တဖြည်းဖြည်းနားသွင်းပြီး ကိုယ်တိုင်မင်းသမီးလုပ်၍ ကိုယ်ပိုင်အခွေရိုက်ထုတ်မည့်အကြောင်း ပြောပြသည်။

ဟိုနွယ် ဒီနွယ် မေးလာသော မေးခွန်းအထွေထွေကို နောက်ဆက်တွဲ ထပ်ဆင့်မေးခွန်းတွေ ပေါ်မလာအောင် ရှင်းပြလိုက်ရှိမက အခွေရိုက်မည့်ကိစ္စကို ချစ်သန်း ခေါင်းညိတ်လာအောင်ပါ ကိုင်တွယ်ပြီးစီးသွားသည်။

ကိုပန်းမွှေးအပါအဝင် ဒါရိုက်တာကြီးနှင့် ချစ်သန်းတို့ တွေ့ကြသည်။

ကိုပန်းမွှေးနှင့် ဒါရိုက်တာကြီးတို့က တစ်လှည့်စီ ရေပက်မဝင်အောင် ပြောသွားရာ ချစ်သန်း ပြောကွက်မဝင်သာတော့ ခေါင်းညိတ်လက်ခံလိုက်ရသည်။

ကန်တော့ပွဲပေးသည့်နေ့က သူတို့ရပ်ကွက်ထဲ၌ အုတ်အော်သောင်းနင်း ဖြစ်သွားသည်။ ကန်တော့ပွဲအခမ်းအနားကို သူတို့အိမ်မှာပဲလုပ်ပြီး မုန့်ဟင်းခါးကျွေး၍ညှော်ခံရာ စည်သလားမမေးနဲ့ ဝက်ဝက်ကွဲရောဟု ပြောရမည်မျိုး စည်ကားသည်။

www.burmeseclassic.com



ချစ်သန်းနှင့် ဝါဝါနွယ်တို့အပြုံးမှာ ရှန်းလက်ဝေဖြာနေ သည်။

အစီအစဉ်တွေအားလုံးပြီးလို့ ဗွီဒီယိုစရိုက်ပြီး သုံးလေးရက် လောက်တော့ ပျော်၍မဆုံး၊ မော်၍မဆုံး တပြုံးပြုံး။

အဲသည်နောက်ပိုင်းမှာတော့ စိတ်ညစ်စရာတွေချည်း ဆုံရ ကြုံရတော့သည်။

တစ်ပတ်၊ အလွန်ဆုံး နှစ်ပတ်ဟု အဆိုရှိခဲ့ရာမှ တစ်လလွန် မြောက်၊ နှစ်လသို့ ရောက်သည့်တိုင် တစ်ဝက်တစ်ကျင်းပဲ ပြီး သေးသည်။ လေးသောင်းခွဲ အလွန်ဆုံးဆိုသည်မှာလည်း ထုတ် မလောက်၊ ပေးမနိုင်ဖြင့် ခြောက်သောင်းနား နီးသွားပြီ။

မင်းသားကို အကြောင်းပြသည်၊ စက်ကို အကြောင်းပြ သည်။ ဇာတ်ပို့ ဇာတ်ရန်များကို အကြောင်းပြသည်။ ရေရေရာ ရာ မရှိသော အကြောင်းပြချက်တွေကလည်း များမှများ။ ဟီ နွယ် ဇီနွယ် ပြဿနာပေါင်းစုံကလည်း ရှုပ်သထက် ရှုပ်လာ သည်။

နောက်ဆုံး ကြားဝင်ပေးနိုင်သူများကို ရှာဖွေပြီး အကူ အညီ တောင်းရသည်။ အကူအညီတောင်းရာမှာ ပါးစပ်ချည်း မဖြစ်၊ လက်ပါ ပါရသည်။



ခက်တာက ကိုယ့်ဘက်ကလူ ကိုပန်းမွေးက ကိုယ့်ဘက်မှာ ရပ်ဘဲ ဟိုဘက်က ပါနေ၊ ရပ်နေခြင်းပင်။ လူယုံသတ်ပြီမို့ ဘာမှ မတတ်နိုင်။

ကြားဝင်စေ့စပ်ပေးသူများထံမှ နောက်ဆုံးထွက်လာသည့် အဖြေမှာ နောက်ထပ် ငွေသုံးသောင်းထုတ်လျှင် အချေ အပြီး သတ်ဖို့ တာဝန်ယူမည်၊ လူကြီးစုံရာ၌တွင် လက်မှတ်ထိုးပြီး တာဝန်ခံမည်ဟူ၍ ဖြစ်သည်။

လင်မယားတွေ တကျက်ကျက်ဖြစ်နေသည်မှာ ကြာပြီ၊ မျက် နှာချင်းဆိုင်မရသော အခြေအနေသို့ ဦးတည်နေပြီ။

ချစ်သန်းကလည်း သောက်သလား မမေးနှင့်၊ မိုးလင်းက မိုး ချုပ် နောက်ပါ အဖေပါင်းအသင်းတစ်သိုက်နှင့် ထင်တိုင်းကြဲနေ သည်။ အိမ်ပြန်သောရက်ထက် အိမ်မပြန်သောရက်က ပိုများလာ သည်။ တစ်နေ့ကို သုံးလေးရာ အသာကလေး။

နောက်ပါတွေကလည်း မြှောက်ထိုးပင့်ကော် လုပ်ပေးကြ သည်။ ဘာကလို တိုတိုအပြောများဖြင့် အတွန်းအတိုက်လုပ်ပေး ကြသည်။

ချစ်သန်းကိုယ်တိုင်ကလည်း အဲသည်လို အပြောမျိုးကို လက် ခံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် ငွေသုံးသောင်းထုတ်ဖို့ကို ချစ်သန်းက လုံး လက်မခံ။ ကားရောင်းရသောငွေများကို အိမ်မှာမထားခ ဦးလေးတစ်ယောက်ထံ အပ်ထားလိုက်သည်။

အရပ်မလေ့စရိုက်အတိုင်း မလိုတမာ အပြောအဆိုမျ စခါင်းမဖော်ရဲအောင်ခံနေရသူမှာ ဝါဝါနွယ်။

အရပ်ထဲသို့လည်း မသွားရဲ၊ဈေးထဲကိုလည်း မသွားရဲ။ ထဲမှာကုတ်ပြီး စိတ်ကျဝေဒနာ ခံစားနေရသူ ဝါဝါနွယ် နောက်ဆုံးတွင် ချစ်သန်းနှင့် လမ်းခွဲရန် ဆုံးဖြတ်ချက် ချလို သည်။

ရစရာရှိတာ တောင်းမည်၊ ရှင်းပြတ်လျှင် သူလည်း သူ့ လမ်းသွား၊ ကိုယ်လည်း ကိုယ့်လမ်းသွားဖြင့် ဘဝသစ်ထူထော မည်ဟု။

လွဲမှားသော အတွေးအခေါ်ဖြင့် လမ်းကြောင်းပြောင်းရ ဦးတည်လိုက်၏။

သူတို့နှစ်ယောက်၏ ဇာတ်လမ်းနိဂုံးမှာ မကောင်း။

တစ်ယောက်က မတော်ရာလမ်းကြောင်းပေါ်သို့ ရော သွားသည်။ တစ်ယောက်က စိတ်လေလွင့်ပြီး အရက်ကို အလ အကျွံသောက်ရာမှ သတော်မလိုက်နိုင်တော့တဲ့ အသည်းရောဂ ဖြင့် ...

BURMESE CLASSIC



ဗွီဒီယိုကြောင့် ဘဝပျက်သွားသူများ၏ မှတ်တမ်းဖြစ်ရပ် အထွေထွေထဲမှ မှတ်တမ်းပြုစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်၏။

မည်ကဲ့သို့သော ဇာတ်လမ်းတွေ အများကြီးရှိသလို ထောင် ဂဏန်းပါသွားသူ၊ သောင်းဂဏန်းပါသွားသူတွေလည်း အများ ကြီးရှိသည်။ ငွေကြေးဆုံးပါးသူများအပြင် လူလုံးမလှ ဖြစ်သွား ရသူများသည်း ရှိကြသည်။

အရှက်ကိုငဲ့ပြီး ရုံးပြင်ကန္တားမရောက်သော ရာဇဝတ်ကြောင်း အဖြစ်အပျက်များမှာလည်း ဒုနှင့်ဒေး ရှိဘိ၏။

မင်းသမီး၊ မင်းသားအကွက် လျှော်ကြေး တစ်ထောင့်တစ် ရာ၊ စမ်းသပ်ရိုက်ကူးခ တစ်ထောင်၊ ငွေ တစ်ထောင့်တစ်ရာနှင့် ဓာတ်ပုံသုံးပုံပေးပြီး ဟိုဒင်းခွေ မျှော်သလိုမျှော်ရင်း လည်ပင်း ရှည်ထွက်ပြီး ဘာမှ မဖြစ်လိုက်ရသူတွေလည်း အများကြီး။

ဗွီဒီယိုလောက၏ လိမ်နည်းပေါင်းမှာ ဆယ်ဂဏန်း မဟုတ်၊ ရာဂဏန်းသို့အထိ ရှိသည်။

နောက်ပိုင်း ဘာတစ်ကယ့်လုပ်ငန်းရှင်များ၊ တကယ့်ပညာရှင်များ ဝင်ရောက်လာခဲ့ရာ ဦးကလိန်တွေ ဘေးသို့ ရှဲသွားသော်လည်း လုံးဝ ပျောက်မသွားဘဲ ရှိနေဆဲသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

သူသို့နှစ်ယောက်နှင့် ဒါရိုက်တာကြီးတို့၏ ထပ်တွေ့ကြသော နေရာမှာ တချပ်တန်းရှိ စားသောက်ဆိုင်လေး တစ်ဆိုင်တွင် ဖြစ်၏။ ဆိုင်ခန်းလေးမှာ ကျဉ်းသော်လည်း သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ရှိသည်။

ဝက်နံရိုးကြော်နှင့် ကန်စွန်းရွက်ကြော် နာမည်ကြီးသည်။ နာမည်ကြီးသလောက်လည်း ကြော်လှော်ထားပုံမှာ ထူးထူးကဲကဲ ပြောစမှတ်ပြုရလောက်အောင် တစ်မျိုး တစ်ဘာသာ ကောင်းသည်။ ဈေးနှုန်းလည်း သက်သာသည်။



နေ့လယ်မို့ လူရှင်းသည်။ အေးအေးဆေးဆေး စားသောက်၍ စိမ်ပြေနပြေ စကားပြောနိုင်သည်။

ဆိုင်ကလေးသို့ တစ်ခါတစ်ခေါက် ရောက်ဖူးသူတိုင်း နောက်တစ်ခါလာဖို့ စိတ်လိုလက်ရရှိကြသလို ရောက်အောင်လည်း လာကြသည်။

တရုတ် စားသောက်ဆိုင်တိုင်းတွင် ဝက်နံရိုးကြော်ရသည်။ ဒါပေမယ့် သည်ဆိုင်ကလေးက ဝက်နံရိုးကြော်လောက် မစွံကြ။ နူးမြည့်ပြီး ကြော်ထားပုံမှာ ရွရွကြွပ်ကြွပ်ကလေး။ ရွှေကျည်နိုင်နိုင်ဖြင့် ဘူးသီးကြော် ဝါးလိုက်ရဘိသို့ တစ်ဖတ် ဝါးပြီးလျှင် နောက်တစ်ဖတ် ဆက်ဝါးမိရသလို စာစ်ပန်းကန်ပြီးတစ်ပန်းကန် ဆက်မှာရလောက်အောင် ပါးစပ်တွေ့သည်။

ကန်စွန်းရွက်ကြော်မှာ အတွဲအစပ်မပါ။ ရိုးရိုးခသး ကြော်ထားသော်လည်း ခံတွင်းအတွေ့ကောင်းလှ၏။ အရွက်ရော အရိုး၏ စိမ်းမြမြလေးမို့ စားချင်စဖွယ်ရှိဘို့၏။

ဒါရိုက်တာကြီးမှာ ငွေစရှင်တိုင်း သည်ဆိုင်ကို ရောက်စမြဲမို့ လည်း သားကောင်နှစ်ယောက်ကို သည်ဆိုင်သို့ ချိန်းလိုက်ခြင်းဖြစ်၏။

ထိုင်မိသည်နှင့် ဒါရိုက်တာကြီးက အလုပ်အကြောင်း စလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ကိုယ်တို့ သန်ဘက်ခါမနက်မှာ အလုပ်ဖြစ်ပြီ၊ မောင်ရင်တို့ ယူလာရမှာက ဝတ်စုံသုံးစုံစီ၊ မိတ်ကပ်ကိုတော့ ရိုက်ကွင်းရောက်မှလိမ်း၊ မိတ်ကပ်သမား ခေါ်ထားလိုက်မယ်၊ ဒါမှမဟုတ် မောင်ရင်တို့ဘာသာ အစီအစဉ်နဲ့လဲရတယ်၊ အဲ- မိတ်ကပ်သမား ခေါ်ရင်တော့ တစ်ရာ၊ တစ်ရာ့ငါးဆယ်လောက် ကျလိမ့်မယ်၊ မင်းသား၊ မင်းသမီးဖြစ်ရင်တော့ ဒါတွေဟာ ကိုယ့်ပစ္စည်းနဲ့ ကိုယ့်ဟာကိုယ် လုပ်ရတဲ့အလုပ်တွေ၊ ဆရာတို့ ဒါရိုက်တာနဲ့မဆိုင်ဘူး၊ အဲဒီကိစ္စကိုတော့ မောင်ထွန်းအေးတို့နဲ့ စီစဉ်ပေါ့'

'ဟုတ်ကဲ့ပါ ဆရာကြီး'

'နောက်—မော်တော်ကားကိစ္စ၊ ဒါက ပရိုဂျူဆာနဲ့ဆိုင်တယ်၊ ဒါရိုက်တာ၊ ကင်မရာမင်း၊ မင်းသမီး၊ မင်းသား၊ ဇာတ်ရံ၊ဇာတ်ပို့တွေကို အခေါ်အပို့အတွက် ကားစီစဉ်ပေးရတယ်၊ ခု— မောင်င်တို့ ကယာယီပရိုဂျူဆာဆိုတော့ မောင်ရင်တို့ စီစဉ်ရလိမ့်ယ်၊ ကိုယ် ကပ်ပြီး ပြောတာမဟုတ်ဘူးနော်၊ အလုပ်သဘောကို ဘာ၊ ကိုယ်က ပြောစရာရှိတာကိုတော့ ပြတ်ပြတ်ရှင်းရှင်းပဲ ပြောတတ်တယ်၊ ဘယ်လိုမှ မအောက်မေ့နဲ့'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့က ဆရာကြီးကို လေးစားယုံကြည်ပြီးသားပါ၊ ပြောစရာရှိတာ ပြောသာပြောပါဆရာကြီး'

'အဲဒီနေ့အတွက် ကားတစ်စီးကို မောင်ရင့်တို့စီစဉ်ပြီး အကျွေးအမွေးကိစ္စလဲ တာဝန် ယူရလိမ့်မယ်၊ မော်တော်ဆိုင်ကယ်က



တာ့ ဇာတ်ဝင်ခန်းအတွက်ပဲ၊ အဆင်မပြေလဲ ကိစ္စမရှိဘူး၊ ဆင်ပြေသလိုလုပ်ရိုက်မယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့အားလုံး ဖြစ်အောင် လုပ်ပါ့မယ်'

'ဘယ်မှာဆုံမယ်၊ ကင်မရာမင်းနဲ့ မင်းသမီး ဘယ်မှာခေါ်ရယ်၊ ဘာ—ညာ အသေးစိတ်ကိုတော့ မောင်ထွန်းအေး အစီအစဉ် လုပ်ပေးလိမ့်မယ်'

ဒါရိုက်တာကြီးက သူ့လက်ထဲ ရောက်ပြီးသည့် ငွေထဲမှ တစ်ားတစ်ကျပ် အပ္ပန်းမခံတော့။ ငွေကုန်ကြေးကျ ကိစ္စ ဟူသမျှ တို့ပခုံးပေါ်သို့ ပြောင်းတင်ပေးလိုက်၏။

ပိုးသမားနှစ်ယောက်ကလည်း ပခုံးပြောင်းတင်ပေးလိုက်သည် ကျေကျေနပ်နပ်ကြီး ထမ်းပိုးလိုက်၏။

သူတို့ နှစ်ယောက်က ကားတို့၊ မော်တော်ဆိုင်ကယ်တို့ကို ယ်မှာ ဘယ်လိုငှားရမည်မသိ။ သူတို့ ငှားသည့် ကားနှင့် ဆိုင်ယ် အဆင်မပြေလျှင် လိုရာခရီးရောက်မည်မဟုတ်သောကြောင့် ရာကြီးသို့ကိုပဲ တာဝန်လွှဲရသည်။ ဆရာကြီးက ထွန်းအေးတို့နှင့် လိုက်သည်။

ထွန်းအေးတို့နှင့် ယူလိုက်သည်မှာ အိုက်တင် ခံလိုက်ခြင်းဖြစ် ပြီးမှ သုံးရာကျသည်ကို ငါးရာတောင်းပြီး နှစ်ရာကို အ းယူကြမည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



လွှာလွှာပြီးလိုးသည့် သူတို့၏ အသာသဘောပါ။

စားရင်းသောက်ရင်း အလုပ်ကိစ္စ ပြောဆိုကြပြီးသည့်နောက် ဆယ်ကြီးက ဗီဒီယိုလောက၏ အထာသဘော အချို့ကို ပြောပြသည်။

'အေး....မင်းသားအသစ်ဘင်တဲ့ ဒါရိုက်တာဟာ မင်းသား၏ အနေအထားကိုကြည့်ပြီး အဲဒီမင်းသားစရိုက်နဲ့ လိုက်မယ့် ဇာတ်လမ်းကို ရွေးရမယ်၊ ဗိုက်တင်နဲ့ ဖြစ်မယ့် အက်ရှင် မင်းသားကို အလွမ်းအဆွေး ဇာတ်လမ်းနဲ့ တွဲလိုက်ရင် သွားရော၊ တစ်ခွေတည်းနဲ့ ပေါ်မလာဝုံပ်ကောင် ဖြစ်သွားပြီသာ မှတ်ပေတော့၊ သဘာဝကို ဗိုက်တင်အက်ရှင်နဲ့တွဲလို့မရဘူး၊ မောင်ရင်တို့ အတွက် အတော်လေး ဦးနှောက်ခြောက်အောင် စဉ်းစားနေရတယ်၊ အေးလေ၊ အခု အစမ်းရိုက်ကြည့်ရင်ဘော့ ဘယ်လိုဇာတ်လမ်းမျိုးနဲ့လိုက်မယ်၊ ဘယ်မင်းသမီးနဲ့ တွဲပေးရမယ်၊ ဘယ်ရိုက်ကွင်း ရိုက်ကွက်နဲ့ တွဲစပ်ပေးရမယ်ဆိုတဲ့ အဖြေတော့ ပေါ်လာကောင်းရဲ့ အောက်မေ့ရတာပဲ'

'ကျွန်တော်တို့ ဆရာကြီးကို အပ်ပြီးသားပါခင်ဗျာ၊ ကျွန်တော်တို့ ဘာလုပ်ရမယ်ဆိုတာကိုသာ ပြောပါခင်ဗျာ၊ကျွန်တော်တို့ လုပ်မှာပါ'

'ကိုယ်ကလဲ မောင်ရင်တို့နှစ်ယောက်ကို သံယောဇဉ် ဖြစ်လို့ ပြောစရာရှိတာလေးတွေ ပြောတာပါ၊ ကိုယ် စေတနာထားသလို မေမင်ရင်တို့ကလဲ စေတနာကို အသိအမှတ်ပြုပြီး ကြိုးစားပေါ့'



'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့ အများကြီး ကျေးဇူးတင်ပါတယ်'

ဒါ့အပြင် ဆရာကြီးက သူ့အပေါ် အထင်ကြီးစေမည့် အာပလာ စကားတွေ အများကြီး ပြောသွားသည်။

ကားရိုက်တတ်ရုံနှင့် ဒါရိုက်တာ မဖြစ်နိုင်ပုံ၊ ဇာတ်ကောင်ကိုင်တွယ်မှု ပညာသားပါဖို့၊ ရိုက်ကွင်းရိုက်ကွက် ရွေးချယ်မှု၊ အမြင် ရှင်သန်မှု အရေးကြီးပုံ၊ ကင်မရာဘာသာ၊ မီးပညာ အလင်းအမှောင်သဘော၊ ကားကူးကားဆက်ကာအစ၊ တည်းဖြတ်မှုပညာအဆုံး ရုပ်ရှင် အဘတ်ပညာပိုင်းကို ပိုင်နေမှသာ ဇာတ်ကားကောင်းတစ်ကား ထွက်ပေါ်လာနိုင်ပုံ၊ ဒါရိုက်တာကောင်းတစ်ယောက်ဖြစ်ဖို့ စက်မှု အတတ်ပညာပိုင်းရော၊ အနုပညာပိုင်းပါ ပြည့်ဝဖို့ လိုအပ်ပုံ၊ ဒါ့လည်း ကားကောင်းထွက်နိုင်ပုံများကို အာဝိဇ္ဇာန်းရှင်ရှင်ဖြင့် ရုပ်ရှင်အက်တာ သရုပ်ဆောင်ပုံဟန် ဖမ်းနှံ့ ပြောပြသွားရာ ပိုးသခါးနှစ်ထောက်မှာ ငေးစိုက် နားထောင်နေရသည်။

တကယ်တော့ ဒါရိုက်တာ ဆရာကြီးက ဒါတွေကို ထည်ထည်ဝင်ဝင် နားလည်သည်မဟုတ်ပါ။ အကယ်ဒမီ ဒါရိုက်တာကြီး၏ ထက်စွဲတော် တပည့် ဖြစ်ခဲ့စဉ်က ဆရာကြီးပြောသည့် ကြားဖူးနားဝ စကားများကို ပြန်ပြောနေခြင်းသာ ဖြစ်၏။

မည်သို့ပင်ရှိစေ သူ၏အပြောကြောင့် သူ၏အပေါ် အထင်ကြီးမှု အပြည့်အဝရှိသွားပြီကိုမူ ပိုးသမားနှစ်ယောက်၏ အနေအထားက ထင်ထင်ရှားရှား ပြသနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ဆရာကြီးက လူပေါ်လူဇော်လုပ်နည်းကို ကျွမ်းကျင်သည်။

အကြောင်းအရာတစ်ခုကို ပြောလိုက်လို့ နားထောင်သူ ကိုယ့်ဘက်ပါလာပြီဆိုသောအခါ ထိုအကြောင်းအရာကို မဆက်ဘဲ အခြားအကြောင်းအရာဘက်သို့ လမ်းကြောင်းပြောင်းလိုက်၏။

ပြောင်းလိုက်သည့် အကြောင်းအရာမှာလည်း လူငယ်ကြိုက်၊ အညီအဟောက်ပါသော ရုပ်ရှင်လောကမှ ဖြစ်ရပ်များ။

အဲသည်အကြောင်း ပြောစရာတွေကလည်း များသလား မမေးနဲ့၊ ပြောမဆုံးအောင် တောသုံးတောင်သို့နှယ် ရှိပါချေ၏။

စားသောက်ပွဲပြီးတော့ ဆရာကြီးက တပည့်နှစ်ယောက်ကို ထားခဲ့ပြီး ရိုက်သက်စ အခွေကိစ္စကို အကြောင်းပြ၍ ထွက်သွား၍ ကျန်သည့်အပိုင်းမှာ ထွန်းအေးနှင့် အောင်ခိုင်အပိုင်း။

ထွန်းအေးနှင့် အောင်ခိုင် ဆက်လုပ်ကြမည့်အလုပ်မှာ ထူးထူးထွေထွေမဟုတ်။ ဇော်ရဲအောင်တို့နှစ်ယောက်နှင့် လမ်းခွဲအပြန်တွင် ဒါရိုက်တာဆရာကြီးနှင့် သူတို့နှစ်ယောက်အတွက် စို့စို့ပို့ပို့ပါသွားရန် အကြံအဖန်လုပ်ဖို့အတွက် ဖြစ်၏။

အတုံးလိုက် အတစ်လိုက်မဟုတ်ဘဲ ပါးပါး၊ ပါးပါးလှီးဖို့ ကိစ္စမို့ လွယ်သည်။ အတုံးလိုက် အတစ်လိုက်လှီးရမည့် ကိစ္စမျိုးမှာတော့ ဒါရိုက်တာဆရာကြီး ပါဖို့လိုသည်။ ခုကိစ္စမှာတော့ ပါဖို့မလို ကျွမ်းကျွမ်းကျင်ကျင် လှီးတတ်ကြသည်။



ဆိုင်မှာ နာရီဝက်လောက် ဆက်ထိုင်ပြီး ပြန်ကြသောအခါ ငွေတစ်ထောင်အပြင် ဝက်နံ့ကင်ကြော်နှစ်ထုပ် အကြုံးတလှီး ပါလာသည်။

ကားနှင့် ဆိုင်ကယ်ငှားခ အပါအဝင် မိတ်ကပ်သမားအတွက် လေးရာထက်မပို၊ နာရီပိုင်းနှင့် ငှားရမည်ဖြစ်သောကြောင့် အလွန်ဆုံးကျပါမှ လေးရာ၊ မင်းသမီးအတွက် လက်ဆောင်ပစ္စည်းလည်း ပြောပြီးသား၊ သူတို့ရထားသည့် ငွေငါးထောင်ထဲက ပေးစရာမလို ဒါထက်ဟန်တာ ဘာရှိသေး။

ထွန်းအေးနှင့် အောင်ခိုင်တို့က ငွေတစ်ထောင်ထဲမှ တစ်ရာ့ငါးဆယ်ဖြတ်ပြီး သူတို့ရဲဘော်လက်ထဲကို ရှစ်ရာ့ငါးဆယ်ပဲ အပ်လိုက်သည်။ ဆရာကြီးက သူတို့နှစ်ယောက်အတွက် ၊ တစ်ရာ့ငါးဆယ်ပဲ ပေးသည်။ ကိုတင်ပြီး တစ်ရာ့ငါးဆယ်ဖြတ်ထားလိုက်သမို့ တစ်ယောက်တစ်ရာ့ငါးဆယ်စီ ရသွားကြလေသည်။

သူတို့လောကသားတွေက သည်လိုမျိုး။

သူများကိုလည်း ရိုက်သည်၊ အချင်းချင်းလည်း ရိုက်ကြသည်။

အဲသည်နေ့က ဆိုင်ကယ်စီးမည့် အခန်းနှစ်ခန်း၊ ကန်တော်ကြီးကမ်းစပ်တွင် နှစ်ခန်း၊ လူကြမ်းအဖြစ် သရုပ်ဆောင်မည့် ထွန်းအေးနှင့် အောင်ခိုင်တို့ နှစ်ယောက်နှင့် ဖိုက်တင်ခန်းနှစ်ခန်း၊ ဖိုက်တင်ခန်းနှစ်ခန်းမှာ ပီပီပြင်ပြင်တော့မဟုတ်၊ ဇော်ရဲအောင်က ထိုးချက်နှင့် ကန်ချက်ကို ဟန်ဆောင်လောက်ပဲ လုပ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထွန်းအေးနှင့် အောင်ခိုင်တို့က အယိုင်အလဲ၊ အလိမ့်အခွန်၊ အပျံများကို သူတို့လုပ်နေကျနည်းများဖြင့် ဟန်ချက်ညီညီ သရုပ်ဆောင်သွားကြမည်။

၄

ကမ္ဘာအေးဘုရားဖူးပြီး ပြန်အထွက်၊ ကမ္ဘာအေးစေတီအဝင်မှ စားသောက်ဆိုင်တစ်ဆိုင်သို့ အဝင်အထွက်နှင့် စားသောက်ခန်းတစ်ခန်းကို ရိုက်ခဲ့ရာနှစ်နာရီအတွင်း ပြီးစီးသွား၏။ တစ်ရာနှစ်ဆယ် အခွေတစ်ခွေ၏ သုံးပုံတစ်ပုံခန့် ရိုက်ချက်ထွက်လိမ့်မည်ဟု ခန့်မှန်းရသည်။

ဗွီဒီယိုအခွေ ရိုက်ရသည်မှာ ရုပ်ရှင်ဇာတ်ကားကြီး ရိုက်သလို မဟုတ်ဘဲ ဇာက်မှုပိုင်းဆိုင်ရာနှင့် အခြားသော လုပ်ဆောင်ဖွယ်ရာတာဝန်အလွန်ပေါ့သည်။

ဇာတ်ကားကြီးရိုက်သော ကင်မရာကို သယ်ရ၊ ပိုးရ၊ ရွှေ့ရမ,ရသည်များ ခက်ခဲသလို လူအင်အားကို များများသုံးရသည်။ နည်းနည်းနှင့်ကျဲကျဲဝိုင်း၍မရ။ ပေလေးရာပါသည့် ဖလင်ဘူးများ သယ်ရသည်ကပင် မလွယ်။ လေးသည်။ ဝန်ကျယ်သည်။ နယ်ကို ကားရိုက်ထွက်လျှင် သေတ္တာဖြင့် သယ်ရသည်။

ရိုက်ပြီး ကားများ နယ်ရှိသို့ သွားပြလျှင် ဖလင်ဘူးများကို သေတ္တာဖြင့် သယ်ရသည်။အဝတ်ထည့်သော သံသေတ္တာများဖြင့် ထည့်၍ သယ်ယူရသည်။ ရေတစ်တန် ကုန်းတစ်တန်လမ်းမျိုး သွားရပြီဆိုလျှင် ကားထုပ်နှင့်အတူလိုက်ရသော ကုမ္ပဏီအော်ပရေတာမသက်သာ။



ဗွီဒီယိုအခွေက သေးသေးလေး၊ လွယ်အိတ်ထဲမှာ ထည့်ယူသွားလို့ရသည်။ ရန်ကုန်မှာတင် ရိုက်မည်ဆိုလျှင် တစ်ခွေယူသွားရုံဖြင့် လုံလောက်သည်။ နယ်ထွက်မှ သုံးခွေလောက်ပဲ ယူရသည်။ သုံးခွေဆိုတာကလည်း ဘာမှ ဝန်မကျယ်။လွယ်အိတ်ထဲထည့်ထားရင်တောင် ဖောင်းဖောင်းကားကားမရှိ။ ဗွီဒီယိုရိုက်ခွေများပါသည်ဟု မသိနိုင်အောင်ပင် ဝန်ကျဉ်းသည်။

ရုပ်ရှင်ကားကြီးရိုက်သော ဖလင်က နည်းနည်းလေးမှ အမှားမခံ မှားသွားရင် ပြန်ရိုက်လို့မရ ဖလင်အသစ်ကို သုံးရသည်။

ဗွီဒီယိုအခွေကတော့ မှားသွားရစ်လည်း အဲသည်အခွေနဲ့ပဲ ပြန်ရိုက်လို့ရသည်။ ရိုက်ပြီးသား နေရာကို ပြန်ရစ်ပြီး ပြန်ရိုက်လို့ရသည်။

ကက်ဆက်ခွေတစ်ခွေကို ထပ်ခါတလဲလဲ သီချင်းကူးနိုင်သလို ဗွီဒီယိုအခွေကိုလည်း ထပ်ခါတလဲလဲ အသုံးပြုနိုင်သည်။

ဇာတ်ကားကြီးရိုက်သည့် ဖလင်က နက္ကတစ်ဖလင်၊ ပေါ်ဆက်တစ်ဖလင်ဟူ၍ နှစ်မျိုးသုံးရသည်။ ရိုက်ပြီး ပြီးချင်း ကြည့်လို့မရ ဆေးကူးရသည့် အလုပ်ပိုတစ်ခု လုပ်ရသေးသည်။ ဆေးကူးပြီးမှ ကြည့်လို့ရသည်။

ဗွီဒီယို အခွေကတော့ ရိုက်ပြီးပြီးချင်း ဒက်ပလေယာထဲထည့်ပြီး ချက်ချင်းကြည့်လို့ရသည်။ နောက်ခံတီးလုံးနှင့် သီချင်းမပါပေမယ့် ရုပ်ပုံလှုပ်ရှားမှုနှင့် စကားပြောအသံကို ကြည့်လို့ရသည်။ အမှားအယွင်းရှိလျှင် ချက်ချင်းသိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးကူးရသည့် စရိတ်စကမသက်သာသလို ပေါ်ဆက်တစ်ဖလင်ဖိုးကလည်း မသက်သာ။

ဗွီဒီယိုအခွေများမှာ အဲဒါတွေမရှိ။ ပြီး သူက တိုက်ရိုက်ဆေးရောင်စုံထွက်သည်။ ဇာတ်ကားကြီးမှာတော့ အဖြူအမည်းဖလင်က အဖြူအမည်းပဲထွက်သည်၊ ဆေးရောင်စုံ ဖလင်နှင့်ရိုက်မှ ဆေးရောင်စုံထွက်သည်။

အဖြူအမည်း ဖလင်နှင့် ရောင်စုံဖလင်ဈေးနှုန်းမှာ သုံးဆနီးပါးကွာသည်။ အဖြူအမည်းတီဗွီနှင့် ရောင်စုံတီဗွီမှာလည်း သုံးဆကျော်ဈေးနှုန်းကွာသည်။ ဈေးနှုန်းကွာသလို ကြည့်ရသည့် ပသာဒမှာလည်း ကွာသည်။

အထူးပြုပြောစရာမှာ တီဗွီနှင့် ဗွီဒီယိုပါဝင်သူများမှာ ဆေးရောင်စုံ အစွမ်းသတ္တိကြောင့် တော်ရုံသင့်ရုံအလှရုပ်ထင်သူပင်လျှင် ထူးထူးထင်ထင် အလှရုပ်ထင်သောကြောင့် ဖန်သားပြင်ပေါ်မှ ရုပ်ပုံလွှာများမှာ အပြင်အမြင်နှင့် ဘယ်လိုမှမတူအောင် ကြည့်ရှုကောင်းသည် လှလှပပရှိသည်။

ဇော်ရဲမောင်တို့ကို အစမ်းဗွီဒီယိုအခွေ ရိုက်ကူး၍ အကြံအဖန် လုပ်ခဲ့သည့် အကြောင်းကို ဗွီဒီယိုလောကသားတိုင်းပင် မသိလိုက်ပါ။ သိသူများကလည်း ထိုဒါရိုက်တာဆရာကြီး ရွှေဉာဏ်တော်စူးရောက်ပုံကို ချီးကျူး၍ ကြုံလေတိုင်း ပြောမဆုံးဖြစ်ခဲ့ကြရသည်။



သူ၏ တစ်ချက်ခုတ် နှစ်ချက်ပြတ် လုပ်သွားပုံမှာလည်း မှတ်တမ်းပြုစရာသို့ ရှိနဲ့ပါချေ။

အဲသည်နေ့ မနက်စာကို အဖွဲ့သားအားလုံးအား ဇော်ရဲမောင်တို့က ဒကာခံ၍ အလှူပယ်ကြိုက်သလို စားစေခြင်းဖြင့် တုံ့ပြန်ကျွေးမွေးပြုစုခဲ့သည်။

မင်းသမီးနှင့်လည်း အတော်လေး ရင်းနှီးသွားသည်။

မင်းသမီးဆိုပေမယ့် ရုပ်ရှင်လောကနှင့် ဆက်နွယ်လာသူ မဟုတ် ဗွီဒီယိုခေတ်ရောက်မှ ပေါ်လာသော မှန်သားပြင် အစမ်းသပ်ခံ ဆတ်စလူးမလေး ဖြစ်၏။

ဒါရိုက်တာ ဆရာကြီး၏ ရိုက်လက်စအခွေတွင် ဒုတိယမင်းသမီးအဖြစ် ကိုယ့်စရိတ်ကိုယ်စား ပါဝင်ရန် ဒါရိုက်တာကြီးကို ငွေသုံးထောင်ကျော် ပံ့ပိုးလိုက်ရရုံမက တွေ့တိုင်းလည်း အပေးအကမ်း လက်မလွတ်ရှိနေရဆဲ ဖြစ်၏။

မိဘတွေက ရွှေအရောင်းအဝယ်လုပ်ငန်းဖြင့် စီးပွားဖြစ်ထွန်းနေကြရာ သမီးဖြစ်ဖို့အတွက် ငွေကြေးအကုန်ခံရမည်ကိုလက်မတွန့်တဲ့ နည်းလမ်းအသွယ်သွယ်ဖြင့် ထောက်ကူပံ့ပိုးပေးနေကြ၏။

ကောင်မလေးက ရုပ်ရည် ပွင့်မှူးသည်။ ကိုယ် လုံး ကိုယ်ပေါက် ကလေးက ကြည့်ကောင်းသည်။ နွဲ့နွဲ့ နှောင်းနှောင်း၊ လူးလူးထထ၊ ဟန်ပန်စွဲထင်သည်။ မင်းသမီး မကြီးခင်ကတည်းက

www.burmeseclassic.com

www.burmeseclassic.com



အလုကုန်ကြော်ငြာဖြင့် မင်းသမီးနာမည်ရခဲ့သူ ဖြစ်၏။ ဖန်သား ပြင်ပေါ်မှာ ရုပ်ပုံ ထင်ဖူးသည်။ တစ် ယောက် တည်း တော့ မဟုတ်၊ သကြြန်အကအဖွဲ့နှင့်အတူ ပါဖူးပါသည်။

ဗွီဒီယိုတစ်ခွေမှ မထွက်ဖူးသေးသော်လည်း မင်းသမီးနာမည် ကိုမူ တစ်ပြားသားမှမလျော့၊ အ ကြောင်း တိုက် ဆိုင်လာသူ ဘယ်သူ့အယ်ဝါဟု ပြောဆိုရလေတိုင်း မိခင်ဖြစ်သူက....

'ကျွန်မသမီး၊ မင်း သ မီး'

ဆိုသည်ကို ပါးစပ်ဖျားကမချသလို၊ သူမကိုယ်တိုင်လည်း....

'ကျွန်မ၊ မင်းသမီး'

တူသော အပြောကို သွက်သွက်သွင်သွင်ကြီး ပြောစမြဲရှိ၏။

ယခုနေ့ ရုပ်ရှင်လောကနှင့် ဗွီဒီယိုလောကၡ အောင် မြင် ဝင့် ကြွားနိုင်သူ ပရိသတ်အသိအမှတ်ပြုခံရသူ၊ ဇာတ်ကားရ၊ အခွေ ရ၊ မင်းသမီးဦးရေမှာ ဆယ့်ငါး၊ နှစ်ဆယ်ထက် မပိုသော်လည်း အမည်ခံ မင်းသမီးများ၏ အရေအတွက်မှာမူ တစ်ရာကျော်မကရှိ သည်။

ဇာတ်ကားရ၊ အခွေရမင်းသားနည်းသလို၊ အမည်ခံ မင်း သားလည်းနည်းသည်။ ဒါကြောင့်လည်း မင်းသမီးဈေးကနည်း ပြီး မင်းသားဈေးက များနေသလားမသိ။

ထားဘိတော့၊ မည်သို့ပင်ရှိစေ၊ ဗွီဒီယို တစ်ခေတ်ဆန်းလာ သည်နှင့်အတူ ရိုက်တား၊ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊



ဇာတ်ရုံတွေ ဖောင်းပွလာသလို မျက်နှာဟောင်းများ၊ တဖြည်း ဖြည်း ပျောက်၍ မျက်နှာသစ်များက နေရာယူလာပြီကိုမူ မငြင်း နိုင်။ နောက်တစ်နှစ်၊ နှစ် နှစ် လောက်ဆိုလျှင်၊ ဗွီဒီယိုလောက ၌ မျက်နှာဟောင်းများ ရှိမှရှိပါဦးတော့မလားဟု ပြောရမည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်၏။

ရုပ်ရှင်ကားကြီးများတွင် အောင်မြင်သော မင်းသား တစ် ယောက်ဖြစ်လာဖို့ ခက်ခဲသလောက်၊ ဗွီဒီယို လောကတွင်မူ အောင်မြင်သော မင်း သား တစ် ယောက် ဖြစ် ဖို့ လွယ်ကူသ လောက်၊ ဖြစ်လာပြီဆိုလျှင်လည်း၊ လ ပိုင်းအတွင်းမှာပင် လက် များငွေသီးဖို့ သေချာသည်။

ဗွီဒီယိုခေတ်ကို နှစ်ပိုင်းခွဲလျှင်၊ ၈၅ ခုနှစ်မှ ၈၈ ခုအထိ တစ် ပိုင်း၊ ၈၈ ခုနှစ်မှ ယခုနေ့အထိ တစ်ပိုင်း ဟုခွဲခြားနိုင်သလို၊ ၈၈ ခု ကတိုင်ခင်က ဗွီဒီယိုအခွေများမှာ၊ မင်းသားအသစ်၊ မင်းသမီး အသစ်ကလေးများဖြင့် စခဲ့ရ၏။

မင်းသား ဇင်ဝိုင်းတို့၊ မင်းသား ဓပြင့်မြင့်မိုးတို့မှာ ပရိသတ် လက်ခံသော မင်းသားများအဖြစ် ထင်ပေါ်ခဲ့၏။

အထူးသဖြင့် တစ်ခွေတည်းဖြင့် နိဂုံးချုပ်သွားသူများသည်း များကြီးရှိသည်။ ပေါ်ဦးစ အချိန်က ဇော်ရဲမောင်တို့လို ခွေ ကြွေးတတ်နိုင်သူ၊ ပိုးသမားလေးများကြောင့်၊ ဗွီဒီယိုတစ်ခေတ် ဆန်းလာသည်ဟု ဆိုရမည်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က ဇာတ်လမ်းတင်စရာမလို၊ ဗွီဒီယို ဆင်ဆာမရှိသေးသောကြောင့် ဝတ်စားဆင်ယင်မှုကို ထိန်းချုပ်စရာမလို။ ဝတ်ချင်သလိုဝတ်ပြီး ရိုက်ချင်သလိုရိုက်နိုင်သည်။

ဇော်ရဲမောင်တို့ နှစ်ယောက်၊ ဗွီဒီယိုလောကသို့ မြေစမ်း ခရမ်းပျိုး ခြေချလာသည်မှာ၊ အဲဒီအချိန်။

စားပေါက် စားလမ်း အမျိုးမျိုး အဖုံဖုံ တီထွင်သူတွေက၊ ဆည်ဝမှ စောင့်နေသော ဗျိုင်းများသို့နှယ် ရှိပချေသော်လည်း၊ ငါးသတ္တဝါတွေက မရှောင်လွှဲဘဲ ဆည်ဝအပေါက်သို့ အတစ်းတိုးဝင်ကြ၏။

အခု၊ ဇော်ရဲမောင်တို့ နှစ်ယောက်မှာ၊ ရိုက်ကွက်ကို လေးငါးကွက် ခြောက်ကွက်အတွက် ငွေနှစ်ထောင်ကျော် ချေထွက်သည့်တိုင်၊ ရိုက်ပြီးသား အခွေကိုပြန်ကြည့်ပြီး ကျေနပ်အားရပီတိဖြစ်နေကြသည်။

မမြင်ဖူးတော့၊ မှူး—မြစ်ထင်ဆိုသလိုသာပ။

'ဒါကအကြမ်းထည် ရိုက်ကြည့်တာကွ၊ ဒါတောင် ကျေနပ်စရာကောင်းတဲ့ အဆင့်ရှိနေပြီပဲဟာ၊ တကယ်သာ ပြင်ဆင်ပြီး ရိုက်ရင်၊ အခုထွက်နေတဲ့ အခွေတွေထက် ဘယ်ညံ့ပါ့မလဲကွာ၊ ကဲ....မောင်ရင်တို့ကို၊ ကိုယ်သဘောလောက် ပြပြီးပြီ၊ တကယ်အလုပ်ဖြစ်လာဖို့ကတော့ မောင်ရင်တို့အပေါ်မှာ တည်တယ်၊ ကိုယ့်ဘက်ကတော့ အဆင်သင့်ပဲ'



'ကျွန်တော်တို့လဲ နှစ်ရက်သုံးရက်အတွင်း ပြန်ဖြစ်မှာပါ၊ နှစ်ပတ် ဒါမှမဟုတ် သုံးပတ်အတွင်း ရန်ကုန်ကို ပြန်ရောက်မှာသေချာပါတယ်၊ နက်ဖြန်ခါ ဆရာကြီးကိုကန်တော့ဖို့ အစီအစဉ်လဲ ရှိပါတယ်'

တကယ်တော့ အစမ်းရိုက်ကွက်မှာ အဖြစ်သဘောရိုက်ထားသောကြောင့် တန်းမဝင်ပေမယ့်၊ ရှက် ကြမ်း ရေကျို အဆင့်သောက်တော့ ထွက်လာသည်၊ ပြောစရာလေးတစ်ကွက်ကတော့ ဇော်ရဲမောင် ဆိုင်ကယ်စီးသည့်အခန်း၊ ဆိုင်ကယ်အစီးကျွမ်းသမို့၊ အရှိန်အားမြင့်၍ ဘရိတ်ဖမ်းပြီး ဆိုင်ကယ်မရပ်ဘဲ တစ်ပတ်လည်သွားသည့်အကွက်၊ မတ်တတ်ရပ်စီးသည့်အကွက်နှင့် ရှေ့ဘီးထောင်၍ အလှည့်အပတ်၊ ကစားသွားပုံ အကွက်သုံးကွက်မှာမူ ပြောစမှတ်ပြုရလောက်အောင် ပီပြင်သပ်ရပ်သည်။

မည်သို့ပင်ရှိစေ၊ ပေးရသူဘက်က ကျေကျေနပ်နပ်ရှိသမို့၊ အကြံအဖန်လုပ်သူလည်း မျက်နှာပန်းလှသွားသည်။ ဆက်လက်လုပ်မည့်လုပ်ငန်းအတွက် လက်ဝါးရိုက်ပြီး လက်ဆွဲ လိုက် ကြသည်။

ဗွီဒီယိုပေါ်ဦးစအချိန်က၊ ဒါရိုက်တာအမည်ခံ အများစုမှာ အကြံအဖန်သမားတွေချည်း။ သူတို့ အကြံအဖန် များတာကိုလည်း မပြောနှင့်၊ ပိုးသမားတွေကလည်း လိုက် သတ်လို့မကုန်အောင် များကြသည်။

လူသဘောသဘာဝက၊ ကိုယ်အောင်မြင်တာ၊ ကိုယ်ရတာကို အပြောသွက်သလောက်၊ ကိုယ်ခံလိုက်ရတာ၊ မရလိုက်တာကိုမူ

www.burmeseclassic.com



နှုတ်၍၊ နှုတ်ဆိတ်ကြသည်။ ပြောရိုးထုံးစံမရှိ။ မပြောမဖြစ်သောအခြေအနေသို့ ရောက်မှသာ ပြောသေ ့ရှိကြသည်။

ဒါ့ကြောင့်လည်း၊ အဲဒီလောကအကြောင်း အပုပ်နံ့မှာ လှိုင်မထွက်ဘဲ သိကာသီကာကလေး ထွက်လာသည်။

ပါးပါးလှီး၍ တစ်မျိုး၊ အတုံးလိုက် အတစ်လိုက်လှီး၍ တစ်သွယ်၊ နုတ်နုတ် နုတ်နုတ် စင်း၍ တစ်ဖုံဖြင့် ရိတ်ကြသည်။ ငွေကို ရိတ်သည်ကထော့ ထားဘိတော့၊ လူကိုပါ ရိတ်သည်အထိမျိုးသော အဖြစ်အပျက်တွေကလည်း ဒုနှင့်ဒေးရှိဘိ၏။

ဒါကလည်းမှန်သားပြင် ရုပ်ရှင်ခေတ်ရောက်မှ အထူးပြုဖြစ်လာသည် မဟုတ်၊ ပိတ်ကားရုပ်ရှင်ကတည်းက ဖြစ်ခဲ့သောအစဉ်အလာရှိခဲ့သော၊ ထူး၍မဆန်းသော ဖြစ်ရပ်ကြောင်းများဖြစ်၏။ ဆိုတာစေ၊ ပိတ်ကားရုပ်ရှင် အကြီးကြီးတုန်းက သည့်လောက်မဟုတ်၊ ပြောစမှတ်ပြုရလောက်သော ဖြစ်ရပ်များဖြစ်လာသည်က၊ မှန်သားရုပ်ရှင် အသေးစားခေတ်ရောက်မှ၊ သူ့ထက် ကဲဖြစ်လာသည်။

ယနေ့အထိလည်း ဖြစ်နေဆဲ၊ ရှိနေဆဲသာပင်။

★

[ ၁ ]

ဗွီဒီယိုလောကမှ မင်းသား၊ မင်းသမီးများ၏ သာမန်အကြောင်းအရာများနှင့် ထူးခြားသော ဖြစ်ရပ်အကြောင်းများမှာ စိတ်ဝင်စားစရာများဖြင့် ပြည့်နှက်နေသလို၊ စိတ်ရှုပ်ထွေးစရာများလည်း ပြည့်လျှမ်းနေသည်။

ဇော်ရဲမောင်လိုလို ငွေလုံးငွေရင်းစိုက်ထုတ်၍၊ ကိုယ့်ကိုယ်ကိုယ်ဆင် တစ်လုံးဖြင့် မင်းသားဖြစ်လေမလားလို့ ကြိုးစားခဲ့သူများလည်း၊ ပိုးသာကုန်၊ မောင်ပုံစောင်းမတတ်ဖြင့် နိဂုံးချုပ်သွားသူများရှိသလို၊ မင်းသားဖြစ်လိမ့်မည်လို့ စိတ်ကူးယဉ် အိပ်မက်မျှ မက်ခဲ့ဖူးဘဲ၊ ကြိုးလည်း မကြိုးစားဘဲ၊ စိုင်ကော်လို့ ချူပေါ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီး တစ်ခွေတည်းနှင့် စူပါတန်းဝင်သွားသူများလည်းရှိကြသည်။

ဗွီဒီယိုခေတ် မင်းသားလေးများမှာ အသက်အရွယ်ငယ်ကြသည်။ နှစ်ဆယ်ဝန်းကျင်၊ နှစ် ဆယ် ကျော် အရွယ်များဖြစ်ကြသောကြောင့်၊ ဘဝအတွေ့အကြုံ နည်းပါးသည်။ ကိုယ့်ကိုယ်ကို ထိန်းနိုင်သည့်အရွယ်များ မဖြစ်မြောက်ကြသေးသည့်အလျောက်၊ လက်ဖျား ငွေသီးလာသောအခါ၊ ဘဝမေ့ပြီး အောက် ခြေလွတ်ကုန်ကြသည်။

ဘီယာလေးတမြမြမှ ရမ်၊ ဝီစကီ၊ ဘရန်ဒီကို လက်စွဲတော်ဖြစ်လာရာ လူမှုရေးထိန်းသိမ်းရမည့် စည်းကမ်းဘောင်တွေကို ကျော်ပြီး အပုပ်နံ့တလှိုင်လှိုင် ဖြစ်လာသည်။

ဘယ်မင်းသမီး၊ ဘယ်ဇာတ်ဆောင်နှင့် ဘယ်မင်းသား ဘယ်လို၊ ဘယ်ဒါရိုက်တာနဲ့ ဘယ်မင်းသမီး၊ ဘယ်ဇာတ်ဆောင်က ဘယ်သို့၊ ဘယ်ကင်မရာမင်းနဲ့ ဘယ်ဇာတ်ရံက ဘယ်ပုံဆိုသည်များမှာ မကြားချင်အဆုံး ရှိခဲ့သလို ကြားသမျှသတင်းတွေကလည်း မမှန်သည်ဟူ၍ မရှိ၊ အားလုံး အမှန်တွေချည်း။

အမျိုး၊ လူမျိုး၊ လူလွတ်အချင်းချင်း ဖြစ်တာက အကြောင်းမဟုတ်၊ လွတ်လွတ်လပ်လပ် မင်းသားနှင့် မလွတ်လပ်သော မင်းသမီးတို့ သားလောက်အရွယ် မင်းသားလေးနှင့် မလွတ်မလပ် အမေလောက်အရွယ် ဇာတ်ပို့မင်းသမီးကြီးတို့၊ မလွတ်မလပ် မင်းသားနှင့် မလွတ်မလပ် မင်းသမီးလေးတို့၊ သားကြီးသမီးကြီး အဖေရွယ် ဒါရိုက်တာနှင့် တက်သစ်စ မင်းသမီးလေးတို့၊ အိမ်ထောင်ရှင် ဒုတိယမင်းသမီးနှင့် လူရွှင်တော်မင်းသားတို့ ဆိုသည့်မျိုးတွေတော့ ထိန်းသိမ်းရမည့် လူမှုရေးစည်းဘောင်ကြီးကို တစ်ဖက်စွန်းရောက်အောင် ကျော်လွန်နေကြသည့် ဗွီဒီယိုလောကတွင် ပို၍ ဆိုးသည်။



လင်မယားတွေ ကွဲကြ၊ ပြကြ၊ ပြတ်စဲကြောင်း၊ ကြော်ငြာကြ၊ တရားရုံးကို အမှုတွေရောက်ကြနှင့် ရှုပ်ထွေးပွေလီမ်နေကြသည်မှာလည်း ရှုပ်ရှင်ဆိုသည့်အတိုင်း ရင်ရှုပ်စရာတွေချည်း။

ဆန်းသလားဆိုတော့လည်း ဆန်းသည်ဟု မဆိုသာပြန်။

အနောက်တိုင်းယဉ်ကျေးမှု အစဉ်အလာနှင့် အရှေ့တိုင်းယဉ်ကျေးမှုအစဉ်အလာများမှာ လုံးဝ မတူ။ သို့တစေ ရုပ်ရှင်လောက၏ လူမှုရေးဖောက်ပြန်မှု ဖြစ်ရပ်များမှာမူ တသားတည်း မဟုတ်သည့်တိုင် တူညီချက်တွေ အတော်လေး များနေသည်။

အရှေ့တိုင်း အိန္ဒိယရုပ်ရှင်လောကကိုပဲ ကြည့်၊ မြန်မာ့ရုပ်ရှင်၊ ဗွီဒီယိုလောကထက် တစ်လေး၊ နှစ်လေးမဟုတ်၊ ဆယ်လေး၊ ဆယ့်ငါးလေးမက သာအောင်ပင် အပုပ်နံ့တွေ လှိုင်ပွနေသည်။

မြန်မာ့ဗွီဒီယိုလောက၏သက်တမ်းမှာ လေးငါးခြောက်နှစ်သာ ရှိသေးသည်။ တကယ်တမ်း တိုးတက်ရှင်သန်လာသည်မှာ

www.burmeseclassic.com



သုံးနှစ်ပင် မပြည့်တတ်သေး၊ ယိုင်လဲသွားတော့မည့် အခြေအနေ တစ်ရပ်နှင့် ထိပ်တိုက်တိုးလိုက်ရသည်။

မြန်မာ့ ဗွီဒီယိုအခွေများ ရှုံးထိုးအဆင့်သို့ ရောက်ပြီး တစ်ပြည်လုံး၌ ဗွီဒီယိုပြသသော ရုံငယ်ကလေးများ ပေါ်လာသောအချိန်တွင် ရာဇဝင်ကားများ တစ်စခန်း ထလာ၏။ ပထမတော့ ဟုတ်တုတ်တုတ်၊ တစ်ခွေ၊ နှစ်ခွေ ပရိသတ်လက်ခံပြီး ဝင်ငွေသဲ့ ယူသလို ရသွားခဲ့ရာ၊ မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း ငါးပွတ်ရာ ငါးစာချကြတော့၏။

အဲဒီအချိန်က ဇာတ်လမ်းတစ်ရသေး။ ဗွီဒီယိုဆင်ဆာ မရှိသေး။

ရာဇဝင်ဇာတ်လမ်းများကို သူ့ထက်ငါ ဦးရိုက်ကြရာ ပေါက်တက်ကရ ရာဇဝင်ထိုးဇာတ်များကို ဖြစ်ကတတ်ဆန်း ရိုက်ကြသောကြောင့် ဗွီဒီယိုအခွေ အငှားဈေးကွက် ကမောက်ကမ ဖြစ်သွားရသည်။

အကျိုးပြုချက် လုံးဝ မပါသော မြူဆွယ်မှုဆန်သန် အခွေများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သော ဝတ်စား ဆင်ယင်ထုံးဖွဲ့မှုများ၊ အချစ်ဇာတ်လမ်း ဘန်းပြသော သရုပ်ပျက် အကနှင့် သီချင်းဆိုမှုများ လွန်ကဲလာသောကြောင့် ဇာတ်လမ်း ကြိုတင် တင်ရမည်ဟု သတ်မှတ်ချက်ထွက်လာသည်နှင့် မချေး မနှောင်းမှာပင် ဆင်ဆာအဖွဲ့ကို ဖွဲ့စည်းလိုက်ရာ ဗွီဒီယိုသမားများ မျက်ကလဲဆန်ပြာ ဖြစ်ကုန်ကြသည်။



ရိုက်လက်စသမားတွေ တုံ့ဆိုင်းသွားသလို ရိုက်ဖို့အစီအစဉ် ရှိသူတွေလည်း နောက်တွန့်သွားကြတော့၏။

အချိန်ကာလ မကြာ၊ ခဏတာမျှသာ။

နောက်ပိုင်း သူ့နည်း သူ့ဟန်များဖြင့် ဇာတ်လမ်းဆက်ကြရာ ယိုင်လဲလုဆဲဆဲ အခြေအနေ ပြန်၍ မတ်ထောင်သွားသည်။

၁၉၈၈ ခုနှစ် မတိုင်မီက ဗွီဒီယိုလောကသို့ ငွေလုံးငွေရင်း အခြေစိုက်မည့် စီးပွားရေးလုပ်ငန်းရှင်များ မဝံ့မရဲ ခြေစမ်း ခချမ်းမျိုးစပင် ရှိသေးသော်လည်း ၈၉ ခုနှစ် နောက်ပိုင်းတွင်မူ ငွေလုံး ငွေရင်း အခြေစိုက်မည့် စီးပွားရေးလုပ်ငန်းရှင်များ ဝင်ရောက်လာကြ၏။

ထိုအထဲ၌ ရုပ်ရှင်လုပ်ငန်းနှင့် ဆက်နွယ်နေသူများ ပါသလို ရုပ်ရှင်လုပ်ငန်းနှင့် မဆက်နွယ်သော မျက်နှာသစ်များလည်း ပါလာကြသည်။

အနီ၊ အစိမ်းဖြင့် ကြီးပွားချမ်းသာလာသူများ၊ အမိပထိ မှောင်ခိုရာဇာကြီးများ၊ အဖြူ၊ အမည်းဖြင့် ကျိုကျိုဘက်ချမ်းသာလာသူများ၊ ရွှေမင်းသား၊ စိန်မင်းသား သူကြွယ်များ၊ အမည်း ဖော်သောလုပ်ငန်းမှ ရလာသော ငွေမည်းများကို တရားဝင် ငွေဖြူ ဖော်လိုသူများ လုပ်ငန်းလိုင်းပြောင်းရာမှ ဗွီဒီယို လောကသို့ တိုးဝင်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗွီဒီယိုအစပိုင်းခေတ်က မင်းသား၊ မင်းသမီး ဈေးရယ်လို့ သတ်သတ်မှတ်မှတ် မရှိ၊ ခဆောင်ဂဏန်းဈေးမျှသာ ရှိရာမှ နောက်ပိုင်းတွင် သောင်းဂဏန်း သိန်းဂဏန်းဈေး ရှိလာသည်။

တစ်အစ သိန်းမဟုတ်ဘဲ၊ သုံးအစ သိန်းဂဏန်းပေါက်ဈေးဖြင့် ဗွီဒီယိုအခွေများ ရိုက်ကူးကြရာ အခွေတစ်ခွေ ရောင်းဈေးနှုန်းများမှာလည်း ငါးရာ၊ ခြောက်ရာမှ တစ်ထောင့်ငါးရာ၊ နှစ်ထောင်ဈေး ရှိလာသည်။

ယနေ့ ဗွီဒီယိုလောက၏ အနေအထားမှာ ရုပ်ရှင်ကားကြီးများကို ပခုံးချင်းယှဉ်နိုင်သော အနေအထားသို့ ရောက်ရှိနေပြီး မကြာမီ ကျော်တက်သွားမည့် အရိပ်အဆင်များပြနေပြီ။

၁၉၈၈ ခု နောက်ပိုင်းတွင် မှန်သားပြင် ရုပ်ရှင်အသေးလေးကို မလောက်လေး မလောက်စား သဘောထားပြီး မျက်နှာမမူ ခြေဦးမလှည့်ခဲ့သူ ပိတ်ကားရုပ်ရှင်လုပ်ငန်းရှင်ကြီးများ အကယ်ဒမီ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံအစ၊ အကယ်ဒမီ ဘင်မရာမင်းများအလယ် အကယ်ဒမီ ဒါရိုက်တာကြီးများအဆုံး အားလုံးပင် မျက်နှာမူ ခြေဦးလှည့်ရုံမက ထိုလောကမှာ ခြေမြဲ လက်မြဲ အခြေစိုက် ပျော်မွေ့နေကြပေပြီ။

Maemae Myint Aung

ထိုလောကကို မျက်နှာမမူ ခြေဦးမလှည့်ဘဲ ယနေ့ထက်တိုင် ရှိနေသူမှာ နာမည်ကြီး အကယ်ဒမီ မင်းသမီးတစ်ဦးသာ ဖြစ်၏။ စီးပွားရေးလုပ်ငန်းရှင်များက ငွေကြေးမက်လုံးဖြင့် နည်းလမ်း အသွယ်သွယ်ပြုလျက် ချဉ်းကပ်ကြသော်လည်း အကယ်ဒမီ မင်းသမီးကမူ နေမြဲအတိုင်းပင် ရှိနေသည်။



ရုပ်ရှင်ကြီးနယ်ပယ်မှ လောကသားများ မှန်သားပြင်နယ်ပယ်၌ ပျော်မွေ့နေကြသည်မှာ အနုပညာအကြောင်းရင်းကို အခြေခံပြီး ပျော်မွေ့နေကြသည် မဟုတ်ကြပါ။ ဆုလွယ်နပ်လွယ် ငွေရလွယ်သောကြောင့် ဖြစ်၏။

ရုပ်ရှင်ဇာတ်ကားကြီးတစ်ကားရိုက်လျှင် အနည်းဆုံး ခြောက်လကြာသည်။ ဖလင်မရခြင်းနှင့် အခြားသော အကြောင်းအမျိုးမျိုးရှိလျှင် နှစ်နှင့်ချီကြာသည်။ ပီပီပြင်ပြင် သရုပ်ဆောင်ရသောကြောင့် ဖင်လှည့်ခေါင်းလှည့် ပြီးစလွယ်လုပ်လို့မရ။ အနုပညာမြှောင်မြောက်မှုကို အပွန်းမခံ၊ အထိအပါးမခံဘဲ ခံခံကပ်ကပ် ထိန်းရသည်။

မှန်သားပြင်ပြပွဲ အခွေတစ်ခွေအစမှအဆုံး ရိုက်ရက်မှာတစ်ပတ်နှစ်ပတ်ထက်မပိုပြီးလွယ် စီးလွယ်၊ ဆုလွယ် နပ်လွယ်ရှိသည်။ ကားကြီးများမှာလို သရုပ်ဆောင်မှုကို အသေးအနက်ထား၍ အလွန်အမင်း ပီပီပြင်ပြင် လုပ်ဆောင်စရာမလို အထာသဘောပြရုံလောက်နှင့် ပြီးသည်။ ဆုပါမင်းသားများ၏ သရုပ်ဆောင်မှုမှာ ရုပ်ရှင်ကားကြီးများတွင်ရသည့် သရုပ်ဆောင်ခထက် ပိုများသည်။

အချိန်အတိုင်းအတာတိုသည်၊ ရက်ပိုင်းမျှလောက်နှင့် ဖင်လှည့်ခေါင်းလှည့်ပြီးသည်။ ငွေကြေးမြက်မြက်ထက်ထက်ရသည်။

အခွေနှစ်ခွေလောက် ထွက်ပြီးသည်နှင့် သောင်းထားမြောက်ပြီ။ ငါးသောင်း ခြောက်သောင်းဈေးခေါ်နိုင်ပြီ။

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းလေး အလယ်အလတ် စူပါတန်းဝင်ဆိုလျှင် ခေါ် ဈေးမှာ ရှစ်သောင်း ကိုးသောင်း။

စူပါတန်းဝင်ပြီဆိုလျှင် တစ်သိန်းအထက်။

ပရိသတ်လက်ခံသော စူပါတန်းဝင်ပြီဆိုလျှင် တစ်သိန်းငါးသောင်းမှ နှစ်သိန်းအတွင်း ပါးစပ်ထဲထည့်သလိုသာ ခေါ်ပေတော့၊ မပေးဘူး မထင်ပါနဲ့၊ လိုတဲ့ရက်ရလျှင် တစ်ကားစာမဟုတ် နှစ်ကားသုံးကားစာအတွက် ကြိုတင် ငွေပေးကြသည်များပင်ရှိသည်။

စူပါကြီးတန်းဝင်ပြီဆိုလျှင်တော့ နှစ်သိန်းငါးသောင်းကနေ သုံးသိန်းအတွင်း လက်ဖျောက်တီးပြီး ခေါ်ပေတော့။

ဒါက အလွတ်သဘောပေးရသည့်ဈေး စာချုပ်ထဲကျတော့ မန္တလေးက အိမ်မြေ၊ တိုက်တာ အရောင်းအဝယ် စာချုပ်မျိုးသာပ။

အဲသည်လောကမှာ အလုပ်ဖြစ်နေသူတွေမပျော် ဘယ်သူ ရှိမှာပ။

ပျော်နေကြသည်၊ မော်နေကြသည်။

မပျော်၊ မမော်နိုင်သူတွေက အလုပ်ဖြစ်မလားလို့ ဇာတ်ထဲ လိုက် နှဲကြိုးတက်နှင်းမိသည့်အဖြစ်မျိုးနှင့် တိုးသူတွေ။

ပွဲစားက အလော်ကောင်းသည်၊ ဒါရိုက်တာက အပြော ကောင်းသည်။ တေးတီးသမားတွေက အထောက် အပင့်၊ အမွှမ်း အဆောင် ကောင်းသည်။



နားမယောင် ဘယ်ခံနိုင်မှာပ။

ရင်းရမည့် ငွေကြေးပမာဏကမများ၊ ခြေနိုင်၊ လက်နိုင် သုံး သောင်းငါးထောင်အများဆုံး၊ ဆယ်ရက်နှင့် အပြီးရိုက်မည်၊ နောက်ခံသီချင်းတီးလုံးနှင့် တည်းဖြတ်အပြီးရက်ပေါင်းသုံးဆယ်။ ခုနစ်ငါးခေါ်မည်၊နောက်ဆုံး ငါးရလျှင်ထုတ်မည်။နှစ်လအတွင်း တစ်သောင်းခွဲမြတ်မည်။ ငယ်—ဖြန့်သမား အကြိုက်တွေ့လျှင် ခြောက်၊ ခုနစ် ပြေးမလွတ်။

အပျိုဖော်ဝင်စ သမီးလေးကိုလည်း ဇာတ်ကားထဲ ထည့်ရိုက်မည်။

သူရိုက်ပြီး ရောင်းလိုက်သော အခွေနှစ်ခွေကိုလည်း ပြသည်။ ရိုက်လက်စခွေဆိုလျှင် မပြီးခင် အရောင်းအဝယ် ဖြစ်ထားသည်ဟု။

'စိတ်ဝင်စားမှ လုပ်ပါ၊ ကျွန်တော်လဲ ခင်ဗျားတို့လို ဘဝတူ လုပ်စားကိုင်စားသမားပါ၊ ကိုယ်ချင်းစာဘတ်ပါတယ်၊ ဘဝတူ ချင်း အကျိုးမဲ့စေမယ့် အလုပ်မျိုးကို စိတ်ကူ ထဲတောင် မထည့် ပါဘူး၊ ကိုယ်တတ်တဲ့ပညာလေးနဲ့ သက်မွေးဝမ်းကျောင်း ပြုနေ ရတာပါ၊ ခု...သုံးသောင်းငါးထောင်ထဲက ကျွန်တော့် အတွက် သုံးလေးထောင်ကျန်အောင် မနည်းကြိုး လုပ်ရမှာပါ၊ ဒါ ကျွန် တော် အရှင်းဆုံးပြောတာပဲ၊ ပြီး ဒီကားက ကင်မရာလှည့်စား မှုတွေ အများကြီးသုံးရမှာ နောက်ပြီး အိပ်မက်ခန်းမှာ မင်းသား၊ မင်းစား အခန်းတော့၊ တိမ်လွှာထဲမှာ ပန်းရထားစီးပြီးပျော်မြူး နေတဲ့ အခန်းတွေ၊ ဘာတွေ ရိုက်ရမှာဆိုတော့ အကုန်အကျများ မယ်လေ၊ ကျွန်တော် ရိုက်မယ့်ကား မဟုတ်ဘူး၊ သူတို့ရဲ့ ကုန်ကျ

www.burmeseclassic.com

www.burmeseclassic.com



စရိတ်ဆယ်ပုံတစ်ပုံနဲ့ရိုက်မယ့်ကား သုံးသိန်းရင်းပြီး ငါးသောင်း လောက်မြတ်မှာနဲ့ သုံးသောင်းရင်းပြီး တစ်သောင်းခွဲမြတ်မှာကို စဉ်းစားဖို့ပါ"

အဲသည်လို အပြောမျိုးကလည်း ဘဝင်ငြိစရာ။

ငွေသည် လူတို့၏ သည်းခြေကြိုက် ဖြစ်၏။ ဆင်းရဲသူရော ချမ်းသာသူရော အယုတ်၊ အလတ်၊ အမြတ်မရွေး ငွေကို တပ်မက်ကြသည်။ ရှာဖွေကြသည်။ ငွေရမည့်လမ်းကြောင်းကို ရှောင်လွဲသွားသူဟူ၍ မရှိ။ လောဘဟူသည် မွေးကတည်းက သေဆုံးသည့်တိုင်အောင် လူသားတိုင်းနှင့် တွဲစပ်စမြဲရှိ၏။

ရာဂဇာန်းဝင်ငွေရှိသူက ထောင်ဂဏန်းကို မှန်းသည်။ ထောင်သမားကသောင်း၊ သောင်းသမားက သိန်းအဆင့်သို့ လှမ်းမြင့်လိုကြသည်။

ကိုအောင်ခင်နှင့် မစန်းမြင့်တို့ လင်မယားမှာ စီးပွားရှာသည့် နေရာတွင် တက်ညီ၊ လက်ညီ၊ ဘက်ညီကြသည်။ မောင်တစ်ထမ်း၊ မယ်တစ်ရွက် လင်မယားထဲမှာ သူတို့နှစ်ယောက်ပါသည်။

ကိုအောင်ခင်က သတ္တောသား။

သတ္တောသားဆိုပေသိ၊ ပျိုတိုင်းကြိုက်သည့် တီဗွီပါ၊ ကားပါတဲ့ သတ္တောသားတော့မဟုတ်၊ သူက မီးသွေးပါတယ် ဆန်ပါတယ် သတ္တောသား။



သူက မြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးမှ ရန်ကုန်-ပုသိမ် အမြန်သတ္တော၏ အထက်တန်း အခန်းစောင့်၊ ဘဏ္ဍာလည်း ခေါ်ကြသည်။

ဗန္ဓုလ၊ ဗန္ဓက၊ ဘုရင့်နောင်စသော သတ္တောများ၌ သတ္တောအပေါ်ထပ် ဦးခန်းပိုင်းတွင် အထက်တန်းခရီးသည်များအတွက် အခန်းခြောက်ခန်း၊ နောက်ပိုင်းတွင် အချို့သတ္တောများ၌ ခုနစ်ခန်းရှိသည်။ တစ်ခန်းတွင် ခရီးသည် နှစ်ယောက်ကျဖြင့် ခရီးသည် တစ်ဆယ့်နှစ်ယောက် တစ်ဆယ့်လေးယောက် စီးနိုင်သည်။

အထက်တန်းစီး ခရီးသည်များအတွက် တာဝန်ယူရသူ ကိုအောင်ခင်အတွက် ပစ္စည်းများ ထားသိုရန်နှင့် ညဉ့်အိပ်ရန် အခန်းကျဉ်းလေးတစ်ခန်း ရသည်။

လုပ်ဆောင်ရသည့် အလုပ် နည်းသည်ဟု ဆိုနိုင်သော်လည်း အထက်တန်းစီး ခရီးသည်များ၏ ပစ္စည်းလုံခြုံရေး၊ ဆိုက်ကပ်သော ဆိပ်ကမ်းများတွင် လူစိမ်းများ တက်မလာရေး၊ ရှိုးရိုးတန်း ခရီးသည်များ အကူးအသန်းမရှိရေး၊ ရေမီးပြည့်စုံမှု စသည်များကို တာဝန်ယူရသည်။

အခန်းစီး ခရီးသည်များအတွက် ခေါင်းဦး၊ အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ရေပုလင်း၊ ဖန်ခွက် စသည်များ ခင်းကျင်း လုပ်ဆောင်၍ ခရီးသည်များကို နေရာချထားပေးခြင်း၊ သတ္တောများ တောင်းခံယူရခြင်း၊ ခရီးသည်များနှင့် အဆင်ပြေစွာ ဆက်ဆံခြင်းကိုမူ ပြုံးသာနာ ပေါ်အောင် လုပ်ဆောင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုသိမ်လိုင်းတွင် တာဝန်ကျနေသည်မှာ ဆယ့်ငါးနှစ်ကျော်ပြီ အပြောင်းအရွှေ့ မရှိသေး၊ လူကြီးများနှင့် အဆင်ပြေအောင် နေတတ်သလို သိတတ်မှုလည်း ပါသည်ပေါ့လေ။

ရန်ကုန်မှ ပုသိမ်သို့ အသွားခရီးတွင် ကိုယ်နှင့် အဆက်အဆံရှိသော ပုသိမ်ကုန်သည် ပစ္စည်းများ သယ်ဆောင်ယူပေးရသည်။ ရိုးသားမှုနှင့် မှန်ကန်မှုအပေါ် အခြေခံ၍ ပုသိမ်ကုန်သည်များက ရန်ကုန်သို့ ငွေနှင့်ပစ္စည်းများ ပေးသည်ကို ယူဆောင် ပို့ပေးရသည်။ ရန်ကုန်မှ ပေးလိုက်သော ပစ္စည်းများကိုလည်း ပုသိမ်သို့ ပို့ပေးရသည်။

အဲဒီအတွက် အသွားအပြန် တစ်ခေါက်ကိုအနည်းဆုံး ဝင်ငွေတစ်ရာရှိသည်။

တစ်လတွင် အရက်နှစ်ဆယ်သွား၊ ဆယ်ရက်နား။

အဲဒါအပြင် ဆန်သယ်၊ မီးသွေးသယ်၊ အချိန် ရောက်လာ အလုပ်ဖြစ်ပြန်သည်။ မစန်းမြင့်က ရေချိုကုန်နှင့်အတူ ဆန်ကိုပါ တွဲရောင်းခဲ့ရာ အတော်လေး စီးပွားဖြစ်ခဲ့သည်။

အညှင့်အတင့်သော လက်ဝတ် ရတနာများ အပြင်၊ စုမီဆောင်းမိ လေးငါးသောင်းလောက် ရှိလာသည်။

အဲဒီအချိန်မှာ မိတ်ဆွေတစ်ယောက်က တစ်ဆင့်ဆက်သွယ်မိသော အလျော်ကောင်းသည့် ပွဲစားကြောင့် စုမိ ဆောင်းမိ



ငွေကလေးကို အပွားခတ်ချင်သည်။ ဆူလွယ်နပ်လွယ် ရမည့် အကျိုးအမြတ်အပေါ် စိတ်ဝင်စားလာသည်။

လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင်၍ တိုင်ပင်ကြရုံမက နီးစပ်ရာ တိုင်ပင်သင့်သူများနှင့်လည်း တိုင်ပင်ခဲ့ကြသည်။

ဖျက်သူတွေရှိသလို၊ တွန်းပို့ပေးသူတွေလည်း ရှိသည်။

ထိုကိစ္စကို အစဖော်ပေးသောမိတ်ဆွေမှာ ယုံကြည်စိတ်ချရသူဖြစ်သည့်ပြင် သူတို့ လင်မယားအား ပါးစပ်ရောလက်ပါကူညီခဲ့သူဖြစ်၏။ ယခင်ကလည်း အလှည့်အပတ်၊ မရိုးမသား လုပ်ဖူးသော နာမည်ပျက် လုံးဝမရှိရုံမက အရပ်ထဲမှာ သိက္ခာ၊ သမာဓိ ခိုင်ခိုင်ကြည်ကြည်ဖြင့် ရိုးရိုးသားသား နေထိုင်သူဖြစ်၏။

သူပြောသည်မှာ ရှင်းရှင်းကလေး။

'သူတို့ဘစ်တွေရဲ့ နောက်ကြောင်းကိုတော့ ကိုယ်လဲ သေသေချာချာ မသိဘူးကွ၊ ကိုယ်နဲ့သိခဲ့တဲ့ လုဖေရဲ့ နောက်ကြောင်းရာဇဝင်ကတော့ ရှင်းတယ်၊ ဒါပေမယ့် ကိုယ့်နဲ့ မတွေ့တာလဲ တော်တော်ကြာပြီ၊ အဲဒီနေ့က အမှတ်မထင် ရောက်လာပြီး စကားပြောနေတုန်း မောင်ရင်ရောက်လာဘာနဲ့ မိတ်ဆက်ပေးခဲ့တာပဲ၊ ကိုယ်ပြောနိုင်တာကတော့ ဒီလောက်ပဲ၊ လုပ်ငန်းကိစ္စကိုတော့ ကိုယ်လဲ နားမလည်ဘူး၊ ပြောလဲမရည်းတတ်ဘူး၊ မောင်ရင်တို့ စိတ်ပါရင် စုံစုံစမ်းစမ်းလုပ်ပြီးမှ လုပ်ကိုင်ကြပေါ့'

ဒါရိုက်တာဆိုသော ပုဂ္ဂိုလ်၏ ပြောပုံမှာလည်း ရှုံးစင်းသည့်သဘောပါသည်။

www.burmeseclassic.com



'စိတ်ဝင်စားမှု စိတ်ပါမှုလုပ်ပါ၊ ကျွန်တော်လဲ ခင်ဗျားတို့လို ဘဝတူလုပ်စားကိုင်စားသမားပါ၊ ကိုယ်ချင်းစာတတ်ပါတယ်၊ ဘဝတူချင်း အကျိုးမဲ့စေမယ့် အလုပ်မျိုးကို စိတ်ကူးထဲတောင် မထည့်ပါဘူး၊ ကိုယ်တတ်တဲ့ပညာလေးနဲ့ သက်မွေးဝမ်းကျောင်း ပြုနေရတာပါ'

အဲဒီအပြောကို ကိုအောင်ခင် အတော်ကလေး ဘဝင်ခိုက်သွားသည်။ ယုံကြည်မှုသည်း ရှိသွားသည်။

မစန်းမြင့်ကို ပြန်ပြောသောအခါလည်း ထိုအတိုင်းပင်။

မစန်းမြင့်က လင်သား၏ ရှေ့မှ သွားတတ်သူ မဟုတ်။ နောက်လိုက်သမား၊ လင်သားက သည်လိုဟု ပြောလျှင် ဟိုလိုရောဟု အတွန့်တက်တတ်သူ မဟုတ်၊ တော် ကောင်းမယ်ထင်ရင် ကြိုက်သလိုသာ လုပ်ပါ ကိုခင်ရယ်ဟု ပြောတတ်သူ ဖြစ်၏။

'ဒီလိုရှိတယ်ဗျ ကိုအောင်ခင်ရ၊ ကျုပ်တို့ ရုပ်ရှင်ကားကြီး ရိုက်တဲ့အခါ အောက်တန်းကြိုက် ကားနဲ့၊ အထက်တန်းကြိုက် ကားရယ်လို့ နှစ်မျိုးနှစ်စားရှိတယ်ဗျ၊ အောက်တန်းကြိုက် ကားဆိုတာက ထစ်ကျော်ကန်း၊ နှစ်ကျပ်တန်းသမား အကြိုက်ကို ပြောတာဗျ၊ အထက်တန်းကြိုက်တာဆိုတာက စတောနဲ့ ဒီစီမှာ ကြည့်တဲ့ လူတန်းစားအလွှာ အကြိုက်ကို ပြောတာဗျ၊ နယ်တွေ ကျတော့ အထက်တန်းသမား နည်းတယ်ဗျ၊ အောက်တန်း ကြည့်သူက များတာကိုး၊ အောက်တန်းကြိုက်ကားက ကွဲခဲတယ်၊



ပက်ပက်စက်စက် မရှုံးဘူးဗျ၊ အထက်တန်းကြိုက်ကားကွဲပြီဆိုရင် တော့ ဟက်တက်ပဲ၊ နာပြီသာ မှတ်ပေတော့၊ အဖတ်ဆယ်လို့ မလွယ်ဘူး၊ ဗွီဒီယိုအခွေမှာလဲ ဒီအတိုင်းပဲဗျ'

ကိုအောင်ခင်က ဒါရိုက်တာ ကိုကြွက်နီ ပြောနေသော အကြောင်းအရာများကို ဟုတ်တိပတ်တိ နားမလည်သော်လည်း စူးစူးရိုက်ရိုက် နားထောင်ရင်း အမျိုးမျိုး ပြောင်းလဲနေသော သူ၏မျက်နှာအမူအရာက စိတ်ဝင်စားမှု ရှိနေကြောင်း ပြသနေသည်။

ဒါရိုက်တာ ကိုကြွက်နီက ဇော်ရဲမောင်တို့၏ ဒါရိုက်တာကြီး လို မဟုတ်၊ သူ့မှာ ဟန်ပန်မရှိ၊ ဝတ်စား ဆင်ယင်မှုတွင်လည်း ဟိတ်ဟန်မထုတ်၊ အနေအထိုင် အပြောအဆိုလည်း ရိုးစင်း ပွင့်လင်းသည်။

ဇော်ရဲမောင်တို့၏ ဒါရိုက်တာ ကိုဝါးကြောနဲ့တော့ ကွာ သည်။ ဒါရိုက်တာ ကိုကြွက်နီတို့ တွေ့ဆုံစကားပြောသောနေရာ မှာ ခွေးခြေပုကလေးများဖြင့် အားမနာတမ်း ထိုင်နိုင်သော လေဗန်း လက်ဖက်ရည်ဆိုင်တွင် ဖြစ်၏။ ထိုင်သူလေးယောက် အတွက် အခြေအနေမပေးလျှင် လက်ဖက်ရည်လေးခွက် မှာစရာ မလို၊ တိုင်ကီနှစ်လုံးဆို ကိစ္စပြီးသည်။

*

လေးယောက်အတွက် ဆယ့်ခြောက်ကျပ်အစား တစ်ဆယ့် နှစ်နှင့် ပြီးလို့ရသည်။ အကြွမ်းအိုးအတွက် ပြောစရာမလိုး နို့မှုန့်

www.burmeseclassic.com

www.burmeseclassic.com



ဘူးကြီးနှင့် ထည့်ထားသော လက်ဖက်ခြောက်ကို ကိုယ့်ဟာကိုယ် နှိုက်ထည့်ပြီး တစ်အိုးပြီးတစ်အိုး ထည့်သောက်နိုင်သည်။

'ကိုယ်တို့အခုလုပ်နေတဲ့ ဗွီဒီယိုအခွေတွေမှာလဲ ကိုယ်ပိုင်စက်နဲ့ ငှားကြည့်တဲ့ အိမ်တွင်းပွဲနဲ့ ရုံးပွဲရယ်လို့ နှစ်မျိုးရှိတယ်၊ ကိုယ့်ဟာကိုယ် ငှားကြည့်တဲ့အိမ်တွင်းပွဲကျတော့ ဒါရိုက်တာလဲ ရွေးတယ်၊ မင်းသား မင်းသမီးလဲ ရွေးတယ်၊ စူပါဒါရိုက်တာနဲ့ စူပါ မင်းသား မင်းသမီးပါတဲ့ အခွေကိုမှ ငှားကြည့်ကြတာ၊ အဲ... ရုံးပွဲမှာတော့ စူပါ ပါမှရယ်လို့ မဟုတ်ဘူး၊ ပြတဲ့အခွေကြည့်ကြပဲ၊ တစ်ကျပ်ပဲ ပေးရတာဆိုတော့ ဈေး(ဂျီး) မထူကြတော့ဘူးလေ၊ ရုံးထိုးတဲ့လူတွေကလဲ စူပါတွေပါတဲ့အခွေကို တစ်ပတ်မှ နှစ်ခါလောက်ပဲ ထိုးကြတာ၊ အခွေငှားခ ဈေးသက်သာတယ်လေ၊ ကြည့်တဲ့ပရိသတ်က ကလေးတွေများတာကိုး၊ သူတို့က အနုပညာရသတို့၊ သရုပ်ဆောင်မှုပီပြင်တာတို့၊ ဇာတ်လမ်းကောင်းတာတို့၊ ရိုက်ကွင်းရိုက်ကွက် အလှအပ ပသာဒတို့ ဘာတို့ကို နားလည်ခံစားတတ်တာမှ မဟုတ်ဘဲ၊ အထူးအဆန်းတို့ ဖိုက်တင်တို့ မျက်စိနောက်စရာတို့ ဘာတို့မှ ကြိုက်တာ မဟုတ်လား၊ အဲဒီတော့ ကိုယ်တို့ရိုက်တဲ့ အခွေမျိုးတွေလဲ အလုပ်ဖြစ်တော့တာပေါ့'

ကုံကြွက်နီအပြောနှင့် အရပ်ထဲက ရုံးပွဲကြည့်သူ ပရိသတ် အနေအထားကို ကိုအောင်ခင်မျက်စိထဲမှာ ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ အပြောနှင့် အမြင်အတွေ့မှာ တစ်ထပ်တည်း ဘစ်သားတည်း။



ဗွီဒီယိုရုံးပွဲတွေပေါ်လာကတည်းက ကလေးတွေ မုန့်မစားကြ၊ ရသည့်မုန့်ဖိုးကို ရုံးပွဲဝင်ကြေးအတွက် သိမ်းထားရသည်။ ရုံးပွဲဝင်ကြေးအပြင် ချိုချဉ်အထုပ်ဖိုး အပိုအလျှံမျိုးဘတ်နိုင်သူက ချိုချဉ်ထုပ်ဝယ်ဆာပြီး ရုံးပွဲကျမှ မျက်စိနှင့် ပါးစပ်ကို တစ်ပြိုင်တည်း အလုပ်ပေးကြသည်။

ကလေးတွေဆိုတာက မိဘတွေလိုက်ပြမှ ရုပ်ရှင်ကားများကို ကြည့်ရသည်။ ဒါလည်း တစ်ခါတစ်ရံမှ လိုက်ပြနိုင်ကြသည်။ လက်လုပ်လက်စားမိဘတွေကျတော့ ကိုယ့်သားသမီးကို ရုပ်ရှင်ပြချင်ပေမယ့် အခြေအနေအရ လိုက်မပြနိုင်၊ စားဝတ်နေရေးအတွက်အနိုင်နိုင်ရုန်းကန်နေရသောကြောင့် အပိုငွေထွက်မည့် ကိစ္စဟူသမျှကို ဝေရာမကျ ရှောင်ကြဉ်ထားရ၏။

ဗွီဒီယိုရုံးပွဲတွေပေါ်လာတော့ ငွေတစ်ကျပ် ထုတ်ပေးလိုက်ရုံသာ။ အိမ်မှာ နားပူနားဆာသက်သာသည်။

အိုးမကွဲ အိမ်မကွဲသဖြော၊ ကိုယ့်ရပ်ကွက်ထဲမှာသာ သွားကြည့်ရသောကြောင့် လူကြီးကိုယ်တိုင် မပါပေမယ့် စိတ်ချရသည်။

'နယ်တွေကျတော့ အလယ်အလတ်နဲ့ အထူးအဆန်းရိုက်ချက်ပါတဲ့ ကားမျိုးကိုပိုပြီးကြိုက်ကြတယ်၊ အဆင့်မြင့်ဟိုက်ကလပ်(စ်) ကားတွေကို သိပ်မကြိုက်ဘူး၊ နယ်ရုံသေးသေးတွေကျတော့ အဲဒီကားမျိုးတွေမရဘူး၊ အခု ကိုယ်တို့ရိုက်မယ့်ကားမျိုးမှ ရတာ၊

www.burmeseclassic.com



ပြုကွက်ရှင်းရှင်းနဲ့ တစ်တစ်ခွခွ၊ ဗိုးခနဲ ဒေါက်ခနဲ အခြေပြုမျိုး တွေမှ ကြိုက်တာ၊ စိတ်ချလက်ချသာလုပ် ကိုအောင်ခင်၊ ကိုယ်က တစ်နပ်စားသမား မဟုတ်ဘူး’

ခြေနိုင်လက်နိုင် ကိုယ်ပိုင်ငွေနဲ့ လုပ်ရမည့်အလုပ်၊ ဆုံးလွယ် နိုင်လွယ်၊ အကျိုးအမြတ်ရှိမည့် အလုပ်၊ သည်လုပ်ငန်းနှင့် တွမ်းကျင်သွားလျှင် တစ်သက်လုံးအလုပ်ဖြစ်မည်။ သည်လုပ်ငန်း မျိုးက ဘယ်ခေတ်ရောက်ရောက် တိမ်ကောသည့် လုပ်ငန်းမျိုး မဟုတ်၊ အဲဒီလို တွက်ချေးဖြင့် စက်သူဌေးလုပ်မည်ဟု သဘောတူ ခေါင်းညိတ်လိုက်၏။

ဒါရိုက်တာကိုကြွက်နီ လုပ်ပုံကတင်မျိုး။

သူက ဘဝပျက်သွားသော သဘော်ာသားကိုချစ်သန်းတို့ ဇနီး မောင်နှံနှင့် တွေ့ခဲ့ လက်တွဲခဲ့ရသော ဒါရိုက်ဘာမျိုးမဟုတ်။

နာမည်မရတရ မင်းသားဘစ်လက်ကို ငှားပြီး သူ့တူမကို မင်းသမီးတင်၍ သူကိုယ်တိုင်က လူကြမ်းခေါင်းဆောင်အခန်းမှ ပါဝင်ကာ အလကားပဲတင်းပါမြို့ရော၊ ကိုယ့်စရိတ် ကိုယ်စား၊ မိုးထ ပိုးကြွနေသူများကို ထည့်သုံးပြီး သူ ပြောသည့်အတိုင်း ငွေသုံးသောင်းငါးထောင်နှင့် အခွေတစ်ခွေ အပြီးရိုက်ပေး ခဲ့သည်။

ဇာတ်လမ်းမရှိ ဇာတ်ညွှန်းမရှိ။

စပ်ပေါက်၊ စပ်ဖာ ထိုးဇာတ်များဖြင့် အကွက်ဆင်၍ ရိုက်ခဲ့ သောကြောင့် ဇာတ်ကားမှာ ပိပိပြင်ပြင်မရှိဘဲ အချိန်အားဖြင့်



လည်း တစ်နာရီခွဲပင်မပြည့်၊ တစ်နာရီဆယ့်ငါးမိနစ်လောက်ဖြင့် ပြီးသွားသည်။

နှစ်နာရီအခွေကို တစ်နာရီခွဲဆိုလျှင်ပင် တိုသည်ဟုဆိုရမည် ဖြစ်ရာ၊ တစ်နာရီခွဲမပြည့်သောကြောင့် ထပ်ဖြည့်ဖို့ ထိုးကွက် နှစ်ကွက် ထပ်ရိုက်ရသည်။

အခွေပြီးသွားပြီ။

နောက်ခံထီးလုံးနှင့် သီချင်းမပါသေး၊ တည်းဖြတ်မှု မလုပ် ရသေး၊ အကြမ်းခွေပြစမ်းကြည့်ရာသို့ အလကားလာကြည့်သူ များထံမှ ထောပနာသံထွက်လာသည်။

‘ဘာကြီးမှန်းလဲမသိဘူး’ ဟူ၍ပါ။

အသံသွင်းပြီး၊ တည်းဖြတ်ပြီးနောက် ပြကြည့်ရာ ကြည့်သူ များထံမှ....

‘မဆိုးပါဘူး’

ဆိုသော တုံ့ပြန်သံ ထွက်လာသည်။

အားမနာ ပါးမနာ မပြောကောင်းလို့သာ...

‘မဆိုးပါဘူး’

ဟု ပြောသွားကြသော်လည်း ကွယ်ရာတွင်မူ ရှုတ်နှာခေ ရှုံ့မဲ့ပြီး ခေါင်းခါ လက်ခါသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အလကားကြည့်သူသော်မှ မကြိုက်သောအခွေကို ဝယ်-ငှားသူ ဆိုရင်တော့ ကန်တော့ဆွမ်း လုပ်လိုက်ကြသည်။

ဒါရိုက်တာကိုကြွက်နီကို တရားတဘောင်လုပ်လို့မရ။ စာချုပ်ပါ ကတိအတိုင်း အခွေတစ်ခွေပြီးအောင်ရိုက်ပေး၍ လက်ရောက်အပ်ခဲ့သည်။

အခွေရောင်းရခြင်း၊ အမြတ်ရခြင်းဆိုသည်မှာ သူနှင့်မဆိုင်။ အစပြောစဉ်က ဘယ်ရွေ့ ဘယ်မျှဟုပြောခဲ့သော်လည်း လက်တွေ့အလုပ်မဖြစ်သည့်အတွက်တော့ မကျေနပ်စကားပြောနိုင်သည်။ ဒါ့အပြင် ဘာမှလုပ်လို့မရ။

အမြတ်နှင့်အရင်း ရထားလို့ ပြန်ရသလောက် အမြတ်ပဲလို့ သဘောမူပြီး ရသည့် ဈေးနှင့် ရောင်းရန်နည်းအမျိုးမျိုးဖြင့် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာ။

ဒါရိုက်တာ ကိုကြွက်နီက ငွေတစ်သောင်းငါးထောင်ဖြင့် အခွေတစ်ခွေ အပြီးရိုက်ခဲ့သပို့ အောက်တန်းကားအဆင့်သို့ပင် မဝင်ဘဲ ကိုယ်ပိုင်သိမ်းခွေအခွေအဖြစ် သိမ်းဆည်းထားလိုက်ရသည်။

မီးသွေးပါတယ်၊ ဆန်ပါတယ် သဘော်သား ကိုအောင်ခင်ခမျာ အရည်မရ အဖတ်မရ ငွေသုံးသောင်းခုနစ်ထောင်ကျော် ထွက်သွား၏။ ဒါရိုက်တာကိုကြွက်နီက ငွေနှစ်သောင်း ဝါးကြော မီသွား၏။

ဗွီဒီယိုလောကမှာ အဲဒီလိုအဖြစ်မျိုးများလည်း ရှိသည်။



နေရာတကာတွင် အလှည့်အပတ် ကလိမ်ကကျစ်လုပ်တတ်သူတွေရှိသည်။ အမှုပတ်ပြီး ရှုံးပြင်ကန္တား ရောက်ချင်ရောက်၊ စုံးတိုက် ကမ်းတိုက် လုပ်တတ်သူရှိသလို၊ အမှုအခင်း လုပ်လို့ရအောင် ရှည့်လည်းလျှောက်သာသော နည်းမျိုးဖြင့် ခွင်ရိုက်တတ်သူများလည်း ရှိသည်။

အလိမ်ခံရသည်မှာ လိမ်လည်တတ်သူ လူလိမ်များကြောင့် မဟုတ်၊ ကိုယ်က အလိမ်ခံဖို့ကြိုးစားသောကြောင့် အလိမ်ခံရခြင်းဖြစ်သည်ဟု ဆိုရပါသော်....။

★

www.burmeseclassic.com

www.burmeseclassic.com

[ ၉ ]

ဇော်ရဲမောင်နှင့် မင်းကျော်ဦးတို့နှစ်ယောက် မန္တလေး အပြန်ခရီးမှာ မြောက်ကြွ မြောက်ကြွ ဖြစ်နေကြသည်။ ဖြစ်ဘာ၊ မဖြစ်တာ၊ ဟုတ်တာ၊ မဟုတ်ဘာ အသထား သူငယ်ချင်း တွေအပေါ် ကြွားဝင့်စရာ ပစ္စည်းလေးမှာ သူတို့နှင့်အတူ ပါလာသောကြောင့်။

စုစုပေါင်း နှစ်သောင်းကျော်လောက် ချေသွားသည်။

ဤမျှလောက်သော ငွေကြေးမှာ မရှိသူများအတွက် အနေ အတွက်များလှစွာသော ငွေများဟု ဆိုကြ ပြောကြမည် ဖြစ်သော်လည်း သူတို့အတွက်မှာမူ ပြောပလောက်စရာ ငွေကြေး မဟုတ်သောကြောင့် သူတို့စိတ်ထဲတွင် ဘယ်သို့မှ မဖြစ်။ သူတို့



လိုချင်သော ပစ္စည်းတစ်ခုအတွက် တန်ရာတန်ဖိုး ပေးရခြင်း လို့ပဲ သဘောထားသည်။

ဒါအပြင် ပြန်ရက်မတိုင်မီတစ်နေ့၊ ဆရာကြီးတို့နှင့် နှုတ်ဆက် စားသောက်ပွဲလုပ်ရင်း ဆိုခဲ့ကြသည်။

အဲဒီနေ့က ဒါရိုက်တာဆရာကြီး ပြောပြခဲ့သော မင်းသား သစ်တင်ပြီး အခွေမထွက်ခင် ပရိသတ်နှင့် ရင်းနှီးပြီး ပရိသတ် စိတ်ဝင်စားအောင် မည်သို့ မည်ပုံ လုပ်ရသည့်အကြောင်း လုပ်နည်း လုပ်ဟန်များကို ပြောပြသောအခါ သူတို့၏ရင်ထဲ၌ နက်နက်ထင်ထင် စွဲငြိသွားစေရုံမက ဒါရိုက်တာဆရာကြီးကို လည်း အထင်ကြီးသွားသည်။

တကယ် အားကိုးအားထားစရာ ပုဂ္ဂိုလ်ကြီးအစ် အသိ အမှတ် ပြုလိုက်ကြသည်။

"ဒီလိုရှိတယ် ဇော်ရဲရ၊ လုပ်ငန်းတစ်ခု လုပ်တဲ့နေရာမှာ အဲဒီ လုပ်ငန်းကို ဦးစီးမယ့်လူဟာ ဘက်စုံ၊ ထောင့်စုံ ကျွမ်းကျင်ဖို့ လိုတယ်၊ လုပ်နည်းလုပ်ဟန် ကျွမ်းကျင်ဖို့လဲ လိုတယ်၊ အထူးသဖြင့် ခု တို့လုပ်နေတဲ့ ရုပ်ရှင်နဲ့ ဗွီဒီယိုလုပ်ငန်းဟာ လူထုဆက်သွယ် ရေးလမ်းကြောင်းနဲ့ ကင်းကွာလို့ မရဘူး၊ ကုန်ပစ္စည်းတစ်ခု ထုတ်လုပ်တဲ့အခါ အဲဒီကုန်းပစ္စည်းကို သုံးစွဲမယ့် လူထုသိအောင် ကြော်ငြာလုပ်ပေးရတယ်၊ ကြော်ငြာဟာ သိပ်အရေးကြီးတယ်၊ ပစ္စည်း အနေအထား ဘယ်လောက် ကောင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာအား ဖိမပေးနိုင်ရင် စျေးကွက်မှာ တန်းမဝင်ဘူး၊ တို့ ဗွီဒီယိုကြော်ငြာတွေထဲမှာ အာဂျီနိုမိုတို အချိုမှုန့်ကြော်ငြာဆို နေ့တိုင်းပါတယ်၊ တို့နိုင်ငံမှာ အာဂျီနိုမိုတိုကို အိမ်ရှင်မတိုင်း သုံးတယ်၊ ကြိုက်နှစ်သက်ကြတယ်၊ သူ့ရဲ့ အရည်အသွေး ကောင်းတာကိုလဲ သိနေကြတယ်၊ တကယ်ဆို တို့ဆီမှာ ငွေကုန် ကြေးကျခံပြီး ကြော်ငြာဖို့ ဘယ်လိုပါမလဲ၊ 'စစ်မယ်၊ မှန်မယ်၊ အိုးတံဆိပ် အာဂျီနိုမိုတိုကွယ်' ဆိုတဲ့ ကြော်ငြာစကားလုံးလေး ဟာ ကလေး၊ လူကြီးနားထဲမှာ စွဲနေအောင်ရယ်၊ အခြားသော အလားတူ တံဆိပ်ကွဲအချိုမှုန့်ကို စိတ်မဝင်စားအောင်ရယ်၊ ကြော်ငြာတဲ့ သဘောကို ကိုယ်ပြောတာ သဘောပေါက် တယ်နော်'

'ဟုတ်ကဲ၊ သဘောပေါက်ပါတယ်၊ ကျွန်တော်တို့ အဲဒီ လောက်ထိ မစဉ်းစားမိခဲ့ပါဘူး'

'ကဲ ကဲလုပ်လိုက်ကြဦး၊ အအေးပြယ်သွားရင် မကောင်းဘူး'

ထုံးစံအတိုင်း ဇော်ရဲမောင်တို့ ထောင်သည့်ဝိုင်းမို့ စိုပြည် ပြည့်စုံနေသည်။ အလုအယက် သောက်စားစရာမလို။ အေးအေး ေဆးဆေး ဇိမ်ဆွဲပြီး သောက်စားနိုင်သည်။ သူတို့ ဇိမ်ဆွဲပြီး ေ ာက်နိုင် စားနိုင်သည်မှာ ဒီလိုဝိုင်းမျိုးနှင့်ကြုံမှ၊ နို့မဟုတ်ရင် ဇိ ဆွဲလို့မရ၊ ဒရောသောပါး လုပ်ရသည်။

ဒကာမပါသည့် သူတို့ချည်း စုဝိုင်းမှာဆိုလျှင် လက်ဖျော စပ်ရော မြန်ရသည်။ ခွက်လှည့်အမီ မလိုက်နိုင်လျှင် မပြည့်



မဝဖြင့် ဝိုင်းမှထရသည်။ ခုလိုဝိုင်းမျိုးက သူတို့အတွက် ကြုံတောင့်ကြုံခဲဝိုင်း။

အသောက်အစား တစ်ကျော့ရပ်တော့ ဆရာကြီးက စကား ဝိုင်းတစ်ကျော့ ပြန်ဆက်လိုက်ပြန်သည်။

'ကိုယ် အခုပြောမယ့် ကြော်ငြာကိစ္စက ကိုယ်တို့လုပ်ငန်းနဲ့ တိုက်ရိုက်ပတ်သက်တဲ့ လုပ်ငန်းပဲ၊ မောင်ရင်တို့ ဒီလမ်းကြောင်းထဲ ဝင်တော့မယ်ဆိုရင် ဒီလမ်းရဲ့ အထာအကြောကို သတိထားမှ၊ လုပ်ငန်းကိစ္စကို သဘောပေါက်မယ်၊ ကိုယ် ဒါတွေပြောနေတာ မောင်ရင်တို့က ကိုယ့်အပေါ် သိတတ်လို့၊ ကိုယ်ကလဲ စေတနာ ဘုံ့ပြန်တာပဲ'

'ကျွန်တော်တို့ကလဲ ဆရာကြီးကို အားကိုးပါတယ်'

တကယ်တော့ ဒါရိုက်တာ ဆရာကြီးက သူပြောနေသလို စေတနာကုံ့ပြန်ခြင်း မဟုတ်ဘဲ၊ သူထောင်ထားသော ဆင်ကွက် ထဲသို့ တိုးသထက်တိုး ဝင်လာအောင် ကျွေးသွင်းပေးနေခြင်း ဖြစ်၏။

သူတို့နှစ်ယောက်သံမှ အလုံးအခဲထွက်လာရန် သချာ်နေပြီး ကိုယ့်ခြင်ထဲက လွတ်မထွက်အောင် ဖမ်းထားနိုင်ဖို့အတွက် နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းပေးနေခြင်းပါ။

'ကိုယ်တို့လုပ်ငန်းက ကုန်ပစ္စည်းရောင်းတာ မဟုတ်ဘူး၊ အနုပညာဟာ ရောင်းကုန်မဟုတ်ဘူး၊ ဖရိုသဏ်ရဲ့အမြင်နဲ့ ခံစား

www.burmeseclassic.com

www.burmeseclassic.com



မှုကို ဖန်တီးမှုနဲ့ ပေါင်းစပ်ပေးတာ၊ ရုပ်ရှင်နဲ့ ဗွီဒီယိုမှာက အနုပညာဖန်တီးမှုနဲ့ သရုပ်ဆောင်မှုကို ပြပေးရတယ်၊ ဂီတမှာက နားထဲမှာစွဲပြီး ဘဝင်ငြိမ့်စေတဲ့ အသံကိုပေးတယ်၊ သဘင်မှာက နှိုးနှိုးနှောင်းနှောင်း ကဟန်နှင့် တိတိတာတာအပြောကို ပေးတယ်၊ ရုပ်ရှင်၊ ဂီတ၊ သဘင်သုံးမျိုးစလုံးမှာ ရုပ်ရည်အလှအပလိုတယ်၊ တီဗွီမှပေါ်ခင်တုန်းကတော့ အဆိုတော်တွေဟာ ရုပ်အလှပေးဖို့ မလိုဘူး၊ အသံကိုပဲပေးရတာ တီဗွီထွက်ပေါ်လာတော့ အသံကောင်းရုံနဲ့ မရတော့ဘူး၊ ရုပ်ချောဖို့၊ လှဖို့ပါလာပြီ၊စားကုန်၊ သောက်ကုန်နှင့် ကုန်ပစ္စည်းတွေကျတော့ စားကြည့်ဖို့၊ သုံးစွဲကြည့်ဖို့၊ ဘယ်သို့၊ ဘယ်ညာ ကောင်းကြောင်း သခ္ချိုးကျကြော်ငြာနည်းကိုပဲ သုံးရတယ်၊ ရုပ်ရှင်ကျတော့ ကြော်ငြာထက် ပရိသတ်ကို ပိုပြီး ဆွဲဆောင်ဖမ်းစားနိုင်တဲ့ စာပေလမ်းကြောင်းကနေ ပို့ပေး၊ ပင့်ပေးတဲ့ အပို့၊ အပင့်ပါရမယ်၊ အဓိကကျသလို အရေးလဲပါတယ်'

'ရုပ်ရှင်မဂ္ဂဇင်းတွေ၊ ရုပ်ရှင်နဲ့ ဆက်နွယ်တဲ့ စာစောင်ထဲမှာ သတင်းဆောင်းပါး တွေ့ဆုံမေးမြန်းခန်း၊ ရိုက်ကွင်းမှာ တွေ့ဆုံခြင်း၊ ဘာဘာ... ညာညာစတဲ့ အပို့၊ အပင့် သတင်းဆောင်းပါး တွေ မွမ်းပေးနိုင်ရင် အခွေမထွက်ခင်ကတည်းက နာမည်ထွက်နေပြီး နာမည်ကြီးဖို့ သေချာတယ်၊ ဒါတွေဖြစ်လာဖို့က ငွေကြေးတတ်နိုင်ရုံနဲ့ လုပ်လို့မရဘူး၊ စာနယ်ဇင်းသမားတွေနဲ့ တရင်းတနှီး ဆက်ဆံမှုရှိပြီး လုပ်တတ်ကိုင်တတ်ရှိမှ အလုပ်ဖြစ်တာ၊ ဘက်စုံထောင့်စုံဆိုတာ အဲဒါကိုပြောတာ'



'ကျွန်တော်တို့ အဲဒါတွေ မသိပါဘူး ဆရာကြီး၊ ကျွန်တော်တို့အတွက်လဲ ဆရာကြီးကိုပဲ အပ်ပါတယ်'

'အေးလေ၊ မောင်ရင်တို့ဘက်က သေချာဖို့ကြိုးစား'

'စိတ်ချပါ ဆရာကြီး၊ နှစ်အပတ်အတွင်း ကျွန်တော်တို့ ပြန်လာမှာပါ'

ဒါရိုက်တာဆရာကြီးက စာပေလမ်းကြောင်းကနေ အပို့အပင့် ဘယ်သို့ဘယ်ပုံ လုပ်ရမည်ကို အသေးစိတ် ပြောပြရာ နားထဲမှာသာမက ရင်ထဲမှာပါ စွဲထင်သွားခဲ့သည်။

အခွေမထွက်ခင်၊ သရုပ်ဆောင်မှုကို မမြင်မတွေ့ရခင်၊ ပရိသတ် စိတ်ဝင်စားသူဖြစ်လာအောင် လုပ်ရသော နည်းလမ်း အသွယ်သွယ်ရှိသလို လုပ်နည်းကိုင်နည်းမှာ မခက်၊ အပေးအယူကိစ္စသာ အဓိကဖြစ်သည်။

ဇာတ်သမားတွေဆို သူတို့အား စပယ်ရှယ် ဧည့်ခံကျွေးမွေးရာ ပြုလုပ်ခြင်း? စီစဉ်ပေးပြီး ကြိုက်တတ်တာလေးများဖြင့် ပြုစုစောင့်ခံရသည်။ စရိတ်စကလို့ပြောပြီး အိတ်ထဲထည့်ပေးရသည်။ ဒါဆို...သာသာ ထိုးထိုး၊ အပိုး၊ အပင့်ရေးပေးပါလို့ ပြောစရာမလို၊ ခေတ်ပုံများ ပေးပြီး ပါးစချင်သည်များ ပြောလိုက်ရုံသာ။

မဂ္ဂဇင်းထွက်ချိန်ရောက်လာလျှင် ပါလာမှာ သေချာသည်။

ကတ်ဆက်ခွေမှာလည်း ထိုနည်းလမ်းကောင်းပင်။

www.burmeseclassic.com



အပေးအယူ အချိန်းအချက်ပြုလုပ်ပြီး အသံသွင်းသည့် စတူဒီယိုသို့ ရောက်သွားသည်ကို အမှတ်မထင် ခရီးသွားဟန်လဲ့ရောက်သွားသလိုလို၊ မသိမှတ်ဘဲ မေးနေပွဲ တစ်ခုခုမှာ ဆုံလိုက်ရသလိုလို ဗျူးသတင်း၊ အနေအကြောင်း၊ သီချင်းအကြောင်း၊ အဲဒီသီချင်းခွေနှင့် ပတ်သက်သော ခံစားမှုအကြောင်း၊ ဘာဘာညာညာတွေ သိုင်းဝန်းပြီး သတင်းဆောင်းပါးပုံစံဖြင့် ပို့ပေး၊ သည်မျိုးလည်း ရှိသည်။

အခုထုတ်မည့် စီးရီးမှာ ခါတိုင်း စီးရီးများနှင့်မတူ တစ်မူထူးခြားသော သီဆိုဟန်ဖြင့် သီဆိုထားကြောင်းနှင့် သီချင်းစာသားနှင့် သံစဉ်များမှာ တစ်မျိုးတစ်ဘာသာ တီထွင် ဆန်းသစ်ထားသည်ဟု သိရှိရကြောင်း သတင်းကို ဖော်ပြ၍ ပို့ပေးသည်မျိုးလည်း ရှိသည်။

ရုပ်ရှင် ဗွီဒီယို အခွေတွေ ကျတော့ ကန်တော့ပွဲ ပေးသည့်အခမ်းအနားသို့ ဖိတ်ကြားပြီး အခကျွေးအမွေးများဖြင့် ဧည့်ခံ၍ လုပ်ရိုးလုပ်စဉ် သတင်းပါစေသလို ဆောင်းပါးပုံစံဖြင့်ပို့ပေး၊ ပရို့ပေးသည်များလည်းရှိသည်။

မင်းသားအသစ်၊ မင်းသမီးအသစ်များအတွက် ထိုထိုသောစာနယ်ဇင်းဆရာများမှာ သော့ချက်ဖြစ်၏။

သော့ချက် အဖွင့်အပိတ်ဖြင့် ပရိသတ်စိတ်ဝင်စားလာအောင် အခွေမထွက်ခင် သတင်းကြီးသည့် မင်းသား၊ မင်းသမီးဖြစ်လာအောင် လုပ်ပေးနိုင်စွမ်း၏။



တချို့များဆို ဗွီဒီယိုအခွေ တစ်ခွေမှ မထွက်ရသေးပေမယ့် သူတို့၏ ရုပ်ပုံလွှာ အသွယ်သွယ်နှင့် သူတို့ အကြောင်းများမှာ ရုပ်ရှင်၊ မဂ္ဂဇင်း၊ စာစောင် ပေါင်းစုံတို့တွင် နာမည်သတင်းကျော်ထွက်ပြီး ဟိတ်ဖြစ်သွားသူများလည်း ရှိသည်။

ဒါရိုက်တာ ဆရာကြီးက သည်အကြောင်းနှင့် လုပ်နည်းလုပ်ဟန်များကိုပြော၍ သူ ဘောင်ဝိုင်းထားသော ကျုံးထဲသို့ ဆွဲသွင်း၍ ထုးခတ်ပေးလိုက်သည်။

ဇော်ရဲမောင်တို့ နှစ်ယောက်မှာ ဘယ်နည်းနဲ့မှ သူ၏လက်ထဲက ပြေးမလွတ်နိုင်တော့ပေ။ လက်ခုပ်ထဲကရေ ဖြစ်သွားပြီ။

ဒါတင်လား၊ မဟုတ်သေးပါ။

'မောင်ရင်တို့က အတွေ့အကြုံမရှိသေးတဲ့ သရုပ်ဆောင်သစ်ဆိုတော့ ဇာတ်နဲ့ရိုက်လို့ မရသေးဘူး၊ အချစ်၊ အလွမ်းကိုအသားပေးတဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း သရုပ်ဆောင်ရတဲ့ ဇာတ်လမ်းမျိုးက သဘာသိုဘယ်၊ သဘာလေးရမှ ရိုက်လို့ဖြစ်တာ၊ မောင်ရင်တို့အတွက်ကတော့ ဖိုက်တင်အက်ရှင်ကို ဇောင်းပေးပြီး အချစ်ပါလေရုံလေးဖြည့်ပေးတဲ့ ဇာတ်လမ်းမျိုးနဲ့မှ ကိုက်မယ်၊ ဇာတ်လမ်းနဲ့ ဇာတ်ညွှန်းကိုတော့ မောင်ရင်တို့ အလုပ်ဖြစ်ဖို့ သေချာတော့မှ ရေးခိုင်းတာပေါ့၊ နာမည်ကိုတော့ ကိုယ်ပဲ ကြံပေးလိုက်မယ်လေ'

'ဇာတ်ကားနာမည်လား ဆရာကြီး'

www.burmeseclassic.com



'အေးပေါ့၊ ကိုယ်ရွေးထားတဲ့ နာမည်က 'မိုက်ရင်မချစ်ဘူး လို့၊ ဘယ့်နှယ်လဲ'

'ဟာ...သိပ်ကောင်းတာပဲ ဆရာကြီး၊ ကျွန်တော်တို့ သိပ်ကြိုက်သွားပြီ'

'ရုပ်ရှင်ကားမှာပဲဖြစ်ဖြစ်၊ ဗွီဒီယို အခွေမှာပဲဖြစ်ဖြစ် ဇာတ်ညွှန်းနဲ့ ဇာတ်လမ်းက သိပ် အရေးကြီးတယ်ကွ၊ သူက မိန်းပဲ။ ပို့ပြီး အရေးကြီး အရေးပါတာက ပုံဖော်ရတဲ့ ဒါရိုက်တာပဲ၊ ဆိုပါတော့ကွာ မော်တော်ကားတို့ လေယာဉ်ပျံတို့တည်ဆောက်တဲ့အခါ ပုံစံထုတ်တဲ့အပိုင်းက အရေးကြီးသလို ပုံဖော် တည်ဆောက်ရတဲ့ အပိုင်းကလဲ အရေးကြီးတာပဲ၊ ကိုယ် ပြောတာ အဓိပ္ပာယ်ပေါက်တယ်နော်'

'ဟုတ်ကဲ့ ပေါက်ပါတယ် ဆရာကြီး'

အကွက်ဆင်ပုံ၊ ထွင်းပုံမှာ ထိထိမိမိရှိ၍ ပါးပါးလှပ်လှပ် အရိပ်ပြပြီး အတုံးလိုက်အတစ်လိုက် လှီးသည့်တိုင် အလှီး ခံနေရသူက အလှီးခံနေရပါကလားဟု မထင်မိရအောင် ပိရိသေသပ်လှန်းလှ၏။

ဗွီဒီယိုလောကမှာ သည်သို့သည်ပုံ အကွက်ဆင်အကွက်ထွင်၍ လိမ်နေသူတွေ အများကြီးရှိသလို အလိမ် ခံနေရသူတွေလည်း အများကြီးရှိသည်။



ထောင်ဂဏန်း အလိမ်ခံရသူ၊ သောင်းဂဏန်း အလိမ်ခံရသူ၊ သိန်းဂဏန်း အလိမ်ခံရသူ ဦးရေမှာ မနည်းပါ။ တရားရုံးရောက်သည့်အမှုမှာမူ ပြော၍ ကုန်နိုင်အောင် မရှိပါ။

အကြောင်းမှာ တရားတဘောင်လုပ်၍ မထူးတော့သည်မှာ တစ်ကြောင်း၊ အလိမ်ခံလိုက်ရသည်ကိုရှက်ပြီး မိအေးနှစ်ခါနာ အဖြစ်သို့ မရောက်လိုသည်ကတစ်ကြောင်း၊ ပျားရည်နှင့် ငမ်းချပြီး အချိန်ဆွဲထားသည်ကို စောင့်ရင်း မျှော်လင့်ချက် ထားနေဆဲကြောင့် တစ်ကြောင်း၊ စသည်...စသည် အကြောင်းများကြောင့် ဖြစ်၏။

မန္တလေးသို့ ပြန်ရောက်ပြီး နောက်တစ်နေ့တွင် အခွေတစ်ခွေယူပြီး မင်းကျော်ဦး မိုးကောင်းသို့ ပြန်သွားသည်။

ဇော်ရဲမောင်လည်း အခွေ တစ်ခွေဖြင့် အလုပ်ရှုပ်နေလေသည်။

သူငယ်ချင်း အပေါင်းအသင်းများကို လိုက်ခေါ်ပြီးဗွီဒီယိုပြပေး၊ တိုက်ကျွေးရဖြင့် မအားမလပ်အောင်ရှိနေ၏။ နောက်ရိုက်မည့် အခွေကြီးအကြောင်း ပြောရဆိုရသည်သလည်း အားတွေလျှာတွေ ဖြစ်နေသည်။

အစမ်းခွေကြည့်ရသူ သူငယ်ချင်း အပေါင်း အသင်းများ ဘာ ရွှေတွင်မတော့ ကွန်ဂရက်ကျူးလေးရှင်း လုပ်ကြ၏။ ကွယ်ရာမှာမူ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာ ဆိုရလျှင် ပုံခိုင်းမျိုးဖြင့်

www.burmeseclassic.com



ဟားတိုက်ကြသည်။ ဘာပဲဖြစ်ဖြစ် ဆက်လုပ်သင့်သည်ဟု အားပေးစကားဆိုသူမှာ သုံးလေးယောက်ထက်မပို။

သားဘာလုပ်လုပ် အမြဲတမ်း ခေါင်းညိတ်တတ်သူ မိခင်ကြီးကတော့ ငါ့သားက ဘယ်ဆိုးလို့တုန်းဟု ပြောဖော်ရသည်။ ဖခင်ကြီးကတော့ ဘယ်သို့မှမဆို။ စိတ်ဝင်စားကြောင်း မပြ။ ကောင်းသည်၊ ဆိုးသည်ကိုလည်း ဘာမျှမပြော။

နောက်ရိုက်မည့် အခွေအကြောင်း၊ ပြောပြ၊ ခွင့်တောင်းသည်အခါတွင်မူ ဖခင်ဖြစ်သူက ငွေအတွက်ကြောင့်မဟုတ်ဘဲ စိတ်မသေလွင့်မည့် အလုပ်ဖြစ်သည့်အပြင် မိဘမျက်နှာငယ်ရာ၌ အရှုပ်အထွေး ပြဿနာ ဖြစ်နိုင်သောကြောင့် မလုပ်စေချင်ကြောင်း အကယ် အကျိုးဖြစ်ထွန်းမည့် တည်တည်တံ့တံ့ စီးပွားရေးလုပ်ငန်း လုပ်မည်ဆိုလျှင် ငါးသောင်းမဟုတ်၊ ငါးသိန်း၊ ထုတ်ပေးမည်ဖြစ်ကြောင်း ပြော၍ သူ၏ ရှေ့ရေးအတွက် စီစဉ်ထားသော လုပ်ငန်းကို အာရုံစိုက်၊ စိတ်ဝင်စားဖို့ တိုက်တွန်း နားချခဲ့၏။

သူက ဖခင်ကြီးအား စောဒကမတက်တော့ဘဲ မိခင်ကြီးကိုသာ မျက်ရည်ခံထိုး၍ အပူကပ်ခဲ့ရာ မိခင်ကြီးက စိတ်အေးအေးထားပြီး နေဖို့နှင့် ဖခင်ကြီးအား ကလန်ကဆန်မပြောဖို့ ဖျောင်းဖျနှစ်သိမ့်လိုက်၏။

သုံးရက်အတွင်း အဆင်ပြေသွားသည်။ လျှောလျှောလျူလျူတော့မဟုတ်။ မိခင်ကြီးက အဘော်လေး အတိုက်အခံပြော



ယူရသည့်အပြင် ဖခင်ကြီးတောင်းသော ကတိကို ပေးရမည်ဟု ဆိုခဲ့၏။

သည်တစ်ကြိမ် ခွင့်ပြုမည်။ အဲသည်ကိစ္စကို အပြန့်ဆုံးလုပ်ပြီးလျှင် ဖခင်ကြီး အစီအစဉ်လုပ်ထားသော လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ပါမည်ဟူသော ကတိပေးရမည် ဖြစ်၏။

သူကတော့ လူငယ်ပီပီ နောင်ခါလာ နောင်ပေါက်ချေးဟု သဘောမူပြီး ဖခင်ကြီး ရှေ့မှောက်၌ ဖခင်ကြီး တောင်းသော ကတိကို ပေးခဲ့သည်။

သူတောင်းသော ငွေငါးသောင်းနှင့် ရန်ကုန်သွားဖို့ ခွင့်ပြုချက် ရလိုက်သည်။ မိခင်ကြီးထံမှ ငွေနှစ်သောင်း၊ ပေါင်းခုနှစ်သောင်း။ အလုပ်ဖြစ်ဖို့ သေချာသွားပြီ။

ရှစ်ရက်မြောက်နေ့ မင်းကျော်ဦး ရောက်လာသည်။ သူ့မှာလည်း ငွေလေးသောင်းပါလာသည်။

နှစ်ယောက်ပေါင်း တစ်သိန်းကျော်။

ခြိုးခြိုးခြံခြံ လက်ပူ တိုက်စရာမလို။ ဖောဖောသီသီ လှလှပပကြီး အလုပ်ဖြစ်ဖို့ သေချာသွားပြီ။

သူတို့နှစ်ယောက် ရန်ကုန်သို့ ဆင်းခဲ့ကြ၏။

သူတို့နှစ်ယောက်ထံ၌ ပါလာသော ငွေကြေး [illegible] ဗွီဒီယိုလောက၏ အခွေတစ်ခွေ ကုန်ကျစရိတ် အတိုင်းအတာအရ

www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် ဇာတ်လမ်းနှစ်တွဲ၊ နှစ်ခွေရိုက်လို့ရသည်။ စူပါစတား တန်းဝင် မင်းသမီး၏ အမြင့်ဆုံးဈေးမှာ လေးထောင်ပဲရှိသည်။

ယနေ့လို ခြောက်သောင်းတို့၊ ရှစ်သောင်းတို့ဈေးမျိုး ရှိလာလိမ့်မည်၊ ဖြစ်လာလိမ့်မည်ဟု ယောင်လို့သော်မှ စိတ်ကူးထဲမထည့်မိကြ။

မင်းသားဈေးမှာလည်း ထိုနည်းလည်းကောင်းပင်။

တစ်သောင်းမင်းသားဟု မရှိခဲ့ရာမှ နှစ်သိန်းငါးသောင်း၊ သုံးသိန်းခေါ်ဈေး ရှိလာသည်အထိ ဈေးနှုန်း အကြီးအကျယ် ဖောင်းပွ မြင့်တက်လာသည်။

ယနေ့ စူပါအခွေတစ်ခွေ၏ မင်းသား၊ မင်းသမီး နှစ်ယောက်တည်း ဈေးနှုန်းမှာ နှစ်သိန်း၊ နှစ်သိန်းငါးသောင်း ရှိသည်။ စူပါ့စူပါဆိုရင်တော့ သုံးသိန်းမှ သုံးသိန်းငါးသောင်းအထိ ရှိသည်။

အဲဒီခေတ်ကို မရောက်သေးသောကာလ၊ တစ်ခွေလုံး အပြီးအငြိမ်းမှ လေးသောင်း၊ ငါးသောင်းနှင့် အလုပ်ဖြစ်သောကာလ၌ ငွေတစ်သိန်းကျော်ပါလာသည့် သူတို့နှစ်ယောက်မှာ တစ်ခွေမှ မခွေလိုက်ရပါဘဲ ပါဒမျှ ခေါ်ချိန်လိုက်ရရုံမျှမက ထောင်တံခါးဝနားသို့အထိ ရောက်သွားခဲ့ရ၏။



ဤသို့ဤနှယ် လိမ်နည်းပေါင်းစုံ ရောယှက် ဆက်နွယ်နေသော အမြိုးကျက်အမြိုးစား၊ ခေါင်းကျက်ခေါင်းစားသမားတို့ စုဝေးရာနယ်မြေသို့ အတင်းတိုးဝှေ့ ဝင်လာနေသူများမှာ လျော့ပါးမသွားဘဲ ယနေ့ထက်တိုင် ရှိမြဲရှိနေသလို နည်းလမ်းအသွယ်သွယ်ဖြင့် လိမ်မည့်သူများမှာလည်း လျော့မသွားဘဲ တစ်ဦးပျောက် တစ်ဦးပေါ်လျက် ရှိနေကြဆဲသာပင်။

လိမ်သူပေါ်ရခြင်းမှာ အလိမ်ခံမည့်သူများ ရှိနေသောကြောင့်ဟု ဆိုရန်မှတစ်ပါး အခြားမရှိပါလေ။

* * *

ယနေ့ ဗွီဒီယိုလောကတွင် ဇော်ရဲမောင်တို့လို ပိုးသမား၊ ငွေယားရှိသူများမှာ မင်းသားမင်းသမီးဖြစ်ဖို့ ထိုလောကထဲသို့ တိုးဝင်ခဲ့ရာမှ တံလျှပ်ကိုရေထင် ရွှေသမင်အလိုက်မှားကိန်းကြုံပြီး စိတ်ထစ်၊ ဖြတ်လိုးသမားများ၏ အလိုးအဖြတ်၊ အခုတ်အထစ်ခံလိုက်ကြရသလို တစ်ခွေတည်းနှင့် ထိတ်လန့်သွားသောသူများလည်း ရှိကြသည်။

www.burmeseclassic.com



ဗွီဒီယိုလောကသို့ ငွေထုပ်ပိုက်ပြီးဝင်လာသူ ပရိုဂျူဆာများမှာလည်း တချို့သောဒါရိုက်တာ၊ တချို့သောမင်းသား မင်းသမီးများ၏ ပညာသားပါပါ နှိပ်စက်မှုဒဏ်ကို ခံရပြီး မပြီးဆုံးသော အခွေများကို ပိုက်ထွေး၍ မှိုင်ငေးနေရသူများ ရှိကြသလို ဖြန့်ချိရေး မနိုင်နင်းမှုနှင့် အခွေခိုးကူး ဖြန့်ချိကြသောကြောင့် အကွဲအပြဲဖြစ်သွားသူများလည်း ရှိကြသည်။

ရုပ်ရှင်ကားကြီးများမှာ ခိုးကူးပြဿနာမရှိ၊ ဖြန့်ချိရေး ပြဿနာ မရှိ။

ထုတ်လုပ်သူများမှာမူ ရုပ်ရှင်ကားကြီးများမှာလည်း စိတ်ညစ်ရ၊ ရင်ရှုပ်ရသလို ဗွီဒီယိုကျတော့လည်း ရင်ရှုပ် စိတ်ညစ်ရသည်မှာ ထူးမခြားနား။

ဗွီဒီယိုက ရိုက်ရက်နည်းသောကြောင့် စိတ်ညစ်ရ စိတ်ရှုပ်ရနည်းနည်းသက်သာသည်။

ဗွီဒီယိုခေတ်မှာ အနုပညာလိုက်စားသူတွေ များလာသောကြောင့် ပရိုဂျူဆာခေါ် ထုတ်လုပ်သူတွေ ခေါင်းခဲရ၊ စိတ်ညစ်ရသည်။

အနုပညာလိုက်စားတာ ထုတ်လုပ်သူနှင့်ဘာဆိုင်တာမှတ်လို့ဟု မဆိုပါလေနှင့်၊ သူတို့ အနုပညာလိုက်စားတာက ထုတ်လုပ်သူနှင့် တိုက်ရိုက်ကြီး သက်ဆိုင်နေသောကြောင့် ဖြစ်ပါသည်။



ဒါရိုက်တာ၏ အပေါင်းအသင်း ရောင်းရင်းများ၊ မင်းသား၊ မင်းသမီး၏ အပေါင်းအသင်း ရောင်းရင်းများ၊ ကင်မရာမင်း၏ အဆွယ်အပွား အဖော်များနှင့် ပတ်သက်သော အနုပညာလိုက်စားသူများမှာ အနုပညာကို လေ့လာလိုက်စားကြသော အနုပညာ ဝါသနာထုံမွှမ်းသူများ မဟုတ်ဘဲ သူတို့ကိုအမှီပြု၍ သောက်ပွဲစားပွဲ နွှဲကြသူများဖြစ်၏။

စားကြောလိုက်လာကြရာ မင်းသား၊ က ထုတ်လုပ်သူကို ဒါမှ မဟုတ် ထုတ်လုပ်သူ၏ကိုယ်စားလှယ်ကို ဘာသောက်ချင်သည် ဘာစားချင်သည် စသည်ဖြင့် နားပူနားဆာလုပ်၊ သူတို့က ဘယ် ခေါင်းခါရဲမှာပါ။

မင်းသားမှာ ပညာပြစရာတွေ အများကြီး၊ ရှူတင်ဖျက်သည်အထိ ပညာပြလို့ရသည်။ တစ်နေ့တာ၏ ရှူတင်စရိတ်မှာ လုံးထောင်ကနေ ငါးထောင်အထိ ကုန်ကျစရိတ်ရှိသည်။

အဲဒီတော့ လေးငါးရာကို မကြည့်နိုင်၊ အပြေးအလွှားသွားဝယ်ပေးရသည်။ အဲသည်မှာ အနုပညာလိုက်စားသူများလည်း ဆာပြီး ဝါးကြောမိကုန်ကြသည်။

မင်းသမီးကလည်း ထိုနည်းလည်းကောင်းပင်။

ဘယ်ဆိုင်ကခေါက်ဆွဲကြီးအိုး သောက်ချင်လို့၊ ဘယ်ဆိုင်ကမုန့်ဟင်းခါး စားချင်လို့၊ ဘယ်ဆိုင်ကနန်းကြီးသုတ် စားချင်လို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



လာရင် နှစ်ခါသမ်မပြောခင် ခေါင်းညိတ်လိုက်ရသည်။ မင်းသမီး စိတ်ကောက်သွားမှုဖြင့် မလွယ်ကြော။

တချို့ဆို အားမနာပါးမနာ အိမ်အဘွက် ဘယ်နှစ်ပွဲဝင်ပို့လိုက်ပါပြီးဆိုတာမျိုးထိအောင်ပင် နှုတ်မှ ထွက်သွယ်ကြသည်။

ဈေးအစား ဘီယာအေးအေးလေးမှ၊ မဘိုဂျိုမှ၊ ငါးသုံးလုံးစပါယ်ရှယ်မှဆိုသည့် မင်းသား၊ နိုင်ငံခြားက ချိချွင်သုံမှဆိုသော မင်းသမီး၊ ရိုက်ကွင်းထွက်လျှင် အဲသည်နေရာကနေ မသောက်ချင်လို့ ဖက်ပစ်မှ၊ လိမ္မော်ရည်မှဆိုတာမျိုးကိုလည်း ဖြည့်ဆည်းပေးရသည်။

သူတို့ကခံဘာင်းလို့၊ ပြောလို့ ခေါင်းညိတ်ရသည်များ ရှိသလို မဒတောင်းဘဲ အဘင်းပေးသည်များလည်း ရှိသည်။

မင်းသား၊ မင်းသမီးလေးတွေက ငယ်ငယ်ချောချောဆိုတော့ အမျိုးသမီး ပရိုဂျူဆာက မင်းသားလေးကို အမျိုးသား ပရိုဂျူဆာက မင်းသမီးလေးကို ဟဲ…ဟဲ…ဟဲ…ဟဲ…ကြွေကြသည်။ ခစားနာရေစီးကမ်း ပြိုကြသည်။

ပြောတာကတော့ သူတို့အခွေရိုက်ရာမှာ စိတ်ပါလက်ပါ၊ ပီပီပြင်ပြင်၊ ထူးထူးခြားခြား သရုပ်ဆောင်ပေးလို့ဟု။

တစ်ဖက်ကတော့ ဟဲ…ဟဲ…ဟဲ…ပေါ့။

မြို့ငယ်လေးတစ်မြို့မှာ မွေး၍ ကြီးမှ ရန်ကုန်ရောက်ပြီး အလုပ်…၍ တိတိပပမရှိဘဲ ရောင်ခြောက်ဆယ်လုပ်နေရာမှ အရုပ်



အမောင်းနှင့် ရုပ်ရည်ကြောင့် ဒါရိုက်တာတစ်ယောက်က သူ့ကားတွင် ဇာတ်ပို့အဖြစ် သရုပ်ဆောင်စေခဲ့ရာ ဇာတ်လိုက်ကျော်တစ်ယောက်ဖြစ်လာသူ၏ ဖင်ခေါင်းကျယ်ပုံမှာလည်း ပြောစမှတ်တွင် ရပ်သွားခဲ့၏။

ဗွီဒီယိုဇာတ်လမ်းခွေရိုက်ရာတွင် ဖိုင်တာင်ခန်းတစ်ခန်းကို ရန်ကုန်မြို့နှင့် မိုင်သုံးဆယ်ကျော်ဝေးသော ကျေးရွာတစ်ရွာတွင် သွားရောက်ရိုက်ကူးခဲ့ရာ ဖိုက်တာင်ခန်းအပြီးတွင် မင်းသမီးနှင့် လပ်(ဖ်)ခင်းဆက်ရိုက်ရမည် ဖြစ်၏။

ဖိုက်တန်ခန်းပြီးလျှင် မင်းသားက ရေမိုးချိုး အဝတ်အစားလဲပြီး ချစ်ခန်းကြိုက်ခန်း ဆက်ရိုက်ရမည်ဖြစ်ရာ မင်းသားက အဲဒီရွာက ရေကိုမချိုးနိုင်ပါဘူးဆိုသောကြောင့် အခန်းဆက်ရိုက်ရန် အခက်ကြုံခဲ့ရ၏။

ထုတ်လုပ်သူက အမျိုးမျိုးတောင်းပန်သော်လည်း မင်းသားက တွင်တွင်ကြီး ခေါင်းခါသောကြောင့် ထိုနေ့က ရှုတင်ဖျက်လိုက်ရသည်။

အဲသည်နေ့က ဒိုင်လျော်ရုံမက နောက်တစ်နေ့တွင်လည်း ဒိုင်ဆက်လျော်ရသည်။ တော်သေးတာပေါ့ မင်းသမီးက သဘောကောင်းပေလို့ နို့မဟုတ်ရင် ပရိုဂျူဆာကြီး ခေါင်းခဲပြီး သေသွားမှာ သေချာသည်။

အဲသည်လို မပြစ်ညစ်ကျယ် ကတ်သီးကတ်ဖွဲ့ လုပ်တွေ့သော ရေးရလျှင် စာအုပ်တစ်အုပ်တော့ အသာလေးပေါ့

www.burmeseclassic.com



ထုတ်လုပ်သူတွေ ခံကြရသည်။ သူတို့က ပြန်အုပ်သည်များလည်း ရှိသည်။

သူတို့ကမင်းသား၊ မင်းသမီးကို မျက်နှာချိုသွေးပြီး ရေနွေးနှင့် မျက်နှာသစ်ရမှ ရေချိုးရမှဆိုသည်နှင့် အခုပါအလေးစွန့်ဖို့ နေရာသစ်လုပ်ပေးရသည်အထိ လိုက်လျောမှု လုပ်ကြသော်လည်း ဇာတ်ပို့၊ ဇာတ်ရံနှင့် နေ့စားသမားများအပေါ်တွင်မူ ဆေးပေါ့လိပ်ကိုပင် တွန့်တိုကြသည်။ နာမည်ကြီးဆူပါမင်းသား မင်းသမီးများ အားပေးရမည့် သောင်းဂဏန်း၊ သိန်းဂဏန်းငွေကို စာချုပ်ပါ အရစ်အတိုင်း ပေးခဲ့ရ၏။ သည်လောက်ပဲယူပါဦး၊ သည်လောက်တော့ ထားပါဦးဟု မပြောရဲပေမယ့် ဇာတ်ပို့ဇာတ်ရံများ၏ ထောင်ဂဏန်းမျှသော ငွေကိုမူ အပြေမပေးဘဲ နေ့ရွှေ့၊ ညရွှေ့လုပ်ရဲကြသည်။ အကြောင်းအမျိုးမျိုးပြပြီး အလီလီ အသာလာချွေပေးကြသည်။

မင်းသားမင်းသမီးအတွက် ငွေချန်လျှင် နောက်ကားအတွက် အပြောရခက်မည်။ ဇာတ်ပို့၊ ဇာတ်ရံအတွက်က အကြောင်းမဟုတ်၊ သူနှင့်မဖြစ်လျှင် နောက်လူတွေ အများကြီးရှိသည်။ ဘယ်သူ့ကို ဆွဲသုံးမလဲ၊ ဘစ်ပိုတစ်ပင်ရှိသည်။

ဗွီဒီယိုခေတ်မှာ ဒါရိုက်တာလည်း များသည်။ မင်းသား မင်းသမီးလည်း များသည်။ လူကြွမ်းလည်း များသည်။ ဇာတ်ပို့ ဇာတ်ရံတွေလည်း များသည်။ ကင်မရာမင်းလည်း များသည်။ ဇာတ်ကားတည်းဖြတ်နိုင်သူတွေလည်း များသည်။



များသလောက်လည်း ဖြစ်သွန်းကြသည်။ အရှုပ်ဆောင်နှင့်အပိုင်းတွင် ပိုင်နိုင်ကြသည်။ တစ်ခွေတည်းနှင့် ပရိသတ်ထောင်းအောင်ပင် အောင်မြင်ကြသည်။

တစ်ယောက်မဟုတ်၊ တစ်ယောက်ကို အစားထိုးလို့ ရနေသောကြောင့် ထုတ်လုပ်သူတွေက အလေးမပေးကြ။

မင်းသားအသစ်၊ မင်းသမီးအသစ်တွေများပေမယ့် ဝင်ငွေကောင်းသော ကျိန်သေပေါက် အမြတ်ရနိုင်သော မင်းသားကလက်ချိုးရေတွက်မှ ငါးယောက်ခြောက်ယောက်ထက်မပို မင်းသမီးက ပိုတောင်နည်းသေး သုံးလေးယောက်ပဲရှိသည်။ ဒါကြောင့်မို့လည်း သူတို့ကို ဖူးဖူးမှုတ်ထားရသည်။

မြန်မာ့ဗွီဒီယိုလောကမှာ သူတို့ချည်း ကားထွက်များသမို့ အမှုအရာတွေထပ်နေပြီ ဇာတ်လမ်းတွေက ထပ်နေပြီ၊ ထုတ်လုပ်သူနှင့် ဒါရိုက်တာတွေက ဇာတ်လမ်းနှင့် ဇာတ်ကောင်စရိုက်လိုက်ဖက်မည့်မင်းသား၊ မင်းသမီးထက် ရှိုးသမားရော၊ အိမ်ကြည့်သမားပါ လက်ခံကြိုက်နှစ်သက်မည့် မင်းသား၊ မင်းသမီးများဖြင့် အဖြစ်လုပ်ရိုက်နေရသည်။

မဲပြာပုဆိုးကိုမလဲ တမ်းဝတ်နေလျှင် ဟောင်းနွမ်းသည်ထက် သွားလိမ့်မည်သာ။

ရိုက်ကွင်းရိုက်ကွက် ကြည့်ဦးမလား၊ ပန်းခြံတွေ ထပ်နေသလို ရိုက်ကွက်လည်းထပ်နေပြီ၊ အချစ်ကားတွေက ပန်းခြံဆေးခင်းမှာ ဆာဇဝင်ကားတွေက ကရဝိက်နှင့် ဘုရားမှာ၊ ကဲ— အောင်းဆေး

www.burmeseclassic.com



နယ်ထွက်ရိုက်လျှင် အကုန်အကျများသည်။ သွားလာစရိတ်၊ စားစရိတ်၊ တည်းခိုနေထိုင်စရိတ်၊ အခြား အထွေထွေစရိတ်များကြောင့် ရန်ကုန်မှာပဲ အပြီးလုပ်ကြသည်။

ရန်ကုန်မှာက တစ်နေ့တာအတွက် မနက်ထမင်း၊ နေ့လယ်လက်ဖက်ရည်စရိတ်ပဲကုန်သည်။ နယ်ထွက်လျှင် နံနက်လက်ဖက်ရည်၊ မုန့်၊ မနက်ထမင်း၊ နေ့လယ်လက်ဖက်ရည် ညနေထမင်းကျွေးရသောကြောင့် လူတစ်ယောက်စာအတွက် ခုနစ်ဆယ့်ငါးကျပ်အနည်းဆုံးကုန်သည်။ လူဆယ်ယောက်ပါသွားလျှင် တစ်နေ့ ခုနစ်ရာ့ငါးဆယ်။

မင်းသား၊ မင်းသမီးတွေကျတော့ အများကျေးသလို မဟုတ်ဘဲ အထူးစပယ်ရှယ် ဟိုအစာ သည်အစာ လုပ်ပေးရသေးသည်။

မြန်မာ့ဗွီဒီယိုက ဟောင်ကောင်ဗွီဒီယို၊ အိန္ဒိယဗွီဒီယိုအခွေများလို ဖြန့်ချိရေးနယ်ပယ် မကျယ်ဝန်းဘဲ ပြည်တွင်းအဆင့်လောက်ပဲရှိသောကြောင့် သူတို့လို အကုန်အကျခံပြီး မရိုက်နိုင်။ သူ့အိုးနှင့်သူ့ဆန် တန်ရုံပဲ လုပ်နေရသည်ကို ပရိသတ်က ခွင့်လွှတ်ပြီး ကြည့်ကြသည်။

အခွေတစ်ခွေ၏ ကုန်ကျစရိတ်ထက်ဝက်မှာ မင်းသားနှင့် မင်းသမီးအတွက်ဖြစ်နေသည်ကို ပြောင်းလဲအောင် မလုပ်နိုင်သေးသမျှ မြန်မာ့ဗွီဒီယို တိုးတက်မှု လမ်းကြောင်းမှာ တိုးတက်မှုနှင့် ဝေးနေဦးမည်ပါ။



မျက်နှာသစ်မင်းသား၊ မင်းသမီးလေးတွေ ပေါ်လာပြန်တော့လည်း နှစ်ခွေလောက် ထွက်ပြီးသည်နှင့် ငါးသောင်းအထက် ဈေးစကားဆိုလာသောကြောင့် ထုတ်လုပ်သူများ အခက်အခဲတွေ့ရသည်။

တချို့နာမည်ရဒါရိုက်တာတွေကျတော့ ဒါရိုက်တာ ခနှင့်နေအောင်ယူပြီး ရိုက်ကွင်းပေါ် ထိုအရေက် အပေါက်နည်းကြပြန်သည်။ အကူလက်ထောက်များနှင့်လွှဲပြီး မျက်နှာလွှဲ ခဲပစ်လုပ်သည်မျိုးလည်း ရှိပြန်သည်။

ကိုယ့်သူ့ပတ်၊ သူ့ကိုယ်ပတ်၊ ဖြစ်ရပ်အထွေထွေ ရှုပ်ထွေးလျက်ရှိသော ရုပ်ရှင်ကြီးနှင့် ဆက်နွယ်နေသည့် ဗွီဒီယိုလောကတွင်လည်း ထို့အတူပင် ရှိလိမ့်မည်သာပါ။

★

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၀ ]

အမြန်ရထားနှင့် စုန်လာကြသော ဇော်ရဲမောင်တို့ ပိုးသမားနှစ်ယောက်မှာ စိတ်ကူးယဉ်အတွေးကိုယ်စီဖြင့် စိတ်လှုပ်ရှားမှုလွှမ်းကာနေသောကြောင့် အိပ်စက်ခြင်းနှင့် မဆုံဆည်းလိုက်ရဘဲ တည်းခိုမည့် ဦးဇံအောင်တို့တိုက်သို့ ရောက်ခဲ့ကြသည်။

ထုံးစံအတိုင်း လက်ဆောင်ပစ္စည်းပေး၊ နှုတ်ဆက်စကားပြော၍ ဇော်ရဲမောင် ဖခင်ဦးထိုက်စံပေးလိုက်သောစာကို ဦးဇံအောင်သို့ ပေးလိုက်၏။ ဦးထိုက်စံထံမှ စာကို ဖတ်နေသည့် ဦးဇံအောင်၏ မျက်နှာပေါ်တွင် မည်သို့သော အပြုံးဟု မခန့်မှန်းနိုင်ရသော အပြုံးရိပ်များ ထင်လက်သွားပြီးနောက် အမေးစကားဆိုလာသည်။



'နေပါဦးကွ ဇော်ရဲရ၊ မင်းတို့အလုပ်က ဘာကယ်ရော ဖြစ်မယ့်အလုပ် ဟုတ်လို့လား'

'တကယ်ဖြစ်မယ့်အလုပ်ပါ ဦးလေးအောင်'

'မင်းတို့ကိုကားရိုက်ပေးမယ်ဆိုတဲ့ ဒါရိုက်တာကြီးအကြောင်းကိုရော ဘယ်လောက်သိပြီးပြီလဲ'

'ကျွန်တော်တို့ သိရပြီးသလောက်ဘော့ စိတ်ချယုံကြည်ရမယ့် လူကောင်းတစ်ယောက်ပါ ဦးလေးအောင်'

'မင်းတို့ အရင်တစ်ပတ် လာတုန်းက တွေ့ခဲ့တာ မဟုတ်လား'

'ဟုတ်ပါတယ် ဦးလေးအောင်'

'ဒီလောက်ကလေး တွေ့ပြီး ဆက်ဆံရတာသောက်နဲ့ လူကောင်းတစ်ယောက်၊ စိတ်ချယုံကြည်ရတဲ့ လူတစ်ယောက်ပါလို့ ဆုံးဖြတ်လို့ ဘယ်ရမလဲဇော်ရဲရ၊ အေးလေ...မင်းတို့က လူငယ်တွေဆိုတော့လဲ အခက်သားကသား၊ ငွေရေးကြေးရေးနဲ့ လုပ်ရမယ့် အလုပ်တစ်ခုကို လွယ်လွယ်နဲ့ ဆုံးဖြတ်လို့တော့ မရဘူးနော်'

'ဟုတ်ကဲ့ပါ ဦးလေးအောင်၊ ကျွန်တော်တို့လဲ အသိုက်အလျှောက် လေ့လာစုံစမ်းပြီးပါပြီ'

'ဒါဖြင့် ပြောစမ်းပါဦး၊ သူ့ရဲ့ နောက်ကြောင်း ရာဇဝင်နဲ့ လက်ရှိ အနေအထား'

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘာမှ ပြန်မပြောနိုင်ဘဲ နှုတ်ဆိတ်နေကြသည်။ တကယ်တော့ ဒါရိုက်တာကြီးအကြောင်းကို သူတို့ဘာမှမသိ၊ သူတို့သိသည်မှာ အားပါယံကြွာမျှ သာ။

'ကဲ....ထားပါလေ၊ အခု မင်းတို့လုပ်မှာက စာချုပ်စာတမ်းနဲ့လား၊ အလွတ်သဘောလား၊ ဘယ်လိုပုံစံနဲ့လဲ'

'အခု လုပ်ငန်းဖြစ်မယ်ဆိုမှ အဲဒီကိစ္စကို တိတိကျကျ ပြောရမှာပါ ဦးလေးအောင်'

'အကျိုးအမြတ် ဘာညာ ဆိုတာကရော'

'ဒါကတော့ အခွင့်ပြီးမှပဲ တွက်လို့ရမှာပါ'

'အေးလေ....မင်းတို့ဟာက အပျော်သဘော ဖြစ်မှာဆိုတော့ ပြောရခက်သားပဲ၊ ကိုစံကတော့ ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးဖို့နဲ့ အကူအညီပေးဖို့ ရေးလိုက်တာပဲ၊ တို့က ဒီလောကနဲ့ ဒီလုပ်ငန်းအကြောင်း နားမလည် အကျွမ်းမဝင်တော့ အကူအညီပေးဖို့ မလွယ်ဘူးလေ။ အဲဒီတော့ မင်းတို့ အကူအညီလိုရင်ပြော၊ တတ်နိုင်သလောက် အကူအညီပေးမယ်၊ ကိုစံ ဆီလဲ ဖုန်းဆက်လိုက်မယ်၊ တစ်ခုတော့ ရှိတယ်နော်၊ မင်းတို့က ဘယ်လိုပြောကြဆိုကြ၊ လုပ်ကြကိုင်ကြမယ်ဆိုတာကိုတော့ ကြိုပြီးပြော၊ ဘယ်သူ့ကိုမှ အယုံလောမကြီးနဲ့'



'ဟုတ်ကဲ့ပါ ဦးလေးအောင်'

'ကဲ...ကဲ သွားစရာရှိရင်သွား၊ အနေအထိုင် အသွားအလာ ဆဲ သတိထား'

သူတို့နှစ်ယောက် မြူးသွားသည်။ စိတ်မဝင်စားပေမယ့် မဖြစ်သာလို့ စိတ်ဝင်စားဟန်ပြုပြီး နားထောင်နေရသည် ဖြစ်ရာ ဦးဇော်အောင်၏ အမှာစကားမှာ သူတို့ ခေါင်းထဲတွင် မရှိတော့ပြီ။

တစ်ဖက်နားဖြင့် ထောင်နေသည်များကို တစ်ဖက်နားမှ ထုတ်ပစ်လိုက်ပြီဖြစ်သည်။

မဘတ်သာလို့ စိတ်ပါဝင်စားဟန် ပြု၍ နားထောင်နေရသော်လည်း စိတ်က ပန်းဆိုးတန်းသို့ ရောက်နေသည်။ ထွန်းအေးနှင့် အောင်ခိုင်တို့အား တွေ့နိုင်မည့်နေရာမှာ ပန်းဆိုးတန်း လေးဗန်း လက်ဖက်ရည်ဆိုင်များတွင် ဖြစ်၏။

ဒါကြောင့်လည်း သူတို့က ဦးဇော်အောင် ပြောနေသည်များကို စိတ်မဝင်စားခြင်း ဖြစ်၏။

ဒါက လူငယ် သဘာဝ။

လူငယ်ဆိုသည်က လူကြီးများအား အထင်ကြီးစိတ်အမွှေးရှန် အလွန် ဝန်လေးကြသည်။ လူကြီးများ၏အယူအဆ ခေတ်နောက်ကျန်သည်။ သူတို့ အပြောတွေသည် စကားအရ ကြောက်သည်၊ နားသည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေ၏ ခေတ်လမ်းကြောင်းအပေါ် အမြင် မကြည်လင်၊ အဟန့်အတား ပြုလွန်းသည်ဟု အထင်စွဲက ပြင်းထန်သည်။

လူကြီးများက အရှေ့ဘက်ဆိုလျှင် သူတို့က အနောက်ဘက်သို့ သဘောမျိုး မျက်နှာမူလေ့ရှိကြ၏။

လူငယ်တို့သည် လူကြီးဘဝသို့ မရောက်မီအတွင်း လူကြီးနှင့်ဆန့်ကျင်ဘက်သို့ မျက်နှာမူ၍ ကိုယ့်ဒလှကိုယ်ထိုး ပဲခူးမကလို့ ပုဂံငါးရောက်ရောက် ဆင်ကန်းတောတိုး လုပ်ဖို့ ဝန်မလေးကြ။

ခုပဲကြည့်....

ဘဝ အတွေ့အကြုံရင့်ကျက်ပြီး တွေးခေါ်မြော်မြင်မှုပြည့်ဝ၍ ခလာက ဇာတ်ခုံအကြောင်းကို နှော်ကြေနေသော ဦးဇော်အောင်လို လူကြီးတစ်ယောက်၏ ညွှန်ပြသတိပေးချက်များကို အလေး ထားရကောင်းမှန်းမသိ၊ ခေါင်းထဲမထည့်ဘဲ တင်ဖက်နားဖြင့် နားထောင်ပြီး တစ်ဖက်နားမှ ထုတ်ပစ်၍ မရေမရာ ခြေလှမ်းဖို့သာ စိတ်စောနေကြ၏။

သူတို့အတွက် ခြေဦးတည်ရာမှာ ပန်းဆိုးတန်းသို့။

ပန်းဆိုးတန်းသို့ ရောက်သွားသည့် အချိန်မှာ စောနေသော ကြောင့်ရုပ်ရှင်နှင့် ဗွီဒီယို လောကသားများ လူစုံတက်စုံမရောက် သေးသလို သူတို့တွေချင်သော ထွန်းအေးနှင့် အောင်ခိုင်တို့လည်း မရောက်ကြသေး။



စုရပ်နေရာသို့ မနက် ထမင်းစားပြီးချိန်ကျမှ လူစုံတက်စုံ ရောက်လာလေ့ရှိသည်။ ရှူတင်ကိစ္စအတွက် ချိန်းဆိုထားသူများ အလုပ်ကိစ္စရှိသူများသာ မနက်အစောပိုင်း ရောက်ရှိလာသေ့ရှိ သည်။

မနက် နေထွက်ကတည်းက ညနေ နေဝင်ချိန်အထိ ထိုနေရာ၌ အချိန်ဖြုန်းလေ့ရှိသူ ငါးယောက်ကတော့ ရောက်နှင့်စမြဲ ရှိကြ သည်။

လူစုံတက်စုံလို့သာ ပြောရသည်။ နာမည်ကြီးမင်းသား၊ မင်း သမီးများနှင့် ဇာတ်ပို့များ၊ ဒါရိုက်တာကြီးများကတော့ ထိုနေ ရာသို့ အရောက်အပေါက် အလွန်နည်းသည်။ အကြောင်းကိစ္စရှိ လို့ လာရင်လည်း ကားပေါ်က ဆင်းလေ့မရှိကြ။ သူတို့တွေ ချင်သူကို သူတို့နောက်တော်ပါ တပည့်လက်သားများက တွေ့ ချင်သူကို ဆင်းခေါ်ကြသည်။ အတွေ့ခံရမည့်သူက ကားရပ် ထားရာ နေရာသို့သွားတွေ့ရ၏။

အမြင့်စံနှင့် အနိမ့်စံတို့၏ သဘောမှာ ထိုသို့ပင် ရှိပါ သလော။

နည်းနည်းနှင့် ကျဲကျဲဝိုင်းနေရသော သဘင်လုပ်သူ အသေး စားများ မဖြစ်တဖြစ် ဒါရိုက်တာများ အလုပ် အပ်မည့်သူကို လိုက်ရှာနေရသော ဇာတ်ညွှန်းသမား၊ ရှူတင်မန်နေဂျာ ကင် မရာမင်းသူများကတော့ ထိုနေရာသို့ မရောက်မဖြစ် သွားကြ လာကြရသည်။

www.burmeseclassic.com



ငွေလုံးငွေရင်းနှင့် အလုပ်တိုက်ခန်း အကျအန ဖွင့်ထားနိုင်သူ၊ ထုတ်လုပ်သူ အကြီးစားများမှာမူ စူပါဒါရိုက်တာနှင့် မင်းသမီးများထံသို့သာ ကိုယ်တိုင်သွားကြသည်။ ပန်းဆိုးတန်း စုရပ်ကိုတော့ ကိုယ်တိုင် သွားစရာမလို။ တွေ့ချင်သူကို ခေါ်ခိုင်းလိုက်ရုံသာ။

အဲသည် စုရပ်မှာက ရိုးရိုးသားသား လုပ်ကိုင် စားသောက်နေသူများ ရှိသလို အကြံအဖန်သမားများလည်း ရှိသည်။ တချို့ကလည်း ဖျောက်မရနိုင်သော ဝါသနာကြောင့် ငွေရေးကြေးရေးကို အဓိကမထားဘဲ ပါနေရပြီးရောသမားများလည်း ရှိကြသည်။

သတင်းပလင်း စနည်းနာရသည်။ လုပ်ကွင်းလုပ်ကွက် အရှာအဖွေကောင်းသူများအား ကပ်ရပ်၍နေရကောင်းရသည်။ အကြံအဖန် ဖြစ်သာသူများထံမှ ကပ်သောက်၊ ကပ်တီး လုပ်ကြရလေသည်။

ဒါ့အပြင် ကိုယ့် ဘဝကို မကျေနပ်တိုင်း ကိုယ်ကျင်လည်နေသော လောကနှင့် လုပ်ဖော်ကိုင်ဖက်များ အားမနာ အပုပ်ချ အတင်းစကားများကို မယ်ပယ်နယ်နယ် ပြော၍ ဘဝနှစ်သိမ့်မှုကို ရှာဖွေနေသူတွေလည်း ထိုစုရပ်သို့ပင် ရောက်ကြသည်။

လူမှုရေးဖောက်ပြန်မှု အထွေထွေရှုပ်ထွေးနေသော ပြောစရာတွေကလည်း သူတို့လောကမှာ များမှများ။



အနိမ့်စံသမားများ၏ အခြေအနေမှာ ဤသို့ ဤပုံ ရှိသောကြောင့်လည်း ဇော်ရဲမောင်တို့လို ငွေထုပ်ပိုက် လိုက်လာသူ ပိုးသမား သားကောင်များနှင့်တွေ့လျှင် အမိဖမ်းရသည်။ အပိုင်ကိုင်ရသည်။ ကိုယ့်ကျိုးထဲက သူများကျိုးထဲ မရောက်အောင် ထိန်းရသည်။ သူတို့ကြိုက်တတ်သည့် မက်လုံးများဖြင့် ခွာလို့မရဘဲ ကပ်နေအောင် လုပ်ထားရသည်။

လုပ်ထားသည့်အတိုင်းလည်း ကပ်နေပြီ။

ဇော်ရဲမြောင်တို့ နှစ်ယောက်မှာ ဆန္ဒစောသွန်းနေသည့်အလျောက် ၂၉ လမ်းသို့ သွား၍ ဗိုက်ဖြည့်ပြီးနောက် ပန်းဆိုးတန်းသို့ ပြန်လာကြသည်။ ထွန်းခအေးကိုမတွေ့ရ။ ထွန်းခအေးတို့က သူတို့အိမ်လိပ်စာများ ပေးထားသော်လည်း သူတို့က သွားလာလှုပ်ရှားနေသူများဖြစ်သောကြောင့် အိမ်မှာအနေမမြဲဟု ပြောထားသည်။

သူတို့ကိုတွေ့ချင်လျှင် ပန်းဆိုးတန်းတွင်တွေ့ဖို့ ပို၍ သေချာကြောင်း ပြောထားသမို့ အိမ်သို့မလိုက်တော့ဘဲ ပန်းဆိုးတန်းမှ စောင့်ရန်၊ ရုပ်ရှင်မင်းသားဟောင်းတစ်ယောက်၏ လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်လိုက်ကြသည်။

သူတို့နှစ်ယောက် ဝင်ထိုင်လိုက်သည့် တစ်ဖက် စားပွဲမှာ ဆံနီကျော်တက်အသင် ဝတ်ဆင်ထားသောလူနှစ်ယောက် ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က တက်ထရွန်အဖြူ လက်ရှည်၊ အင်္ကျီကို လက်ကောက်ဝတ် အထက်နားဆီသို့ ခေါက်တင်ထားပြီး ရှိုးရုအဆင် ကချင်လုံချည်ကို ဝတ်ဆင်ထား၏။ မီးခိုးရောင်အပျော့အပေါ်အင်္ကျီကိုမဝတ်ဘဲ ထိုင်နေသည့် ပေါင်ပေါ်သို့ ကန့်လန့်ဖြတ် တင်ထား၏။

ထိုသူ၏ အဝတ်အစားမှာ သန့်ပြန့်၍ အရောင်အဆင်းအစ်လွင်သည်။

တစ်ယောက်ကတော့ အရောင်မသစ်လွင်တော့သော ခပ်နွမ်းနွမ်း ဘောင်းဘီနှင့် ဂျာကင်အင်္ကျီကို ဝတ်ထား၏။ အတွင်းခံဝတ်ထားသော တီရှပ်မှာလည်း အရောင်ပေါ်ရှုပ်ရှိသည်။

အဝတ်ဦးထုပ်အနွမ်းကြီးကို နဖူးတုပ်သည်အထိ ဆောင်းထား၏။

ဦးထုပ်ကြီးကို နဖူးအုပ်သည်အထိ ဆောင်းထားစေကာမူ သူ၏ သန့်ပြန့်စင်ကြယ်သော နဂိုရုပ်သွင်မှာမူ မနွမ်းထင်၊ နုပျိုရုပ်မယှက်သန်းသော်လည်း တစ်ချိန်သောအခါက ယောကျ်ားပီပီသသ ချော့ခဲ့သူတစ်ယောက်ဖြစ်ခဲ့ကြောင်းမှာမူ မပျက်ပြယ်သေး၊ ရေးရေးပျပျ ပေါ်လွင်နေဆဲ။ နုပျိုစဉ်က ရွှန်းရွှန်းသက်လက် ထင်ခဲ့သော ပုံရိပ်ကလေးမှာလည်း နဂိုအတိုင်းရှိနေဆဲသာပင်။

သူတို့နှစ်ယောက်မှာ မထင်မှတ်ရသောအခြေအနေသို့ရောက်ရှိနေရှာသည်။ သူပါဝင်သော ရုပ်ရှင်ကားကို ငယ်စဉ်ဘဝက ကြည့်ခဲ့ဖူးသော်လည်း သူ့ကိုမူ မမှတ်မိကြ။



သူတို့ ထိုင်နေသည်က ပလက်ဖောင်း လက်ဖက်ရည်ဆိုင်။

ဖြတ်သန်းသွားလာသူများက သူတို့ထိုင်နေရာ ခုံပုနေလးများဘေးမှ ဖြတ်သန်းသွားနေကြသည်ဖြစ်ရာ လမ်းသွားတစ်ယောက်က ထိုသူ၏နာမည်ကိုခေါ်ပြီး နှုတ်ဆက်လိုက်တော့မှ တအံ့တဩဖြစ်သွားရသည်။

သည်လိုအခြေအနေမျိုးနှင့်တွေ့ရလိမ့်မည်ဟုလုံးဝမထင်မှတ်။

တစ်ချိန်သောအခါက အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ထိုးတက်နိုင်သောအခြေအနေကိုရောက်ခဲ့ရှိမက ပရိသတ်၏ နှုတ်များတွင် တသသပြောရလောက်အောင်လည်း ရေပန်းစားခဲ့၏။ သူ၏ အောင်မြင်ကျော်ကြားမှုမှာ တရှိန်ရှိန်မြင့်တက်ဖို့ သေချာနေသလို တိုင်ထိပ်ပေါ် ထိုင်ရဖို့လည်း သေချာခနသည်။

ဒါပေသိ အတက်မြန်သလောက် အကျလည်းမြန်သည်။

ဘာမဟုတ်သည့်ကိစ္စလေးတစ်ခုကို အကြောင်းပြု၍ အရက်၏ စေခိုင်းရာနောက်သို့ အဆင်ခြင်ကင်းမဲ့စွာ လိုက်ပါမိရာမှ မဖြစ်သင့်သည်များ ဖြစ်၍ မရောက်အပ်သောနေရာသို့ ရောက်ခဲ့ရ၏။

မှုခင်းဆိုသည်မှာ ဖြစ်ဖို့လွယ်သလောက် ဖြေရှင်းရန် ခက်ခဲသော သဘောရှိသည့်အလျောက် တရားခံတို့၏သွားရာ လမ်းကြောင်းကို မရှောင်မလွှဲသာဘဲ လျှောက်ခဲ့ရ၏။ ဘယ်သူ့ကိုမှ မမိမိမှုကြောင့် ကြမ္မာ၏ အလှည့်အပြောင်းမှာ သငေ့ဆုံးသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အရုပ်အခေါင်း၊ အသားအရေ၊ ရုပ်ရည်၊ ဝတ်စားဆင်ယင်မှု၊ သရုပ်ဆောင်မှု ဘယ်ဘက်ကမှ အပြစ်ဆိုစရာမရှိအောင်ပင် ပြည့်စုံခဲ့သည်။ အင်္ဂလိပ်ရုပ်ရှင်ဟာ တကယ်တော့ သူ့၏ ဖက်ရှင်ဝတ်ဆင်မှုက ဆယ်ကျော်သက်အရွယ် လူငယ်များအား လွှမ်းမိုးခဲ့၏။

အဘယ်၍သာမှုခင်းလမ်းကြောင်းပေါ် သို့ရောက်ခဲ့ရင် သူ၏ အောင်မြင်မှု လမ်းကြောင်းကြီးမှာ အဟန့်အတားမရှိအောင် ဖြောင့်ဖြူးလျက် ဘဝဇာတ်ကြောင်း လှနေမည်မှာ သေချာသည်။

ခုတော့ ပန်းဝင်ခါနီးမှ တက်ကျိုးပြီး ဘဝဇာတ်ကြောင်း အလှမပဖြစ်နေရရှာသည်။

အချက်ကြောင့် ဘာအသည့်အပြောင်းမကောင်းခဲ့စေကာမူ အရက်ကိုမစွန့်ဘဲ မက်မက်မောမော ဆက်၍ သောက်နေသည်ကို ဘူးတူးခါးခါးရှိမှ၏ဟု မဆိုသာ။ အိမ်နီမ့်ဝဲတာတွင်တွေ့ရသော နာကြည်းခံပြင်းစရာများက ဘဝကို ပို၍ နစ်မွန်းအောင် တွန်းပို့နေသလိုရှိပါချေသောကြောင့်။

ထိုစဉ်မှာပင် သူတို့စောင့်မျှော်နေသည့် ထွန်းအေး လျှောက်လာသည်ကို တွေ့လိုက်ရ၏။ သူတို့ရောက်နေသည်ကို သိ၍တော့ မဟုတ်။ သူ့ဟာသူ လာရိုးလာစဉ် လာနေခြင်းဖြစ်၏။

ဇော်ရဲမောင်က မတ်တတ်ရပ်ပြီး လက်ပြလိုက်သည်။



ထွန်းအေးက လက်ပြန်ပြပြီး ခပ်သွက်သွက်လျှောက်လာ၏။ ဝမ်းသာအားရ အားပါးတရ နှုတ်ဆက်ရင်း မျက်စိမှိတ်ပြလိုက်၏။ ထွန်းအေးက ဘယ်တုန်းကရောက်နေကြောင်း မေးပြီး သူ့အတွက် မှာလိုက်သည့် လက်ဖက်ရည်ကို ကမန်းကတန်း သောက်ပြီး ဇော်ရဲမောင်ကို လက်ကုတ်၍ သူက အရင်ထလိုက်သည်။

ပန်းဆိုးတန်းမှာ ထွန်းအေးတို့ ကျက်စားရာနယ်မြေဖြစ်သော်လည်း ဇော်ရဲမောင်တို့နှင့် စကားပြောဖို့ကိုမူ ထိုနေရာကို ရှောင်ရမည်ဖြစ်သောကြောင့် သူတို့နှစ်ယောက်ကိုမူ ပထုတ်လာခဲ့၏။

သူတို့လောကသားတွေက လျင်လွန်းလှစ်လွန်းသည်။ ချက်ဆိုနားခွက်က မီးတောက်သူတွေ၊ သားသားနားနား အပုံစားဝတ်ဆင်ထားသူနှစ်ယောက်နှင့် ထွန်းအေးတို့ စကားပြောနေသည်ကိုတွေ့လျှင် မျက်လုံးတွေဝိုင်းလာမည်၊ ဖြတ်ရိုက်သမားတွေ ဝင်လာမည်မို့ မျက်လုံးတွေမစူးရောက်ခင် ထိုင်နေရာမှအမြန်ဆုံး ရှောင်ထွက်ခဲ့ရခြင်း ဖြစ်၏။

လမ်းကျမှ စကားပြောဖြစ်ကြသည်။ ဇော်ရဲမောင်တို့က အလုပ်ဖြစ်မည့်အကြောင်း၊ ငွေပေါလာသည့်အကြောင်း၊ သဌေးကြီးနှင့် အမြန်ဆုံး တွေ့ချင်သည့်အကြောင်း ပြောလိုက်ရာ ထွန်းအေးမှာ မနည်းကြီး ဣန္ဒြေဆောင်၍ နေလိုက်ရသည်။ ဝမ်းသာလုံးဆို့ပြီး ရင်ခုန်သံဒိန်းဒိန်းမြည်သွားသည်။

www.burmeseclassic.com



အသည်းအိမ်တွေလိုက်သည့် ဖဲသမားသို့နှယ်ဖြစ်သွားသည်။

သည်တစ်ချီ ပိုက်ကွန်ထဲသို့ဝင်လာသော သားကောင်မှာ အကောင်သေးသေးမဟုတ်၊ အကောင်ကြီးသည်။ အသားရော အဆီပါ ပြည့်ဖြိုးသည်။ သူတို့အတွက် ဖြိုးဖြိုးဝေဝေရှိမည့် သားကောင်။

ဆရာကြီးနှင့်တွေ့ရန် ညနေငါးနာရီချိန်ပြီး တွေ့ရမည့် နေရာကို ပြော၍ လမ်းခွဲလိုက်ကြသည်။

ဇော်ရဲမောင်တို့က သိတတ်စွာဖြင့် လမ်းစရိတ်ငွေ အစိတ်နှင့် လက်ကျန် စီးကရက်ဘူးကို ပေးလိုက်၏။

သူက ဟန်လုပ်ပြီး အတင်းငြင်းခဲ့ရာ ဇော်ရဲမောင်တို့က အိတ်ထဲသို့ အတင်းသည့်ပေးခဲ့၏။ တကယ်တော့ သူ၏အိတ်ထဲတွင် ငွေလေးကျပ်ပင် ပြည့်အောင်မရှိ။ ဒါပေသိ ဟန်ကိုယ့်ဖို့ လုပ်လိုက်ရသည်။

ထွန်းအေးက ကားမှတ်တိုင်ဘက်သို့ ခြေရာပြထွက်သွားပြီး ကားမှတ်တိုင်မှာ ဆယ့်ငါးမိနစ်ခန့် အချိန်ဖြုန်းပြီးမှ ပန်းဆိုးတန်းသို့ တစ်ကျော့ပြန်ခဲ့၏။

ပန်းဆိုးတန်းမှာ သူတို့၏ ပုလင်းဖော်နှင့် ချိန်းထားသည်။ ပန်းဆိုးတန်းမှာမရှိလျှင်လည်း သူရှိမည့်နေရာကို သိသားသည်။

ပန်းဆိုးတန်းသို့ ရောက်တော့ ပုလင်းဖော် ဒါရိုက်တာကြီးကို မတွေ့ရ။ ရန်ကုန်ဘူတာကြီး ဝန်းကျင်မှ ဆိုင်တစ်ဆိုင်သို့ ခြေဆန့်ခဲ့ရ၏။



ထိုဆိုင်မှာ သူတို့ စတည်းချလေ့ရှိသည့် ထမင်းဆိုင်။ တရားဝင်အားဖြင့် ထမင်းဆိုင် ဆိုင်းဘုတ်တင်ထားသော်လည်း တရားမဝင် အရက်ပုန်းကိုပါ တွဲရောင်းသောကြောင့် ဓာတ်သိများက ထမင်းပုန်းဆိုင်ဟု အခေါ်အဝေါ် ပြုကြ၏။

စပါယ်ရှယ်မီးတောက်ရလို့၊ မဆလာနိုင်နိုင်နှင့်ချက်ထားသည့် ဆိတ်ခေါင်းဟင်း အမြည်းလည်းရ၏။

ထိုဆိုင်၌ရောင်းသော ပုန်းအရက်မှာ ဈေးကြီးသော်လည်း ပြင်းအားကောင်းသောကြောင့် နည်းနည်းနှင့် အလုပ်ဖြစ်သည်။ အဲ....ဆိတ်ခေါင်းဟင်း အမြည်းမှာ ဈေးသက်သာပြီး ခံတွင်းတွေ့သည်။ ဇိတ်အစွဲအလမ်းကြောင့်ပဲလား၊ ဘာလားတော့မသိ။ ထမင်းပုန်းဆိုင်မှ အရက်နှင့် ဆိတ်ခေါင်းဟင်းမှာ ထူးထူးကဲကဲ လိုက်ဖက်သည်ဟု ပြောစမှတ်ပြုကြရ၏။

ထိုဆိုင်နှင့်ပတ်သက်ပုံမှာလည်း ရုပ်ရှင်လောကနှင့်ဆက်နွယ်မှု အကြောင်းရှိရာမှ ပတ်သက်လာခြင်းဖြစ်၏။

ထိုဆိုင်ပိုင်ရှင် ကိုအောင်ထူးမှာ ရုပ်ရှင်ဗီဒီယိုသမား ဖြစ်သည့် အလျောက် ဒါရိုက်တာကြီးနှင့် ရုပ်ရှင်လောကတွင် လက်တွဲ၍ ကျင်လည်ခဲ့ကြဖူး၏။

ကိုအောင်ထူးမှာ ရန်ကုန်ဘူတာကြီးတွင် မုန့်ဟင်းခါး၊ ထမင်းရောင်းရင်း ထမင်းကြော်သည့် ဒေါ်ရွှေတင်နှင့် အကြောင်းပါခဲ့ကြသည်။ ဒေါ်ရွှေတင်က မော်လမြိုင်သူ။ ပင်းချက် ကောင်း

www.burmeseclassic.com



*သည်။ အညာသား မုန့်ဟင်းခါးသည် ကိုအောင်ထူးက ငွေစုံ*ကောင်းသည်။

ကြောင်းဆက်၍ ပေါင်းဖက်ခဲ့ပြီး နောက် ကိုအောင်ထူး စုဆောင်းထားသော ငွေဖြင့် ဆိုင်လေးတစ်ဆိုင် ထူထောင်နိုင်ခဲ့သည့် အခြေသို့ ရောက်ရှိခဲ့၏။

ကိုအောင်ထူးက သူကြိုက်တတ်သော ပစ္စည်းကို သူ့အတွက် ဝယ်ပေးရာမှ သူလိုကြိုက်တတ်သူ မာတ်သိများနှင့် တစ်ကျပ်ဖိုး၊ နှစ်ကျပ်ဖိုး ဝေမျှသောက်ခဲ့ကြရာ ရိုးရိုးထမင်းဆိုင်မှ ထမင်းပုန်းဆိုင်လေးဖြစ်လာပြီး စီးပွားဖြစ်လာသည်။

ကိုအောင်ထူးက ရုပ်ရှင်ကြည့်ဖို့ ဝါသနာပါသလို မုန့်ဟင်းခါးအထမ်းသည် ဘဝကဘည်းက ပိတ်ကားပေါ်မှာ သူ့ရုပ်ပုံလွှာ ပါစေချင်သောဆန္ဒ ပြင်းပြခဲ့သည်။ ဒါပေသည့်မုန့်ဟင်းခါးဆိုင်းထမ်းကို လက်မလွှတ်နိုင်သေးသမို့ သူ၏ပြင်းပြသောဆန္ဒကို မျိုသိပ်ထားခဲ့ရရှာသည်။

ထမင်းဆိုင်ကလေး ဖြစ်လာပြီးနောက် အခြေအနေပေးလာသည်နှင့် ဆန္ဒပိုးပြန်ထလာသည်။ အဲသည်အချိန်က ရုပ်ရှင်သမားတို့ စုဝေးရာ စုရပ်ဟူ၍ သတ်သတ်မှတ်မှတ် မရှိ။

အဆက်အသွယ် လိုက်ရှာရသည်။ ငွေစကြေးစလေး အိတ်ထဲထည့်ပြီး သုံးနိုင်စွဲနိုင်သော အခြေအနေကြောင့် သမ္မတလူကြမ်းအဖွဲ့မှ လူကြမ်းဇာတ်ဆောင် တစ်ယောက်နှင့် အဆက်အသွယ်ရခဲ့သည်။



သူ၏ပုံပန်းသဏ္ဌာန်မှာ သမ္မတလူကြမ်းအဖွဲ့မှ ညိုအေးကြီးတို့လို ဂိုက်ဆိုက်မျိုး ရှိသည်။

သူကလည်း လူကြမ်းပဲ ဖြစ်ချင်သည်။

ထိုခေတ်အခါက ကပ်လိုးဖြတ်စား၊ ခုတ်ထစ် သမားရယ်လို့ သိပ်မရှိသေး၊ အထိုက်အလျောက် တိုက်ကျွမ်းရုံဖြင့် ကိစ္စပြီးကြသည်။

အဲသည်ကမှ သူ့ရုပ်ပုံလွှာပါဖို့ အခွင့်အလမ်း ရရှိခဲ့၏။ သို့တစေ သူဖြစ်ချင်သော လူကြမ်းနေရာကို မရွေးဘဲ ဒရဝမ်အခန်း၊ ခြံအလုပ်သမားအခန်း တစ်ခန်းစ၊ နှစ်ခန်းစ ပါဖူးခဲ့ရသည်။ ကားရိုက်ထွက်သည့်အခါ အထွေထွေ အလုပ်သမားအဖြစ် လိုက်ပါရင်း ပါခွင့်ရသည့် အခန်းကပါဖို့ ကြိုးစားခဲ့ရသည်။

ဒါအတွက် သူ့မှာ ခံစားမှုစိုးစဉ်းမျှ မရှိခဲ့၊ သူ၏ရုပ်ပုံလွှာကို ပိတ်ကားပေါ် မြင်နေရသည်ကိုပင် ကျေနပ် ကြည်နူးနေသည်။

အဲသည်မှာ ဒါရိုက်တာ ဆရာကြီးနှင့်တွေ့ပြီး ပေါင်းဖော်၊ သင်းဖော် ဖြစ်ခဲ့၏။

ဒါရိုက်တာ ဆရာကြီးက သူရိုက်သော ဗွီဒီယို အခွေမှာ ကိုအောင်ထူးကို လူကြမ်းအဖြစ် ထည့်သုံးခဲ့ရာ ကိုအောင်ထူးက ကျေးဇူးတင်သောကြောင့် သူလာလျှင် စပယ်ရှယ် ပြုဆင်၍ တိုက်ကျွေးမြဲရှိသလို သူကလည်း လက်ကိုင်ပြုတ်လျက် ကိုအောင်ထူးဆီသို့ ရောက်စမြဲရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း ထွန်းအေးက ပုလင်းဖော်ရှိမည့် နေရာသို့ ခြေဆန့်ခဲ့ခြင်းဖြစ်၏။ ထွန်းအေး တွက်ကိန်း မှန်သွားသည်။

ထွန်းအေးက ဇော်ရဲမောင်တို့နှင့် တွေ့ခဲ့သည့် အကြောင်းနှင့် အခြေအနေကို ပြောပြလိုက်ရာ ဒါရိုက်တာကြီးမှာ ထခုန်လု မတတ် ဖြစ်သွားရသည်။ မျှော်တုန်းမျှော်ဆဲ ပျိုလည်းရောက်လာ ဆိုသလို အပျော်ကြီး ပျော်သွားသည်။

ဇော်ရဲမောင်တို့ဆီမှ ရလိုက်သော ငွေမှာ ခန်းသွားပြီးဖြစ်ရာ နောက်ထပ် အကြံအဖန် အပေါက်အလမ်း တည့်သေးခင် သူတို့ ရောက်လာပြီဆိုသော သတင်းကို ကြားလိုက် ရသောကြောင့် အတိုင်းမသိ မြူးပျော်သွားရသည်။

ကိုအောင်ထူးကိုလည်း အဲသည် အခွေမှာ အရေး ပါသော အခန်း၌ ထည့်သုံးမည်ဟု ယက်ဝါးရိုက်လိုက်ရာ ကိုအောင်ထူး မျက်နှာကြီးမှာ မှိုရသော မျက်နှာသို့နှယ် ရှိသွားပါချေ၏။

သူက အိမ်ပြန်မည်၊ ညနေအတွက် နေ့မိုးချုပ် အဝတ်အစား လဲပြီး ချိန်းထားသော နေရာကို လာခဲ့မည်။ ထွန်းအေးက အောင်ခိုင်ကို သွားခေါ်ရန်ပြော၍ လူချင်းခွဲလိုက်ကြ၏။

☆

[၁၁]

---

မြန်မာ့ ဗွီဒီယိုလောကတွင်ဗွီဒီယိုအခွေကို ၈၆ ခုနှစ်ဝန်းကျင် ပိုင်း၌ စတင်ခဲ့ကြ၏။

ထိုစဉ်က စိစစ်ရေးမရှိ။ ဇာတ်သိမ်းကို ကြိုမတင်ရ။ ဆင်ဆာ လည်း မရှိ။ ကုမ္ပဏီမှတ်ပုံတင်လည်း မလို။ ပရိသတ်ကလည်း

ဇာတ်လမ်းတို၊ ဒါရိုက်တာတို့။ မင်းသား၊ မင်းသမီး တို့ကို မရွေး။ ဘယ်သူရိုက်တဲ့ကားလည်း မင်းသား၊မင်းသမီးကဘယ်သူ လည်း မမေး။ ကြည့်ကြသည်။ အားပေးကြသည်။]

အိမ်ကြည့်သမားတွေရော၊ ရိုးရိုးသူတွေကပါ အကောင်း အဆိုး မရွေး ငှားကြည့်ကြသည်။ ငှားပြကြသည်။

www.burmeseclassic.com



တီဗွီဇာတ်လမ်းများမှာ ဇာတ်လမ်းသာမက ဝတ်စားဆင်ရင်မှု၊ သီဆိုဖျော်ဖြေမှု၊ သရုပ်ဆောင်မှုအပိုင်းတွင် စည်းဘောင်ကန့်သတ်ချက်ရှိသလို အပျော်သက်သက် ဇာတ်လမ်းများထက် ပညာပေးနှင့် ဖျော်ဖြေမှုကို တွဲစပ်ရိုက်ကူးပြသရာ ထုံးစံအတိုင်း အပျော်ပရိသတ်နှင့် မျက်စိမတည့်ချင်။

ဇာတ်လမ်း စိစစ်ရေးနှင့် ဆင်ဆာ မပေါ်ခင် အညှိမလွတ်သော ဇာတ်လမ်း၊ ဇာတ်ကွက်များသာမက ဝတ်စားဆင်ယင်မှု သီဆိုဖျော်ဖြေမှု၊ သရုပ်ဆောင်မှုအပိုင်းတွင် စည်းလွတ် ဘောင်လွတ် သရုပ်ပျက် ဖျော်ဖြေမှုဘက်သို့ အလေးပေး ရိုက်ကူးသောကြောင့် ပရိသတ် မျက်စိတွေ့ပြီး ကြိုက်နှစ်သက်ကြသည်။

ပရိသတ်အကြိုက်တွေလေ သူတို့ သရုပ်ပျက်လေ့ ရှိလာသောကြောင့် သက်ဆိုင်ရာမှ ကိုင်တွယ်ကွပ်ကဲရတော့၏။

ဗွီဒီယို ထုတ်လုပ်ရိုက်ကူး ဖြန့်ချီရေးမှတ်ပုံတင်ရသည်။ ဇာတ်လမ်း အကျဉ်းချုပ်တင်ရသည်။ အခွေရိုက်ပြီးသည့်အခါ ဆင်ဆာ ထဝ်ရမည်။

အဲသည်အခါကျတော့လည်း အကြံအဖန်သမား တွေက အလှည့်အပတ် အမျိုးမျိုး လုပ်ကြပြန်သည်။

သူတို့ လောကမှာ အရှုပ်အထွေးနှင့် ဘယ်တော့မှ မကင်းနိုင်ရာသောကြောင့် ဗွီဒီယို အခြေခံအဖွဲ့မှ လက်မလည်အောင် ဖြေရှင်းပေးနေရဆဲ ရှိနေသည်။



၈၆-၈၇ ခုနှစ်ကာလပိုင်းတွင်မူ အကြံအဖန်သမားတွေ လက်ရှိ၊ ဇက်ရဲ ရှိကြသလောက် အလိမ်ခံမည့်သူတွေကလည်း ပေါမှ ပေါဟု ဆိုရအောင် ပေါလာမဲ့ တသဲသဲရှိကြသည်။

ဇော်ရဲမောင်တို့လို မနူးမနပ်သမားလေးတွေက ဖြင်ချင်တာ တစ်ခုပဲကြည့်ပြီး အကြံအဖန်သမားတွေကို ငွေထုပ်ပိုက်ပြီး လိုက်ရှာကြသည်။ ငွေယားပိုးသမားလေးတွေကို အကြံအဖန် သမားတွေက မျက်နှာလွှဲပြီး ဘယ်သို့လျှင် လက်လွှတ်ခံလိမ့်မှာပ။

ငါးကြော်မကြိုက်၊ ကြောင်မိုက်ဟု အဆိုရှိသည် မဟုတ်ပါလား။

ချိန်းဆိုထားသော နေရာတွင် ဆုံကြပြီးနောက် ဆိုက်ငြိမ်စားတော်ဆက်တစ်ခုသို့ ရောက်ခဲ့ကြသည်။

ဝိုင်းအစတွင် လုပ်ငန်းနှင့် မပတ်သက်သော ထွေကလာစကားများ၊ ပြောကြ၊ ဆိုကြပြီးနောက် ဒါရိုက်တာဆရာကြီးက လုပ်ငန်းကိစ္စ လမ်းကြောင်းခင်းစကား စတင်လိုက်၏။

'လုပ်ငန်းဖြစ်ဖို့ သေချာပြီဆိုတော့၊ မောင်ရင်တို့က ဘယ်လို ပုံစံနဲ့ လုပ်ချင်တာလဲ၊ လုပ်ငန်းကိစ္စနဲ့ ပတ်သက်ပြီး ပွင့်ပွင့် လင်းလင်းပြောကြဖို့ လိုလိမ့်မယ်နော်၊ မောင်ရင်တို့နောက်ကွယ်ရဲ့ အဆုံးအဖြတ်နဲ့ ပြီးမလား၊ မောင်ရင်တို့နဲ့ ပတ်သက်တဲ့လူရှိသေးလား'

www.burmeseclassic.com



ဒါရိုက်တာ ဆရာကြီးက ဘယ်အကွက်ဆင်၍ ဘယ်လမ်းကြောင်း ခင်းရမည်ကို သိဖို့အတွက် စကားထောက်ကြည့်လိုက်၏။

အကယ်၍ သူတို့နောက်မှာ ကြိုးကိုင်မည့်သူ၊ ဒါမှမဟုတ် လုပ်ငန်းနှင့်မတ်သက်လို့ စွက်ဖက်ပါဝင်လာမည့်သူ၊ ရှိ မရှိ သိထားရန်အတွက် တိုက်ရိုက်မမေးဘဲ သွယ်ဝိုက်သောနည်းဖြင့် မေးလိုက်ခြင်း ဖြစ်၏။

ဒါကိုသိပြီးမှ ပြောစရာရှိသည်များကို အပြတ်ပြောရမည်ပါ။

'ကားရိုက်ဖို့ ကိစ္စကတော့ ကျွန်တော်တို့ သဘောပါပဲ၊ ကျွန်တော်တို့ မိဘများကတော့ ကျွန်တော်တို့တည်းခိုနေထိုင်တဲ့ တိုက်က ဦးလေးဆီကို စာရေးပေးလိုက်ပါတယ်၊ ကျွန်တော်တို့ကို ထိန်းသိမ်းပေးဖို့နဲ့ အကူအညီပေးဖို့ပါ'

'သူတို့နဲ့ တိုင်ပင်ပြီးမှ အလုပ်လုပ်ရမယ့် သဘောလား'

'မဟုတ်ပါဘူး၊ ဘယ်လိုလုပ်မယ်ဆိုတာလောက် ပြောပြရုံပါပဲ'

'ဒါဆို မောင်ရင်တို့က ဘယ်လိုပုံစံမျိုးနဲ့ လုပ်ချင်တာလဲ ပြတ်ပြတ်ပြော၊ ကိုယ်တို့ဘက်ကလဲ ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သား ပြောမယ်'

သူတို့နှစ်ယောက်မှာ ဘာပြောရမှန်း မသိ၊ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။



ပြီးမှ သူတို့လုပ်ငန်းသဘောကို နားမလည်ကြောင်း၊ ဆရာကြီးကပဲ အစစအရာရာ တာဝန်ယူ လုပ်ပေးဖို့အကြောင်း ပြောလိုက်၏။

သားကောင်က ကျုံးထဲကို ရှောရှောရှူရှူ ဝင်လာရုံမက အလွယ်တကူချည်ပြီး တုပ်ပြီးသား ဖြစ်သွားသည်။ တစ်ချက်တည်း ဖျက်မလား၊ တဖြည်းဖြည်းမျှင်းပြီး ဖျက်မလားဆိုသည့် လမ်းကြောင်းကိုရွေးပြီး ကြိုက်သလို ဖျက်ရုံသာ။

ဆရာကြီးက ဗွီဒီယိုအခွေတစ်ခွေ ရိုက်ရန်အတွက် ကန်ဘော့ပွဲပေးသည်မှစပြီး တည်းဖြတ်ခြင်း အဆုံးလုပ်ရမည့် လုပ်ငန်းသဘောကို အသေးစိတ်ပြောပြ၏။

ဇာတ်လမ်း ရေးခိုင်းရမည်။ ဇာတ်ညွှန်း ဆွဲခိုင်းရမည်။ မင်းသား၊ မင်းသမီး၊ ဇာတ်ပို့နှင့် ဇာတ်ရံများ ရွေးချယ်ရမည်။ စက်အဖွဲ့များ ငှားရမည်။ အင်ဒိုးရိုက်မည့် အခဆောက်အအုံ ငှားရမည်။ အောက်ဒိုးရိုက်မည့် ရိုက်ကွင်းရိုက်ကွက် ရှာရမည်။ ဇာတ်ဝင်သီချင်း ရေးခိုင်းပြီး နောက်ခံသီဆိုပေးမည့်သူ ရွေးရမည်။ ဇာတ်လမ်းမှာ နယ်ဇာတ်ဝင်ခန်းပါရင် နယ်ထွက်ဖို့ စီစဉ်ရမည်။ လက်စွမ်းထက်တဲ့ စတားကင်မရာသမား ရှာရမည်။ ဝေါ့ရှိုး ( )နံ့ရုံကပ်ကြော်ငြာနှင့် အခွေကာဘာ(ဒီဇိုင်း) အပ်ရမည်။ အခွေရိုက်ပြီးလျှင် တည်းဖြတ် (အယ်ဒီတင်း) လုပ်ရမည်။ နောက်ခံတီးလုံးတွေ၊ သီချင်းတွေဆိုဖို့ 'ဒပ်သင်' လုပ်ရမည်။ 'ဒပ်သင်' လုပ်သည့်အခါ အခွေထဲမှာထိုအခပ်တဲ့ ဆောင်းအဖက်လို့ ဒပ်သင်ခေါ်တဲ့အသံများ ထည့်ပေးရမည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ် အခုပြောတာတွေက အခွေတစ်ခွေဖြစ်ဖို့ လုပ်စရာရှိတာတွေကို အကြမ်းဖျင်းပြောပြတာ၊ အသေးစိတ် လုပ်တဲ့အခါကျတော့ ပြောသလိုမလွယ်ဘူး၊ ကျယ်ဝန်းတယ်၊ လက်ဝင်တယ်၊ အခက်အခဲတွေ တစ်ပုံတစ်ပင်ကြီးရှိတယ်၊ ပြဿနာမပေါ်အောင်၊ ရှူတင်မှာ အဆင်ပြေအောင် လုပ်ဘတ်ကိုင်တတ်ဖို့နဲ့ ကျွမ်းကျင်ဖို့လဲ လိုတယ်၊ ရိုက်ကွင်းကို လူစုံတက်စုံ အချိန်မီရောက်ဖို့၊ ဇာတ်ဝင်ခန်းမှာ လိုတဲ့ပစ္စည်းတွေကို ကြိုတင်စုဆောင်းထားဖို့နဲ့ အဆင်သင့်ရှိနေဖို့ကလဲ အရေးကြီးတယ်၊ လူစုံဘက်စုံ အချိန်မီ မရောက်လို့၊ ဟိုဟာလို၊ ဒီဟာလိုနေလို့ ရှာရဖွေရသွားယူရနဲ့ အချိန်ကုန်တာတို့ ဖြစ်လာလို့၊ တစ်ဂျူတီနဲ့မပြတ်ရင် ဘာမှ တွက်မနေနဲ့၊ တက်မယ့်စရိတ်က နောက်ထပ်ဘစ်စပဲ၊ ပြောမယ်ဆိုရင်တော့ ပြောစရာတွေ အများကြီးပေါ့၊ ကဲ.... ထားပါတော့၊ ခု ကိုယ်ပြောမှာကိုတော့ သေသေချာချာ နားထောင်၊ ကိုယ်က ဒါရိုက်တာဆိုတော့ ဒါရိုက်တာကြေးရရင် ပြီးရော၊ ကျန်တာ မောင်ရင်တို့အပိုင်းပဲ၊ ဒါမှမဟုတ် ကိုယ့်ကို အပြီးအပြတ် အပ်မယ်ဆိုရင်တော့ ကိုယ်က အားလုံးကို တာဝန်ယူရမယ်၊ အဲဒါ မောင်ရင်တို့ စဉ်းစားဖို့ပဲ၊ တိုင်ပင်စရာရှိလဲ တိုင်ပင်ကြ'

ဇော်ရဲမောင်တို့နှစ်ယောက်မှာ သူပြောသလို ခေါင်းညိတ်မှာ သေချာနေသော်လည်း တည်းခိုအိမ်က လူကြီးများကို ပြန်ပြောရမည်ဖြစ်ရာ တစ်ဖက်လူကြီးများအနေဖြင့် အတွေးဝင်စရာ၊ သံသယဝင်စရာများ ရှိတာခဲ့သော် အနည်းနှင့်အများ အထစ်



အငေါ့ဖြစ်စရာများ ရှိလာနိုင်မည်ကို ဘေးဆီးရန်ကာသဘောဖြင့် ဇော်ရဲမောင်တို့ နှမေတိမ်တောင် ဖြစ်သွားစေရန် အကွက်ဆင်လိုက်ခြင်း ဖြစ်၏။

လုပ်ငန်းသဘောအရ ဒီလိုရှိတယ်၊ သူ့ကိုအပ်ပါလို့ မပြော။

သူတို့ အကွက်ထွင်ပုံ၊ အကွက်ဆင်ပုံယ တစ်ဖက်သား စိတ်ထဲမှာ သို့လော၊ သို့လော သံသယစိတ်မျိုးမပေါ်အောင် ပိပိရိရိ ရှိဘိ၏။

သူတို့က အထာသဘောကို လှလှပပပြတတ်သည်။

'ကိုယ်က ပရိုဂျူဆာ မဟုတ်ဘူးနော်၊ ဒါရိုက်တာ၊ ကိုယ့်အတွက် ဒါရိုက်တာကြေးယူပြီး ရိုက်ပေးလိုက်ရုံပဲ၊ အဲ.... မောင်ရင်တို့က မလုပ်တတ် မကိုင်တတ်လို့ ကန်ထရိုက်သဘော၊ အပြတ်ရိုက်ပေးပါဆိုရင်တော့ အပြတ်ကြေးစကား ပြောရမယ်၊ ဒါက အလုပ်သဘော၊ ကိုယ်ပြောတာ ရှင်းရဲ့လား'

'ဟုတ်ကဲ့ ရှင်းပါတယ် ဆရာကြီး'

'အဲဒီလို လုပ်မယ်ဆိုရင် ကတိစာချုပ်တို့၊ ဘာတို့တော့ လုပ်ရိုးလုပ်စဉ် ထုံးစံအတိုင်း လုပ်ရမယ်၊ တစ်ခုတော့ ရှိတယ်နော်၊ ကန်ထရိုက်စနစ်နဲ့ အပြတ်လုပ်မယ်ဆိုရင် ငွေကို တစ်ခါတည်း အပြတ်ပေးရမယ်၊ အရစ်နဲ့ပေးတာတို့ ဘာတို့တော့ မရဘူး'

'ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့ကလဲ အပြေအပြတ် ပေးမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆိုရင် မောင်ရင်တို့ တိုင်ပင်ပြီးရင် နက်ဖြန်ခါ၊ ဒါမှ မဟုတ် သန်ဘက်ခါ အကြောင်းပြန်ပေါ့'

'ရပါတယ် ဆရာကြီးရဲ့၊ ကျွန်တော်တို့က တိုင်ပင်ဖို့ မဟုတ်ပါဘူး၊ ဘယ်လိုလုပ်မယ်ဆိုတာ အသိပေးရုံလောက်ပါပဲ'

'အသိပေးပြီးမှ ဆက်လုပ်တာ ပိုကောင်းပါတယ်၊ အချိန်ရှိပါသေးတယ်၊ အရေးကြီးတာက ဇာတ်လမ်းနဲ့ ဇာတ်ညွှန်းပဲ'

'ကျွန်တော်တို့ ဆရာကြီးကို အပြတ်အပ်ရင် ဘယ်ရွေ့ ဘယ်မျှ ပေးရမယ်ဆိုတာ'

'အပြတ် ခြောက်သောင်းငါးထောင်'

'ကျွန်တော်တို့ နက်ဖြန်ပဲ အကြောင်းပြန်ပါမယ် ဆရာကြီး'

'ဖြစ်တယ်လေ၊ နက်ဖြန်မဟုတ် သန်ဘက်ခါပေါ့၊ ဒါထက် နောက်မကျစေနဲ့၊ လုပ်ရကိုင်ရမှာတွေ ရှိသေးတယ်'

သူတို့နှစ်ယောက်က တစ်ထိုင်တည်း ပြီးချင်တာ၊ ဆရာကြီးက အိုက်တင်ခံနေတော့၊ နောက်တစ်နေ့ နေ့လယ်ဘက်သို့ ချိန်းဆို လိုက်ရသည်။

နောက်တစ်နေ့မနက်ပိုင်း လက်ဖက်ရည်သောက်ရင်း ဦးဇော် အောင်က အခြေအနေဘယ်သို့ရှိလာသည်ကို အမေးရှိလာသော ကြောင့် ဆရာကြီး ပြောသည်ဆိုသည်များကို အပြည့်အစုံ ပြန် ပြောလိုက်ရ၏။



'အော....မင်းတို့ဒါရိုက်တာကြီး ပြောတာ ဆိုတာကတော့ သိပ်မဆိုးဘူးကွ၊ဒါပေမယ့် အပြောနဲ့ အလုပ်ဆိုတာ ကွာကတ်တဲ့ သဘောရှိတာကိုတော့ မင်းတို့ သတိထားဖို့ လိုလိမ့်မယ်၊ မင်းတို့က လူငယ်တွေဆိုတော့ ငွေရေးကြေးရေးနဲ့ လုပ်ရမယ့် အလုပ်မှာ အတွေ့အကြုံမရှိသေးလို့ သတိပေးရတာပဲ၊ ညဘ ကိုစံ့ဆီကို ဖုန်းဆက်လိုက်ပြီးပြီ၊ ဦးလေးက ဒါလောက်ကိစ္စ လေးကို ကိုယ်တိုင်ကြားမဝင်ချင်ဘူး၊ တစ်ခုတော့ ရှိဘယ်နော်၊ သုံးလေးရက်လောက် အချိန်ယူပြီး ဗွီ ဒီ ယို တစ် ခွေ ရိုက် ရင် ဘယ်လောက်ကုန်တယ်၊ ခု မင်းတို့ပြောသလို ကန့်တရိုက်စနစ်နဲ့ လုပ်ရင် ဘယ်လိုအပေးအယူ ရှိတယ်ဆိုတာကိုတော့ စုံစမ်း လေ့လာဖို့ ကောင်းတယ်၊ ပြီးတော့ ငွေအပြတ်ပုံပေးရမယ့် ကိစ္စ ကိုလဲ နည်းနည်းစဉ်းစားဖို့ ကောင်းတယ်၊ ဦးလေးပြောချင်တာ တတော့ ဒီလောက်ပဲ'

သူတို့က တရိုတသေ တလေးတစားနားထောင်ပြီး စုံစမ်း လေ့လာပြီးမှ လုပ်မည့်အကြောင်း ကတိပေးလိုက်သည်။

တကယ်တော့ သူတို့က ဦးဇော်အောင် ပြောသည်များကို ဟုတ်ကဲ့လိုက်ခဲ့ပေမယ့် စိတ်ထဲကတော့ မပါ။ ဦးလေးက သည်ကိစ္စလေးကို ကိုယ်တိုင်ကြားမဝင်ဘူး ဆိုသည်ကိုပဲ ဖိုးကြိုင် တုတ် ဖြစ်သွားသည်။

လူငယ့်သဘာဝက ထိုသို့ပင် ရှိပါလေ၏။သူတို့က သူတို့ကိုမှ တစ်ပါးတခြား မည်သူ့ကိုမှ အထင်ကြီးလေ့မရှိ၊ ကိုယ့်ကိုယ်ကို

www.burmeseclassic.com



သာ အထင်တကြီး ရှိကြလေသည်။ ကိုယ့်အတွေးအခေါ်ထက် သူတစ်ပါး အတွေးအခေါ်ကို အလေးမူလေ့မရှိ။ ကိုယ့်အတွေးအခေါ်ကိုသာ အမှန်ဟု အဆုံးအဖြတ် ပြုလေ့ရှိကြသည်။

ဦးထိုက်စံနှင့် တယ်လီဖုန်း စကားပြောရာတွင် ဦးထိုက်စံက သူတားမရ၍ ခွင့်ပေးလိုက်သည့်အကြောင်း သည်လောက် ငွေကြေးဟာ သူတို့အတွက် ဘာမှ အကြောင်းမဟုတ်သော်လည်း သူတို့နှစ်ယောက်မှာရှိသည့် ကတိတစ်လုံးကို လက်တွေ့သိစေချင်လို့ ကတိတောင်းပြီး လွှတ်လိုက်ကြောင်း ကိုယ်တိုင်ကြားဝင်ရန် မလိုဘဲ ဘေးမှ အရံအတားသဘော ထိန်းပေးဖို့ ပြောပြခဲ့၏။

ဒါကြောင့်လည်း ဦးဇံအောင်က ပြောသင့်သည်များကို သဘောလောက်ပြောပြီး သူတို့ကိစ္စကို ကိုယ်ထိလက်ရောက် ကြားမဝင်ခဲ့ခြင်း ဖြစ်၏။

နောက်တစ်နေ့ ချိန်းထားသောနေရာတွင် ဆရာကြီးနှင့်တွေ့ပြီး ဆရာကြီးပြောသည့်အတိုင်း သဘောတူပါကြောင်း၊ ငွေကိုလည်း အကြေပေးမည့်အကြောင်း ပြော၍ အိမ်ကိုပြန့်သဘောလောက် စာချုပ်တစ်ခုလုပ်ပေးပါရန် ဆရာကြီးကို တောင်းတောင်းပန်ပန် ပြောပြခဲ့ရာ ဆရာကြီးက ကျေနပ်ပြီး အလွယ်တကူပင် ခေါင်းညိတ်လိုက်၏။

'ကိုယ့်ကို ဒီလောက် တောင်းပန်နေစရာ မလိုပါဘူး ... ချင်ရာ၊ သလုပ်သဘောကို အလုပ်သဘောနဲ့ဘူ အောင်



လုပ်ရမှာပေါ့၊ ကဲ....မောင်ရင်တို့က ဘယ်လိုပုံစံနဲ့ ချုပ်ချင်သလဲ၊ ပြော'

'ကျွန်တော်တို့က နားမလည်ပါဘူး၊ ဆရာကြီးတို့ လုပ်နေကျအတိုင်းသာ လုပ်ပေးပါ'

စာချုပ်ဆိုတာက တံဆိပ်ခေါင်းပါသော စာရွက်ပေါ်မှာပဲချုပ်ချုပ်၊ ရိုးရိုးစာရွက်ပေါ်မှာ ရေးပြီးပဲ ချုပ်ချုပ်၊ တရားဝင်ဖြစ်အောင်၊ ဥပဒေဘောင်ဝင်အောင်၊ ဥပဒေပညာရှင်များ၊ ရှေ့နေ ရှေ့ရပ်များက ဥပဒေသဘောဆောင်သည့် ခိုင်လုံသော အချက်အလက်များပါအောင် ဖော်ညွှန်းရေးသားပြီး ချုပ်ဆိုမှ တရားဝင်ဘောင်ဝင်သည်။

သာမန် အရပ်သူ အရပ်သားများ၏ အလုပ်သဘောဖြင့်ရိုးရေးသားချုပ်ဆိုလေ့ရှိသော ကတိစာချုပ်များမှာ သိမ်းဆည်းထားရုံကလွဲ၍ အကျိုးသက်ရောက်မှု တယ်လိုမှမရှိ။ ပြဿနာပေါ်လာလျှင် တရားဝင်ဘောင်ဖြစ်လာလျှင် ထိထိရောက်ရောက် အသုံးချလို့ မရ။

ဒါရိုက်တာကြီးနှင့် ဇော်ရဲမောင်တို့ ချုပ်ဆိုသော စာချုပ်မှာလည်း ထိုအတိုင်းသာပင်။

ဗွီဒီယိုခွေတစ်ခွေ အပြီးအစီး ရိုက်ကူးပေးရန်အတွက် ဘယ်သူဘယ်ဝါက ဘယ်သူဘယ်ဝါအား လုပ်ငန်းအပ်နှံကြောင်း၊ ယင်းအခွေအတွက် ကုန်ကျစရိတ် အရှုပ်ရှုပ်ကို သရုပ်ဆောင်

www.burmeseclassic.com



မင်းသားအဖြစ် ပါဝင်ရိုက်ကူးမည့်သူက လုံးဝ တာဝန်ယူကြောင်း၊ ဒါရိုက်တာအဖြစ် တာဝန်ယူမည့်သူက အခွေကို ရိုက်ကူးပြီးစီးသည်အထိ လုံးဝ တာဝန်ယူကြောင်း သဘောတူညီချက်ရောက်သည့် ကတိစာချုပ် ချုပ်ဆိုလိုက်ကြသည်။

အသိသက်သေ နှစ်ဦးမှာ ထွန်းအေးနှင့် မင်းကျော်ဦးတို့ ဖြစ်၏။

ထိုကတိစာချုပ်တွင် ဘယ်၍ ဘယ်မျှဆိုသည့် ငွေကြေးပမာဏ မပါသလို အခွေတစ်ခွေ အပြီးအစီးဆိုသည့် စကားရပ်တွင်လည်း တိကျသောစကားရပ် မပါ။ အကြမ်းဖျင်းသဘောပဲ ပါသည်။

တကယ်တမ်း ဥပဒေကြောင်းဖြင့် တရားတဘောလုပ်ရမည့် ပြဿနာမျိုး ပေါ်လာခဲ့သော် ထိုကတိစာချုပ်မှာ မည်သို့မျှ တရားမဝင်။

ဒါပေသိ ဗွီဒီယိုလောကမှ လိမ်စဉ်များမှာ တရားရုံးတော်သို့ ရောက်စေမည့် မှုခင်းမျိုး အဖြစ်မခံ။

သူတို့က အယူရှိသလို အပေးလည်း ရှိသည်။ ယူသည့်နေရာတွင် အပြည့်အဝယူသော်လည်း ပေးသည့်အခါတွင်မူ အပြည့်အစ မပေး။ တော်သေးသည်ဟုဆိုသော် ဆိုနိုင်ရာ၏။

မည်သည့်နေရာ၊ မည်သည့်လုပ်ငန်းတွင်မဆို တော်ဖြောင့် မှန်ကန်သူနှင့် မတော်မဖြောင့် မမှန်မကန်သူသည် ရှိစမြဲ။



သူတို့က သိန်းဂဏန်းမျိုးထိတော့ မလိမ်တတ်၊ ထောင်ဂဏန်း၊ အများဆုံး သောင်းဂဏန်းလောက်သာ လိမ်ကြ၏။ သောင်းဆိုရာမှာလည်း တစ်သောင်းစမှ အများဆုံး နှစ်သောင်း သုံးသောင်းလောက်တော့ လှည့်ကြ၊ လိမ်ကြသည်။

ရဲစခန်းနှင့် တရားရုံးသို့ရောက်သော မှုခင်းရှိသော်လည်း နည်းသည်။ အလိမ်းခံရသူများက ဖြစ်ရပြီးရော သဘောထားမှုများ သောကြောင့် အယုံလွယ်လွန်းသလို အပေးလည်း လွယ်ကြသည်။ တရားတဘောင်လုပ်ဖို့ကျတော့ ခက်လေရော။

နောက်တစ်ကြောင်းက သူတို့က အပြတ်မလုပ်၊ အမျှင် တန်းလန်း မျှော်လင့်ချက်ကလေးများ တန်းသွယ်ထားလေ့ရှိ သောကြောင့် ဟုတ်နိုးနိုး၊ ဖြစ်နိုးနိုး စောင့်ရင်း၊ အချိန်ကြာ ညောင်းပြီး၊ အီးရော၊ အီးရောဖြင့် ပြီးသွားကြ၏။

ဒါ့အပြင် သူတို့အား အမှုလုပ်ခြင်းဖြင့် ကိုယ့်ငွေလည်း ပြန်မရ၊ နောက်ထပ်လည်း ငွေအပို ထပ်ဆောင်းကုန်ဦးမည်မို့ မိအေးနှစ်ခါနာအဖြစ်မျိုး မခံလိုသည်က တစ်ကြောင်း၊ တစ်ရွက် က နှစ်ရွက် အပိုထပ်တိုးလာမည်က လွဲ၍ အခြကြောင်းပိုထူးလာစရာ မရှိသည်က တစ်ကြောင်းတို့ကြောင့် တိုင်လား၊ တောသား အမှုမလုပ်ဘဲ ပြီးကြရသူများလည်း ရှိ၏။

သူတို့လောကအ္ဌ မလည့်မဝယ် ပိုးသမားများကိုသာ ကပ်လို၊ ဖြတ်ထစ်၊ လှည့်ပတ်စာတ်သည် မဟုတ်ပါ။ လည်လည်ပတ်ပတ်

www.burmeseclassic.com



နူးနူးနပ်နပ်ရှိသူ အချင်းချင်းကိုပင် ကပ်လိုး ဖြတ်ထစ်၊ လှည့်ပတ်လေ့ ရှိကြ၏။

ပိတ်ကားရုပ်ရှင်မှာ ဇာတ်လုပ် ဇာတ်ကားကို ခိုးကူး၍ မရတော်လည်း မှန်သားရုပ်ရှင်မှ ဗွီဒီယိုအခွေကို ခိုးကူး၍ရသည်။ အဲသည်မှာ ဗွီဒီယိုအခွေအငှားဆိုင်များက ခိုးကူး၍ အခွေပွားကြသလို အချင်းချင်းအလှည့်အပတ်လုပ်ကြသည်များလည်းရှိသည်။ ဇာတ်လမ်းအတွက် ငွေမကုန်အောင် ရိုက်ဆဲအခွေမှ ဇာတ်လမ်းကို စုံစမ်းနှိုက်ယူပြီး ဆင်တူယိုးမှား ဇာတ်လမ်းဆင်ပြီး ရိုက်ကြသည်များလည်း ရှိသည်။

ဒါကြောင့် အတိတ်မေ့ ဇာတ်လမ်း၊ အမြွာ ညီ အင် ကိုမှားသည့် ဇာတ်လမ်း၊ အိမ်ဖော်အဖြစ် အယောင်ဆောင်သည့် ဇာတ်လမ်း၊ ယောက္ခမ ချွေးမ ဇာတ်လမ်း၊ မှောင်ခိုရာဇာနှင့် မင်းသားစုံထောက် ဇာတ်လမ်း၊ ဆင်တူယိုးမှား သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းများဖြင့် တစ်ဦးအပေါ် တစ်ဦးပတ်၍ အကြံအဖန်လုပ်နေကြသည်များလည်း ရှိသည်။

နောက်ဆုံးပေါ် အကြံအဖန်မှာ တစ်ခွေစာကို နှစ်ခွေစာ လုပ်သည့် အကြံအဖန်ဖြစ်၏။

မည်သို့ပင်ရှိပါစေ ရင်ရှုပ်ရသော ရုပ်ရှင်ဟု ပြောစမှတ်တွင်သလို မှန်သားပြင် ရုပ်ရှင်ကလည်း ရင်ရှုပ်စရာတွေ ပွေလီမ်ရှုပ်ထွေးပြီးရင် မလင်းစရာခတွေ ပြည့်လျှမ်းလျက်။

# [ ၁၂ ]

၉၀-၉၁ ခုနှစ် မြန်မာ့ဗွီဒီယိုလောက၏ အနေအထားမှာ ၈၆-၈၈ ခုနှစ် ဗွီဒီယိုလောက အနေအထားနှင့် လုံးဝ ခြားနားသွား၏။ အစစအရာရာ ဘယ်သို့မှ မတူညီအောင်ပင် ကွာဟချက် ထူးထင်လာသည်။ လုပ်ငန်းအတက်အကျ အခြေပြဇယားမှာ အကျဘက်သို့မယိုင် တန့်၍အနေဘဲ အတက်ဘက်သို့ တစ်ဟုန်ထိုး မြားဦးတည်လာသည်။

ဝါသနာပိုးပါသူ ငွေယားသမားများနှင့် ငွေလုံးငွေရင်းနည်းနည်းနှင့် ကျဲကျဲဝိုင်းရန် အခွင့်ရူးရောက်သော လုပ်ငန်းရှင်ငယ်လေးများဖြင့် အခြေတည်ခဲ့သော ဗွီဒီယိုလောကသို့ ငွေလုံးငွေရင်းထုထည့် မ-တည်ပြီး စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ် ဇော်

www.burmeseclassic.com

www.burmeseclassic.com



ကချ လုပ်ကိုင်မည့် လုပ်ငန်းရှင်ကြီးများ အခြေချ နေရာဝင်ယူ လိုက်ကြရာ မူလအရှိသမားကလေးများမှာ သူတို့နေရာကို စွန့်လွှတ်လိုက်ကြရ၏။

ဗွီဒီယိုလောကသို့ ဓောင်းငဲ့၍မှ မျက်နှာမမူဘဲ ကိုယ်နဲ့မဆိုင် ဘိသို့ နေခဲ့ကြသော ရုပ်ပါတန်းဝင် တန်းမဝင် ဒါရိုက်တာများ အကယ်ဒမီလေးသောနှင့် အကယ်ဒမီ ပြီးသောမင်းသား၊ မင်း သမီးများ ပါဝင်သရုပ်ဆောင် ရိုက်ကူးလာကြသောကြောင့် ဗွီဒီယိုလောကကြီး စည်ပင်ဝေဖြိုးလာသည်။ အနုပညာ ဖန်တီး ချက်များ အားပြည့်လာသည်။ စူးစူးထင်ထင်ရှိလာသည်။

ယနေ့အထိ အကယ်ဒမီ မင်းသမီးတစ်ယောက်ကလွဲ၍ သရုပ် ဆောင်အားလုံးနီးပါးမှာ ဗွီဒီယိုလောက၌ ပျော်မွေ့နေကြ ပေပြီ။

လနှင့်နှစ်နှင့်ချီ၍ကြာသော ပိတ်ကားရုပ်ရှင်မှရသည့် ဒါရိုက် တာကြေးနှင့် သရုပ်ဆောင်ကြေးကို ဆယ်ရက် ဆယ့်ငါးရက်ဖြင့် တန်းတူရလာသည်။ ပိုသူများလည်း ရှိသမို့ မပျော်မွေ့ ဘယ် နေလိမ့်မှာပ။ ပျော်ပျော်ကြီး နွှဲပျော်နေကြ၏။

ရိုက်ကူး၊ ထုတ်လုပ်၊ ဖြန့်ချီသူတွေ၊ ဒါရိုက်တာတွေ၊ မင်း သား၊ မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံတွေ၊ ရှိုးထိုးသည့်ရုံတွေ၊ အိမ်တွင်းရှိုးပွဲတွေ များသလားမပြောနဲ့၊ အားပါး များမှများ၊ အခုတွေ ထွက်သလားမမေးနဲ့၊ အခွေအသစ်မထွက်သောနေ့ မရှိဟု ဆိုရလောက်အောင် တစ်ထွက်တည်း ထွက်နေသည်။



'ဒီရေအလား တိုးပွားပါစေ'ဆိုတဲ့ ဆုတောင်းပြည့်နေကြ သည်။

သို့တစ်စေ တိုးတက်မှုပိုင်းမှာမူ အလွန်အမင်း နှေးကွေးနေ သည်။ အားရကျေနပ်ဖွယ်မရှိ ဖြစ်နေသည်။ ခေါင်းနောက်ကနေ ဆက်ကလေးခါပြရမည့် အဆင့်အခနမျိုးထက်မပို။

ဗွီဒီယိုလောက ဇေဝေဆာဆာသီးပွင့်စိုပြည်လာသလို ပြယ်နာ အဖုံဖုံကလည်း ပို၍ပို၍ ရှုပ်ထွေးလာသည်။

'ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ' အဖြစ်မျိုး တွေ 'အမျိုးလိုမနေမိလို့၊ ကိုယ်ချီတယ်လေး'အဖြစ်မျိုးတွေ 'တူတူ ကြည်ကြည်၊ ရယ်ရယ်ပြုံးပြုံး ဘဝကြင်ဖော်အဖြစ် လက်တွဲခဲ့ကြ ရာမှ မှန်သားပြင်အရိပ်ကြောင့် အက်ကြောင်းထင်ပြီး မရယ်နိုင်၊ မပြုံးနိုင် ကိုယ်စိတ်နှလုံး ညှိုးပြုံးနေသူတွေ' 'အက်ကြောင်းသာ မက လူသိရှင်ကြား အကွဲအပြဲ၊ အလဲထိုးပွဲတွေ'ကသည်း ပြော သူတွေ ပြောမနိုင်အောင်ရှိလာသည်။

စာနယ်ဇင်းသမားအချို့၏ 'မဖြစ်ကိုအဖြစ်' 'မဟုတ်ကို အဟုတ်' 'မရှိကိုအရှိ' 'မပြောကိုအပြော' အကြားအသိကို အမြင် အတွေ့၊ ပုံသေးကိုပုံကြီးချဲ့၍ မြောက်ပင့်၊ ထိုးတင်၊ ဆွဲချ၊ နှင်း ချလုပ်တတ်ကြ၊ ဓားသွားထက် ကလောင်စွမ်း အထက်လွန် သွားသောကြောင့် မိုးထိအောင် လေဟုန်ပြီး တိုးတက် သွားသူများရှိသလို ဇောက်ထိုးမိုးမျှော် ပက်လက်လန်ကျသွား သူများလည်းရှိကြသည်။

www.burmeseclassic.com



ဗွီဒီယိုအခွေတွေ အထွက်များသည့် ဒါရိုက်တာတွေ၊ သရုပ်ဆောင်မင်းသား မင်းသမီး၊ ဇာတ်ပို့၊ ဇာတ်ရံ အသစ်တွေကလည်း မှတ်လို့မနိုင်အောင် တိုးပွားများပြားလာသည်။ အထူးသဖြင့် သရုပ်ဆောင်မင်းသမီးထက် မင်းသားတိုးနှုန်းက ပိုများသည်။

ဗွီဒီယို အသက် တစ်မနက်ဟု ဆိုစကားရှိသလို မင်းသားအသက် တစ်ရက်မဖြစ်အောင် ထိန်းသိမ်းနိုင်ကြဖို့တော့ အချိန်ရှိသေး၏။

အသက်ကလေးတွေကငယ်ငယ် အတွေ့အကြုံက နုနုနယ်နယ်၊ တို့များလေးတွေက ခပ်ကဲကဲမို့ မထိန်းနိုင်ရင် တစ်မနက်စာရင်းထဲ ပါသွားမည်။ ခုကို ပါနေသူများပင် ရှိနေပြီ။

ကျော်စောခြင်းဆိုသည်မှာ ရှုံ့ချခံရခြင်း၏ အစဖြစ်၏။ အောင်မြင်ခြင်းဆိုသည်မှာ ဆုံးရှုံးခြင်း၏ အစဖြစ်၏။ ထိပ်သို့ရောက်ခြင်းမှာ အောက်သို့ ကျဆင်းခြင်း၏ အစဖြစ်၏။

အမြင့်သို့ ရောက်အောင်တက်ရန် အားထုတ်ကြိုးပန်းရသလောက် ခက်ခဲသလောက် အနိမ့်သို့ ပြန်ကျရန်မှာမူ အားထုတ်မှုမပါဘဲ အဆင်းဘီးတပ်ပေးလိုက်ဘိသို့ လျောခနဲ၊ ဝေါခနဲ ကျဆင်းသွားတတ်၏။

ပိတ်ကားရုပ်ရှင်တွင် အောင်မြင်သော သရုပ်ဆောင်မင်းသားတစ်ယောက်ဖြစ်လာရန် ကျားကုတ်ကျားခဲ ကြိုးစားကြရသော



လည်း မှန်သားပြင် ရုပ်ရှင်သရုပ်ဆောင် ဖြစ်လာရန်မှာမူ ကြိုးပမ်းမှုထက် အသိုင်းအဝိုင်းကောင်းလျှင် သည်နေ့လုပ်၊ နက်ဖြန်ဖြစ် ဆိုရမလို ဖြစ်လည်း ဖြစ်နေကြသည်။

ပိတ်ကားရုပ်ရှင်တွင် သရုပ်ဆောင် မင်းသားတစ်ယောက် ဖြစ်လာရန် ကျားကုတ်ကျားခဲ ကြိုးပမ်းခဲ့ရသည်နှင့်အတူ အနုပညာပါရမီအခံခြေခံ အပိုအရင့်ပေါ်လိုက်၍ အောင်မြင်မှု အတိုင်းအတာကို အဆုံးအဖြတ်ပြုရသလို အောင်မြင်မှုလမ်းကြောင်းပေါ်တွင် သက်တန်းရှည်ကြသည်။

အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်နေပါလျက် ဘယ်သူမပြု မိမိမှုဖြင့် ကိုယ့်ပြဿနာကိုယ်ရှာပြီး အောင်မြင်မှုလမ်းကြောင်းပေါ်မှ ဆင်းသွားရသူနှစ်ဦး၊ သုံးဦးမှအပ ကျန်သရုပ်ဆောင်မင်းသားများမှာ ယနေ့ထက်တိုင်အောင် တံခွန်လွင့်ထူနေဆဲရှိကြ၏။

မှန်သားရုပ်ရှင်သရုပ်ဆောင်အသစ်များမှာမူ ပေါ်မျောက် ဖြစ်နေကြသည်။

ဖြစ်လွယ်လျှင် ပျက်လွယ်ရမည်။ ဟုန်းခနဲတက်လျှင် ဒိုင်းခနဲ ပြန်ကျရမည်မှာ ဓမ္မတာသဘောပင်ဖြစ်၏။

အခွေရှေ့ပြေးခေတ်ပါးရာ၊ ခြောက်ဆူမှ ဆောင့်ပါးဆူ၊ နှစ်ထောင်တန်းအထိ မြင့်တက်ခဲ့ရာမှ တဖြည်းဖြည်း အကျဘက်သို့ ပြန်ဆင်းလာသည်က မှန်သားရုပ်ရှင်ကို လက်ရှိအခြေအနေထက် ပို၍

www.burmeseclassic.com

www.burmeseclassic.com



ပီပြင်တိုးတက်အောင် လုပ်ကြဖို့ သသိပေးနေသည့်သို့ရှိချေရာ၊ ပရိုဂျူဆာများရော၊ သရုပ်ဆောင်များပါ လက်တွဲ၍ မကြိုးစားလျှင် မှန်သားရုပ်ရှင်အနေအထားမှာ ဆယ်စုနှင့်တစ်ခုပင် တောင့်ခံနိုင်ဖွယ်ရာ မရှိပါချေ။

ယနေ့ မှန်သားရုပ်ရှင်ကြည့် ပရိသတ်မှာ အတော်ကြီး သည်းခံပြီး ကြည့်နေကြရ၏။

မဲ့ပြာပုဆိုးဇာတ်လမ်း၊ သမရိုးကျသရုပ်ဆောင်မှု ပန်းခြံပေါင်းစုံ လှည့်ရိုက်နေသော မပြောင်းလဲသည့်မြင်ကွင်း ဇာတ်ဝင်ခန်းနှင့် မလိုက်ဖက်သော ဝတ်စားဆင်ယင်မှု အလင်းအမှောင် မမှန်ကန်မှု ကျယ်လောင်လွန်းသော နောက်ခံတီးလုံးကြောင့် ဘာပြောမှန်းမသိ ဖြစ်ရခြင်းမျိုး၊ ဒိုင်ယာလော့နှင့် နောက်ခံတီးလုံးရောထွေးနေခြင်း နားမခံသာစရာ အသံဖမ်းစက်သံ တရှဲရှဲ၊ တဝုန်းဝုန်းမြည်နေခြင်းမျိုး၊ စကားလုံးအသုံးအနှုန်းပြီးစလွယ်ပြောကြသောကြောင့် နားဝင်မချောဘဲ ဆောင့်နေခြင်းမျိုးစသည့် ချို့ယွင်းချက်များကို အလေးမမူဘဲ ဖြစ်ပြီးရော လုပ်ကိုင်နေကြ၏။

ပရိုဂျူဆာများ ဖြစ်ကတတ်ဆန်း လုပ်တတ်ပုံကို ပရိုဂျူဆာကိုနီတိုးအခွေဖြင့် သက်သေထူရသော် အဖြစ်လုပ်ဆောင်မှုတွေ ဘယ်သို့ရှိသည်ကို တွေ့နိုင်ရာ၏။

ဒါတောင် တစ်ကွက်နှစ်ကွက်စပြသွားပေလို့သာပေါ့၊ နို့မဟုတ်ရှင် မလွယ်။



စုပါသရုပ်ဆောင်တွေ မပါဘဲ ပရိသတ်လက်ခံသည့် 'ပံသူ့မိုက်ခဲ'၊ 'ကြမ္မာအလှည့်' အခွေမျိုး၊ မှတ်ကြီးလိုလောဘ၊ အခွေမျိုးများ ကြည့်လိုက်ရသည့်အခါ မြန်မာ့ဗွီဒီယိုကို မှိုက်မှိုက်ထင်ထင်၊ သိမ့်သိမ့်စိမ့်စိမ့် ကျေနပ်မှု ဖြစ်ရသည်။

မြန်မာ့ ဗွီဒီယိုအခွေ ဈေးနှုန်းမှာ ဇာတ်လမ်း ကောင်းခြင်း၊ ဒါရိုက်တာ ဖန်တီးမှု တော်စွမ်းခြင်း၊ ရိုက်ကွင်းရိုက်ကွက် ပီပြင်ခြင်း၊ ပရိသတ်စိတ် အစာဖြည့်ဆည်း ပေးနိုင်ခြင်း၊ ပျော်ရွှင်မှုလည်း ဖြစ်ေ သင်ခန်းစာလည်း ရစေဆိုသည်တို့အပေါ်၌မတည်ဘဲ သရုပ်ဆောင်မင်းသား၊ မင်းသမီးတို့၏အမည်နာမ ပေါ်တွင် တည်နေခြင်းမှာလည်း မှန်ကန်သည်ဟု မဆိုသာဘိသို့ ရှိပါလေ၏။

ဗွီဒီယို အခွေကောင်းတစ်ခွေ ထွက်ပေါ်လာရေး၌ သရုပ်ဆောင် မင်းသား၊မင်းသမီးကို အဓိကထားနေရသမျှ မှန်သားရုပ်ရှင် တိုးတက်ရှင်သန်ရေး လမ်းကြောင်း တိမ်းပါးတော့မည့်ဘက်သို့ ယိုင်နေပြီဟု ဆိုရမည့် အနေအထားသို့ ရောက်ရှိ နေပါချေပြီ။

ပိတ်ကားရှင်ရှင်မှာဖြစ်ဖြစ်၊ မှန်သားရုပ်ရှင်မှာဖြစ်ဖြစ်၊ ဇာတ်ကားကောင်းတစ်ကား၊ အခွေကောင်းတစ်ခွေဖြစ်လာရန် ဖန်တီးရာတွင် ဇာတ်လမ်းကောင်း၊ ဇာတ်ညွှန်း၊ ရိုက်ညွှန်းနှင့်ဖန်တီးသူ ဒါရိုက်တာကောင်း၊ သရုပ်ဆောင် မင်းသား၊ မင်းသမီးကောင်း ရှိရုံ၊ ပါရုံဖြင့် မဖြစ်လာနိုင်။

www.burmeseclassic.com

www.burmeseclassic.com



ကင်မရာမင်း၊ မီးသမား၊ မှန်ထိုးသမား၊ စက်မှုပိုင်းကျွမ်းကျင်သူ၊ မှတ်တမ်းတင်သူ၊ အခမ်းအနားပြင်ဆင်သူ၊ ဇာတ်ပို့၊ ဇာတ်ရံ ဆောင်းများ ရှိရ၊ ပါဝင်ရမည်ဖြစ်သလို လက်ညီတက်ညီလက်တွဲလုပ်ဆောင်ကြဖို့လည်း လိုသည်။ ဒါမှလည်း ကားကောင်း ထွက်လာနိုင်သည်။ တချို့ ဒါရိုက်တာနှင့် မင်းသား၊ မင်းသမီးတွေက လုပ်ဖော်ကိုင်ဘက်များအပေါ် မာန်မာနထား၍ မထေမဲ့မြင် ပြုတတ်ကြသည်။

ဇာတ်ကားပဲရိုက်ရိုက်၊ အခွေပဲရိုက်ရိုက် အဓိကအကျဆုံးနေရာမှ ပါဝင်လုပ်ဆောင်ရသူမှာ ဒါရိုက်တာ ဖြစ်၏။ ဒါရိုက်တာလုပ်သူမှာ ဇာတ်ကားရိုက်ကူးရေးသာမက ရှူတင် ထွက်ရာတွင် ပါဝင်သူအားလုံးကို ထိန်းသိမ်း ကြပ်မတ်ကွပ်ကဲ အုပ်ထိန်းရသူလည်း ဖြစ်၏။

အနုပညာသမားဘွဲ့ဆိုတာက ဗိုလ်မထား၊ ငါမှ တစ်ပါးဟု ထင်ဘစ်လုံးရှိကြသူတွေချည်း အနုပညာမာနအသက်ကလေး ရှိကြသူများ ဖြစ်သဖို့ ခွက်လှည့်ကြုံလာရင် မန္တစတမ်း ခွပ်ဘတ်ကြသူများ ဖြစ်ရာ၊ သူတို့က လေးစားရမည့်သူ မဟုတ်လျှင် ကိုင်တွယ်ရ ခက်သည်။

မင်းသား၊ မင်းသမီးကအစ လေးစားခံရသူ၊ ဝါရင့်သဘာရင့် ဒါရိုက်တာဆို အကြောင်းမဟုတ်၊ ရိုက်ကွင်းမှာအခက်အခဲမတွေ့ ရှောရှောရှူရှူ ပြီးတတ်သော်လည်း လေးစားခံရသူ မဟုတ်သော အခါမှာက် ထောင်လျှင် မလွယ်ကြောနှင့် မောသွားမည်အာ သေချာသာ်။



အဲသည်အခါမျိုးမှာ ရှူတင် မန်နေဂျာခေါ် ရိုက်ကွင်း တာဝန်ခံ ဦးနောက် ခြောက်ရသည်။ လည်လည်ဝယ်ဝယ်ရှူတင်မန်နေဂျာဆို တော်သေးသည်။ မန္ဒမနုပ် ရှူတင်မန်နေဂျာဆိုလျှင် ရုပ်ရှင်ဆိုသည့်အတိုင်းရစ်ရှုပ်စရာတွေ ရစ်ဖွေးသွားမည်မှာ သေချာသည်။

ရှူတင်မန်နေဂျာအဖြစ် ထုတ်လုပ်သူကိုယ်တိုင် လိုက်သည်ရှိသလို သူတို့၏လူယုံများကို ရှူတင်မန်နေဂျာ (ဝါ) ရိုက်ကွင်းတာဝန်ခံအဖြစ် တာဝန်ပေး လုပ်ကိုင်စေသည်လည်း ရှိသည်။ ထုတ်လုပ်သူကိုယ်တိုင် လိုက်သည်ထက် လူယုံတော်ကိုတာဝန်ပေးလေ့ ရှိကြသည်။

ရှူတင်မန်နေဂျာဆိုသူမှာလည်း အဓိကမကျပေမယ့် သူ၏အခန်းကဏ္ဍကလည်း အရေးပါသည်လို့တော့ ဆိုနိုင်သည်။ အဖွဲ့သား အားလုံးနှင့် လိုက်လျောညီထွေရှိပြီး လုပ်တတ်၊ ကိုင်တတ်လာဘ်မြင်သူဖြစ်လျှင် အထက်အငေါ် နည်းနည်းဖြစ်ဖို့ အဆင်ချောပြေသည်။

ရှူတင်မန်နေဂျာဆိုသည့် မာနိတက်ပြီး ဒါရိုက်တာနှင့် မင်းသား၊ မင်းသမီးကို ခေါင်းပေါ်တင်ထားမတတ် ဖူးဖူးမှုတ်ပြီး အခြေခံပိုင်းက လူများကိုမူ ပါဝါပြတတ်၏။ ကသီလာအောင်ဖြစ်အောင်၊ စိတ်အနှောင့်အယှက်ဖြစ်အောင် အုတ်ဆိုးအာဏာ့ ဆလေးများဖြင့် ဒုက္ခပေးတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



မခံတတ်သူ၊ ပြန်ပက်တတ်သူများနှင့်တွေ့လျှင်မူ ကျွန်တော်က ခင်လို့မှင်လို့ ပြောတာပါဟု စကားရောဖောရော လျော့ချတတ်၏။

ရှူတင်မန်နေဂျာများကလည်း ကပ်လှီး၊ဖြတ်ထစ် လုပ်တတ်၏။ နေ့စဉ်ထွက်ပေးစရာထဲက မဖြတ်သာဖြတ်သာ ဖြတ်တာတို့၊ ထမင်းစရိတ်ထဲက လက်ဖက်ရည် တစ်ခွက်ဖိုးလောက် ကတ်သီးကတ်သတ်ဖြတ်တာတို့၊ လက်ဖက်ရည်ချိန်မှာ လက်ဖက်ရည်ကို တစ်ယောက်တစ်ခွက် မတိုက်ဘဲ ချိုင့်ဆွဲဝယ်ခိုင်းပြီး တိုက်တာတို့၊ လမ်းစရိတ် ငါးကျပ်ပေးရမှာကို သုံးကျပ်တည်းပေးပြီး နှစ်ကျပ်ဖြတ်တာတို့ လုပ်တတ်သလို အစစအရာရာ ကုန်ကျစရိတ်သက်သာအောင် ဘီးစိပ်တိုက် လုပ်နည်းကိုလည်း လုပ်တတ်၏။

အဲသည်လို ရှူတင်မန်နေဂျာများ ရှိသလို ဒါရိုက်တာနှင့် ပေါင်းပြီး အကြံအဖန်လုပ်သည့် ရှူတင် မန်နေဂျာများလည်း ရှိသည်။ ရုပ်ရှင်နှင့် ဗွီဒီယိုရိုက်ကူးရေး လုပ်ငန်းမှာ ကုန်ကျစရိတ်အထွေထွေကို ပုံသေကားကျ သတ်မှတ်ထားလို့မရ။ နယ်ရှူတင်ထွက်ရသည့်အခါ တစ်နယ်နှင့်တစ်နယ်၊ တစ်နေရာနှင့် တစ်နေရာ မတူသလို ကုန်ကျစရိတ်လည်း မတူ။

ဗွီဒီယိုခေတ်ဆန်းချိန်မှာမင်းသားဖြစ်လာသူ၊မင်းသားအသစ်ကလေးများမှာမူ သူတို့ပြုသမျှ နကြရသော်လည်း စူပါမျက်နှာဟောင်း မင်းသား၊ မင်းသမီးများမှာမူ သူတို့ပြုသမျှ မနကြ



ထုတ်လုပ်သူပရိုဂျူဆာနှင့် ရှူတင်မန်နေဂျာနောက်ပေါက် ဒါရိုက်တာများမှာ စူပါမင်းသား၊ မင်းသမီးများ ပြုသမျှ နကြရသည်။

ဖိုက်တင်ခန်းနှင့် ပြေးရလွှားရသည့်အခန်းများ ရိုက်နေစဉ်နှင့် ပြီးဆုံးသွားချိန်၊ သောက်ဖို့ လစ်ပ်ိဳဗီတန် ငါ့ပုလင်း အဆင်သင့်ရှိနေပါစေဆိုလျှင် ခေါင်းမခါရဲ၊ မရှရအောင် အပြေးအလွှားရှာဖွေဝယ်သွားရသည်။ သံဘူးဘီယာ ဘယ်နှစ်ဘူး ဆိုသည်များပါသည်ဟု မပြောရဲ၊ ဘယ်စီးကရက်မျိုးမှဆိုလည်း အဆင်သင့် ဖြစ်စေရသည်။

ထိုသို့ရှိသလို စီးကရက်ဝေ့လို့ ဆေးပေါ့လိပ်ကိုပင်ကိုယ့်အိတ်စိုက်ဖြင့် ဝယ်ခေါက်ရသူများလည်း ရှိကြသည်။

ဒါမျိုးလေးတွေအပြင် သောက်ရေကအစ ချေးထူတာတွေ၊ ဖော်ပြမကောင်းသည့် ဟိုဟာသည်ဟာ ရှာဖွေခိုင်းသည့် အခွင့်အရေး ယူမှုတွေလည်း အများကြီးရှိသေးသည်။

ရှူတင်မန်နေဂျာများမှာ အရေးပါသော ဒါရိုက်တာနှင့် သရုပ်ဆောင်များကိုသာ မျက်နှာချိုသွေးရ၊ လိုအပ်သည်များကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးရသည် မဟုတ်သေး။ သူတို့နှင့် နှယ်၍ အပျော်ခရီးလိုက်ပါလာသူများ၊ ဘုရားဖူး လိုက်လာသူများကိုပါ သူတို့နှင့်တန်းတူပြု၍ လိုအပ်သမျှကို တာဝန်ယူဖြည့်ဆည်းပေးရ၏။ အနုပညာသည်များကို နှယ်၍ အနုပညာလိုက်စားသူများက သူ့ထက်ကဲလုပ်ကြသည်များလည်း ရှိပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



စိန်နားကပ်ရောင်ကြောင့် ပြောင်သည့်ပါးက ပို၍ ပြောင်သည်ဟု ဆိုရမည်သို့ အခွင့်အရေး ပိုယူကြသည်များလည်း ရှိချေ၏။

ပရိုဂျူဆာများဘက်ကတော့ ကိုယ့်အခွေ မပြီးမချင်း အရေးပါသူများကို မောင်မောင်၊ ဘဘသုံး၍ သူတို့အကြိုက်လုပ်ပေးရ စမြဲပါ။

သူတို့နှင့်က တစ်ခါသည်း ဆက်ဆံပြီးသည်မဟုတ်။ နောက်ထပ် ဆက်ရန် ဆက်ရန် ရှိသေးသောကြောင့် သူတို့ ကျေနပ်မှု ရှိအောင် လိုက်လျောရသည်။ သူတို့ကြည့်ပါမှ ကိုယ်က ရယ်နိုင်မည်။ သူတို့ မပြုံးလျှင် ကိုယ်နှုးရမည်မို့ ဘီးစိပ်တိုက်သို့ မရ။

ဒါ့ထက်မကသော လိုက်လျောမှုတွေ ပေးရသည်များလည်း ရှိသေးသည်။

ထုတ်လုပ်သူပရိုဂျူဆာများမှာ အခက်အခဲပေါင်းစုံ၊ စိတ်မောစရာ အဖုံဖုံ၊ ပူပင်စရာ အသွယ်သွယ်ကို အခွေပြီး မချင်း သွေးပိုက်ထားရ၏။ အခွေတစ်ခွေ ထုတ်လုပ်မှု အတွက် ရင်းနှီး မြှုပ်နှံရသော ငွေကြေးပမာဏကလည်း နည်းမှ မနည်းတဲ့ကိုး။

စူပါဒါရိုက်တာ၊ စူပါမင်းသား၊ မင်းသမီးနှင့်ရိုက်သော အခွေတစ်ခွေအတွက် ရင်းနှီးရသော ငွေကြေးပမာဏမှာ သုံးသိန်းနီးပါး ရှိသည်။ ကျော်လျှင်သာကျော်မည်၊ ထို့ထက် မအောက်။

အခွေတစ်ခွေ၏ ကုန်ကျစရိတ် ထက်ဝက်ကျော်ကို စူပါ မင်းသား မင်းသမီးများအတွက် သရုပ်ဆောင်ခပေးရ၏။



ပေးရပါစေ၊ အခွေငှားကြည့်သူ၊ ရှိုးထိုးသူ၊ နယ်ကိုယ်စား လှယ်ယူပြီး ဖြန့်ချိမည့်သူတွေက အနုပညာရသပေါ်လွင်အောင် ပြောင်မြောက်အောင် လက်ရာသန့်သန့်အခွေ ထွက်လာအောင် ဖန်တီးရသူ၊ ဖန်တီးရှင် ဒါရိုက်တာနာမည်ထက် မင်းသား၊ မင်းသမီးနာမည်ကိုသာ အလေးထား၍ အမေးအမြန်းရှိကြသမို့ မင်းသား၊ မင်းသမီး ကြေးကြီးတာကို လက်တွန့်လို့မရ။

စူပါမင်းသား မင်းသမီးအသိုက်အဝန်းကလည်း ပါးစပ် သတင်းနှင့်တစ်မျိုး၊ စာနယ်ဇင်း အပိုသတင်းနှင့်တစ်ဖုံ၊ ၉၁ ခုနှစ်အတွက် မရနိုင်တော့၊ ၉၂ ခုနှစ်အတွက် တန်းစီရင်တောင် မှ ဘယ်နှစ်လပိုင်းကျမှရမည်၊ ဒါတောင် အခုကတည်းက တန်း ဝင်စီမှ နို့မဟုတ်ရင် ၉၃ ခုနှစ် တန်းဝင်ဇယားထဲ ရောက်သွား မည်။ ဘာညာဘာညာ သတင်းများကလည်း နေ့စဉ်နှင့်အမျှ ထွက်ပေါ်နေသလို ဈေးနှုန်းကိန်းဂဏန်းများကလည်း တစ်နေ့ ထက်တစ်နေ့ အထက်ဘက်သို့ မီးမောင်းထိုးပြနေသည်ကြောင့် အလုအယက် တန်းစီဇယား ဝင်ရပြန်သည်။

သူတို့နှင့်ဆို အရင်းမရှုံးဖို့သေချာသည်။

ရပြီဆိုလျှင်လည်း သပိတ်ဝင်အိတ်ဝင် မြက်မြက်ထက်သက် ကြီးကို ရတာ။

ဇာတ်လမ်းအတွက် ဝတ္ထုဇာတ်ညွှန်းသည်ပင်လျှင် သုံး သောင်းကျော် ဆိုတော့လည်း သူတို့ သိန်းနှုန်း ဆိုဈေး ပေါက်ဈေးရှိနေတာကို များသည်ဟုမဆိုနိုင်ပြီ။

www.burmeseclassic.com



လုပ်ငန်းတစ်ခုတွင် အမြတ်နှင့်အရှုံးမှာ ခွဲမရအောင် တွဲစပ်လျက်ရှိသည်နှင့်အညီ နည်းနည်းကဲ့သူတွေရှိသလို ဟက်တက်ကွဲသွားသူတွေလည်း ရှိသည်။

ရိုက်ကူး၊ ထုတ်လုပ်၊ ဖြန့်ချိသုံးမျိုးသုံးဖလှယ်လုံး ကျွမ်းကျင်နိုင်နင်းသူများ၊ လုပ်တတ် ကိုင်တတ် ရှိသူများကျတော့လည်း အရှုံးအကဲ့ကိုမျက်နှာပူစရာမလို၊ အမြတ်ပမာဏအနည်းအများကိုသာ မျက်နှာပူစရာရှိသည်။

အဓိကကျသော ဖြန့်ချိရေးကိုမကျွမ်းကျင် မနိုင်နင်းလျှင် အထာပေါက်ပေါက် မလုပ်တတ်မကိုင်တတ်လျှင် စူပါတွေ ဘယ်လိုပါပါ အခွေဘယ်လောက်ကောင်းကောင်း အတိုးတွက် လေးထောင်မကိုင် ဖြစ်ရုံမှက ဗီလီယံနှင့် ဒိုင်ယာစီဗင်သောက်ပြီး အိပ်ရသော သောကဝေဒနာကိုပါ ပိုက်တွေးရ၏။

ဘယ်သူသေသေ ဝေဘမာနိုင်သူများကတော့ ဒါရိုက်တာနှင့် မင်းသားမင်းသမီးများသာ။

သူတို့က သပိုတ်ဝင်အိတ်ဝင် ရကြသူတွေ။

တစ်ကားပြီးလည်းမထူး၊ တစ်ခွေပြီးလည်းမထူး၊ ဒုံရင်းဒုံရင်း ရှိသူများမှာ ဇာတ်ပို့ဇာတ်ရံနှင့် အခြေခံအလုပ်သမားဖြစ်၏။

သူတို့လေးကတွင် ရိုက်ကူး ထုတ်လုပ်ထက် ရှုပ်ထွေးပြီး စိတ်မောစရာ အဖြစ်ရဆုံးမှာ ဖြန့်ချိရေးဖြစ်၏။



ဒါကြောင့် တချို့ကလည်း ရိုက်ပြီးအခွေကို တော်သင့်ရုံအမြတ်ဖြင့် အမြတ်ရောင်းကြသည်။ အမြတ်ရောင်းသည့်အတွက် ဝဝဖြိုးဖြိုး မဝါးလိုက်ကြရ။ ကိုယ်စားဖို့ပြင်ဆင်ထားသည့် ပွဲရုံကြီးကို ခွဲဝေပေးလိုက်ရ၏။

ရင်ရှုပ်စရာအခွေ ရိုက်ကူးရေးသက် အသားတင် အညွှန်းစားလို့ရသည့် ဖြန့်ချိရေးကို ကိုင်၍ အပိုင်တွယ်နေသူများလည်း ရှိသည်။

ဗွီဒီယိုပေါ်ဦးစ ခေတ်ပိုင်းမှာ လေးငါး ခြောက်သောင်းကိုင်၍ အလုပ်လုပ်လို့ဖြစ်သော်လည်း ယနေ့ ဗွီဒီယိုလောကအခြေအနေ အထားတွင်မူ လေးငါးခြောက်သိန်းသည်ပင် နံမစွတ် ဖြစ်နေသည်။ အနည်းဆုံး ဆယ်သိန်းလောက်ကိုင်မှဖြစ်သည့် အခြေအနေအထားသို့ ရောက်နေပြီ။ သန်းဂဏန်းကိုင်ရသော လုပ်ငန်းကြီးတစ်ခုအဖြစ်သို့ ကူးပြောင်းနေပြီ။

တချို့ငွေရှင်များက ရင်မရှုပ်၊ စိတ်မမော၊ သောကမများရအောင် စိတ်ချရသည့် စူပါဒါရိုက်တာများကို ငွေပုံပေးပြီး ကန်ထရိုက်စနစ်ဖြင့် အခွေအပြီး ရိုက်ကူးပေးရန် အပ်နှံကြသည်လည်း ရှိ၏။

ပိတ်ကားရုပ်ရှင်နယ်မှာ အောင်မြင်ပြီး အနုပညာမာန်ရှိနာမည်တစ်လုံးကို ထိန်းသိမ်းလျက် လျှာပေါ်မြက်ပေါက်ပါစေ နာမည့်အသေမခံဆိုသူမျိုး၊ စိတ်ချလက်ချ ယုံကြည်ကိုးစားရသူမျိုးဆို အကြောင်းမဆိုတ်၊ စိတ်မမော ရင်မတုန်ရဘဲ သတိ

www.burmeseclassic.com



မှတ်ရက်အတွင်း ကိုယ့်လက်ထဲသို့ အခွေရောက်လာမည်မှာ သေချာသည်။

ကန်ထရိုက်သက်ခံသူ ပြူပါဒါရိုက်တာက မှန်ထိုး၊ မီးထိုးသမားကအစ၊ မင်းသား၊ မင်းသမီးအဆုံး အားလုံးကုန်သော အဖွဲ့သားများနှင့် ရင်းနှီးမှုရှိနေသည့်အပြင် သူတို့အားကိုင်တွယ်ရန် အထာနေသကြနေသမို့ ထူးထူးထွေထွေ ပြဿနာမပေါ်ဘဲ သတ်မှတ်ရက်ထက်စောပြီး ကားပြီးတတ်သည်။

သူက ရှူးတင်စရိတ်ကျဉ်းကျဉ်း ရိုက်ရက်တိုတိုဖြင့် ပြီးစီးအောင် လုပ်နိုင်သောကြောင့်တစ်ကြောင်း၊ မင်းသား၊မင်းသမီးများနှင့် အဖွဲ့သားများကလည်း ကန်ထရိုက်စနစ်ဖြင့် ရိုက်သည်ကို သိထားသောကြောင့်တစ်ကြောင်း၊ ချေးမထူ၊ ဂျီဂျာမများဟိုအခွင့်အရေးတောင်း ဒီအခွင့်အရေးတောင်း မလုပ်ကြသောကြောင့်တစ်ကြောင်း၊ အပြောမခံ နာမည်ပျက်မခံသော မာနကြောင့် တစ်ကြောင်း၊ သူ့အတွက်လည်းကျန်သည်။ အခွေကောင်း၊ အခွေသန့်များလည်းထွက်သည်။ ငွေပုံရသူလည်း စိတ်အေးလက်အေး ရှိရသည်။

ဒါရိုက်တာမှာလည်း နှစ်မျိုးရှိသည်။

အလုပ်အပ်မည့်သူက အိမ်တိုင်ရာရောက် သွားရောက်တွေ့ဆုံပြီး ဆရာ အခေါ်အဝေါ်ကို နှုတ်ဖျားတွင် တွဲလွဲခိုနေစေပြီး လုပ်ငန်းအပ်နှံခြင်းခံရသူ ဒါရိုက်တာ။



အလုပ်ရှင်ကို ကြားလူနှင့်ရှာဖွေပြီး လုပ်ငန်းကိစ္စကို ကိုယ်ကပြောရသည့် ဒါရိုက်တာ။

အလေးထား အဆက်ဆံခံရသူဒါရိုက်တာနှင့် အလေးမထားအဆက်အဆံမခံရသူ ဒါရိုက်တာ။

တစ်မျိုးက ကြိုက်ဈေးတောင်းပြီးမှ အလုပ်လက်ခံသည်။ တစ်မျိုးကျ ပေးဈေးနှင့် အလုပ်လက်ခံသည်။

ခေတ်သဘောအရ အပူအအေးရှိသလို လုပ်ငန်းသဘောအရလည်း အပူအအေးရှိသည်။

အရွေးတတ်မှ၊ အရွေးမတတ်လျှင် ပိုးသာကုန်ပြီး မောင်ပိုစောင်းမတတ် ဖြစ်လိမ့်မည်ပါ။

ပိတ်ကားရုပ်ရှင်ခေတ်မှာ ဒါရိုက်တာကလည်း များများစားစားမရှိ၊ ဘယ်သူ ဘယ်သို့ဆိုသည်ကိုလည်း လောကသားအားလုံး သိကြသည်။ လူငယ်တက်လူဒါရိုက်တာတွေက နောက်ပိုင်းကျမှ ပေါ်လာတာ၊ သူတို့မပေါ်ခင် အစဉ်အလာဒါရိုက်တာများနှင့် မင်းသားတွေကိုယ်တိုင် ဒါရိုက်တာလုပ်လာကြသည်ပဲ ရှိသည်။

အစဉ်အလာ ဒါရိုက်တာများမှာ ရုပ်ရှင်နယ်တွင် နာမည်ပေါင်းများစွာ ကျင့်လည်လာကြသူများ ဖြစ်သောကြောင့် အတတ်ပညာပိုင်းဆိုင်ရာတွင် သဘာရင့်သော်လည်းအယူအဆရေးရာပိုင်း

www.burmeseclassic.com



တွင်မူ သမရိုးကျပဲရှိနေသည်။ ခါဖတ်အားကောင်းပြီး အယူ အဆခေရးဆု သစ်လွင်သော လှုငယ်ဒါရိုက်တာများ ပေါ်လာ သည်။

ရုပ်ရှင်ကားများလည်း တိုးတက်လာသည်။

ဗွီဒီယိုခေတ်မှာ လူငယ်ဒါရိုက်တာတွေ အလျှိုအလျှိုပေါ် လာသော်လည်း အခွေကောင်းတွေတိုး၍ ထိုး၍ ထွက်မလာဘဲ မဆိုစလောက်သာ ကွဲပြားသော ဇာတ်လမ်းရိုက်ကွင်းရိုက်ကွက် များဖြင့် ထူးမခြားနားကို စခန်းသွားနေကြ၏။

တချို့ဆို ဗွီဒီယိုရိုက်စက်အကြောင်းကို သဘောပေါက် နားလည်ကြသည်။ ဆင်းမီရီယာ ဇာတ်ဝင်အခန်းစဉ်နှင့် ဇာတ် ညွှန်း အားကိုးပြီး မင်းသား မင်းသမီးများကို သည်လိုဝင်၊ သည်လိုထွက် သည်ပုံအမူအရာလုပ်၊ သည်လိုပြော သည်လိုဆိုဖြင့် အခွေတစ်ခွေ အပြီးရိုက်သွားကြသည်များလည်းရှိ၏။

စူပါဒါရိုက်တာတွေကျတော့ ဇာတ်ညွှန်းတွင်မကဒါရိုက်တာ လက်စွဲဟု ပြောရမည့် ရိုက်ညွှန်းကိုပါကိုင်ပြီး ရိုက်ကြသည်။

ရိုက်ညွှန်းက ဇာတ်လမ်းထက်ပိုပြီး အသေးစိတ်သည်။

ကင်မရာအနေအထား ဘယ်လိုယူရမည်၊ အသင်း အမှောင် ဘယ်လိုပေးရမည်။ မင်းသား၊ မင်းသမီးနှင့် အဓိက ဇာတ်ပို့ ပါသော အခန်း၌ ဘယ်သူ့ကို အဓိကရိုက်ချက်ပေးရမည်။ အနီး အဝေး ဘယ်လိုရှိစေရမည်။ ဇာတ်ကောင်များ ပြောရမည့် စကားလုံးက အစ အသေးစိတ်ပါဝင်သည်။

အဲသည်လို ဒါရိုက်တာမျိုးကို အခွေအပ်ရင် အခွကောင်း ထွက်ဖို့ သေချာသည်။



'ငကန်းခသ၊ ငစွေလာလိမ့်မည်'

'လသာတုန်း ဗိုင်းငင်'

'နာမည်ဆိုတာ ပါးစပ်နှင့်ဗိုက်အတွက် ဘာမှအသုံးမကျဘူး'

'ရသမျှ ဒသာကချင်မည်'

'နောင်ခါလာ နောင်ခါစေ့း'

ဆိုသော ဒါရိုက်တာမျိုးကို ကန်ထရိုက်စနစ်နဲ့ အခွေ အပ်မိ လို့တော့ ဆောင်းတန်းဈေးကွက် မဝင်သည့်ဖွတ်ကျား အခွေမျိုး၊ ဆိုးလိုးတန်းလန်း အခွေမျိုးပဲ ထွက်လာမည်။

ဇော်ရဲမောင်တို့တွေပြီး ငွေပုံပေးလိုက်သော ဒါရိုက်တာမှာ အဲသည်လို ဒါရိုက်တာမျိုး။

☆

www.burmeseclassic.com

www.burmeseclassic.com

## [၁၃]

ဇော်ရဲမောင်၏ ဒေါက်တာ ဆရာကြီးက ငွေရပြီးနောက် လုပ်ငန်းအတွက် ရက်ချိန်းပေးလိုက်သည်။ အခွေစရိုက်မည့်ရက်ကို ခုနစ်ရက် ခွာချိန်း၍ ထိုရက်များအတွင်း သူတို့နှင့်မပြတ်တွေ့နေဖို့ကိုပါ ချိန်းလိုက်၏။ မနက်ရှစ်နာရီ၊ ကိုးနာရီလောက်အရောက် သူ့အိမ်ကိုလာဖို့နှင့် သရုပ်ဆောင်မှုပိုင်းနှင့်ပတ်သက်သည်များကို ပြသပေးမည်ဟု ပြောလိုက်၏။

သရုပ်ဆောင်မှုဘာသာမှုဆိုသည်က ထွင်လုံးပါ၊ အခွေမရိုက်ခင် နေ့စဉ်တွေ့နေလျှင် နေ့စဉ် သူတို့အိတ်ထဲ ငွေမကုန်ဘဲ ညနေစာ စားသောက်ဝိုင်းဖွဲ့နိုင်ဖို့ ဖြစ်၏။



ဇော်ရဲမောင်တို့ကလည်း ဆရာသမားကြီးကိုပြုစုမှာသေချာသည်။ သူတို့ အခွေ အမြန်ဆုံး ပြီးစီးရေးနှင့် အကောင်းဆုံးဖြစ်ဖို့မှာ ဆရာကြီးအပေါ်တွင် တည်နေသည့်အလျောက်သူတို့ကလည်း ဘယ်နေလိမ့်မှာပ။

ဆရာကြီးကလည်း သည်ယုန်မြင်လို့၊ သည်ချုံထွင်လိုက်တာ၊ ရှစ်စပ်က ဂျင် ခြေလည်သူတွေပဲဟာ။ ဘယ်ကျွဲရွှေ့ရင်ဘယ်သို့ကင်း ပေါက်မည်ကို သိပြီးသား။

ဇာတ်လမ်းနှင့် ဇာတ်ညွှန်းအတွက် ခုနစ်ရက်မပြီးရင် ဆယ်ရက် အချိန်ယူရမည်ဟု ပြောထားသည်မှာ လုပ်ငန်းသဘောကို အလွယ်နှင့်လုပ်၍ ရသည်ဟု ထင်မှတ်မသွားစေရန်အတွက်ဖြစ်၏။

တကယ်တော့ သူ့လက်ထဲမှာ ဇာတ်လမ်းရော ဇာတ်ညွှန်းပါ ရှိပြီးသား။ ထိုက်သင့်သော ညာဏ်ပူဇော်ခပေးပြီး ရေးခိုင်းသော ဇာတ်လမ်းနှင့် ဇာတ်ညွှန်းတော့ မဟုတ်ပါ။ အသံတိတ် ခေတ်မင်းသား ရွှေဘပါဝင်သော ပိတ်ကား ရုပ်ရှင်ဇာတ်လမ်းကျော်ကြီးကို ယူပြီး အာကရန်ပါကရန် ဇာတ်လမ်းထိုးကွက်ကလေးများ ဖြည့်စွက်ပြီး ကိုယ်တိုင်ရေးထားသော ဇာတ်လမ်းဖြစ်၏။

သူ၏ဆရာ ဒေါက်တာကြီးနှင့် လက်တွဲ၍ တပည့်အဖြစ် ကျင်လည်ခဲ့စဉ်က ဒေါက်တာကြီး ကိုယ်တိုင်ခွဲထားသော ဇာတ်ညွှန်း အဟောင်း နှစ်ခု လက်ထဲတွင်ရှိနေရာ ထိုဇာတ်ညွှန်း ခွဲပုံထိုးနမူနာယူ၍ သူ၏ခိုးချဇာတ်လမ်းကို သူနားလည်သလို ဇာတ်ညွှန်း ခွဲလိုက်၏။

www.burmeseclassic.com



ဇာတ်ကားကောင်း၊ အခွေကောင်းတစ်ခု ရိုက်ဖို့အတွက် ဇာတ်လမ်းကောင်းနှင့် ပီပြင်သော ဇာတ်ညွှန်းရှိရမည်။

ခိုင်ခံ့သပ်ရပ်၍လှပသော တိုက်ကလေးတစ်လုံး ဆောက်ရန်အတွက် တိုက်ပုံစံရေးဆွဲသူ အာကီတိတ်( )နှင့် ထိုတိုက်ကို တည်ဆောက်မည့် ကျွမ်းကျင်သော ဗိသုကာပညာရှင်ရှိရမည် ဖြစ်သလို ဇာတ်ကားကောင်း၊ အခွေကောင်း၊ အခွေသန့်ထွက်လာရေးတွင်လည်း ဇာတ်လမ်း၊ ဇာတ်ညွှန်းကောင်းနှင့် စီစဉ်ဖန်တီးသူ ဒါရိုက်တာရှိမှသာ ထွက်ပေါ်လာမည် ဖြစ်၏။

အဖြစ်ဇာတ်လမ်း၊ အဖြစ်ဇာတ်ညွှန်းနဲ့ကတော့အဖြစ်အခွေပဲ ထွက်လာမည်။

ဇော်ရဲမှောင်တို့၏ ဒါရိုက်တာကြီး ကိုင်ထားသည်မှာ အဖြစ်ဇာတ်လမ်းနှင့် အဖြစ်ဇာတ်ညွှန်း၊ သည်တော့လည်း

အကြောင်းမဟုတ်ပါ။ သူက အခွေကောင်း၊ အခွေသန့်ထွက်ပေါ်လာအောင် ဖန်တီးမည့်သူ မဟုတ်သမို့ ဇာတ်ညွှန်းအတွက် တစ်ပြားတစ်ကျပ်မှ အကုန်ခံစရာမလို၊ အခွေဖြစ်ပြီးရော။ ရိုက်မည်ဖြစ်သောကြောင့် သူ့ဇာတ်လမ်းနှင့် သူ့ဇာတ်ညွှန်းမှာ အိုကေပြနေသည်။

ဇော်ရဲမှောင်တို့က ဗွီဒီယိုလောကမှာ ဘယ်သို့မှ မဖြစ်ထွန်းနိုင်။ ပရိသတ်လက်ခံမည့်သရုပ်ဆောင်ဖြစ်လာဖို့မှာဝေးတစ်ကမ္ဘာဆီသို့ ဆိုရမည် ဖြစ်သောကြောင့် ခုတ်ထစ် ထားသည့်ငွေ



ခြောက်သောင်းငါးထောင်နှင့် နောက်ထပ်တစ်လှည့်ပြီး တစ်လှည့်လှည့်ဖြတ်မည့် ငွေများအတွက် ပြဿနာမပေါ်အောင် မှန်သားခွေတစ်ခွေဖြစ်အောင် လုပ်ပေးလိုက်ရင် ပြီးပြီ။

ရောင်းဈေးတန်းဝင်၊ ဈေးကွက်ပေါ် အခွေဖြစ်မဖြစ် ဆိုသည်မှာ သူနှင့်မဆိုင်။

ဇော်ရဲမှောင်တို့က 'ငကန်းသမားတွေမို့' 'လသာတုန်းဗိုင်းငင်ရုံ' အလုပ်သဘော လုပ်ဖို့သာ အားထား၏။

လုံးခန်း၊ ခဲခန်း အိတ်ဇင် ငွေကို ပြန်ထုတ်ရမည့် ငွေလုံးငွေခဲမှာ ဗွီဒီယိုရိုက် ကင်မရာငှားရမ်းခနှင့် မင်းသမီး သရုပ်ဆောင်များအတွက်သာလျှင် ဖြစ်၏။ ဒါကလည်းတစ်သောင်း ဝန်းကျင် သာရှိမည်။ ကျော်လျှင် ထောင် ဂဏန်းမျှသာ။

အခွေ ငါးခွေသောက်ဝယ်ရမည်၊ ဒါကလည်းထောင်ဂဏန်း

ကင်မရာမင်း ငှားရမည်၊ စေစားမျှစား အဖွဲ့သားအောင်ခိုင်ရှိပြီသား။

အောင်ခိုင်က ဗွီဒီယိုခေတ် ကင်မရာမင်းဖြစ်၏။ ဟုတ်တိပတ်တိ၊ ကင်မရာမင်းတော့ မဟုတ်။ အခွေကို သည်လိုသည့်ရုပ်ပုံလှာပြတ်မပြတ်ကို သည်လိုချိန်၊ အဝေးလိုရင်နောက်ဆုတ်အနီးလိုရင် ရှေ့တိုး။ ထောင့်ကရိုက်ရင် သည်လို အသုံးအပြောင်းလုပ်၊ ကင်မရာကို ပခုံးပေါ်တင်ပြီး အလှည့်အပြောင်းလုပ်ပုံလောက်ကတော့ နားလည်သည်။ တတ်ကျွမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်ခိုင်နှင့် ထွန်းအေးကို ရသင့်သည့် ဝေစု ပေးပြီးပြီမို့ လုပ်ငန်းခွင်အတွက် နေ့တွက်ပေးရုံသာ။

မီးသမားက ထွန်းအေး၊ သူကတော့ ပိတ်ကား ရုပ်ရှင်မှာ နောက်လိုက် မီးသမား လုပ်ဖူးသည်။ အလင်းအာဒမှာဝ်မှန်အောင် မီးကိုင် မကျွမ်းကျင်ပေမယ့် အဖြစ်သောက်တော့ရသည်။ သူ့ကို လည်း နေ့တွက် ထပ်ပေးရင် ပြီးသည်။

သောက်တာ၊ စားတာကတော့ အတူတူ၊ လုပ်ငန်း စချိန်မှ ပြီးဆုံးချိန်အထိ ညနေပိုင်းအတွက် ဇော်ရဲမောင်တို့ ကိစ္စဖြစ်ရာ အလိုအလျောက် ဖြစ်လာရမည့် ကိစ္စဖြစ်သောကြောင့် အဲသည် ကိစ္စအတွက် အထူးတလည် ပြောစရာမလို၊ ရေလာမြောင်းပေး လုပ်ရမည်မှာ ထွန်းအေးနှင့် အောင်ခိုင်တို့၏ တာဝန်။

သူက ဆရာကြီး နေရာမှ ဟန်ပေး၍ ဝင်ထိုင်ရုံသာ။

ဇာတ်ပို့ဇာတ်ရံအားလုံးကိုလိုအပ်သလို နေ့တွက်ဖြင့်ငှားမည်။ ရာသမား နည်းနည်းပါမည်။ ဆယ်သမားတွေက အများစု။ သူ ရိုက်မည့်အခွေမှာ နာမည်ကြီး ဇာတ်ပို့၊ ဇာတ်ရံမလို။

မင်းသားနှစ်ယောက်နှင့် မင်းသမီးနှစ်ယောက်ပါမည်။ အဖေ အမေ ခန်းက အမျိုးသားဇာတ်ပို့တစ်ယောက်၊ အမျိုးသမီး ဇာတ်ပို့တစ်ယောက် ပါမည်။ တောင်မရောက် မြောက်မရောက် မှင်းသေ၊ တပည့်လူရွှင်တော်တစ်ယောက်ပါမည်။ ကျန်တာတွေ က လူကြမ်းအဖွဲ့သားတွေ ဘဲဘဲ ငှားရမည်။



သူတို့ကို နေ့တွက်ပေးငှားပြီး ကျန်သောဇာတ်ရံများအတွက် မောင်ပါချင် မယ်ပါချင်လေးတွေ အများကြီးရှိသည်။ သူရိုက် မည့် အခွေအတွက် သုံးလို့ရသည်။ သူတို့ကို နေ့တွက်မပေးရသည့် အပြင် သူတို့ဆီကပင် အသုံးစရိတ်ထွက်လာဦးမည်။ ထောင် ဂဏန်း မထွက်နိုင်သော်လည်း ရာဂဏန်းတော့ သေချာသည်။

ခေါ်ပါ...ခေါ်ပါဟု တကျိကျိ နားပူနားဆာလုပ်နေသူ တွေကလည်း အဆင်သင့်။

အင်ဒိုးအတွက် အဆောက်အအုံငှားစရာမလို၊ ဖဆပလ ချုပ်ကွက်၌ နေသော အစ်ကိုဖြစ်သူ၏ တိုက်ခန်းကို အသုံးပြုရိုက် ရမည် ဖြစ်သောကြောင့် ငွေကြေးကုန်ကျစရာမလို၊ ဇာတ်သိမ်း အရ မင်းသမီးက ဆင်းရဲသူအခန်းမှပါရမည်ဖြစ်ရာ ဒါရိုက်တာ ကြီးက သူ နေထိုင်ရာအိမ်ကို ရွေးချယ်လိုက်သည်။

ကဲ...ဘယ်လောက်များ ဟန်ကျလိုက်သလဲလို့။

ရှုတင်ထွက်မည့်ကားကို ခုနစ်ရက်အတွက် တစ်ထောင်ဖြင့် ငှားလိုက်၏။ ထိုစဉ်က ဓာတ်ဆီပေါသဖြင့် နေ့တွက်ငှားခသည်း သက်သာသည်။ တစ်နေ့လုံး သုံးမှ နှစ်ဂါလန်ပဲ အချားဆုံး ကုန်သည်။

ရှုတင်မန်နေဂျာဟူ၍ သီးခြားမငှား၊ သူ့အား ကန်ထရိုက် စနစ် လွှဲထားသောကြောင့် သူကိုယ်တိုင်ပဲ ရှုတင်မန်နေဂျာ လုပ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ရှူတင်ထွက်သောအခါ ကျွေးမွေးရမည့် နံနက်စာကို ဒေါ်ရှိုက်တာကြီး မိန်းမဖြစ်သူက ချက်သည်။ ကြက်သားတစ်ပိဿာလေးဆယ်စျေး၊ အာလူးနှင့် ရောကျွေးသမို့ ကြက်တစ်ပိဿာ ငါးဆယ်ကို အာလူးနှစ်ပိဿာ ငါးဆယ်ဖြင့် ရောသည်။ ငံပြာရည်ချက် ပေျင်တပျစ်လေးချက်ပြီး တို့စရာပါသော တစ်နပ်စာ ထမင်းမှာ အကောင်းကြီးဟုမဆိုသာသော်လည်း စားချင်စဖွယ်ရှိဘိ၏။

ပေါင်သားနှင့် အမြစ်အသည်းမှာ မင်းသမီးအတွက်၊ ကျန်သည့် လူတွေအတွက်က အာလူးသုံးဖတ်၊ ကြက်အရိုးအသား နှစ်ဖတ်၊ ဘယ်လိုပဲကျွေး ကျွေး ဟိုနှယ်သည်နှယ် ပြောမည့်သူမှ ပါမလာတာ၊ သည်လောက်ကျွေးတာကိုပဲ ကျေးဇူးတင်ရသေးသည်။ ချဉ်ရည်ဟင်းနဲ့ကျွေးလည်း ဖြစ်တာပဲဟာ၊ ကင်မရာမင်းနှင့် မင်းသမီးမှ တစ်ပါး အားလုံးမှာ သူ့လူတွေချည်း။

အဖွဲ့သားအားလုံး တိတိကျကျလိုက်နာရမည့်တင်းကျပ်သော စည်းကမ်းတစ်ခု ထုတ်ထားသည်။ အဲသည်စည်းကမ်းကိုထုတ်ပြန်သူမှာ ဒေါ်ရှိုက်တာကြီး မဟုတ်။ ဒေါ်ရှိုက်တာကြီး၏ ဇနီး ဒေါ်လုံးခင်။

ဒေါ်လုံးခင် ထုတ်ထားသော စည်းကမ်းမှာ ထူးထူးထွေထွေ မဟုတ်။ တရုတ်အမဲကိစ္စ၊ ဒေါ်လုံးခင်က မင်းကလေးနှင့် လက်ဆက်ထားသူ၊ ဒါကြောင့်မို့ ရှူတင်ထွက်သည့်အခါ မြင်အာ ဆင်သာ ဝက်သားကိုထားလို့ ဝက်သားနှင့် အနံ့ အသက်မကင်း



သော မုန့်ပဲသွားရည်စာကိုပင် ယူဆောင်စားသောက်ခြင်းမပြုရ ဟု ပြောဆိုမှာကြားထားသည်။

ဒေါ်လုံးခင်တို့ နတ်သမားတွေက ဝက်သားကို ဝက်သားဟု အခေါ်အဝေါ်မပြုဘဲ တရုတ်အမဲလို့သာ ခေါ်ကြသည်။ အမှတ်တမဲ့ ဝက်သားလို့ ခေါ်မိရင် ဘွာခတ်ရသည်။

ခင်ပွန်း လင်သား မကြိုက်နှစ်သက်သည်ကို ဇနီးမယားက ရှောင်ကြဉ်ရမည်မှာ လောက၏ နိယာမ။

ဒေါ်လုံးခင်မှာ ခင်ပွန်းနှစ်ယောက်ရှိသည်။ တစ်ယောက်က ဒြပ်မဲ့၊ တစ်ယောက်က ဒြပ်ရှိ။

ဒေါ်လုံးခင်က လက်တွေ့ ပေါင်းသင်းဆက်ဆံနေထိုင်သူ ဒြပ်ရှိခင်ပွန်းမကြိုက်တာကို မထေမဲ့မြင်ပြု၍ ထော်လော်ကန့်လန့် အရှိ တိုက်ရဲသော်လည်း ဒြပ်မဲ့ခင်ပွန်းဖြစ်သူကိုမူ တုန်နေအောင် ထက် သာလွန်သော ချေးချမ်းအောင် ကြောက်ရသည်။

အရှိ တိုက်ဖို့နေနေသာသာ နှုတ် ထွက် စကားနှင့် သော် မ မထေမဲ့မြင်မပြုရဲ။ ဒါကြောင့် ဝက်သားကို တရုတ်အမဲလို့ ခေါ် ရသည်။

ဒြပ်ရှိ ခင်ပွန်းဖြစ်သူက ဝက်သားကို ကြိုက်သလားမမေးနဲ့ အမြီးကနေ ခေါင်းအထိ အကုန်ကြိုက်သည်။ ဒါပေမယ့် မှာတော့ မဟုတ်။ အပြင်မှာ။

ဒေါ်ရှိုက်တာကြီးက ဒုတိယမင်းသမီးအဖြစ်ပါဝင်သရုပ်ဆောင် စေမည့်သူမှာ အစမ်းခွေရိုက်စဉ်က ပါခဲ့သော ဗွီဒီယိုဆ ဖြစ်၏။

အခွေမရသေးသော ဗွီဒီယိုမိုးစွဲနေသူကလေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ခေါတ်ပြားခေတ်ဘ ခေါတ်ပြားရ အဆိုတော်၊ ကက်ဆက်၊ စီးရီးခေတ် အခွေရအဆိုတော် ရှိသလို၊ ဗွီဒီယိုခေတ်မှာလည်း အခွေရသရုပ်ဆောင်ဟူ၍ ရှိသည်။

ပိုးမကလေးမှာ အခွေမရသေး၊အမည်ခံပဲရှိသေးသည်။အခွေရဖို့ အသေအလဲလိုက်နေရသူဖြစ်ရာ ဘုန်းကြီးရှူးနှင့် လှေသူး ပမာ စကားသို့နှယ် ဒါရိုက်တာကြီးနှင့်တွေ့ပြီး အခွေရ မင်းသမီး စာရင်းဝင်တော့မည်မို့ မိုးမမြင်လေမမြင် မြူးပျော်နေသည်။

အိမ်မှာ မုန့်ကြီးတစ်ချပ်ထောင်ပြီး ထမင်းမေ့ ဟင်းမေ့ အမူအရာ ကျင့်နေရပြီ၊ စိတ်ကူးယဉ်အိပ်မက်ပေါင်းစုံ တစ်သီ တစ်သွယ်ကြီးကလည်း လှလှပပကြီး အနေ့ာင့်အသွက်ပေးနေပြီ၊ ပိုးမလေးကတော့ ဒါတွေကို မမှု၊ ဆန္ဒဇောစိတ် တခွသွားကြီးဖြင့် ဘဝင်ခိုက်လျက်သာ။

ဒါရိုက်တာကြီးနှင့် ပိုးမလေး မိဘများမှာ ခင်မင်ရင်းနှီးစွဲ ရှိနေကြသောကြောင့် အတုံးလိုက် အတစ်လိုက်မလှီးသာပေမယ့် ပါးပါးရိတ်ရိတ်ကလေးတော့ လှီးသင့်သလောက် လှီးပြီးပြီ။

အကျင့်စရိုက်ဆိုသည်မှာ ဖျောက်ရခက်ဘိခြင်း။

ဖြစ်ပါလိမ့်မည်ဆိုသော မျှော်လင့်ချက်မျိုးမဟုတ်။ဖြစ်ပဟော့ ဆိုသည့် သေချာပေါက် မျှော်သင့်ချက်ပေးလိုက်ပြီ။

သရုပ်ဆောင်ခ မပေးရဘဲ တုံ့ပြန်ကျေးဇူးဆပ်ခံရဖို့ သေချာသော၊ ငှက်လည်းသေ အသားလည်း စားရမည့် နည်းကို သုံးလိုက်၏။

ပိုးမလေး မိဘများက စီးပွားရေးအနေအထားကောင်းသလို သမီးကိုလည်း အလိုလိုက်သည်။



ရုပ်ပဲကြည့်....

သေချာပြီဆိုသည်ကို ပြောရရုံရှိသေး၊ နှစ်ထောင်ကျော်တန် နာရီတစ်လုံးဖြင့် ကျေးဇူးတုံ့ပြန်၍ သမီးဖြစ်သူအား ကန်တော့ စေခဲ့၏။

ကဲ...အဲသည်လို ဒါရိုက်တာမျိုးများ မဖြစ်ချင်ဘူးလား။

ဇော်ရဲမောင်တို့ဆီက အပြီးအပြတ် ကန်ထရိုက်စနစ်ဖြင့် ငွေခြောက်သောင်းငါးထောင် ရယူလိုက်ပြီးနောက် ပွဲဦးထွက် ရိုက်ကွက်ဆင်လိုက်ပုံမှာလည်း ပညာသားပါပါဘိ။

ကန်တော့ပွဲကိစ္စ။

ပိတ်ကား ရှုပ်ရှင်မှာပဲဖြစ်ဖြစ် မှန်သား ရုပ်ရှင်မှာပဲဖြစ်ဖြစ် ရုပ်ရှင်ကား၊ ဒါမှမဟုတ် အခွေရိုက်တော့မည်ဆိုလျှင် ကန်တော့ပွဲ ပေးရသော ထုံးတမ်းအစဉ်အလာရှိသည်။ ထုံးစံအတိုင်း အုန်း၊ ငှက်ပျောပွဲပြင်ပြီး ထုတ်လုပ်သူအပါအဝင် သရုပ်ဆောင်တွေ အားလုံး ကန်တော့ကြရသည်။

မည်သူ့ကိုရည်စူး၍ ဟူ၍တော့ တိတိပပမရှိ။

ထုံးတမ်းအစဉ်အလာအရ လုပ်ဆောင်သည်မျိုးပဲ ရှိသည်။ ထုတ်လုပ်သူကလည်း အောင်မြင်ပါစေ၊ ဒါရိုက်တာက [illegible] အချော် အတိမ်းအစောင်းမရှိဘဲ ပြီးစီးရပါစေ၊ သရုပ်ဆောင် တွေကလည်း ချောချောမောမော မြန်မြန်ပြီးပါစေပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကန်တော့ပွဲပေးသည်မှာ ဦးတည်ချက်နှစ်ရပ်ရှိသည်။

တစ်ရပ်က အစဉ်အလာအရ ထုံးတမ်းစဉ်လာရှိသည်နှင့်အညီ လုပ်ဆောင်ခြင်း၊ နောက်တစ်ရပ်က ဤဒါရိုက်တာ၊ ဤမင်းသား၊ မင်းသမီးများနှင့် ဤဇာတ်ကား ဤအခွေကိုရိုက်တော့မည် ဟူ၍ ကြေညာခြင်း(ဝါ)ကြော်ငြာခြင်း ဖြစ်၏။

အဲသည်ပွဲကို အကျဉ်းရုန်း၍ လုပ်ကြသလို အကျယ်ချဲ့၍လည်း လုပ်ကြသည်။

ထုတ်လုပ်သူ၏နေအိမ်မှာ လုပ်သည်။ ရုပ်ရှင်အစည်းအရုံး တည်ရာမှာ လုပ်သည်။ ခပ်ထွားထွား သမားတွေကတော့ ကရဝိက်နှင့် သမ္မတဟိုတယ်များမှာ လုပ်ကြသည်။

အကျေးအမွေး ပါရသည်။

ရိုးရိုးဖိတ်စာ၊ ထည်ထည်ဝါဝါဖိတ်စာ၊ ခမ်းခမ်းနားနား ဖိတ်စာများဖြင့် ဖိတ်ကြသည်။

ပိတ်ကား ရုပ်ရှင်ခေတ်က ထိုကိစ္စကို ဟိုတယ်တွေမှာ လုပ်လေ့မရှိ၊ အိမ်မှာလုပ်သည်။ ရုပ်ရှင်စတူဒီယိုမှာ လုပ်သည်။ ဖိတ်စာကိုလည်း သဘောပေါက်လောက်ပဲ လုပ်ကြသည်။

ဗွီဒီယိုခေတ်မှာတော့ ဖိတ်စာကအစ နေရာအပါအဝင် တခမ်းတနား လုပ်ကြ၏။

ရုပ်ရှင်မှာက တစ်ကားချင်း ကန်တော့ပွဲပေးကြသည်။ ဗွီဒီယိုမှာ သုံးကားတွဲ၊ လေးကားတွဲ တစ်ချိန်တည်း ကန်တော့ပွဲပေးကြသည်။ အဲသည်တော့လည်း ဝင့်ဝင့်ထည်ထည်၊ ခမ်းခမ်းနားနား လုပ်နိုင်ကြသည်ပေါ့။



အဲသည်မှာ မပါမပြီး ဖိတ်ရသူတွေကတော့ စာနယ်ဇင်းသမားတွေပါ။

ဟိုယခင်ကတော့ ရုပ်ရှင်နှင့်ပတ်သက်သော ရုပ်ရှင်မဂ္ဂဇင်း၊ ရုပ်ရှင်စာစောင်သမားများကိုသာ ဖိတ်ရသည်။ ယနေ့ခေတ်မှာတော့ မဂ္ဂဇင်းသမားအားလုံးကို ဖိတ်ရသည်။ စာပေ၊ မဂ္ဂဇင်းတွေကလည်း ရုပ်ရှင်မဂ္ဂဇင်းလို သတင်းဟုလည်း ဆိုနိုင်၊ ကြော်ငြာဟုလည်း ပြောနိုင်သော ဗွီဒီယိုအခွေများအကြောင်းကို ဝေဝေဆာဆာ ဖော်ပြနေကြပြီ ဖြစ်၏။

ဒါတင်မကသေး 'ဂျူးသမား'တွေကိုလည်း အထူးဖိတ်ကြားရသေး၏။

သူတို့က အရည်မပါရင် အဖတ်မမျှနိုင်သော ကြောင့် အထူးပိုင်း စီစဉ်ပေးရ၏။ သို့မှသာ သာသာထိုးထိုးလေး အပင့်အမြောက်ကလေးများဖြင့် ရေးသားဖော်ပြကြလိမ့်မည်ပါ။

ဇော်ရဲမောင်တို့ အခွေရိုက်တော့မည်မို့ ကန်တော့ပွဲကိစ္စအတွက် ဆရာကြီးက အမေးစကားရှိလာသည်။

ထွန်းအေးနှင့်အောင်ခိုင်ကလော့်စကားသွင်းထား ပြီးဖြစ်၏။

'ဆရာကြီးက ထုံးစံနှင့်အညီ ရိုးရိုးကန်တော့ပွဲ ပေးလိမ့်မည်။ ကိုယ့်ဟာကိုယ်ဆိုလျှင် ထည်ထည်ဝါဝါ ခမ်းခမ်းနားနား လုပ်နိုင်မည်။ ဆရာကြီးမေးလာလျှင် ကျွန်တော်တို့ တာဝန်ယူပါမည်၊ ကန်တော့ပွဲ အခမ်းအနား ထိပ်တန်းကျကျ လုပ်ပေးပါ' ဟု ပြောရန် ကြိုတင်နားသွင်းပြီးသား။ ဆရာကြီးအမေး ရှိလာသောအခါ သူတို့က ထွန်းအေး နားသွင်းထားသည့်အတိုင်း ပြောလိုက်၏။

www.burmeseclassic.com



'ကိုယ်ကတော့ လုပ်ရိုးလုပ်စဉ် သဘောလောက်ပဲ လုပ်ချင်တယ်၊ မောင်ရင်တို့ အကုန်အကျများမှာစိုးလို့ ပြောတာ၊ ချဲ့ချင်ရင် ချဲ့ချဲ့သလောက် အကုန်စရိတ်များလိမ့်မယ်'

'ရပါတယ် ဆရာကြီး၊ ကျွန်တော်တို့ ဘယ်လောက်များ....'

'ဒါကိုတော့ ပုံသေကားချပ် ပြောလို့မရဘူး၊သုံးလေးထောင်လောက်တော့ ကုန်လိမ့်မယ်၊ ကိုယ်ကတော့ အပိုအကုန်မခံဖို့ဘဲ တိုက်တွန်းချင်တယ်၊ ဒါမှ လုပ်ချင်တယ်ဆိုရင်တော့ မောင်ရင်တို့ သဘောပဲ'

'ဟုတ်ကဲ့၊ ကျွန်တော်တို့ လုပ်ချင်ပါတယ်၊ ဆရာကြီး ဝန်မလေးဘူးဆိုရင်တော့ စီစဉ်ပေးစေလိုပါတယ် ခင်ဗျာ'

'အေးလေ၊ မောင်ရင်တို့ ဒီလောက်တောင် ဆန္ဒရှိနေမှတော့ စီစဉ်ပေးရမှာပေါ့'

အဲသည်ကုန်ကျစရိတ်ထဲကလည်း တစ်ထောင့်ငါးရာ၊ နှစ်ထောင်လောက်တော့ သာသာလေး နှုတ်လိုက်ရဦးမည် ဖြစ်၏။

မုန့်ဟင်းခါးကျွေးသည်။ ဒေါ်လုံးခင်ချက်သော မုန့်ဟင်းခါး အရေဆရာများအတွက် သုံးလုံးထောင်ပေးလိုက်သည်။ အမည်းက အာလူးကြော်။

ဖလင်ပါသည် မပါသည်တော့မသိ ရိုက်လိုက်သည့် ဓာတ်ပုံတွေကတော့ဖြင့် တဖျပ်ဖျပ်။

စာနယ်ဇင်းသမားများနှင့် မိတ်ဆက်ပေးသည်။ သူတို့နှစ်ယောက်က ထွန်းအေးတို့သင်ပေးထားသည့်အတိုင်း သီးခြားညှိခံပွဲပေးပါဦးမည်ဟု ကတိပေးလိုက်သည်။



ကန်တော့ပွဲသို့ ရောက်လာသူများဟာ ဒါရိုက်တာ... အကြောင်း သိနေကြသမို့ မပြုံးတုံ့တုံ့၊ ပြုံးတုံ့တုံ့ ဖြစ်နေ... သည်။

မြေ-မြေချင်းတွေ့ပဲဟာ ခြေမြင်ကြသပေါ့။

ရောက်လာကြသူများအနက် ရိုးရိုးကြည့်မြင်သူများပါသ... ကြားဖြတ်ဆွဲလို့ ရဦးမလားလို့ အချောင်ဆွဲချင်သော အမြင်... ကြည့်သူများလည်း ပါကြသည်။ တစ်ချို့ကတော့ ကြားဖြတ်... လို့ ရမလားလို့ အကဲခတ် ကြည့်-ကြည့်ကြသည်။

ဖြတ်ထစ်သမားတွေကတော့ ဒါရိုက်တာကြီး ခြေပုန်းခု... သိပ်သည်။ ပြီး သားကောင်းအရှာတော်စွမ်းပုံကို ချီးကျူ... သွားကြသည်။

သည်လိုနှင့် ကန်တော့ပွဲပေးခြင်းကိစ္စ ပြီးဆုံးသွားရာ ဇော်... မောင်တို့နှစ်ယောက်မှာလည်း ခကျကျေနပ်နပ်ပြီး ဂွမ်းဆီထိ ပိ... ကို ပိုက်ထွေးလိုက်ရ၏။

မင်းသမီးနှင့် ရင်းနှီးသူများကတော့ တိုးတိုးတိတ်တိတ် သ... ပေးစကား ပြောသွားသည်။

'ကြည့်လဲလုပ်ဦးနော်၊ ဖြစ်မါမလားလို့'

မင်းသမီး သရုပ်ဆောင်အပါအဝင် အခွေတစ်ခွေ ရိုက်... သည်အထိ -အဲသည်အချိန်က အတွေ့တွေ ကုန်ကျ... နှစ်သောင်း၊ နှစ်သောင်းငါးထောင်ထက် မပို။

ရိုက်မည့်အခွေက ရောင်းတန်းဝင်၊ ဈေးကွက်ဝင် ... အခွေမဟုတ်၊ အဖြစ်အခွေ၊ တွဲဖော်နှစ်ယောက်ကို ... နောက် သူ့အတွက် ငွေသုံးသောင်း ဝါကြွားသွားသည်။

www.burmeseclassic.com



အခွေရိုက်နေစဉ်အတွင်း ဟိုအကြောင်းပြ၊သည်အကြောင်းပြ တောင်းတာတွေ မပါသေး။

ဇော်ရဲမောင်တို့က နေ့စဉ်ဝိုင်းဖွဲ့ ကုန်ကျစရိတ်ကို ရှင်းရ သေးသည်။

သူတို့နှစ်ယောက်က ဒါရိုက်တာဆရာကြီးအတွက်သာ မဟုတ် သေး၊ သူတို့အခွေ ပိုပြီးအဆင်ပြေအောင် မင်းသမီးအတွက်ရော၊ ကင်မရာမင်းအတွက်ပါ မျက်နှာလို မျက်နှာရ လက်ဆောင်ပေးရ ကျွေးမွေးရသော ကုန်ကျစရိတ်မှာလည်း မနည်း။

သို့တစေ သူတို့က ငွေကို အလေးထားသူများ မဟုတ်သည့် သုံးနိုင်ဖြုန်းနိုင်သူ၊ ခေတ်လူငယ်တို့၏ စရိုက်ခေလ အတိုင်း ကုန်ရ သည်လို့ သဘောမမူသလို အတွက်အချက်လည်း မလုပ်။ လက်ကိုင်ငွေကလည်း အတောင့်အထည် ရှိနေသလို သူတို့ကိစ္စ ချောချောမောမော အောင်မြင်ရေးကိုသာ အဓိကထားနေကြ သည်။

တာထွက်စမှာတော့ လူငယ် သဘောသဘာဝအတိုင်း မြူးမြူးပျော်ပျော် လျှားလျှား၊လျှားလျှား၊ကြွားကြွားရွှားရွှား ဖြစ်နေကြသည်။

အကြောင်းကတော့ ထွန်းအေးတို့ပြောပြထားသည်ကြောင့်။

အခွေရိုက်သည့်အခါ အခန်းစဉ်လိုက်မရိုက်၊ဇာတ်ဝင်ခန်းနှင့် ရိုက်ကွက်ပေါ်မူတည်ပြီး ဟိုရောက်၊ သည်ရောက် ရိုက်ရသည်။ အားလုံးပြီးလို့ အယ်ဒီတင်းခေါ် တည်းဖြတ်သည့်အခါကျမှ ရိုက်ပြီးသား အခွေများထဲက အခန်းတိုများကို အစဉ်လိုက် အခွေသစ်တစ်ခုမှာ ပြန်ကူးရသည်။



အယ်ဒီတင်းခေါ် တည်းဖြတ်ပြီးမှ မူရင်းအခွေရသည်။

အဲသည်အခွေကို နောက်ခံတီးလုံးနှင့် သီချင်းထည့်ဖို့ ရုပ်ရှင် ဝေါဟာရအရ 'ဒပ်တင်' လုပ်ရသည်။

သို့ကလို ပြောထားသောကြောင့် သူတို့က ဒါရိုက်တာကြီး ဘာတွေ လုပ်နေပါလိမ့်ဟု သံသယမဖြစ်မိ။

ဒါရိုက်တာကြီးခိုင်းသလို လုပ်ကိုင်ရင်း၊ ဒါရိုက်တာကြီးကို ပြုစုရင်း ရိုက်ခွေမြန်မြန်ပြီးဖို့ကိုသာ စိတ်စောနေကြသည်။

အဲ....ဖွတ်ထွက်လို့ တောင်ပို့မှန်း သိသည်ကတော့ ရှူတင် ငါးရက်မြောက်နေ့။

ပြဿနာစလာသည်။

သူတို့နှင့်တော့ မဆိုင်။ ဒါရိုက်တာကြီးနှင့် တိုက်ရိုက် သက်ဆိုင်သည်။

ဒါရိုက်တာကြီး အခွေရိုက်သည့် ရိုက်ပုံရိုက်နည်းအပေါ် မင်းသမီးက မကျေနပ်။ အတွေ့အကြုံရှိသူ မင်းသမီးအား ဒါရိုက်တာကြီး အခွေရိုက်ပုံ ရိုက်နည်းမှာ ပီပီပြင်ပြင်မရှိဘဲ တောင်ရောက် မြောက်ရောက်၊ အမယ်ဘုတ်ရဲ့ သူ့ချည်ခင်လို ဖြစ်ရာ ကောင်းအဆင့်၊ သင့်အဆင့်ထားလို့ ညှိအဆင့်ယ် မဝင်နိုင်။

အလွန့်အလွန်ညံ့သော အဆင့်ဖြစ်ဖို့ သေချာနေရာ နာမည်ရှိ မင်းသမီးက သည်ပုံဖြင့် စခန်းဆက်သွားရင် တက်သစ်စ သူ့ နာမည် ကျွမ်းဒယသန်ဖြစ်သွားမည်မို့ ဆက်မရိုက်နိုင်တော့ ကြောင်း ငြင်းဆန်စကား ပြောလာသည်။

အခြေအတင် စကားများကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက တင်းသည်၊ ဒါရိုက်တာကလည်း တင်းသည်။

ဒါရိုက်တာကြီးနှင့် မင်းသမီးတို့ ပြဿနာကို သူတို့က လိပ်ပတ်လည်အောင် နားမလည်သော်လည်း သူတို့က သဘော ပေါက်သင့်သလောက်တော့ ပေါက်သည်။ ဒါပေမယ့် သူတို့က ဘာမှ မပြောရဲ။ ထွန်းအေးတို့ကလည်း လက်တို့ထားသည်။

တစ်ဖက်ကတင်း၊ တစ်ဖက်ကလျှော့လျှင် ကြိုးပြေဖ်၊ နှစ်ဖက် တင်းတော့ ကြိုးပြတ်ဖို့ သေချာသည်။

အခြေအနေမှာ လိပ်ခဲတင်းလင်းအဆင့်သို့ ရောက်သွားပြီ။

ရိုက်ကွင်းသို့ မင်းသမီး မလာသည်မှာ နှစ်ရက်ရှိသွားပြီ။

သည်ကိစ္စနှင့်ပတ်သက်ပြီး ဘယ်သို့သော အခြေအနေရှိသည် ကို ရိုတ်ဖမ်းသံဖမ်းလေးသော်မှ မပြော၊ သူတို့ကလည်း လေသံ မရဲတရဲဖြင့် အခွေအတွက် စိုးရိမ်မှုကို တွေးပိုက်ရင်း ရိုက်ကွင်း ပေါ်မှာ ဒါရိုက်တာကြီးခိုင်းသမျှ လုပ်နေသည်။

ရိုက်ကွင်းသို့ မင်းသမီးမလာစေကာမူ ဒါရိုက်တာကြီးက ဒုတိယ မင်းသမီးနှင့် ရိုက်စရာရှိသော အခန်းများကို ဆက်ရိုက် နေသည်။

သူတို့နှစ်ယောက်က ထွန်းအေးနှင့် အောင်ခိုင်တို့ကို တိုးတိုး တိတ်တိတ် မေးကြည့်သော်လည်း ရေရေရာရာ အဖြေမရ။ ဘဝင် မကျစရာ တုံ့ပြန်စကားကိုသာ ကြားလိုက်ရသည်။

'ပူမနေစမ်းပါနဲ့ ဇော်ကြီးရာ၊ စာချုပ်ရှိပါတယ်၊ မင်းသမီး က ကားဆက်မရိုက်လို့ ဘယ်ရမလဲ၊ နောက်ဆုံး သူမရိုက်တော့ ရော အကြောင်းလား၊ မင်းသမီးကို သေးစ်လိုက်အာပေါ့၊ ဒုတိ



ယမင်းသမီးနဲ့ ဇာတ်ကို အဆုံးသတ်လို့ ရပါတယ်၊ ဒါတွေ ဆရာ ကြီးလုပ်တတ်ပါတယ်၊ စိတ်အေးအေးထားစမ်းပါ'

သူတို့ပြောပုံက မရေမရာမင်းသမီးမပါတော့ရော အကြောင်း လားဟု ခပ်လွယ်လွယ် ပြောလိုက်ပုံမှာ သူတို့အတွက် ဘဝင်မကျ စရာ ဖြစ်သွားရသည်။

သူတို့နှစ်ယောက်က မျက်နှာသစ် ဒုတိယ မင်းသမီးကလည်း မျက်နှာသစ်။ မရိုးသတ် လုံးဝမရှိသေးသူတွေ တစ်ခွေလုံး၏ မဏ္ဍိုင် အားမှာ မင်းသမီးအပေါ် တွင်တည်နေသည်။ ဒါလောက်တော့ သူတို့လည်း သိသည်။

* * *

ခု မင်းသမီးက ရိုက်ကွင်းသို့ မလာတော့ပြီ။

မင်းသမီးမပါမည်ဆို သူတို့အခွေ ဘယ်အနေအထားသို့ရောက် ပြီး ဘယ်လိုအခွေမျိုး ဖြစ်လာမည်ကို....။

သူတို့ ဆက်တွေးစရာမလိုတော့ ဆက်တွေးလျှင် တွေးသ လောက် ဦးနှောက်စားရုံပဲ ရှိမည်မို့ ဘာဆက်လုပ်သင့်သည်ကို ပြတ်ပြတ်ထင်ထင် စဉ်းစားဆုံးဖြတ်ရတော့မည်။

သူတို့နှစ်ယောက် တိုင်ပင်ပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

မင်းသမီးကို သွားတွေ့ရမည်ဟု....။

ဆရာကြီးနှင့် ထွန်းအေးတို့ကို ဘာမှ မပြောဘဲ မင်းသမီးအိမ် သို့ သွားရောက်တွေ့ဆုံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက အဆင့်အတန်း လုံးဝမရှိသော အခွေသာဖြစ်လာ၍ ကျိန်းသေကြောင်း သည်သို့ သည်ပုံဗွီဒီယို အခွေရိုက်ပုံမျိုးကို တစ်ခါမှ မကြုံဖူးသလို နားလည်းမလည်ကြောင်း သူတို့ရိုက်နေပုံမှာ အခွေဖြစ်ပြီးရောရုပ်ပုံပေါ်ပြီးရောသဘောဖြင့် ဖြစ်ကတတ်ဆန်းရိုက်နေသည့် အကြောင်း၊ အယ်ဒီတင်းလုပ်ပြီးသည့်အခါ တပေါက်တိကပေါက်ချာအခွေမျိုးသာထွက်လာမည့်အကြောင်းကို သူတို့နှစ်ယောက် သဘောပေါက်အောင် စိတ်ရှည်လက်ရှည် အသေးစိတ်ရှင်းပြသည်။

သူတို့နှစ်ယောက်မှာ ဘာပြန်ပြောရမှန်းမသိအောင် မျက်နှာပျက်ပြီး ငိုင်ဆင်းသွား၏။

နှလုံးတုန်၊ ရင်ခုန်သွားရုံမက အသားတွေ တဆတ်ဆတ်တုန်အောင် ရှက်စိတ်မွန်ထူသွားရသည်။

သူတို့က ဒါရိုက်တာကြီးကို မကျေနပ်ပေမယ့် သူတို့ကို ငဲ့ညှာသောအားဖြင့် အခွေပြီးအောင် ရိုက်ပေးဖို့နှင့် သရုပ်ဆောင်ခငွေသုံးထောင် ထပ်၍ ကျေးဇူးပြုမည့်အကြောင်း စကားဖြင့် အနူးအညွတ် မေတ္တာရပ်ခံခဲ့ကြ၏။

အခွေအတွက် ငွေအပြီး အငြိမ်းပေးပြီးကြောင်းလည်း ပြောပြကြသည်။

ဒါပေမယ့်....

'ကျွန်မ သိပ်ကို အားနာပါတယ် ကိုဇော်ရဲမောင်၊ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်လို့ပါ၊ ကျွန်မအား မနားတမ်း ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင် အဲဒီအခွေဟာ ဘယ်လိုမှလဲ ရောင်းတန်းဝင်မှာ မဟုတ်ပါဘူး၊ ရသလောက်နှင့် ရောင်းရင်တောင်မှ ဖြန့်ချိ



ရေးလုပ်ငန်းရှင်တွေ ခေါင်းခါမှာ သေချာပါတယ်၊ အချောင်ရ လွှန်းမကရလို့ ဖြန့်ချိရင်လည်း ပရိသတ်အော်ကြောလန့်မြီး အဖတ်ဆယ်မရအောင် နာမည်ပျက်မယ့်အခွေဖြစ်ဖို့ သေချာပါတယ်၊ ကျွန်မပြောတာ မှန်-မမှန် အခွေပြီးရင် သိပါလိမ့်မယ်၊ ကျွန်မဘက်ကိုလဲ ငဲ့ညှာဖို့ တောင်းပန်ချင်ပါတယ်၊ ကျွန်မဟာ တက်သစ်စပဲ ရှိသေးတာပါ၊ အညွန့်ချိုးခံလိုက်ရသလို ဖြစ်မှာမို့ ကျွန်မ ပြေလည်အောင် ပြောပါသေးတယ် မရပါဘူး၊ ညီညီနိုင်းနိုင်း လုပ်ကြမယ်ဆိုရင် ကျွန်မလဲ လက်ခံမှာပါ၊အဲဒါကိုဇော်ရဲမောင်တို့ ကြိုးစားကြည့်ကြပါဦး'

အဲသည်လို တုံ့ပြန်စကားဖြင့် မင်းသမီးဘက်မှ သဘောထားအပြည့်အစုံကို ပြောပြသည့်အပြင် အိသင့်သိအပ်သော ဒါရိုက်တာကြီးအကြောင်းနှင့် အခြေအနေကိုပါ အသေးစိတ်ပြောပြလိုက်သည်။

'ရိုက်ပြီးသလောက် အခွေအကြမ်းတွေကို ဇော်ရဲမောင်တို့ကြည့်ပြီးပြီလား'

'ကျွန်တော်တို့ မကြည့်ရသေးပါဘူး ခင်ဗျာ'

'ကြည့်....ကြည့်ပါဦးလေ'

'ကျွန်တော်တို့ ကြည့်လို့လဲ နားလည်မှာ မဟုတ်ပါဘူး ခင်ဗျာ'

'ကျွန်မက ဒီလောက်ကြီး ဆိုးဆိုးဝါးဝါး ဖြစ်လိမ့်မယ် မထင်လို့ လက်ခံလိုက်တာပါ၊ ခု ကျွန်မကို ပေးထားတဲ့ငွေအကြွင်း ထပ်စ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပြီး ပြန်ပေးမှာပါ၊ ဒီလောက်ဆိုရင် ကိုဇော်ရဲမောင်တို့ သဘောပေါက်ပါလိမ့်မယ်'

သူတို့နှစ်ယောက်မှာ မျက်နှာပျက်ပြီး ငိုင်ဆင်းသွားကြသည်။ ဆက်ပြောရန်အကြောင်းလည်း မရှိတော့။ ဒါရိုက်တာကြီးနှင့် သာ စခန်းဆက်ရမည်မို့ တပ်ခေါက်ပြန်ခဲ့ကြသည်။

'အဲ...ဖွတ်ထွက်မှပဲ၊ တောင်ပို့မှန်း သိလိုက်ကြရပါလေပြီ'

★

[ ၁၄ ]

---

အခြေအနေမလှပြီကို သိလိုက်ရပြီမို့ ဘာ ဆက်လုပ်ရတော့မည်ကို သူတို့နှစ်ယောက် တိုင်ပင်ရတော့၏။

ထွက်လာသော အဖြေမှာ ဆရာကြီးနှင့် အပြတ်ပြောကြဆိုကြရုံမှတစ်ပါး အခြားလမ်း ရွေးစရာမရှိ။

ထိုသို့ ပြောကြဆိုကြလျှင် မင်းသမီးထံသို့ ရောက်ခဲ့ကြောင်းကိုလည်း မပြောမဖြစ် ပြောရတော့မည်။ မင်းသမီးပြောဆိုလိုက်သည်များထဲက ပြောသင့် ပြောရမည်များကိုလည်း ပြောရတော့မည်။ မင်းသမီးထံ ရောက်ခဲ့ကြောင်း မပြောဘဲ တခြားအကြောင်းပြချက်ဖြင့် ပြောရန်မှာသည်း သူတို့ ဖြစ်စေချင်သည့်မျိုး ပြောလို့မဖြစ်။

ပြောကို ပြောမှဖြစ်မည်။

သို့ဆိုလျှင်....

www.burmeseclassic.com

www.burmeseclassic.com



ဇော်ရဲမောင်က သိပ်မပြတ်ချင်။ ရှုံ့တွန့်တွန့် ဆုတ်ကန်ကန် ဖြစ်နေသည်။ အခွေပြီးသည်အထိ စောင့်ကြည့်ချင်သောသဘောထားမျိုး ပြောလာသည်။

မင်းကျော်ဦးက ပြတ်သည်။

ဒါရိုက်တာ ဆရာကြီး ဆိုဈေးအတိုင်း ပိုအောပေးခဲ့သည့်အပြင် နောက်ထပ်လည်း ပြောသမျှ ဖြည့်ပေးခဲ့သည်။ နေ့တိုင်းလည်း ဧည့်ဝတ်ကျေပွန်စွာ ပြုစုခဲ့သည်။ ခု ဖြစ်လာသည့် ကိစ္စမှာ သူတို့နှင့် မဆိုင်သလို သူတို့ဘက်က ချွတ်ယွင်းချက်လည်း ဘာမှမရှိ။ ဒါရိုက်တာကြီးကြောင့်သာ ဖြစ်ရသည့် ပြဿနာ။

ဒါရိုက်တာကြီးနှင့် မရှင်းလျှင် မဖြစ်တော့။ ပြတ်သားသော အဖြေတစ်ခုခုကို ထွက်လာအောင် ရှင်းရမည်။ ဇော်ရဲမောင် မပြောချင်ရင် ရှောင်နေ။ သူ ပြောမည်ဟု ပြောလာလေသည်။

မင်းကျော်ဦးနှင့် တွေ့ပေးလိုက်လို့ကလည်း မဖြစ်။ ဒါကိုတော့ ဇော်ရဲမောင် သိသည်။ စကားနည်းသလောက် အနေအထိုင်အေးယဉ်သလောက် ဒေါသကြီးသည်၊ လက်မြန်ခြေမြန်ရှိသည်။ ဟုန်းခနဲ ခံပြင်းစိတ်နောက်ကို စိတ်လိုက်မာန်ပါ လိုက်သွားတတ်သည်။

သူတို့နှစ်ယောက်က ငယ်ပေါင်းတွေ။ မိဘများ၏စီးပွားရေးအနေအထား နိမ့်ပါးစဉ်ကပင် လက်တွဲပေါင်းသင်းခဲ့ကြရာ မင်းကျော်ဦးကို တစ်ယောက်တည်း လွှတ်ပေးလိုက်လျှင် မပေါ်သင့်သောပြဿနာများ၊ မဖြစ်သင့်သော အဖြစ်အပျက်များ ဖြစ်လာဖို့ သေချာသလို ဖြစ်အပဲ ခေါင်းတည်ရှင်းရန် လက်ခံလိုက်ရသည်။



ရှုတင်မထွက်သည်မှာ နှစ်ရက်ရှိပြီ။ ဆရာကြီးက ဇာတ်လမ်းပြုန်ပြင်နေသည်ဟု အကြောင်းပြပြီး ရှုတင်သုံးရက်နားမည်ဟု ပြောထားသည်။ ရှုတင်နားမေမယ့် သူတို့တွေ့ဆုံဝိုင်းမှာမူ မနား။

ရှုတင်နားသည့်ပထမနေ့တွင်မင်းသမီးထံသို့ရောက်ခဲ့ကြသည်။

ဒုတိယနေ့ ဝိုင်းတွင် သူတို့ကိစ္စကို ပြောကြသည်။

သောက်ရင်းစားရင်းမှ အာသွက်လျှာသွက် ရယ်ရယ်မောမော ရှိလာခိုက်တွင် ဇော်ရဲမောင်က တောပီးပန်စကားပလ္လင်ခံပြီး သူတို့ မင်းသမီးကို သွားချော့သည့် အကြောင်းဖြင့် စဘော်လိုက်ရာ စိုစိုပြည်ပြည်ဖြစ်နေသောဝိုင်းမှာ တဒင်္ဂ အခိုက်အတန့်အတွင်း တိတ်ဆိတ်ငြိမ်သက်သွားသည်။

ရွှင်ရွှင်ပျပျ ရယ်ရယ်မောမော အာသွက်လျှာသွက် ဖြစ်နေသည့် ဆရာကြီးမှာ တစ်မုဟုတ်ချင်း နှုတ်ဆိတ်သွားသလို မျက်နှာကြီး တင်းခေါက်သွားသည်။

ရုတ်တရက် နှုတ်မှ ထွက်လာသည့် စကားမှာ

'နေပါဦး၊ မောင်ရင်တို့က ကိုယ့်ကို မပြောဘဲဘာကိစ္စ သွားတွေ့ရတာလဲ'ဟု....

မေးလိုက်သည့်လေသံမှာ ခက်ထန်လွန်းပြီး ဒေါသ လှိုင်းသံအပြည့်ပါနေသည်။ တစ်ခါဖူးမှ အသည်သို့သော လေသံကို မပြောဘူးခဲ့။ သူတို့နှင့် ဆက်ဆံရာတွင် လေသံပါမက မျက်နှာပါ ပြောင်းလဲ သွယ်လွန်းလှ၏။ အစွမ်းကုန်သော လိုက်လျောမှုဖြင့်ဆက်ဆံခဲ့၏။

မျက်နှာကြီး ရှစ်ခေါက်ချိုးနှင့် စူးစူးရွှားရွှား ကြည့်နေပုံမှာတပည့် ဖြစ်သူ အပေါ်တွင် မကျေနပ်သော လူကြီးခေါင်းခေါင်းဆောင်၏ အိုက်တင်အပြည့် ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသားခေါင်းက ကျွတ်သွားလေပြီ။ ဘီလူးရုပ်သွင် အစွယ်ငေါငေါ်မှာ ပေါလောကြီး ပေါ်လွင်နေသည်။

ဇော်ရဲမောင်ထံမှ ဆက်မည့် စကားလည်း တုံ့ခနဲ ရပ်သွားတော့၏။ ငြိမ်သက်ခြင်းကို ဖြိုခွင်းလိုက်သူမှာ မင်းကျော်ဦး။

သူက တိုချွန်းလိုရင်း ပြောချလိုက်သည်၊ အထိန်းအကွက် မပါဘဲ။ မင်းသမီးထံမှသူသိသိခဲ့ရသည်များကို တိုချွန်းလိုရင်း ပွင့်ပွင့်လင်းလင်း ဖွင့်ထုတ်လိုက်၏။

စားပွဲပေါ်သို့ လက်သီးနှင့် ဆောင့်လိုက်သည့် ဟုန်းခနဲမြည်သွားသံနှင့်အတူ ပုလင်းနှင့် ဖန်ခွက်များ အမြည်းပန်းကန်များ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားသည်။

မင်းကျော်ဦးကလည်း မနေ။ ဝုန်းခနဲ ထလိုက်သည်။

ရုပ်ရှင်ထဲက ဖိုက်တင်ခန်းထက်ပို၍ ထိမိ သဘာဝကျသော ဖိုက်တင်ခန်းသို့ ကူးပြောင်းတော့မည့် အနေအထားသို့ ရောက်သွားသည်။

'ကတ်' ဝေဝင်လှုပ်လိုက်သူမှာ ဇော်ရဲမောင်

ရုပ်ရှင်စကားနှင့် ပြောလျှင် ထိုနေရာတွင်ပင် ဖြတ်လိုက်သည်။

'ကတ်'

နို့မဟုတ်လျှင် ရယ်ဒီ၊ ဝမ်း၊ တူး၊ သရီး၊ ဖိုး၊ ဖိုက် အော်၍ အလက်ဝင်ပြီး ကင်မရာကို ရွှေ့တိုး၍ အနီးကပ် ရိုက်ရမည့် ဖိုက်တင်ခန်းသို့ ဆက်ရသည်မှာ သေချာသည်။

ဇော်ရဲမောင်က မင်းကျော်ဦးကို တွန်းဖယ်ပစ်လိုက်ပြီး ဆရာကြီးကို အနူးအညွတ် တောင်းပန်၍မင်းကျော်ဦးကို သူကိုယ်တိုင် ဆွဲခေါ်ကာ ဆိုင်အပြင်ဘက်သို့ ထွက်ခဲ့ကြ၏။



ဆိုင်အပြင်မှာ ဇော်ရဲမောင်က မင်းကျော်ဦးကို ချော့မော့ ပြောဆိုပြီး ပြန်ခိုင်းလိုက်၏။

ပထမတော့မင်းကျော်ဦးကခါးခါးသီးချည် ခေါင်းခါနေ၏။

ဆယ်မိနစ်လောက်ကြာမှ မကျေနပ်သော သွင်ပြင်အမူအရာ အပြည့်ဖြင့် ဆောင့်ဆောင့်အောင့်အောင့် ထွက်ခွာသွားခဲ့သည်။

ဇော်ရဲမောင် ဆိုင်ထဲသို့ ပြန်ဝင်လာသည်။

ဒါရိုက်တာကြီး၏ တင်းမာခက်ထန်လွန်းသော မျက်နှာမှာလည်း ခက်ထန်တင်းမာမှု နည်းနည်း လျော့သွားပြီ။

ဇော်ရဲမောင်က ကျော်မင်းဦးအမူအမှုအတွက် ထပ်ဆင့်၍ တောင်းပန်စကား ပြောလိုက်၏။

'ဆောရီးပဲ ဇော်ရဲ ရှုတ်တရက် ဒေါသကြောင့် ကိုယ့်အပြုအမူ မှားသွားတယ်၊ ဒါအတွက်တော့ ကိုယ်ကသာ တောင်းပန်ပါတယ်၊ ကိုယ်တို့ ဆက်လုပ်စရာကို ဆက်လုပ်ဖို့ ထပ်တွေ့ကြတာပေါ့၊ မင်းကျော်ဦးကိုလဲ ဒီနေ့ အဖြစ်အပျက်တွေကို မေ့ပစ်ဖို့ ပြောပြလိုက်ပါ၊ ကိုယ်လဲ ဘယ်လိုမှ သဘောမထားပါဘူး'

ဒါရိုက်တာကြီးနှင့်ဇော်ရဲမောင်တို့ ပြန်၍လက်ဆွဲလိုက်ကြ၏။

ရှင်းစရာများ ရှင်းပေးပြီးနောက် ဇော်ရဲမောင်တစ်ယောက်တည်း ပြန်ထွက်လာခဲ့သည်။

မည်သို့ပင်ရှိစေ ခါတိုင်းလို တဝါးဝါး တဟားဟား ရယ်မောပြီး ဆိုင်ထဲမှ အုပ်စုလိုက်ထွက်၍ လူစုခွဲသည့်ပုံစံ ပျက်သွားပြီ။

သူတို့ကြားမှာ မသိမသာ မဟုတ်သော သိသိသာသာ ဆို အထစ်ကြီး ခံသွားပြီး ပြဿနာမှာ တိမ်မြုပ်ယောင်နှင့် နစ်သွားပါလေပြီ။

www.burmeseclassic.com



သူ မင်းကျော်ဦးကို စောင့်ခိုင်းထားသော နေရာသို့ ရောက်သောအခါ မင်းကျော်ဦးကိုမတွေ့။ ဒေါ်ပွပြီး ပြန်သွားခြင်းဖြစ်လိမ့်မည်ဟု သူလည်း တည်းခိုအိမ်သို့ပြန်ခဲ့၏။

သူတို့နှစ်ယောက်အခြေအတင်အကြိတ်အနယ်ပြောကြရသည်။

မင်းကျော်ဦးက သူတို့တောင်းသည့်အတိုင်း ငွေပုံ ပေးခဲ့ပါလျက် အစွမ်းကုန် လိုက်လျောခဲ့ပါတယ်။ သူတို့အပေါ် သည်လို မလုပ်စကောင်း မလုပ်ထိုက်။ ငတုံးတွေလို သဘော ထားဖြီးအမဲဖျက်တာမျိုးကိုတော့ လုံးဝ လက်မခံနိုင်။ သည်အတိုင်းတော့ ခေါင်းငုံ့မခံနိုင်။ အခွေဆက်ရိုက်လို့လည်း အကြောင်းမထူးတော့၊ ငွေဆုံးချင် ဆုံးပါစေ၊ မှတ်လောက်သားလောက်အောင် လုပ်ပြီးမှ ပြန်မည်ဟု တစ်ဇွတ်ထိုး ပြောနေသည်။

ဇော်ရဲမောင်က အခုလို ဖြစ်လိုက်သည့်အတွက် သူတို့ဘက်က အခြေအနေကိုရိပ်စားသဘော ပေါက်သွားမှာဖြစ်ကြောင်း၊ သူတို့ဘက်က ဘယ်လိုစခန်းဆက်မည်ကို စောင့်ကြည့် သင့်ကြောင်း၊ ကိုယ့်ဘက်က လိုလားချက်ကို အပြေအလည်ပြောပြီး ပြန်ညှိသင့်ကြောင်း၊ စိုခသာလက်ကို မခြောက်စေဘဲ အခွေ အပြီးသတ်အောင် ဆက်လုပ်သင့်ကြောင်း၊ အခုဖြစ်ခဲ့သော ကိစ္စတွင် သူတို့ဘက်က ဝန်ခံသွားသောကြောင့် အလျော့အတင်းလုပ်၍ ရမည့်အခြေအနေရှိသေးကြောင်း ပြောပုံမျိုးဖြင့် သူငယ်ချင်းဖြစ်သူကို နားချ ဖျောင်းဖျရသည်။

'တို့ဘက်က ချွတ်ယွင်းချက် ဘာမှမရှိဘဲ သူတို့ ဘက်ကသာ မဟုတ်တာလုပ်တာပါ ဇော်ကြီးရ၊ မဟုတ်တာလဲလုပ်သေးတို့ကိုလဲ အပေါ်စီးကနေ ဆက်ဆံသေးဆိုတော့ အခံရ ခက်တာပေါ့



ကွ၊ တို့က ရေမြေချည်းလုပ်နေတို့ မဖြစ်ဘူးနော်၊ မြေဟောက်မှန်း သိအောင်လဲ လုပ်ပေးဦးမှ ဖြစ်မှာကွ'

'ဒီလိုသဲ ဘယ်ဟုတ်မလဲ မင်းမင်းရာ၊ သူနဲ့ပြဿနာဖြစ်ထားတဲ့ မင်းအမီးဆီကိုတို့က သူမသိအောင်သွားဘယ်ဆိုတော့ ရှုတ်တရက် ဒေါ်ပွသွားတာ ဖြစ်မှာပေါ့ကွ၊ သူတို့ပြဿနာက ဘာခလဲဆိုတာကို တို့လဲ သေသေချာချာမသိဘူး မဟုတ်လား'

'ကဲ....ဒါဖြင့် မင်း ကတိတစ်ခုပေး ဇော်ကြီး'

'ဟေ့ ကောင် မင်းမင်း၊ မင်းက ဘာပေါက်တာလဲ၊ မင်းနဲ့ငါနဲ့ ကြားမှာ ကတိတွေ ကတက်တွေရှိရဦးမှာလား'

'ဝါပြောချင်တာက အဲဒီလိုသဘော မဟုတ်ပါဘူးကွ၊ ခုဖြစ်တဲ့ ကိစ္စမှာ တို့ဘက်က လွန်တာမဟုတ်ဘူး၊ သူတို့ဘက်ကလွန်တာ၊ သူတို့ဘာဆက်လုပ်မယ်ဆိုတာကို တို့က စောင့်ကြည့်ရမှာ၊ တို့က သူတို့ဆီကို အောက်ကျို့ပြီး စင်ဖို့မလိုဘာကို ပြောချင်တာပါ'

'ကဲ....ထားပါ၊ မင်းစိတ်ကိုတော့ ထိန်းဖို့လိုလိမ့်မယ်မင်းမင်း၊ တော်တော်ကြာ၊ တို့ကပြဿနာလုပ်ဖို့ဆိုတာမျိုး ဖြစ်လာရင်ရှင်းလို့ မလွယ်ဘူးကွ၊ တကယ်ဖြစ်ကြစတမ်းဆိုရင်၊ ငါလဲဘယ်နေပါမလဲ၊မင်း တစ်ချက်ဆို ငါလဲ တစ်ချက်ပေါ့ကွာ၊မဟုတ်ဘူးလား'

'ငါ တောင်းပန်ပါတယ် ဇော်ကြီးရာ၊ ငါ မင်းနောက်ကပဲ နေပါ့မယ်'

ဤသို့ဖြင့် သူငယ်ချင်းနှစ်ယောက် နားလည်မှု၊ ပြေလည်မှု ရသွားကြသည်။

နောက်တစ်နေ့ ထွန်းအေးနှင့် အောင်ခိုင်တို့ ရောက်လာကြသည်။ ဆရာကြီးက ဆွေးနွေးစရာရှိလို့ ခေါ်ခိုင်းလိုက်ကြောင်း

www.burmeseclassic.com



ပြောရင်း ခုဖြစ်သည့်ကိစ္စတွင် သူတို့နှစ်ယောက် မပါဝင်၊ မပတ်သက်ကြောင်း။ သူတို့နှစ်ယောက်အား အထင်မလွဲရန်နှင့် ယခင်ကလို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံရန် ပြောလာသည်။

ထွန်းအေးနှင့် အောင်ခိုင်တို့နှစ်ယောက်က လူနုပ်ချမ်းသာသမားတွေ။

သူတို့က အပေါ်တင်လိုက်ခြင်း ဖြစ်၏။

သူတို့ လက်တွဲဖော်ရှေ့မှာ တစ်မျိုး။ ဇော်ရဲမောင် တို့နှင့်တွေ့တော့ တစ်မျိုး။ လှေနံနှစ်ဖက် နင်းလိုက်ခြင်းဖြစ်၏။

လှေနံတစ်ဖက်တည်းနည်းရင်စားကြြား၊ ဝါးကြောလွတ်သွားမည်မို့ တစ်ဖက်ကို လက်တွဲထားသလို တစ်ဖက်ကိုလည်း လက်ကမ်းထားခြင်းဖြစ်၏။

သူတို့က သစ္စာတရားနှင့် စောင့်ထိန်းရမည့် ကျင့်ဝတ်ကို အလေးထားသူများ မဟုတ်။ ဒါကြောင့်တော့ သူတို့ကို အပြစ်မဆိုသာ။

သာယာစီး၍ နှစ်ဖက်မျက်နှာထားကြသည်မှာ လူ့သဘာဝ။

သူတို့နှစ်ယောက်က စကားကို အုပ်အုပ်ထိန်းထိန်း ပါးပါးနပ်နပ် ပြောကြသည်။ သူတို့ လက်တွဲဖော်ဘက်က အမှန်ဟူ မပြောသလို၊ မင်းသမီးဘက်က အမှားဟုလည်း အပြစ်မပြော။

နှစ်ယောက်စလုံးမှာ အနုပညာမာနနှင့် အတ္တ လွန်ကဲမှုကြောင့် ဖြစ်ရသောကိစ္စပါ။ စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့။ သူတို့ကြားဝင်နေကြောင်း၊ ပြေလည်သွားမှာပါဟု နှစ်သိမ့်စကားပြော၍ မယုတ်မလွန် ပြောကြသည်။



ညနေတွေ့နေကျ စားသောက်ဆိုင်မှာ တွေ့ကြဖို့ ပြောရာ မင်းကျော်ဦးက အပြတ်ဝင်ပြောလိုက်၏။

'ကျွန်တော်တို့မှာ ပါလာတဲ့ပိုက်ဆံကုန်တော့မယ်ဗျ၊ ခါတိုင်းလို ဝိုင်းဖွဲ့လို့ မဖြစ်တော့ဘူး၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာပဲ လက်ဖက်ရည်သောက်ရင်း ပြောကြတော့ပေါ့'ဟု။

ထွန်းအေးတို့နှစ်ယောက် ဘာမှပြန်မပြောဘဲ ရောရောဖောဖောဖြင့် ဟဲ ဟဲ လုပ်ပြီး နှုတ်ဆက်ပြန်သွားကြ၏။

'ဇော်ကြီး မင်း သည်ကောင်တွေကို မယုံနဲ့နော်၊ သူတို့သုံးယောက်က အတူတူနဲ့ အနူနူချည်းပဲ'

'ငါ နားလည်ပါတယ် မင်းငင်းရာ၊ အခြေအနေအရပေါ့'

'ကဲ....ညနေကျဘယ်မှာ တွေ့ကြမလဲ'

'ဒီတစ်ခါတော့ ခါတိုင်းနေရာမှာပဲ တွေ့ကြတာပေါ့ကွာ'

'ဒါပေမယ့် ခါတိုင်းလိုတော့ မမှာနဲ့နော်၊ အဖြစ်ပဲလုပ်'

'အေးပါကွာ၊ မင်းကလဲ'

မင်းကျော်ဦးက သူတို့အပေါ်လုံးဝအယုံအကြည်မရှိတော့။ ဇော်ရဲမောင်ကတော့ သူတို့ အခွေ ပြီးသွားရန် အပျော့ဆွဲဖြင့် မျှောလိုက်ဖို့ မလျှော့မတင်း သဘောထားနေသည်။

တကယ်လို့များ မင်းသမီးနှင့် ပြဿနာဖြစ်သည့် ကိစ္စတွင် ဒါရိုက်တာဆရာကြီး ဟန်ဆောင်ဒေါ်ပွပြနေခြင်းဖြစ်သည်ကိုသာ သိရလျှင် သူတို့ ဘယ်လိုများ....

★

www.burmeseclassic.com

## [၁၅]

ညနေသွားဖို့ကိစ္စကို ကျော်မင်းဦးကမလိုက်ချင်ဘူးဟုငြင်းနေသောကြောင့် ဇော်ရဲမောင် အတော်လေး ဒေါပွသွားပြီး မပြောစဖူး စကား ပြောလိုက်၏။

'မင်းမင်း၊ မင်း ငါနဲ့ လက်တွဲဖြုတ်ချင်လို့လား၊ ဖြုတ်မယ်ဆိုလဲ ပြတ်ပြတ်ပြော'

အဲသည်တော့မှ မင်းကျော်ဦးက မညီတချင်ညီတချင် ခေါင်းညိတ်လိုက်သည်၊

ခါတိုင်းဆို သူတို့နှစ်ယောက်က အရင်ရောက်စမြဲ။ အဲသည်နေ့က နောက်ကျပြီးမှ ရောက်သွားကြသည်။ဆရာကြီး၊ထွန်းအေးနှင့် အောင်ခိုင်တို့က ရောက်နှင့်နေကြပြီ။ သူတို့ကဂျွတ်ဝိုင်းဖြစ်နေကြ၏။



မင်းကျော်ဦး ပြောလိုက်သည်ကို ထွန်းအေးတို့က ပြန်ပြောလိုက်သည် ထင်ပ။

သူတို့နှစ်ယောက်ကိုတွေ့လိုက်သည်နှင့်ဆရာကြီးက ထိုင်နေရာမှထ၍ ဝဲလ်ကမ်းလုပ်ပြီး....

ကဲ....သည်နေ့ကတော့ ကိုယ့်ပွဲပဲ၊မောင်ရင်တို့ ကြိုက်သလိုသာ' ဟု ပြောလိုက်၏။

တစ်ခွက်စီလှည့်ပြီးသည်နှင့် ဆရာကြီးကစကားလမ်းကြောင်းစခင်းလိုက်၏။

မင်းသမီးက ဘေးပယောဂဝင်ပြီး သက်သက်မဲ့ အကြောင်းရှာပြီး ဖောက်သွားကြောင်း။ သူက အရင့်အမာ ဒါရိုက်တာ။ မင်းသမီးက ခုမှ မင်းသမီး။သူ့ဘက်က အလျှော့ပေးလိုက်လျှော့စရာ အကြောင်း ဘာမှမရှိ။ ဇော်ရဲမောင်တို့က သူ့ကိုပြဿနာလုပ်စရာမလို။ မင်းသမီးကိုပြဿနာ လုပ်ရမယ့်အစား သူ့ကိုလာပြီး ပြဿနာ လုပ်သည်မှာ မကောင်းကြောင်း၊ဘာဆက်လုပ်ချင်သည်ကို ပြောဖို့ စကားလမ်းကြောင်း ခင်းလိုက်၏။

'ကျွန်တော်တို့ကတော့ အခွင့်အမြန်ဆုံးပြီးဖို့ပါပဲ၊ မင်းသမီးက ဆရာကြီးနဲ့ ပြောပြီး လုပ်ကိုင်ကြတာဆိုတော့ ဆရာကြီးပဲ ဆက်လုပ်မှ ဖြစ်မှာပါ'

'ဒါဆို အခွေရိုက်တာရပ်ထားပြီး စာချုပ်ကထိခိုက်မှု မှုနဲ့ တရားစွဲရုံပဲရှိတယ်'

'ကိုယ့်ဘက်ကတော့ ဒီနည်းလမ်းပဲရှိတယ်လေ၊ မောင်ရင်တို့ဆီ နည်းလမ်းရှိသေးလို့ လုပ်ချင်သပဆိုရင်လဲ သုံးပ်၊ ကိုယ်စောင့်ပေးမယ်၊ သုံးရက်အတွင်း မပြေလည်ရင်တော့ တရားစွဲမလား၊

www.burmeseclassic.com



ဒါမှမဟုတ် ကိုယ်တို့မင်းသမီးနဲ့ဘဲ ဆက်ရိုက်မလားဆိုတာကို ဆုံးဖြတ်ဖို့ပဲ'

'အဲဒီလိုဆိုရင်ကော ကျွန်တော်တို့အခွေက....'

'ရည်ရွယ်သလိုဖြစ်မလာရင် ဖြစ်သလိုလုပ်ရုံပေါ့'

'ဒါဖြင့် ကျွန်တော်တို့ ကြိုးစားကြည့်ပါဦးမယ်'

တရားစွဲရုံပဲ ဆိုသည့် စကားတစ်လုံးက သူတို့ပြောမည့်ဟု အတိုင်အပင်ပြုထားသည်ကို မပြောနိုင်အောင်ဖြစ်သွားရသည်။

တရားစွဲလျှင် သူတို့အခွေလည်း မပြီး၊ သူတို့လည်း မန္တလေး မပြန်နိုင် ဖြစ်ရတော့မည်။ ဒုတိယမင်းသမီးနှင့် ဆက်ရိုက်လျှင် ဘယ်လိုအခွေဖြစ်လာမည်မှတော့မသိ၊ ကောင်းဖို့ထက် မကောင်းဖို့ ကတော့ သေချာသည်။

မင်းသမီးကလည်း နည်းနည်းမှမလျော့။

'စဲ့စမ်းပါဦး၊ ရှင်ဆိုင်ဖို့ အဆင်သင့်ပဲဟေ့၊ ဘယ်သူက ဘာဖြစ်မလဲ ကြည့်ကြသေးတာပေါ့'

မင်းသမီးက သူတို့ကို ကတိတစ်ခုပေးလိုက်၏။

သူမနှင့် ရင်းနှီးခင်မင်သော ဒါရိုက်တာတစ်ဦးနှင့် ရိုက်မည် ဆိုလျှင် သူက သရုပ်ဆောင်ခမယူဘဲ ရိုက်ပေးပါမည်ဟု။

လမ်းစပျောက်သွားပြီ။

ဒုတိယမင်းသမီးနှင့် ဆက်ရိုက်ရုံမှတစ်ပါး အခြားမရှိတော့။ ဆက်ရိုက်ဖို့ပဲ ဆုံးဖြတ်လိုက်ရသည်။

အခွေရိုက်ပြီးသွားပြီ။

နောက်ခံတီးလုံးနှင့် သီချင်းသွင်းရန်နှင့် အယ်ဒီတင်း ခေါ် တည်းဖြတ်မှုအပိုင်းပဲကျန်တော့သည်။



အဲဒီအတွက် ဆရာကြီးက ကုန်ကျစရိတ် တွက်ပြလာသည်။ နောက်ထပ် တစ်သောင်းကျော်ထပ်ပေးရမည်။

စကားအခြေအတင်ပြောကြရပြန်သည်။

မြေနီကုန်းဆိုင်မှာ။

* * *

'ခင်ဗျား ပြောတုန်းက ကန်ထရိုက်စနစ်နဲ့ အပြီးအပြတ်မ်း ခြောက်သောင်းငါးထောင် ဆို၊ ခုကိစ္စက ကျွန်တော်တို့နဲ့မှ မဆိုင်တာ'

ဇော်ရဲမောင်က ဆရာကြီးတွေ ခင်ဗျားတွေ လုပ်မနေတော့'

'မင်းစကားကို အရမ်းမပြောနဲ့၊ စာချုပ်ကိုပြန်ကြည့်၊ အခွေ ရိုက်အပြီးလို့ ပါတယ်၊ ခု ငါက အခွေကို ရိုက်ပေးပြီးပြီ၊ ကျန်တာ မင်းတို့အပိုင်းပေါ့'

'ဒါကတော့ ခင်ဗျား သက်သက်ကလိမ်ကျတာပဲ'

'ဟေ့ကောင်၊ မင်း ပါးစပ်ပိတ်လိုက်စမ်း'

မင်းကျော်ဦးက ဝုန်းခနဲ ထပြီး ပုလင်းဖြင့်လှမ်းရိုက်လိုက်ရာ အနားတွင်ရှိနေသော ထွန်းအေးက လက်နှင့် ဝင်ကာလိုက်သော ကြောင့် ဒါရိုက်တာကြီးခေါင်းမှာ မထိကွမ်းစားမဖြစ်လိုက်ရဘဲ ထွန်းအေးသာ လက်နာသွားရသည်။

ဆိုင်ထဲမှာ ရှုတ်ရှက်သဲသဲဖြစ်သွားသည်။

နောက်တစ်ကြိမ်ဆိုလျှင် ဝရန်းသုန်းကားဖြစ်တော့မည်မို့ ဇော်ရဲမောင်က မင်းကျော်ဦးကို အတင်းဖက်ပြီး ဆိုင်ပြင်သို့ ခေါ်ထုတ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ရှက်ခတ်သည့်အခြေအနေကို အချိန်မီ ထိန်းသိမ်းလိုက်နိုင်လိုသာပေါ့၊ နို့မဟုတ်ရင် ရဲစခန်းမှာ ညအိပ်ပြီး အုတ်ရှိုးအတွင်း ဆက်ရောက်သွားဖို့ သေချာသည်။

မပြီးပြတ်သေးသော အခွေကိစ္စကိုခဏဘေးချိတ်ပြီး မန္တလေးသို့ အမြန်ဆုံးပြန်ဖို့ စီစဉ်လိုက်ရတော့သည်။

လက်ရောက်မြန်လွန်းသော မင်းကျော်ဦးနှင့် ဘယ်လိုမှမဖြစ်တော့။ သူ့ကို မန္တလေးပြန်ပို့ပေးပြီးမှ ပြဿနာကို ဆက်ရှင်းရန် ဆုံးဖြတ်ရသည်။ မင်းကျော်ဦးကို မနည်းကြီး ချော့မော့ပြီးမှ နှစ်ယောက်အတူ မန္တလေးသို့ ပြန်ခဲ့ကြသည်။

မင်းကျော်ဦးကတော့ တက်တခေါက်ခေါက် လက်သီးတဆုပ်ဆုပ် လုပ်နေသေးသည်။

မန္တလေးကတစ်ဆင့် မင်းကျော်ဦး မိုးကောင်းပြန်မှ ရန်ကုန်သို့ ပြန်ဆင်းလာရသည်။ ဖခင်ကြီးက အခွေကိစ္စမေးသည်ကို ရိုက်ပြီးသွားပြီဖြစ်၍ ကူးရန်ပဲကျန်ပါတော့သည်ဟု ပြန်ဖြေလိုက်ရ၏။

သူတို့အခွေကိစ္စ ဘယ်လောက်ကြာဦးမလဲဟုမေးရာ တစ်ပတ်ထက် မပိုတော့ပါ၊ ဆယ်ရက်အတွင်းပြန်လာပါမည်ဟု ဖခင်ကြီးကျေနပ်အောင်ပြောရသလို မိခင်ကြီးထံမှလည်း လက်ဝါးဖြန့်လိုက်ရသည်။

သူတို့နှင့်အတူပါသွားသော နှစ်ယောက်ပေါင်း ငွေတစ်သိန်းကျော်မှာ မန္တလေးသို့ ပြန်အရောက်တွင် တစ်ထောင်ကျော်လေးလောက်ပဲ ကျန်တော့သည်။



ရန်ကုန်သို့ပြန်ရောက်ရောက်ချင်း ထွန်းအေးတို့ ရှိတတ်သော စားကျက်မြေ ပန်းဆိုးတန်းသို့ရောက်သွားရာ၊ ထွန်းအေးရောအောင်ခိုင်ကိုပါ မတွေ့သောကြောင့် ခွေးခြေပုဘစ်လုံးမှာ ဝင်ထိုင်လိုက်ရသည်။

ဗာဒံပင်ဆိုင်မှာ ထိုင်မိ၍ ဆယ်မိနစ်ခန့်အကြာတွင် နေကာမျက်မှန်တပ်လျက် လွယ်အိတ်လွယ်ထားသော မျက်နှာစိမ်းတစ်ယောက် အနားသို့ရောက်လာပြီး....

'ဘယ့်နှယ်—မင်းသား၊ ကားပြီးသွားပြီလား'

လို့ တရင်းတနှီးစကားဆိုလာသည်။

သူက ဘာမှပြန်မပြောမိဘဲ ကြောင်ပြီး ကြည့်နေရာ....

'မင်းသားက ကျွန်ခတော့်ကို မမှတ်မိဘူးထင်တယ်၊ ကျွန်တော်မင်းသား ညော်ခံပွဲကိုရောက်ခဲ့တဲ့ ............တိုက်က အယ်ဒီတာကို............လေ'

ဟု ပြောလိုက်တော့မှ သူက ထိုင်နေရာမှထ၍ နှုတ်ဆက်ပြီး လက်ဖက်ရည်မှာလိုက်ရသည်။

နှစ်ယောက်သား စကားပြောကြရင်း သူတို့ အခွေကိစ္စအကြောင်း ရောက်သွား၏။

'ဩော်....ဒီလိုဖြစ်ပြီကိုး၊ မဆန်းပါဘူး ကိုဇော်ရဲမောင်....မဆန်းပါဘူး၊ ဒါမျိုးတွေက ဖြစ်ရိုးဖြစ်စဉ်တွေပါ၊ ခင်ဗျားတို့လိုလူမပြောနဲ့၊ ဒီလောကနဲ့ နီးစပ်မှုရှိတဲ့ ရန်ကုန်သားတွေထဲကတောင် ခံရသူတွေ နည်းတော့တာမှမဟုတ်တာ၊ ပြဿနာဆက်သွားလို့ အကြောင်းမထူးတော့တဲ့အပြင် ကိုယ့်ပဲ အရှုံးကြီးမှာမို့ ဒီလိုနဲ့ ပြီးသွားရတာတွေ အများကြီး၊ အဲဒီလို ပြဿနာ-

www.burmeseclassic.com

www.burmeseclassic.com



တွေသာ တရားရုံးရောက်ရင် တရားရုံးတွေမှာ တခြားမှုခင်းတွေ စစ်ဖို့တောင် ခပ်ခက်ခက်ဖြစ်သွားမှာသေချာတယ်လေ၊ဒီလောက် ဆို ကိုဇော်ရဲမောင် သဘောပေါက်ရောပေါ့'

'ဒါဆို ကျွန်တော်က ဘာဆက်လုပ်ရမလဲ၊ အကြံဉာဏ်လေး ပေးစမ်းပါဦး၊ ကျွန်တော် ကျေးဇူးမမေ့ဘတ်ပါဘူး'

'ကဲ.... ဒီမှာတော့ ပြောလို့မကောင်းဘူး၊ ကျွန်တော်တို့ သိုက် ပြောင်းကြရအောင်'

'ဟုတ်ကဲ့....သွားကြတာပေါ့'

ဗာဒံပင်ရိပ်သာမှ ထွက်ခဲ့ကြသည်။

အယ်ဒီတာဆရာက လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဝင်ကြတာပေါ့ ဟု ပြောသော်လည်း သူက သမ္မတဟိုတယ်သို့ ခေါ်ခဲ့သည်။

'ခင်ဗျားတို့ကိစ္စက စာချုပ်ကတည်းက မသေချာဘာဆိုတော့ ရွေးစရာက နှစ်လမ်းပဲရှိတယ်၊ ခင်ဗျားသူငယ်ချင်းလုပ်သလို လုပ်မလား၊ ဒါမှမဟုတ် ရိုက်ပြီးအခွေကိုပြန်ယူပြီး ကိုယ့်ဟာကိုယ် စခန်းဆက်မလား၊ ကျွန်တော် ကူညီနိုင်တာကတော့ အယ်ဒီတာလုပ်နေတဲ့ ကျွန်တော့်သူငယ်ချင်းကို ပြကြည့်ပေးမယ်'

'ကျေးဇူးပါပဲ ကိုမြတ်မင်းရယ်၊ ကျွန်တော့် အခွေတွေယူပြီး ကိုမြတ်မင်းဆီကို လာခဲ့ပါမယ်'

'ကျွန်တော်နဲ့ တွေ့နိုင်တဲ့နေရာကတော့ ဟောဒီ မဂ္ဂဇင်းတိုက်ပဲ၊ လိပ်စာကူးယူထားလိုက်ပေါ့၊ဪ....ဒါနဲ့ ဇာတ်လမ်းနဲ့ ဇာတ်ညွှန်းကိုလဲ ယူခဲ့နော်'

သူတို့ လူချင်းခွဲလိုက်ကြ၏။



ထွန်းဝေအားတို့နှင့် တွေ့သည်။ သူက အခွေတွေပဲယူမည့် အကြောင်း၊ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကိစ္စကိုပါ ထည့်ပြော လိုက်၏။

အခွေငါးခွေယူလာပြီး ပေးသည်။ ဇာတ်လမ်းက ကော်ပီ စာရွက်သုံးရွက်၊ ဇာတ်ညွှန်းက ငါးရွက်၊ စာအုပ်တစ်အုပ်ထဲမှာ ရေးထားသည်။

ဆရာကြီးနှင့် မတွေ့ရ၊ တွေ့ဖို့လည်း မလို၊ တွေ့လည်း မတွေ့ချင်။

ကိုမြတ်မင်း ပြောပြသဖြင့် ဗွီဒီယိုလောကအကြောင်းကို ထဲထဲဝင်ဝင်ကြီး သိလိုက်ရပြီပဲဟာ၊ ဘာဆက်စရာလိုသေးသလဲ၊ ကိစ္စပြတ်ပြီပေါ့။

* * *

လိမ်နေသူနှင့် အလိမ်ခံရသူ။

လိမ်သူမှာ အပြစ်ရှိသလား၊ အလိမ်ခံဖို့ကြိုးစားသူမှာ အပြစ် ရှိသလား။ အဖြေပေါ်ပြီမို့ အခွေတွေ အိတ်နှင့်ထည့်ပြီး ကိုမြတ် မင်းဆီ ရောက်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမြတ်မင်းက သူ့မိတ်ဆွေထံသို့လိုက်ပို့ပေးသည်။ အကျိုးအကြောင်း ပြော၍ တည်းဖြတ်ပေးပါမည်၊ ကူညီပါမည်ဟု မေတ္တာရပ်ခံ တောင်းပန်ရသည်။

ဟိုက စတ္တုနှင့်ဇာတ်ညွှန်းကို ယူကြည့်ပြီး နှာခေါင်းရှုံ့သွားသည်။ ရိုက်ထားသော အခွေများမှ တစ်ခွေနည်းနည်းစီကြည့်ပြီး ခေါင်းသွက်သွက်ခါသွားသည်။

တည်းဖြတ်သူထံမှ အကြံပေးစကားထွက်လာသည်။

ငွေကုန်ကြေးကျခံပြီး ဆက်မလုပ်ဖို့နှင့် အမှတ်တရ သိမ်းထားဖို့

ပြီးပါပြီ စာတန်းထည့်ရုံမှအပ။

'ကျွန်တော် ဗွီဒီယိုမင်းသားပါ' ဟု×

အပျင်းလည်းပြေပါစေ၊ သိကောင်းစရာများကိုလည်း သိပါစေဟု ဆန္ဒပြုလျက်။

မေတ္တာများစွာဖြင့်

ကျော်မြသန်း

www.burmeseclassic.com